www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## သိုင်းတုံ့ပွင့်လျှို ပလွေသံ



စာစဉ် – ၈

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၆၂/၂၀၀၂ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၀၂/၂၀၀၂ (၃)

၂၀၀၂-ခုနှစ်၊

အုပ်ရေ-၄၀၀

တန်ဖိုး-၃၅၀/

ထုတ်ဝေသူ

ဦးညွန့်ဌေး၊ စိန်ပန်းမြိုင်စာပေ
၂၃(အေ) ဦးခကောင်းလမ်း၊ ကြည့်မြင်တိုင်
ရန်ကုန်မြို့

ပုံနှိပ်သူ

ဦးလှသိန်း၊ လှသိန်းဦးပုံနှိပ်တိုက်
အမှတ်-၁၂၊ ဒါနလမ်း၊ သာယာကုန်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့

မျက်နှာဖုံးရိုက်

ဦးတိုးဝင်း၊ နေလရောင်အော့ဖ်ဆက်
၉၆/ခ၊ ၁၁ လမ်း၊ လမ်းမတော်
ရန်ကုန်မြို့

# တက္ကသိုလ် နေလင်းအောင်

## သိုင်းတံ့ပွင့်လျှံ ပလွေသံ

စာစဉ် ( ၈ )

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး

တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

---

# ပြည်သူ့သဘောထား

— ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

— နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။

— နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

— ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အခန်း (၁၀၀)

### ဇွဲရှိသော ကွန်လုံဝမ်

ဆန့်ကွမ်းချီသည် လေပြင်းတစ်ချက် မှုတ်ထုတ်ကာ သတိရလာသည်။

'ညီလေးပါလား၊ ဘယ်တုန်းက ရောက်လာတာလဲ'

'ကျွန်တော်ရောက်လာတာ မကြာသေးပါဘူး'

'မင်းသွားတဲ့ကိစ္စ အဆင်ပြေခဲ့လား'

ယွမ်ရှောက်သည် ကပျာကယာ အတွင်းအိတ်ထဲသို့ နှိုက်ယူလိုက်၏။

လက်ထဲ၌ ဆေးလုံးတစ်လုံး ပါလာသည်။

'ဒီက အစ်မလေးအတွက် အဆိပ်ဖြေဆေး၊ ရော့...ယူပါ၊ အစ်မလေးအတွက် ကျွန်တော် တောင်းယူလာတာ'

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နေဝ်မှာ သူ့ အတွက် ဘကူ တက ရှာဖွေယူလာရ သော ဆေးဖြစ်နေသဖြင့် ယူရကောင်းနိုးနိုး မယူရဘဲကောင်းနိုးနိုးဖြင့် ချီတုံချတုံ ဖြစ်နေသည်။

'ရော့...ယူပါ၊ အစ်မလေးအတွက် ယူလာတဲ့ဆေးပါ'

အသွန့်တာရေ သွက်လက် ဖျတ်လတ်လှသော နိုင်ချစ်နေဝ်သည် ယခုအခါ ဆွံ့အသလို ဖြစ်နေသည်။

'ကျွန်မမှာ အဆိပ်မရှိတော့ဘူး'

'ဟင်'

လူမိုရွှေက အံ့သြသွားသည်။

ဆန့်ကွမ်းချိုက...

'ဟို...ဟိုအင်္ကျီစိမ်းနဲ့ ဆရာကြီးက'

နိုင်ချစ်နေဝ်က ခေါင်းညိတ်ပြီး ဖြတ်ပြောသည်။

'ဟုတ်တယ်၊ ကျွန်မ လက်ခမောင်းထဲ ဝင်နေတဲ့ အရှိုးစိမ့်အဆိပ်အပ်ကို အင်္ကျီစိမ်းနဲ့ဆရာကြီးက ထုတ်ယူပေးပြီးပါပြီ၊ ကျွန်မကိုယ်ထဲမှာ အဆိပ်မရှိတော့ဘူး'

'တယ်စွမ်းတဲ့ ဆရာကြီးပဲ'

ဆန့်ကွမ်းချိုက မှတ်ချက်ချသည်။

ယွမ်ရှော့က်မှာ သာတမင်တကန်း ရှာဖွေလာခဲ့သော ဆေးလုံးကို ရင်ခွင်ထဲ ပြန်ထည့်လိုက်ရတော့သည်။

ထိုအခိုက်မှာပင် ချုံအတွင်း၌ သမီးဖြစ်သူအား စောင့်ကြည့်နေသည့် အဘိုးအိုသည် သူ့သမီးက မှော့ခိုး၍ ထွက်လာ၏။

နိုင်ချစ်နေဝ်က...

'ဟော...ဆရာကြီးထွက်လာပြီ'

အဘိုးအိုသည် မျက်ရည်များ စီးကျနေ၏။

အိုယန်ထုံသည် အဘိုးအိုအား ဂါရဝပြုကာ ဆိုကြ၏။

'ဆရာကြီး...သမီးကလေး သက်သာရဲ့လား ခင်ဗျာ'

အဘိုးအိုက ကြေကွဲစွာ ပြော၏။

'ကျုပ်ဟာ လူ့အသက်ပေါင်း မြောက်များစွာကို ကယ်တင်ခဲ့ပါတယ်၊ ဒါပေမယ့် ကျုပ်သမီးရဲ့ အသက်ကိုတော့ ကျုပ် ကယ်နိုင်တော့ဘူး'

ရင်သွေးဖြစ်သူ၏အသက်ကို မကယ်နိုင်သဖြင့် အဘိုးအိုသည် ချိတင်ကဲဖြစ်နေသည်။

လူ့စကားအရ သူသည် သမားတော်ကြီးတစ်ပါး ဖြစ်ပုံရ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သမားတော်လည်း ဘဝဇာတ်ဆရာ၏ အလိုကို မဆန့်ကျင်နိုင်ရှာပေ။

ထန်ရှင်သည် သူ၏ယပ်တောင်ကို ခေါက်သိမ်းလျက် ရှေ့သို့ ထွက်လာ၏။

'ဆရာကြီး...ဆရာကြီးရဲ့သမီးကို ကျွန်တော်ကြည့်ရှုစစ်ဆေး ပါရစေ'

အတိုးအိုသည် ထန်ရှင်အား အေးစက် မာကျောသော မျက်လုံးများဖြင့် လှည့်ကြည့်၏။

'ဒီလောကမှာ ကျုပ်ထက်ဆေးပညာတတ်ကျွမ်းနားလည်သူ မရှိနိုင်ဘူး။ ခင်ဗျားက ဘာများတတ်ကျွမ်းနားလည်လို့လဲ'

ထန်ရှင်က ရယ်ပြီး....

'ဆရာကြီးရဲ့ သမီးကို ဆရာကြီး မကုသနိုင်တော့ဘူးဆိုပြီး လက်လျှော့လိုက်ပြီ၊ ဆရာကြီး အယူအဆအရ ဒီမိန်းကလေး သေဖို့ပဲရှိတော့တယ်၊ အခု ကျွန်တော် စစ်ဆေး ကုသမယ်၊ ကျွန်တော် ကုသလို့ ဒီမိန်းကလေး အသက်ရှင်လာနိုင်ရင် ဆရာကြီးအတွက် အမြတ်ပေါ့၊ ကျွန်တော် ကြည့်ရှုလို့ ဆရာကြီး ရှုံးမယ်ထင်သလား'

အတိုးအိုသည် သမီးဖြစ်သူကို ထန်ရှင်၏ရှေ့ မြက်ခင်းပြင်၌ ချထားပေးလိုက်၏။



မြက်ရိုင်းလွင်ပြင်ကြီးကို ဖြတ်သန်းတိုက်ခတ်လာသော လေပြည်သည် အေးမြသော်လည်း အနံ့အသက် မကောင်းလှပေ။

သွေးညှီနံ့ လွှမ်းနေ၏။

ထန်ရှင်သည် ခေါက်ယပ်တောင်ကိုကိုင်လျက် မိန်းကလေး၏ မျက်နှာကို သေချာစွာ စူးစိုက်ကြည့်သည်။

မိန်းကလေးသည် ချောမွေ့ လှပသော်လည်း သွေးဆုတ် ဖြူရော်နေသော မျက်နှာနှင့် အချိန်ကြာမြင့်စွာ နာမကျန်း ဖြစ်ခဲ့ပုံရသော အခြေအနေတို့ကြောင့် သူမ၏ အလှအပမှာ တိမ်မြုပ်သလို ဖြစ်နေ၏။

ထန်ရှင်သည် မိန်းကလေး၏ သွေးခုန်နှုန်းကို စမ်းသပ်သည်။

အတိုးအိုသည် ထန်ရှင်၏ လှုပ်ရှားမှုကို မျက်တောင်မခတ်တမ်း စောင့်ကြည့်နေ၏။

အကယ်၍ ထန်ရှင်က မရိုးသားသော လှုပ်ရှားမှုတစ်ခုခု ပြုလုပ်သည်နှင့် တစ်ပြိုင်နက် အတိမ်းလိုက် ဝါးစားတော့မည့် သဘောမျိုးဖြင့် စောင့်ကြည့်နေခြင်း ဖြစ်ပေသည်။

ထန်ရှင်မူ မျက်လုံးများ စုံမှိတ်လျက် စဉ်းစားနေ၏။

www.burmeseclassic.com

ရောဂါ ရှာဖွေနေခြင်းလား၊ ရောဂါကို တွေ့ရှိပြီးသဖြင့် မည်သည့်ဆေးဖြင့် ကုသရမည်ကို စဉ်းစားနေခြင်းလား မည်သူမျှ မသိနိုင်ပေ။

အတန်ကြာမှ ထန်ရှင် မျက်စိပွင့်လာ၏။

'ဆရာကြီးသမီးရဲ့ သွေးခုန်နှုန်းဟာ အလွန်ပဲ အားပျော့နေတယ်၊ အထူးဖော်စပ်ထားတဲ့ ဆေးကောင်းမရှိရင် ကုသဖို့ မလွယ်ဘူး'

အဘိုးအိုက ပြတ်သားစွာ ပြော၏။

'ဆေးကောင်းရှာဖို့က မခက်ဘူး၊ သူ့ခန္ဓာကိုယ်က လက်မခံနိုင်မှာကိုပဲ စိုးရိမ်တယ်'

'ကျွန်တော် တစ်ခုပြောချင်တယ်'

'ပြောပါ'

'သူ့ အခြေအနေကို စမ်းသပ်ကြည့်တော့ သူဟာ အတွင်းဒဏ်ရာ ရခဲ့တာကလည်း နှစ်ကျော် ဖြစ်ခဲ့ပုံရတယ်'

အဘိုးအိုက ခေါင်းညိတ်၏။

'မှန်တယ်၊ သူဟာ ခံနိုင်ရည် သိပ်မရှိဘူး၊ သိပ်ပျော့တယ်၊ ဒါပေမယ့် တောင်တောင်ရေမြေနဲ့ ဇီဝမ်းရေတံခွန်တွေကို သိပ်တော့ကျတယ်၊ ကျုပ်က တောင်တောင်တွေ လိုက်ပြတယ်၊ ဒီမှာတင် ဖန်းဖျား ဖျားတာပဲ၊ နောက်ပိုင်းကျတော့...'



ထန်ရှင်သည် ကောင်းကင်ပေါ်၌ ပြေးလွှားနေသော တိမ်အုပ်စုများကို ငေးမောကြည့်ရင်း ခပ်တိုးတိုး ပြောသည်။

'ဘာကိုယ်လို ဆရာကြီးကသာ ကျွန်တော့်အပေါ် ယုံကြည်မှု ရှိမယ်ဆိုရင် အပ်စိုက်နည်းနဲ့ ကုသပေးမယ်၊ ဒါပေမဲ့ ကုသရင် သူ ချက်ချင်း မသေနိုင်ဘူး၊ သူ့ အသက်ရှည်မယ့်ရက်ကို ဆွဲထားနိုင်မယ်'

အဘိုးအိုသည် ထန်ရှင်၏စကားကို အလေးအနက် စဉ်းစားလေ၏။

စိတ်ထဲ၌ ခွင့်ပြုသင့် မပြုသင့် ချိတုံချတုံ စဉ်းစားနေသေးသည်။

ထန်ရှင်သည် သူ့ ယပ်တောင်ကို ဖြန့်ပြီး ယပ်ခတ်နေ၏။

'ကျွန်တော် အတင်း ခတိုက်တွန်းမပါဘူး၊ ဆရာကြီး တစ်ခါ စဉ်းစားပါ'

အဘိုးအိုသည် ထန်ရှင်ကို စိုက်ကြည့်ပြီး...

'အပ်စိုက်ကုသရင် သမီးဟာ ဘယ်နှစ်ရက်လောက် ဆက်ပြီး အသက်ရှင်နိုင်မှာလဲ'

'ဒါ မေးသင့်တယ်'

ထန်ရှင်က ပြုံး၍ထောက်ခံ၏။

www.burmeseclassic.com

www.burmeseclassic.com



တို့နောက် ဆက်ပြောလေသည်။

'အတိအကျတော့ ပြောရခက်တယ်၊ အနည်းဆုံး သုံးရက်၊ အပ်ချက်မိသွားရင် ဆယ်ရက်လောက်လဲ ဖြစ်ချင်ဖြစ်သွားမှာပဲ'

အဘိုးအိုသည် ခေတ္တ စဉ်းစားပြန်သည်။

အတန်ကြာမှ ဆုံးဖြတ်ပြီးဟန်ဖြင့်....

'ကောင်းပြီ၊ ကျုပ်သမီးသေရင် ခင်ဗျားရဲ့အသက်နဲ့ အစား ပြန်လျော်ရမယ်'

အဘိုးအို၏ တရားနည်းလမ်းမကျသော စကားကို ကြားလိုက်ရသောအခါ အိုယန့်ထုံမှာ ဆတ်ခနဲဖြစ်သွား၏။

'သူ့သမီးရဲ့အသက်ကို စေတနာစခန့်လဲ ကယ်တင်ပေးရသေးရဲ့၊ အသက်လဲ အစားပြန်လျော်ပေးရဦးမယ်တဲ့၊ မသေသော ဆေးသမားဆိုတာ ဘယ်မှာရှိလို့လဲ၊ အကယ်၍ နောင်ကြီး ထန်ရှင် ခြေချော်လက်ချော်ဖြစ်သွားခဲ့ရင် သက်သက်မဲ့ပြဿနာ တက်နေဦးမယ်၊ ငါဝင်ဖြန်ဖြေပေးမှပဲ'

အိုယန့်ထုံ စကားပြောရန် ပြင်နေစဉ်မှာပင် ထန်ရှင်က ခေါင်းညိတ် သဘောတူလေတော့၏။

❀

'ကောင်းပြီ၊ ကျွန်တော်သဘောတူတယ်၊ ခင်ဗျားသမီး အနည်းဆုံး သုံးရက်တော့ အသက်ရှင်စေမယ်လို့ ကျုပ် ကတိပေးတယ်'

ထန်ရှင်သည် ပြောပြောဆိုဆို သူ့အတွင်းအိတ်ထဲမှ မြရောင်ဘူးသေးသေးကလေးကို ထုတ်လိုက်၏။

ဘူးကလေးထဲတွင် သေးငယ်သော အပ်ကလေးမျိုးစုံရှိ၏။

ထိုအထဲမှ နှစ်လက်မခန့်ရှိသော ရွှေအပ်ကလေးတစ်ချောင်းကို ထုတ်ယူလိုက်သည်။

အဘိုးအိုသည် သမီးကိုအလွန်ချစ်သူဖြစ်၍ ထန်ရှင်၏ကုသမှုကို မကြည့်ရက်ပေ။

ထန်ရှင်ကုသရာ၌ ခြေချော်လက်ချော်ဖြစ်ပြီး သေဆုံးသွားရမှုကို မကြည့်မမြင်လိုပေ။

ထို့ကြောင့် ကျောပေးပြီး ကောင်းကင်ကြီးကိုမော့ကြည့်နေလေ၏။

ထန်ရှင်သည် မိန်းကလေး၏ကိုယ်ပေါ်ရှိ အပ်စိုက်မည့်နေရာများကို အသေအချာ ရွေးချယ်သည်။

နေရာသုံးနေရာရွေးချယ်ပြီး အပ်ချောင်းသုံးချောင်း စိုက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လျှင်မြန်သည်။

တိကျသည်။

အဘိုးအိုက ချောင်းတစ်ချက်ဆိုးပြီး….

'မပြီးသေးဘူးလား'

'အုပ်ရွှေခတော့ စိုက်ပြီးပါပြီ'

အဘိုးအို လှည့်ကြည့်၏။

အပ်သုံးချောင်း စိုက်ထားသည်ကို တွေ့ရသော အခါ တစ်ကိုယ်လုံး တုန်သွားသည်။

ထန်ရှင်နှင့် သူ့အသူအဆချင်း သိပ်တွေကြပေ။

'ခင်ဗျားစိုက်ထားတဲ့နေရာတွေက မှန်ရဲ့လား'

ထန်ရှင်က ပြုံး၍ပြောသည်။

'နေရာကိုတော့ မမေးပါနဲ့၊ သေးကြောပေါ် တည့်တည့်ကျလား မကျဘူးလားဆိုတဲ့အချက်ကိုသာ ပြောပါ'

'အကြောကြီးစိုက်ထားရင် သွေးလည်ပတ်မှုအဘက်အတား အဆီးဖြစ်မှာကို စိုးရိမ်မိပါတယ်'

'ဆရာကြီးနဲ့ ကျွန်တော် သဘောတူထားတဲ့အချက်ကို မေ့နေပြီလား၊ ဆရာကြီးရဲ့သမီးသေရင် ကျွန်တော် အသတ်ခံပါ့မယ်'



အဘိုးအိုမှာ မည်သို့မျှ မပြောနိုင်တော့ဘဲ မျက်နှာညှိုကျော ခိုင်းပြီး အဝေးသို့ ငေးကြည့်နေပြန်သည်။

ထန်ရှင်သည် ထိုအပ်သုံးချောင်းကိုဆွဲနုတ်ပြီး အခြားဘက် နေရာ၌ ထပ်မံ ထိုးစိုက်ပြန်သည်။

သူ၏ကုသပုံမှာ အလွန်တည်ငြိမ်သဖြင့် သူ့ကိုယ်သူယုံကြည်မှု အပြည့်အဝရှိကြောင်း ဖော်ပြနေခြင်းပင်ဖြစ်သည်။

အတန်ကြာမှ….

'ဆရာကြီး၊ ကျွန်တော့် အပ်စိုက်ကုသမှု ပြီးသွားပါပြီ၊ လှည့်ကြည့်ပါဦး'

အဘိုးအိုလှည့်ကြည့်ပြီး သွေးခုန်နှုန်းကို စမ်းကြည့်သည်။

မျက်နှာပေါ်၌ ကျေနပ်သည့်အရိပ်အယောင်များ ပေါ်လာ၏။

သူသည် သမီးဖြစ်သူကို ကြင်နာစွာပွေ့ချီလိုက်၏။

ကလေးမကလေးသည် ရုတ်တရက် မျက်လုံးပွင့်လာသည်။

အဘိုးအိုမှာ အလွန်ဘရား ဝမ်းမြောက်သွားသည်။

ထန်ရှင်အား တစ်ချက်လှမ်းကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြည့်မှာ ကျေးဇူး တင်ကြောင်း ပြောကြားသည့် အကြည့်ပေတည်း။

ထို့နောက် မျက်လုံး ပြန်မှိတ်သွားလေ၏။

သူသည် လှည့်ထွက်သွားရန် ဟန်ပြင်ခနေသဖြင့် ဂိုဏ်းချုပ်ကြီး အို့ယန်ထုက ကပျာကယာ တားဆီးလိုက်ရသည်။

'ဆရာကြီး၊ခဏလောက်နေပါဦး၊ကျွန်တော်တစ်ခုလောက် မြော့ချင်လို့ပါ'

အဘိုးအို ချက်တရက်ပြန်လှည့်လာ၏။

'ကျုပ်က သိုင်းလောကအကြောင်း သိပ်မသိတော့ပေမယ့် ကျွန်လုဂိုဏ်းချုပ်ကြီး အို့ယန်ထုရဲ့ နာမည်ကိုတော့ ကောင်းကောင်းကြီး သိနေပါတယ်၊ ခင်ဗျား ဘာများ ပြောစရာရှိနေသလဲ၊ ဘာများ ညွှန်ကြားချင်သလဲ'

အို့ယန်ထုက....

'ကျွန်တော် မညွှန်ကြားဝံ့ပါဘူးဗျာ၊ ဆရာကြီး၊ အတွက် အကြံပေးချင်လို့ပါ၊

'ဘာအကြံလဲ'

အဘိုးအို၏ လေသံက ပြတ်သည်။



အို့ယန်ထုံက သိမ်မွေ့စွာပင် ရှင်းပြ၏။

'အခု ကျွန်တော်တို့နဲ့ရန်ဖြစ်နေတဲ့ ကွန်လုံဝမ်ကတွေ့ခဏ နေ့ဒက်ဆုတ်သွားပြီး သူ့မှာ တခြားအကြံရှိမယ်ဆိုတာ သေချာပါတယ်၊ အခု ဆရာကြီးတစ်ယောက်တည်း ဒီကော်ဘိုင်းထဲ ပြန်ထွက်ရင် ကွန်လုံဝမ်ရဲ့ တပည့်တွေနဲ့ တန်းပြီး တိုးနိုင်တယ်၊ ဆရာကြီးအတွက်မစိုးရိမ်ရပေမယ့် သမီးကလေးအတွက်တော့ စိုးရိမ်ရတယ်'

အဘိုးအို ငိုင်သွားသည်။

အို့ယန်ထု၏ စကားမျိုးက မှန်ကန်နေသည့်ကိုး။

'ဂိုဏ်းချုပ်ကြီးပြောတာ မှန်ဘယ်၊ ဒါပေမယ့် ကျုပ်က သမီးကလေးအတွက် ဆေးဖော်ရဦးမယ်၊ ဒီတစ်ခါ ဖော်စပ်တဲ့ ဆေးက ထက်မြက်ဖို့လဲ လိုတယ်၊ သစ်ဥသစ်မြစ်ရဖို့ တောကြီးတောင်ကြီးထဲ ခရီးထွက်ရဦးမယ်၊ ဒီမှာကြန့်ကြာနေရင် သမီးလေးအတွက်...'

အဘိုးအိုသည် သက်ပြင်းချ၏။

သူသည် ဤနေရာမှ အမြန်ဆုံး ထွက်ခွာပြီး ဆေးဖော်ချင်နေပြီ။

အို့ယန်ထုက....

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီး တစ်ခုစဉ်းစားပါ၊ တကယ်လို့ ပညာရှိထန်ရှင်က အပ်စိုက်ပြီး မကုရင် ဆရာကြီးရဲ့ သမီးကလေးဟာ အခု သေ နေပါပြီ၊ အခုတော့ နောက်ထပ် သုံးရက်ကြီးများတောင် အသက်ရှင်နိုင်ခွင့် ရနေပြန်ပြီ'

အိုယန်ထုက စကားကို ခေတ္တခဏ ရပ်နားပြီးမှ ဆက် ပြောလေ၏။

'ကျွန်တော် ပညာရှိထန်ရှင်နဲ့ ခေတ္တခဏလောက် တိုင်ပင် ကြည့်ချင်ပါတယ်၊ ဆရာကြီး၊ ခဏလောက် စောင့်ပါလား'

အဘိုးအိုသည် မည်သည့်စကားမျှ မပြောဘဲ တုံ့ဘာ ဆိတ်ဆိတ်နေလေ၏။

အိုယန်ထုသည် ထန်ရှင်၏ အနီးသို့ ချဉ်းကပ်သွားပြီး တီးတိုးမေးလေ၏။

'နောင်ကြီးထန်ရှင်.... ကျုပ်အတွက် ရိက္ခာရှိသေးသလား ကွန်လုံဝမ် ဝင်တိုက်ရင် ကျုပ်တို့ ထခံနိုင်ပါဦးမလား'

'သိပ်မရှိတော့ဘူး၊ ရေဆိုဘာ မရှိသလောက်ပဲ'

'ဒီသို့ဆိုရင် ဟောဒီ ဆရာကြီးကို ယိုက်ပိုရှင်း ဒီကဖော ထွက်ခွာ ဘောင်းမယ်'



'ဂိုဏ်းချုပ်ကြီး...ကျွန်တော်တို့ဟာ ဒီနေရာကလေးကို သက် ဆင်ကနေ အပိုင်စီးလိုက်နိုင်တာပါ၊ ဒီနေရာက ထွက်သွား ရင် ကွန်လုံဝမ်ရဲ့ မြက်ရိုင်းလွင်ပြင် တိုက်ပွဲဟာ အောင်မြင် သွားလိမ့်မယ်၊ သူတို့ နည်းနည်းကလေး မေ့ဆသွားတဲ့အတွက် ကျွန်တော်တို့ အများကြီး အခွင့်အလမ်း သာခဲ့တယ်၊ ဒီအလယ် တိုမှာ သူတို့ဟာ ဘာထောင်ချောက်မှ ပြင်ဆင်ချိန် မရလိုက် ကြဘူး၊ ဒီတစ်ညပဲ တောင့်ခံနိုင်ဖို့လိုပါတယ်၊ ဒီတစ်ည စောင့်ခံ နိုင်ရင် ကွန်လုံဝမ်ရဲ့ မြက်ရိုင်းလွင်ပြင် တိုက်ပွဲကို ကျွန်တော်တို့ နိုင်ပြီ'

အိုယန်ထု တိတ်ဆိတ်သွား၏။

'ဂိုဏ်းချုပ်ကြီးအနေနဲ့ ဟိုဆရာကြီးနဲ့ သမီးကလေးအတွက် ပူနေတာ မဟုတ်လား၊ ကျွန်တော်ပါ ဝိုင်းတောင်းပန်ပေးပါ့ မယ်၊ သူလဲ နားလည်မှာပါ'

ထန်ရှင်သည် မြင်းရထားအနီးမှခွာ၍ အဘိုးအိုအနီးသို့ ချဉ်းကပ်လာ၏။

'ဆရာကြီး....ဆရာကြီးအဖို့တော့ အဆင့်မြင့်သိုင်းပညာတတ် သားတဲ့အတွက် အကြောင်းမဟုတ်ဘူး၊ သမီးကလေးအတွက် တော့ အကြောင်းဟုတ်တယ်၊ သူ့အသက်ကလေးက မျှင်းမျှင်း ကလေးရှိနေတာ၊ နည်းနည်းပါးပါး ထိခိုက်တာနဲ့ သူသေသွား နိုင်တယ်၊ ဆရာကြီး စဉ်းစားလေ၊ ကျွန်တော်တို့က သမီးကလေး အတွက် အဓိကထားပြီး ပြောတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



အတိုးအိုမှာ ချီတုံချတုံ ဖြစ်သွား၏။

အတန်ကြာမှ မိန်းကလေးကို မြက်ခင်းပေါ်သို့ အသာ အယာ ပြန်ချသည်။

'ကောင်းပြီ၊ ဒီတစ်ညတော့ ကျုပ်နေလိုက်မယ်၊ နက်ဖြ မိုးလင်းရင်တော့ ကျုပ်သွားမယ်'

'ဒီတစ်ညပဲ အရေးကြီးတာပဲ၊ ကျွန်လုံဝမ်ဟာ ကျွန်တော် တို့ဆီက ထွက်လာမယ့် ကြက်တစ်ကောင်ကိုတောင် အလွတ် ပေးမှာမဟုတ်ဘူး၊ ဆရာကြီး သဘောတူတဲ့အတွက် ကျွန်တော် အများကြီး ဝမ်းသာပါတယ်'

ထန်ရှင်သည် ဂိုဏ်းချုပ်ကြီး အိုယန်ထုံ အား တိုးတိုးပြော သည်။

'ဂိုဏ်းချုပ်ကြီး အခုအချိန်မှာ ကျွန်တော်တို့လူတွေအားလုံး အားနမ်းသွားကြဖို့ သင့်တယ်၊ ဒါမှ....'

အိုယန်ထုံက ခေါင်းညိတ်၏။

သူ လက်ခုပ်သုံးချက်ခန့် တီးလိုက်သောအခါ ရှိရှိသမျှ အားလုံးက သူ့အား ဝိုင်းကြည့်ကြလေ၏။



'ကျုပ်တို့ရဲ့ မိတ်ဆွေတွေကိုရော၊ ကျုပ်ရဲ့ တပည့်တွေကိုပါ အခု မေတ္တာရပ်ခံချင်ပါတယ်၊ ကျွန်လုံဝမ်ဟာ သူ့မြက်ရိုင်းလွင် ပြင်တိုက်ပွဲအစီအစဉ်ကို စနစ်တကျ ခင်းကျင်းနိုင်မယ့် အချိန် ရှိ မရတဲ့အတွက် သိပ်ဒေါသဖြစ်နေတယ်၊ ဒီခုနရာကို ရှိုးဖို့ ကြိမ်ကြိမ်လဲ ကြိုးစားပြီးပြီ၊ သူတို့မရခဲ့ဘူး၊ ဒီညမှာ အလုံး အရင်းနဲ့ ကြိုးစားသိမ့်ဦးမယ်၊ ဒီတစ်ကြိမ်ကြိုးစားတာကတော့ မြက်ရိုင်းလွင်ပြင် ဗျူဟာခင်းကျင်းဖို့ မဟုတ်တော့ဘူး၊ သူ့ အကွာကို ပြန်ဆယ်တဲ့အနေနဲ့ ကျုပ်တို့ကို တိုက်ခိုက်တာပဲ ဖြစ်မယ်၊ ဒါကြောင့် ကျွန်လုံဝမ်ကို အင်အားပြည့်ပြည့် ခုခံနိုင်ဖို့ အတွင်းအား ခုလ ကျင့်ထားကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်'

ဆန်ကွမ်းချီနှင့် ယွမ်ချောက်တို့ပါ သဘောပေါက်ကြသဖြင့် ကိုယ်ချစ်နေ့ရှင့်အတူ သစ်ပင်တစ်ပင်အောက်၌ ထိုင်ကာ အတွင်း အား ခုလ ကျင့်ကြတော့၏။

အိုယန်ထုံသည် ထန်ရှင်အနီးသို့ ချဉ်းကပ်ပြီး....

'နောင်ကြီးလဲ သိပ်ပင်ပန်းနေပြီ၊ ခေတ္တခဏ အနားယူပါ၊ အခုအချိန်မှာ ကျုပ်ပဲ ကင်းသဘောမျိုး စောင့်နေလိုက်ပါ့မယ်'

ထန်ရှင်က ငြင်းရန် ဟန်ပြင်သည်။

အိုယန်ထုံက အသာအယာ တွန်းလှတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ခုအချိန်မှာ အားလုံး အနားယူသင့်တယ်၊ ဒါပေမယ့် ကျုပ်ကတော့ တခြားလူတွေလောက် မပင်ပန်းသေးတော့ ကျုပ်အစောင့်နဲ့ ကင်းစောင့်ပါမယ်၊ နောင်ကြီး အခန့် တစ်မှေးလောက်တော့ အိပ်စက်သင့်ပါတယ်။ ဒါမှ ညကျရင် ကြံ့ကြံ့ခံနိုင်ကြမယ်"

ထန်ရှင်သည်း မငြင်းသာတော့သဖြင့် သူ့မြင်းရထားထဲ ဝင်၍ အနားယူသည်။

ဖေကျားလျှံ၊ တက်မုဆိုးရာတော်၊ ကျီးတာကြည်နှင့် လက် ရွေးစင်ကိုက်သား ရှစ်ယောက်စလုံး တင်ပျဉ်ခွေ ထိုင်က အတွင်းအား လေ့ကျင့်သည်။

ပေါ့ကိုးပေါင်တစ်ယောက်ကိုမှ လုံးဝ ရှာမတွေ့တော့

မည်းသည့်အချိန်က လစ်ထွက်ပြေးသွားမှန်း မည်သူမျှမ လိုက်ပေ။

နေလုံးကြီးသည် အနောက်အရပ်သို့ တဖြည်းဖြည်း နိမ့် ဆင်းလာ၏။

မြက်ရိုင်းလွင်ပြင်၏ အလှသည် လွန်စွာလှပနေ၏။

သို့ရာတွင် မည်သူမျှ ထိုဆည်းဆာ၏ အလှအပကို မခံစား နိုင်ချေ။

မကြာမီ လှပသော ညနေဆည်းဆာလည်း ပျောက်ကွယ် သွားလေတော့၏။

အာမှောင်ထု ထကယ်တမ်း ကြီးစိုးလာခဲ့သောအခါ လပြည့် ကြီး ထွက်လာ၏။

လ၏ အလင်းရောင်အောက်၌ မြက်ရိုင်းလွင်ပြင်ကြီးကို ငြိမ် သက်စွာ တွေ့ရှိနေရသည်။

ထိုအချိန်အထိ ကွန်လုံဝမ်တို့ဘက်မှ မည်သူမှ မလှုပ်ရှား ကြပေ။

ကွန်လုံဝမ် မလှုပ်ရှားပေ၊ သူ့ဘက်၌ ခွန်အားပြည့်ဝသေ ဖြစ်သဖြင့် အိုယန်ထုသည် အလွန်ကျေနပ်နေမိ၏။

သို့သော်....

မကြာမီပင် သိုင်းသမားအားလုံး အတွင်းအားလေ့ကျင့် ခြင်းကို ရပ်ဆိုင်းပြီး ထထလာကြ၏။

သူတို့ထလာသောအခါ မြက်ရိုင်းလွင်ပြင်ကွင်းစပ်၌ တစ်ဦး တည်းရပ်၍ စောင့်ကြည့်နေသော ကိုက်ချုပ်ကြီး အိုယန်ထုက အားလုံး တွေ့ကြရ၏။

အိုယန်ထုသည် သူ့မိတ်ဆွေများ အတွင်းအား လေ့ကျင့် နေခြင်းမှ ထလာသည်ကို မတွေ့သေးပေ။

တက်မုဆိုးရာတော်က တိုးညင်းသော လေသံဖြင့် မေးလိုက် ချလေ၏။

www.burmeseclassic.com



'အော်...ဂိုဏ်းချုပ်ကြီး အို့ယန်ထု တော့ အခုမှတန် စိတ်ခါတော်မြင့်မြတ်တယ်၊ သိုင်းလောကကြီး တစ်ခုလုံး အေးချမ်းဖို့ကိစ္စကိုပဲ သူအမြဲတမ်း တွေးနေတာပဲ၊ ခုလဲ...'

တက်မုဆလုအောင်၏ စကားသံအဆုံးတွင် ဂိုဏ်းချုပ်ကြီး အို့ယန်ထု သည် ကွင်းစပ်မှပြန်လျှောက်သွား... ပေ၏

'မိတ်ဆွေတို့...အနားယူပြီးသွားကြပြီလား'

ဆန့်ကျမ်းချိုက...

'ဆရာကြီး...အနားယူပ ဦးလား'

'ဟင့်အင်း...မယူတော့ဘူး၊ မကြာခင် ကွန်လုံဝမ် လုပ်ငန်းစတော့မယ်'

'ဘာဖြစ်လို့'

'သန်းခေါင်တိုင်တော့မယ်'

အို့ယန်ထု၏ စကားအဆုံးတွင် ကောင်းကင်သို့ ရှူးခနဲ တစ်စုံတစ်ခုတက်သွား၏။

မီးကျည်ပစ်၍ အချက်ပေးခြင်းသာတည်း။

'ကွန်လုံဝမ်တော့ စပြီ'

'အို့ယန်ထု' ရေရွတ်လိုက်၏။



သို့သော် တစ်နာရီခန့်ကြာသည်အထိ ကွန်လုံဝမ်ဘိုတက်မှ လှုံးဝလှုပ်ရှားသေးပေ။

အို့ယန်ထု သည် ထန်ရှင်၏ မြင်းရထား အနီးသို့ လျှောက်သွားပြီး...

'နောင်ကြီး ကွန်လုံဝမ်တော့ မကြာခင် သူတို့လုပ်ငန်းကို စတော့မယ်'

ထိုစဉ် ယွမ်ရှောက်က အနေးတကြီး အော်လိုက်၏။

'တောတွင်းသားလေး ယွမ်ရှောက်၏ မျက်လုံးများသည် သိုင်းသမားအားလုံးထက် ပို၍ အမြင်သန်ပေသည်။

'ဟိုကို တစ်ယောက်ယောက် ပြေးလာနေပြီ၊ အားလုံးသတိထားကြ'

အို့ယန်ထုက...

'မိတ်ဆွေလား၊ ရန်သူလား မသိနိုင်ဘူး'

ထန်ရှင်က မှတ်ချက်ချ၏။

'မိတ်ဆွေတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ မိတ်ဆွေကလေးသက်ပြီး ကြည့်စမ်းပါ၊ သူ့ဆီမှာ ဘာထူးခြားချက်တွေသလဲ'

ယွမ်ရှောက်က...

'မီးခိုးလုံးတွေလိုလို တွေ့ရပါတယ်'

www.burmeseclassic.com

 www.burmeseclassic.com

'ဒီလိုဆိုရင် ဒီလူ ကျုပ်တို့နား မရောက်အောင် အဝေးက နေ လှမ်းတားလိုက်ပါ၊ ဒီလူ ကျုပ်တို့ကို ဒုက္ခပေးတော့မယ်'

ထန်ရှင်၏ အမိန့်ရသည်နှင့် အော်သံကြောင့် ဝါဝါစည်ကြီးသိုင်း သမားကြီးများ ပျာယာခတ်သွား၏။

ရုတ်တရက် ဘာလုပ်၍ ဘာကိုင်ရမည်မှန်း မသိတော့ပေ။

ထိုစဉ် သူတို့အနီးမှ ဦးခန် အောင်မြင့်၍ လှံတစ်ချောင်း ပြေးထွက်သွား၏။

အ...

အလွန်သာရှ လျင်မြန်စွာ ပြေးထွက်သွားသည့် လှံတံသည် အဝေးမှ ပြေးလာသည့် ရှန်သူအား တည့်တည့်မတ်မတ်ကြီး ထိမှန်သွားသည်။

'ဝုန်း'

'ဖုန်း'

'ဒိုင်း...ဒိုင်း...ဒိုင်း'



ယမ်းထုပ် ပေါက်ကွဲသံများသည် မြောက်နိုင်းလွင်ပြင်တစ်ခု လုံး သိမ့်သိမ့်ညံသွားစေသည်။

အသံများသည် တော်တော်နှင့် မစဲသေးပေ။

ထန်ရှင်က သက်ပြင်းချသည်။

'ကွန်လုံဝမ်ရဲ့ ရက်စက်ပုံကို ကြည့်ပါတော့၊ လူ့အသက် တစ်ချောင်းကို လုံးဝတန်ဖိုးမထားဘူး၊ ယမ်းထုပ်တွေကို ငါ့ ခန္ဓာကိုယ်မှာချည်ပြီး ကျုပ်တို့အုပ်စုထဲပြေးဝင်ခိုင်းတယ်၊ အဲဒီ လူတော့ တကယ်ကံဆိုးရှာတာပါပဲ'

သိုင်းသမားအားလုံး အံ့ဩလွန်းသဖြင့် စကားပင်မပြော ကြတော့ပေ။

တောတွင်းသားကလေး ယွမ်ရှောက်ကူမှ ဂုဏ်သိက္ခာ တစ်ကိုယ်နှင့် မမြင်ဘူးမကြားဘူးသောအရာများကို တွေ့မြင်နေရ သဖြင့် မျက်လုံးကလေးများဝိုင်း၍ ကြည့်နေမိတော့သည်။

မီးခိုးငွေ့များကင်းစင်သွားသောအခါ ထိုနေရာသို့အင်ကို စိမ်းဖတ်ဆင်သည့် သံဇာလှုပ်ဘော် အဘိုးအိုမှတစ်ပါး အားလုံး သွားရောက် စစ်ဆေးကြသည်။

ယမ်းထုပ်များ အချည်နှောင်ခံရသည့်သိုင်းသမား၏ ခန္ဓာ ကိုယ်မှာ လုံးဝမရှိတော့ပေ။

လူအားလုံးသည် ထန်ရှင်အား ကျေးဇူးတင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင်က...

'ကျွန်လိုဝန်' တစ်ချက်ပဲမှားသွားတာဟ်၊ သူ့ခန္ဓာကိုယ်က မီးခိုးထွက်မနေဘူးဆိုရင် ကျွန်တော်လဲ ရိပ်မိမှာမဟုတ်ဘူး'

အို့ယန်ထု က နိုင်ချစ်နေဘ်အား ကျက်နှစ်ဖက် ဆုပ်ကာ ဝါနဝပြုလေ၏။

'မိန်းကလေးလျှင်မြန်ပေလှိဘာပဲ၊ ကျုပ်တို့အားလုံး ဘာ လုပ်ရမှန်းမသိဘဲဖြစ်နေတုန်း မိန်းကလေးကူညီလိုက်လို့ ခုလို အားလုံး အသက်ဘေးက ကင်းလွတ်ကြရတယ်'

အချို့ သိုင်းသမားကြီးများသည် ထိုလုံတံကို မည်သူက ပစ်ခတ်လိုက်မှန်းမသိပေ။

အို့ယန်ထု ပြောလိုက်သည့်အခါမှ လုံတံပစ်လွှတ်သူမှာ နိုင်ချစ်နေဘ်ဖြစ်ကြောင်း သိရှိရတော့သည်။

'ကိစ္စမရှိပါဘူး ဂိုဏ်းချုပ်ကြီး၊ ကျွန်မတို့ကိုလဲ ဂိုဏ်းချုပ်ကြီးက ကယ်ဆယ်ထားတာပဲ၊ ကျွန်မ လုပ်လိုက်တဲ့ အပြုအမူ ကလေးကို ကျေးဇူးလို့မခေါ်နိုင်ပါဘူး၊ ကျေးဇူးလို့ အမှတ် မထားပါနဲ့'

နိုင်ချစ်နေဘ်သည် အို့ယန်ထုအား ပြောနေရာမှ ပညာရှိ ထန်ရှင်ဘက်သို့လှည့်၍ ပြောသည်။



'ဆရာကြီး...ကျွန်မသိသလောက်ပြောရရင် ဂိုဏ်းချုပ်ကြီး ကွန်လိုဝမ်ရဲ့လုပ်ဝန်းတွေမှာ မအောင်မြင်တဲ့လုပ်ငန်းမရှိပါဘူး တဲ့ရှိမယ်၊ သူက 'တစ်ခါမအောင်မြင်ရင် နောက်တစ်ခါ နှစ်ခါ သုံးခါ စသဖြင့် ထပ်ခါထပ်လုပ်တယ်၊ အောင်မြင်သည် အထိ အကြိမ်ကြိမ် ကြိုးစားတယ်၊ သူ့ဆီမှာ လူ့ဘောင်ထက် ထူးချွန်တဲ့ ဉာဏ်စွမ်း၊ ထူးကဲတဲ့သတ္တိရှိတယ်၊ သူ့အဆိုဆုံးဖြတ် ကတော့ သူ့ကိစ္စအောင်မြင်ဖို့ဆိုရင် ဘာမဆိုရက်ရက်စက်စက် လုပ်တတ်တာပဲ၊ သူဘယ်လောက်ရက်စက်တယ်ဆိုတာကို ကျွန်မစာဖွဲ့ပြဖို့ မလိုတော့ဘူးလို့ ထင်ပါတယ်၊ ဆရာကြီး ကြည့်လေ မျက်မြင်ပဲ'

နိုင်ချစ်နေဘ်သည် ယခင်က ကျွန်လုဂိုဏ်း၏ ရန်သူ တော ဖြစ်ခဲ့၏။

သို့သော် ဆန်ကွမ်းချိုရှင်းပြခဲ့သည့်အချက်များနှင့် အဆိပ်မိ ခဲ့သည့် သက်သေအထောက်အထားများကိုကြည့်ပြီး ဤ မိန်း ကလေးသည် ဝမ်ဂိုဏ်းသည်း ဟူသော မကောင်းဆိုးဝါး ဂိုဏ်း၏ မြှားပသို့ရောက်နေပြီဖြစ်သည်ကို ဂိုဏ်းချုပ်ကြီးအို့ယန် ထုနှင့် ပညာရှိထန်ရှင်တို့က ကောင်းစွာယုံကြည်ကြ၏။

နိုင်ချစ်နေဘ်က...

'အခုလူ့ခန္ဓာကိုယ်မှာ ယမ်းထုပ်တွေချိပ်ပြီး ငါထဲတိုးလွှတ် လိုက်တာပဲဟာ သူ့ နောက်ဆုံးအစီအစဉ် ဖြစ်မယ်မထင်ဘူး နောက်ထပ်အစီအစဉ် ရှိလိမ့်ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးအို့ယန်ထုံက ဦးညွတ် ဂါရဝပြုလိုက်လေ၏။

'ကျေးဇူးတင်ပါတယ် မိန်းကလေး၊ ကျုပ်နဲ့ နောင်ကြီးထန်ရှင် ထပ်ပြီးတိုင်ပင်ပါဦးမယ်'

နိုင်ချစ်နေ့သည် ဆန့်ကွမ်းချီနှင့် ယွမ်ရှောက်တို့ အနီးသို့ ဂါရွတ်ခွာသွားပြီး သွားရောက် အနားယူလိုက်သည်။

ထန်ရှင်က အကျီစိမ်း ဝတ်ဆင်ထားသည့် အဘိုးအိုအား ပြောသည်။

'အားလုံ့ဆရာကြီး....တိုက်ပွဲအခြေအနေက ဘယ်လိုဖြစ်လာမယ်မှန်း ... ဘူး၊ ဆရာကြီးရဲ့သမီးလေးကို ကျွန်တော် မြင်းရထားထဲမှာ ခဏထည့်ထားပါ၊ မြင်းလှည်းက လုံခြုံပါတယ်'

အဘိုးကြီးသည် ခေတ္တခဏ စဉ်းစားပြီး သူ့ သမီးအား မြင်းရထားအတွင်းထည့်ထားလိုက်၏။

ဂိုဏ်းချုပ်ကြီးအို့ယန်ထု၊ ထန်ရှင်၊ တက်မုဆရာတော်နှင့် ဖေကူးလျှန်တို့သည် ကွန်လုံဝမ်က နောက်ထပ် မည်သို့တိုက်စစ်ဆင်လာနိုင်သည်ကို ခေါင်းချင်းရိုက် ဆွေးနွေးကြလေသည်။

❖



ထန်ရှင်က...

'ကျွန်တော် စိတ်ထင်ခတာ ကွန်လုံဝမ်နောက်ဆုံး လုပ်နိုင်တဲ့ အလုပ်ဟာ ဒီမြက်ရိုင်းလွင်ပြင်ကြီး တစ်ခုလုံးကို မီးနဲ့ရှို့တဲ့ အလုပ်လဲ လုပ်နိုင်မယ်၊ ကျွန်တော်တို့ရဲ့ကျောဘက်မှာ တောင် ချောက်တွေ ဆင့်ပြီးပြီ ဆိုရင်တော့ သူဟာ ဟင်း ဖြစ်ဖြစ် နောက်ဆုံး မီးပင်လယ်ဖြစ်အောင် လုပ်တော့မှာပဲ'

ထိုစဉ် ထန်ရှင်၏မြင်းရထား၌ တပ်ဆင်ထားသည့်မြင်းကြီးများသည် ထူးဆန်း အံ့ဩဖွယ်ကောင်းအောင် ဟီကြလေတော့၏။

ပတ်ဝန်းကျင် ခုန်ပေါက်ခြင်းလည်း ပြုကြသည်။

ထန်ရှင် မျက်မှောင်ကြုတ်၍ စဉ်းစားနေ၏။

ထို့နောက် တိုးတိုးပြောသည်။

'ဒါဟာ ထူးခြားတဲ့သဘာဝအန္တရာယ်တစ်ခုခုဖြစ်လိမ့်မယ်'

အို့ယန်ထုသည် ထန်ရှင်ပြောသည့် သဘာဝ အန္တရာယ် တစ်ခုခုဆိုသည်ကို စဉ်းစား၍မရပေ။

'နောင်ကြီးထန်ရှင်...မီးဘေးအန္တရာယ်လား'

'မီးဘေးတော့ မဖြစ်နိုင်ဘူး၊ မီးဆိုရင် ကျွန်တော်တို့ မြင်ရမှာပေါ့၊ မီးရောင် လုံးဝမှ မတွေ့ရဘဲ'

www.burmeseclassic.com

www.burmeseclassic.com

မကြာမီ မည်သည့်ဘေးရန် ဖြစ်သည်ကို သူတို့အားလုံး ရိပ်မိကြတော့သည်။

တရှီရှီ မြည်သံများသည် မြွေတွန်သံများ ဖြစ်နေသည်ကို သက်သေပြနေကြသည် မဟုတ်ပါလော။

ထန်ရှင်က အရေးတကြီး ညွှန်ကြားလေ၏။

'ကျိုးတာကြည်...မြင်းရထားက မြင်းတွေကို ကြိုးဖြုတ်ပေးလိုက်၊ လွတ်ရာကျွတ်ရာကို ပြေးပါစေ'

ကျိုးတာကြည်က အလန့်တကြား ပြန်ပြော၏။

'မြင်းတွေမရှိမှတော့ ဆရာကြီးရဲ့ မြင်းရထား ဘာအသုံးဝင်တော့မှာလဲ'

'အားလိုက်စမ်းပါ၊ ငါပြောသလိုသာ လုပ်စမ်းပါ၊ မြင်းတွေကို မြန်မြန်လွှတ်လိုက်ပါ၊ သူတို့ဒုက္ခရောက်ရင် ငါတို့က ဘာမှကယ်နိုင်မှာ မဟုတ်ဘူး'

ကျိုးတာကြည်မှာ ဂိုဏ်းချုပ်ကြီး အိုယန်ထု အား လှမ်းကြည့်၏။

'ကျိုးတာကြည်... နောင်ကြီးထန်ရှင် အမိန့်ပေးနေတာကို လုပ်လိုက်ပါ၊ နောင်ကြီးဟာ အကြောင်းမရှိရင် မင်းကို ဘာမှ ခိုင်းမှာမဟုတ်ဘူး'



ကျိုးတာကြည်သည် ကမန်းကတန်းထ၍ မြင်းများကို ကြိုးဖြုတ်ပေးလိုက်၏။

မြင်းကြီးများသည် နောက်ကျော သစ်တောဘက်သို့ တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့၏။

❀

မောက်းလျှန်က...

'နောင်ကြီးထန်ရှင်၊ အခု ကျုပ်တို့ ဘာလုပ်ထားသင့်သလဲ'

ထန်ရှင်က...

'ခါးရေတွေကို အဆင်သင့် ထုတ်ထားရမယ်၊ နောက်တစ်ခုက မီးတားလမ်းတစ်ခုကို အမြန်ဆုံး လုပ်သင့်တယ်'

'မြွေတွေရောက်လာရင် ဘယ်နှယ်လုပ်မလဲ'

'မြွေတွေရောက်မလာခင် အချိန်လုပြီး လုပ်ရမှာပေါ့၊ ဒီလူစုဆိုရင် မီးတားလမ်းတစ်ခု အမြန်ဆုံး လုပ်နိုင်ပါတယ်'

ဂိုဏ်းချုပ်ကြီး အိုယန်ထုက ဘက်မုဆရာတော်ကို အားနာပါးနာ လှမ်းကြည့်၏။

www.burmeseclassic.com

ဆရာဗေဟာက ရယ်သည်။

'ဂိုဏ်းချုပ်ကြီး...ဘာမှ အားမနာပါနဲ့၊ အားလုံးဟာ သိုင်းလောကကြီးတစ်ခုလုံး ကောင်းကျိုးဖြစ်ရေးအတွက် အလုပ်လုပ်နေကြတာပဲ၊ မီးတားလမ်း ဖောက်ရတဲ့အတွက် ဘာမှ သိက္ခာမကျပါဘူး'

ထိုအချိန်မှာပင် ဆန်ကွမ်းချီ၊ ယွမ်ရှောက်နှင့် နိုင်ချစ်နေ့တို့ ခုန်ဝင်လာကြ၏။

ဆန်ကွမ်းချီက အို့ယန်ထုံအား ဂါရဝပြုပြီး ပြောသည်

'ဆရာကြီး...ကျွန်တော်တို့ကိုလဲ ခိုင်းပါ၊ တတ်နိုင်သမျှ ကူညီပါရစေ'

'မောင်တို့ ကြားတဲ့အတိုင်းပါပဲ၊ မီးတားလမ်းတစ်ခု...'

'စိတ်ချပါ ဆရာကြီး'

ဆန်ကွမ်းချီ၊ ယွမ်ရှောက်နှင့် နိုင်ချစ်နေ့တို့ မီးတားလမ်းကိုဖောက်ကြသည်နှင့် ကျွန်သိုင်းသမားကြီး အားလုံး အားကြိုးမာန်တက် ဝင်ရောက်ကူညီကြသည်။

မတ်တတ်ရပ်၍ ကြည့်နေသူဆို၍ ပညာရှိထန်ရှင်နှင့် အင်စီမ်းဝတ် အဘိုးအိုတို့သာ ရှိပေသည်။



ထန်ရှင်က ဆော်ဩသည်။

'ကြိုးစားကြ မိတ်ဆွေတို့၊ မြန်လေကောင်းလေပဲ'

ထန်ရှင် အဘယ်ကြောင့် ဤသို့ဆော်ဩနေသည်ကို မီးတားလမ်း ဖောက်လုပ်နေသူ အားလုံး သိရှိကြ၏။

အဘယ်ကြောင့်ဆိုသော် သူတို့ကိုယ်တိုင် မြွေတွန်သံများကို ...းကပ်စွာ ကြားလာကြရသောကြောင့် ဖြစ်ပေသည်။

ဝါရင့်သိုင်းဆရာကြီးများနှင့် သိုင်းပညာထက်မြက်သည့်သိုင်းသမားသူရဲကောင်းများ တစ်စုတစည်းတည်း ညီညီညွတ်ညွတ် လုပ်ကြခြင်းဖြစ်၍ မြွေများရောက်ရှိမလာမီမှာပင် မီးတားလမ်း ...ဖောက်လုပ် ပြီးစီးသွားလေ၏။

အို့ယန်ထုံက အက်ပြင်းချသည်။

'ဟင်း....တော်သေးရဲ့၊ မြွေတွေရောက်လာတော့မှ မီးတားလမ်းဖောက်ဖို့ ကြံလာရင် ဘယ်လိုမှ လုပ်နိုင်မှာ မဟုတ်ဘူး၊ ...မြွေတွန်သံတွေကလဲ များပါကွာ၊ ဘယ်နှစ်ကောင်များ ကွန်ဆိုင်မ်က လွှတ်လိုက်သလဲ မသိပါဘူး'

ကျိုးတာကြည်က ခေါင်းနှစ်လက်ကို တရှမ်းရှမ်း ဝှေ့ယမ်း ...ရင်း....

www.burmeseclassic.com



'ဂိုဏ်းချုပ်ကြီး...ကွန်လုံဝမ်လွှတ်ရင် အများဆုံး အကောင် တစ်ရာပေါ့ ခင်ဗျာ၊ တစ်ရာလောက်တော့...'

ကျိုးတာကြည်၏ စကားမဆုံးမီ အိုယန်ထုံက လှမ်း၍ သတိပေးလေ၏။

'ကျိုးတာကြည်...မီးပုံသစ်ပုံလောက် အမြန်လုပ်စမ်း၊ မြွေတွေကို ရှို့ဖို့ မဟုတ်ဘူး၊ မြွေတွေ ဘယ်လောက်များတယ် ဆိုတာ မြင်နိုင်အောင်ပေါ့'

ကျိုးတာကြည်သည် သစ်ကိုင်းခြောက်များကို အမြန်ဆုံး ရှာဖွေ၍ စုပုံသည်။

ယွမ်ချောက်က ကျိုးတာကြည်အား ကောင်းစွာ အကူအညီ ပေး၏။

ထင်းခြောက်၊ သစ်ကိုင်းခြောက်များ စုပုံပြီးသော်အခါ ထန်ရှင်က မီးခြစ်ယူလာပြီး မီးရှို့ပေးလိုက်၏။

'ဂိုဏ်းချုပ်ကြီးရဲ့ အကြံဉာဏ် သိပ်ကောင်းပါတယ်၊ မီး လရောင်ကလေးနဲ့ မြွေတွေကို အသေအချာ မမြင်နိုင်ဘူး နေ့သာပြီး မြွေဟာ မီးကိုလဲ ကြောက်တယ်၊ ဘာပဲဖြစ်ဖြစ် မီးပုံကြီးဟာ ကျွန်တော်တို့အတွက် အသုံးဝင်မှာ သေချာတယ်'



မီးပုံကြီး မီးစတင်တောက်လောင်သည့် အချိန်မှာပင် ကွန်လုံဝမ်၏ မြွေများသည် အိုယန်ထုံတို့ထံသို့ စတင်ရောက်ရှိလာသည်။

ကျိုးတာကြည်၏ အထင် မှားသွားကြောင်း အားလုံးပင် တွေ့ကြရသည်။

များပြားလှသည့် မြွေအုပ်ကြီးသည် 'ကောင်ရေ' သောင်းကျော်မျှရှိမည်ဟု အားလုံး တွေ့ကြရသောကြောင့်တည်း။

တကယ်တမ်း ရေတွက်လျှင် သောင်းကျော်မျှမက ရှိချင် ရှိပေလိမ့်ဦးမည်။

www.burmeseclassic.com

# အခန်း (၁၀၁)

## မအောင်မြင်သော တိုက်ပွဲ

အိုယန်တုံက အော်ဟစ်၍ အမိန့်ပေးလိုက်၏။

'ဒီမြေတွေဟာ အင်မတန် အဆိပ်ပြင်းတဲ့ အဆိပ်မြေတွေ ဖြစ်တယ်၊ မညာနဲ့၊ ခုတ်ကြသတ်ကြ'

သိုင်းပညာ အတတ်မြောက်ထားကြသည့် ဝါရင့် သိုင်းသမားကြီးများသည် အဆက်မပြတ် ချီတက်လာသော မြေအုပ်ကြီးကို တရှိန်းရှိန်း တဝှစ်ဝှစ်ဖြင့် သတ်ဖြတ်ရှုတော့သည်။

အိုယန်ထုသည် ကျိုးတာကြည်အား အမိန့်ပေးသည်။

'ကျိုးတာကြည်၊ နောင်ကြီးထန်ရှင်နှား မြွေတွေ မကပ်အောင် ဘေးနားက ကူညီစမ်း'

'စိတ်ချပေါ် ဂိုဏ်းချုပ်ကြီး'

www.burmeseclassic.com

www.burmeseclassic.com



လက်ရွေးစင်ဂိုဏ်းသား ရှစ်ယောက်တို့သည် ပါကွာဇျူဟာကို ပြန်ခင်းကြပြန်သည်။

ဒကာရာရသူ နှစ်ယောက်အညီ အပြည့်အဝ လှုပ်ရှားခြင်း မပြုနိုင်သော်လည်း ပါကွာနည်းကိုမူ အကွက်လည်အောင် ဖြည့်ပေးနိုင်စွမ်း ရှိသည်။

သည်တစ်ကြိမ် ပါကွာနည်း၏ ခုခံမှုမှာ မြွေရန်ခွယ်ကို ခုခံကာကွယ်ကြခြင်းသာ ဖြစ်တော့သည်။

နိုင်ချစ်နော်သည် မြွေများကို ခုခံကာကွယ်ရင်း ပညာရှိ ထန်ရှင်အနီးသို့ ချဉ်းကပ်လာ၏။

'ဆရာကြီး'

'မိန်းကလေး၊ ဘာပြောချင်သလဲ'

'ဆရာကြီး တစ်ခု စဉ်းစားမိသလားမသိဘူး၊ အခုနေ ကွန်လုံဝမ်က လေးသမားတွေကို မြွားနဲ့ပစ်ဖို့ အမိန့်ပေးရင် ကျွန်မတို့ ကောင်းကောင်းကြီး ဒုက္ခရောက်နိုင်ပါတယ်'

'ဟုတ်တယ်၊ ကျုပ်လဲ အဲဒါကို စဉ်းစားနေတာပဲ၊ မိန်းကလေးမှာ ဘာအကြံဉာဏ်များ ရှိသလဲ'

နိုင်ချစ်နော် တုံ့ဆိုင်းသွားသည်။



'အကြမ်းကို အကြမ်းနည်းနဲ့ တုံ့ပြန်ဖို့ပဲ ရှိတယ်'

'ဘယ်လို အကြမ်းနည်းလဲ'

'မီးနဲ့ ပြန်တိုက်ဖို့လေ'

ထန်ရှင်သည် ဤနည်းကို မစဉ်းစားဘဲနေသည် မဟုတ်ပေ။

စဉ်းစားမိသည်သာ ဖြစ်၏။

ဤသို့ မီးနှင့်တိုက်လျှင် ကွန်လုံဝမ်၏ ရေ့တန်းတပ်သားများသာမက သူတို့အား တိုက်ခိုက်ခြင်းမရှိဘဲ ဝန်း၍ စောင့်ကြပ်နေသည့် နောက်တန်းတပ်သားများလည်း အများအပြား သေဆုံးနိုင်ပေသည်။

သူ့အနေဖြင့်နောက်တန်းတပ်သားများ အချည်းအနှီး သေဆုံးရမည်ကို မလိုလားပေ။

သို့သော်....

ယခု နိုင်ချစ်နော်ပြောသည့် အခြေအနေ ရောက်လာပါက မြေကိုခုခံနေသူများသည် မြွားဒဏ်ကြောင့် သေဆုံးကြရပေလိမ့်မည်။

မြွေကိုရော၊ မြွားဒဏ်ကိုပါ တစ်ပြိုင်နက် ခုခံနိုင်လိမ့်မည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com

မီးတိုက်သည့်ကိစ္စကို စဉ်းစားပြန်လျှင်လည်း မိမိတို့က မီးနှင့် မတိုက်ပါက ကွန်လုံဝမ်က တိုက်ချင်ထိုက်ပေလိမ့်မည်။

ထန်ရှင်က ခေါင်းညိတ်၏။

'ကောင်းပြီ၊ မိန်းကလေး ကျေးဇူးပြုပြီး မီးပုံထဲက မီးစတွေ ထင်းချောင်းတွေကို မီးတားလမ်းအထက်ကို ပစ်ပေးပါ၊ စောစောက မီးတားလမ်းဖောက်ထားတာ ကျုပ်တို့အတွက် အတော်ကလေး ဟန်ကျသွားတယ်'

နိုင်ချစ်နော်သည် မြွေများကို ခုခံရင်း မီးပုံကြီးအနီးသို့ ဆုတ်သွား၏။

မီးပုံကြီးမှာ တဟဲဟဲ တောက်လောင်နေသည်။

နိုင်ချစ်နော်သည် မီးစများကို ဆွဲထုတ်ပြီး မီးတားလမ်းအထက်ရှိ မြက်ပင်များ၊ ချုံပုတ်များဆီသို့ ပစ်သွင်းလိုက်၏။

မကြာမီ မီးရှိန်ရလျက် တဈဲဟဲ တောက်လောင်စ ပြုလာသည်။

မီးအပူရှိန်ကြောင့် မြွေများလည်း နောက်ဆုတ်သွားကြသည်။



အိုယန်ထုက မြွေများ ဆုတ်ခွာသွားသည်ကို တွေ့လိုက်ရသဖြင့် လှမ်းအော်ချီးကျူးလိုက်သည်။

'ဒီအကြံ သိပ်ကောင်းတယ်၊ ခဲတစ်လုံးတည်းနဲ့ ငှက်နှစ်ကောင်ပစ်လိုက်တာပဲ၊ မြွေကိုနိုင်ဘာ မီးပဲ'

မီးရှိန်များလာသည်နှင့်အမျှ မြွေများ ဆုတ်ပြေးသောအခါ သိုင်းသမားအားလုံး သက်ပြင်းချမိကြ၏။

ထို့စဉ် ကျိုးတာကြည်၏ ကြိမ်းမောင်းသံကို ကြားလိုက်ရသည်။

'ကွန်လုံဝမ်လောက် သတ္တိမရှိတဲ့လူဟာ ဒီလောကမှာ မရှိဘူး၊ သူမို့လို့မြွေနဲ့တိုက်တယ်၊ ဒီတစ်ခါ ကျုပ်မယေသေးရင်တော့ ကွန်လုံဝမ်နဲ့ တစ်ပွဲတစ်လမ်း အကဲစမ်းလိုက်ဦးမယ်'

နိုင်ချစ်နော်သည် ထန်ရှင်အား တီးတိုးလှည့်၍ပြော၏။

'ဆရာကြီး၊ သူ့လေသံ နားထောင်ရတာ မြွေကိုက်ခံရပြီလို့ ထင်မိတယ်၊ မြွေကိုက်ခံရရင်တော့ မြွေဆေး ကျွန်မဆီမှာ ရှိပါတယ်'

ထန်ရှင်က လှမ်းမေး၏။

'ကျိုးတာကြည်၊ မင်း မြွေကိုက်ခံရသလား'

www.burmeseclassic.com



'ဟုတ်ကဲ့၊ အဆိပ်မပြန့်အောင်တော့ သွေးကြောတွေပိတ်ထားပါတယ်'

'ဒီကိုမြန်မြန်လာ၊ စစ်ဆေးကြည့်ရအောင်'

ကျီးတာကြည်မှာ ထန်ရှင့်အနီးသို့ ရောက်လာ၏။

နိုင်ချစ်ခနော်က မြွေကိုက်သည့်နေရာကို ခါးနှင့်ခွဲပြီး သွေးများ ညှစ်ထုတ်၏။

ထို့နောက် ဆေးလုံးတစ်လုံး ထုတ်၏။

'ဒီဆေးလုံးက မြွေဆိပ်ဖြေတဲ့ နေရာမှာ လိပ်အစွမ်းထက်တယ်'

ကျီးတာကြည်သည် မည်သို့မျှစောဒကတက်မနေတော့ပေ။

ဆေးလုံးကို ပါးစပ်ထဲပစ်သွင်းပြီး မျိုချလိုက်၏။

ထိုတာဇင်အတွင်းမှာပင် အရာဝတ္ထုများလေဘိုးသည့်အသံကို တရှီးရှီးကြားလိုက်ရသည်။

'ဒါ မြွေတွေ လေကိုခွင်းလာတဲ့အသံပဲ'



တက်မုဆရာတော်က မှတ်ချက်ချပြီး သူ့ခါးကိုတွဲချိတ်ထားသော ဓား ယမ်းလေတော့၏။

မှန်သည်။

တက်မုဆရာတော်မြွက်ကြားသည့်အတိုင်းပင် ကျွန်လုံဝမ်၏ လက်ရွေးစင်လေးသည်တော်များက ပစ်ခွင်းလိုက်သည့်မြွေတံ များပင်ဖြစ်ပေတော့သည်။

သိုင်းသမား အားလုံးသည် သူတို့၏ဓားများကို ကိုယ်စီ ဝှေ့ယမ်းလျက် တစ်ကိုယ်လုံးကို ကာကွယ်ထားကြရသည်။

ဓားစကားဝိုင်းထဲဝင်လာသည့် မြွေမှန်သမျှ အားလုံးကျိုးပဲ့ ပျက်စီးကုန်သည်သာ။

ထန်ရှင်က...

'ဟိုမိန်းကလေးပြောတာ သိပ်မှန်တယ်၊ မြွေတွေကိုသာ မီးနဲ့တိုက်မလွှတ်ရင် အခုဆို ကျွန်တော်တို့အားလုံး ဒုက္ခရောက်နေပြီ'

အို့ယန့်ထုသည် ထန်ရှင်အား မြွေမခအောင်ကာကွယ်ပေးရင်း ရထားအတွင်းသို့ ဝင်ခိုင်းလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းရထားတံခါးများ ပိတ်လိုက်သောအခါ ထန်ရှင်နှင့် ဒက်ရာရထားသည့်အတိုးအိုး၏ သမီးကလေးလိုခြုံရေးမှာလုံး၀ စိတ်ချသွားရတော့၏။

ထန်ရှင်က မြင်းရထားထဲမှ လှမ်းအော်ပြောသည်။

'အားလုံး ကိုယ့်ကိုယ်ကို ဂရုစိုက်ကာကွယ်ကြပါ၊ မကြာခင် ဒီမြားတွေ ရပ်သွားမှာ သေချာပါတယ်'

အိုယန်ထုံက ပြန်မေး၏။

'ဘာကြောင့်လဲ နောင်ကြီးထန်ရှင်'

'မီးလေ၊ ကျွန်တော်တို့ရှို့လိုက်တဲ့မီးတွေ အခုဆိုကွင်းဝက်လောက် ရောက်နေရောပေါ့'

အိုယန်ထုံတို့ လှမ်းကြည့်လိုက်သောအခါ မြက်ရိုင်းလွင်ပြင်ကို ဝါးမျိုနေသည့် မီးတောက်မီးလျှံတို့မှာ တဟဲဟဲ မြည်ဟည်းလျက် လျှင်မြန်စွာလောင်ကျွမ်းသွားနေသည်ကိုတွေ့လိုက်ကြရသည်။

အိုယန်ထုံက....

'နောင်ကြီးထန်ရှင်၊ ဒီမီးကိုသူတို့ရှောင်နိုင်မယ်နဲ့ တူတယ်'

ထန်ရှင်က မြင်းရထားထဲမှ ပြောသည်။



'မရှောင်နိုင်ပါဘူး၊ ကွန်လုံဝမ်ဟာ ဒီလွင်ပြင်ကို ထောင်ချောက်ဆင်ဖို့ လောင်စာတွေယမ်းထုပ်တွေ ယူလာမှာသေချာတယ်၊ သူတို့တစ်တွေ မသေသေးဘူး ဆိုရင်တောင် အဖောက်ကလေးဒုက္ခရောက်မှာတော့ သေချာပါတယ်'

ထန်ရှင်နိမိတ်ဖတ်သည့်အတိုင်းပင် တရှဲရှဲ တဝှီးဝှီး ပြေးဝင်လာသည့် မြားတံများ အပစ်ရပ်သွားသည်။

သူတို့ကံကောင်းသည့်အချက်မှာ မီးတားလမ်းဖောက်ထားခြင်းပင်ဖြစ်သည်။

မီးတားလမ်း ဖောက်ထားသည့်အတွက် မီးရှို့လိုက်သောအခါ မီးသည် ကွန်လုံဝမ်တို့ရှိရာဘက်သို့တစ်ရှိန်ထိုး တိုးလောင်တော့သည်။

အိုယန်ထုံသည် လက်ထဲမှဓားကို မြေပြင်၌ပစ်စိုက်လိုက်၏။ ခါးထောက်ပြီး ကောင်းကင်ကြီးကို မော့ကြည့်မိသည်။ မီးရောင်ကြောင့် ကောင်းကင်ကြီးတစ်ခုလုံး နီရဲနေသည်။

ထန်ရှင်က အိုယန်ထုံအနီးသို့ကပ်လာပြီး...

'ကိုဏ်းချုပ်ကြီး၊ ကွန်လုံဝမ်ရဲ့မြက်ရိုင်းလွင်ပြင်တိုက်ပွဲတော့ အရှုံးနဲ့ နိဂုံးချုပ်သွားပါပြီ၊ သူဟာ ကျွန်တော်တို့ကို ပိုပြီး ရန်ငြိုးဖွဲ့ဖို့လဲ သေချာသွားပါပြီ'

www.burmeseclassic.com


အို့ယန့်ထိုက ဦးခေါင်းကို လေးပင်စွာ ညိတ်ပြရှာသည်။

ကုန်လုံဝမ်ရုန်ရှန် အေးချမ်းသွားပြီကို သိလိုက်ရသော အဘိုးအိုက တစ်ခါန်းထလာတော့သည်။

❀

'ကဲ...မိုးလဲလင်းတော့မယ်၊ မြင်းရထားတံခါး ဖွင့်စမ်းပါ၊ ကျုပ်သမီးကိုခေါ်ပြီး ခရီးဆက်တော့မယ်'

ထန်ရှင်က ကပျာကယာပြေး၍ တံခါးဖွင့်ပေးရသည်။

အို့ယန့်ထုံမှာ ပြုံးပင်ပြုံးမိသွားသည်။

ထန်ရှင်သည် မည်သည့်အခါကမျှ မာနကြီးခဲ့သူ မဟုတ်ချေ။

အဘိုးအိုသည် ထန်ရှင်ကို အထင်မှားတော့မည်လား၊ လေးလိမ့်မည်ဟု အို့ယန့်ထုံ တွေးနေ၏။

အဘိုးအိုသည် မြင်းရထားအတွင်းမှ သမီးဖြစ်သူကို ပွေ့ချီထုတ်ယူလာပြီးနောက် အို့ယန့်ထုံနှင့် ထန်ရှင်တို့အား တစ်လှည့်စီ ကြည့်ပြီးပြော၏။

'ကျုပ်ဟာ သူများကို ဘယ်တုန်းကမှ ကျေးဇူးတင်စကား မပြောခဲ့ဖူးဘူး၊ ဒါပေမယ့် ခင်ဗျားတို့ကိုတော့ ကျေးဇူးတင်စကား ပြောခဲ့ပါတယ်၊ နောင်တစ်နေ့အခွင့်ကြုံရင် ကျေးဇူးကို ပြန်ဆပ်ပါ့မယ်'

စကားဆုံးသောအခါ အဘိုးအိုသည် ခုန်ထွက်၍ ပြေးသွားလေတော့၏။

ထန်ရှင်က ရယ်ပြီး....

'ဒီဆရာကြီးဟာ လူ့လောက သိုင်းလောကနဲ့ ကင်းပြတ်နေပုံရတယ်၊ သူပြောလိုက်တဲ့စကားလုံးတွေဟာ ခုံ့ချိုသာမှု မရှိဘူး'

'ဒီအဘိုးအိုဟာ- အများက ပြောနေကြတဲ့ တောင်ပိုင်းနဂါးအဘိုးအိုများလား မသိဘူး'

အို့ယန့်ထုံက မှန်းခြေဖြင့် ပြောသည်။

ဖေကုံးလျှန်က ဝင်၍ထောက်ခံ၏။

'ကျုပ်လဲ့ ဒီလိုငဲ့ထင်ပါတယ်'

ထန်ရှင်က....

www.burmeseclassic.com

www.burmeseclassic.com



'ကဲ...ဒီအချိန်မှာတော့ ကျွန်တော် ဒီနေရာက ထွက်ခွာလို့ရပြီ ကွန်လုံမေ်ဟာ ကျွန်တော်တို့ကို ဒုက္ခပေးနိုင်မှာ မဟုတ်တော့ဘူး'

အိုယန်တုံသည် လူများကို ရေတွက်စစ်ဆေးသည်။

ဤမြောက်ရိုင်းလွင်ပြင် တိုက်ပွဲတွင် သူတို့၏ အဆုံးအရှုံးမှာ ပြောပလောက်အောင် မရှိကြောင်း တွေ့ရသည်။

လက်ရွေးစင်ဂိုဏ်းသား ရှစ်ယောက်အနက် သုံးယောက် ဒဏ်ရာရရှိရာတွင် နှစ်ယောက်သာ ဒဏ်ရာပြင်းထန်သည်။

သို့သော်....

ထိုနှစ်ယောက်သည်း သွားသွားလာလာလုပ်နိုင်သည်။

ကျိုးတာကြည်တစ်ယောက် မြေကိုက်ခံရသည်။

နှစ်နာမှုက ဒါပဲရှိသည်။

အဲ...သစ္စာဖောက် ပေါ်ကုံးပေါင်ကတော့ မည်သည့်အချိန်က လစ်ထွက်သွားမှန်းမသိ လစ်ထွက်သွားသည်။

ကွန်လုံမေ်ဘက်ကတော့ သေသူများ အလွန် များပြားသည်။



ကြောက်ခမန်းလိလိ အရေအတွက်ပင် ဖြစ်သည်။

သူတို့အတွက် အထူး ကျေနပ်ဖွယ်ကောင်းသော အချက်တစ်ချက်မှာ အချို့သော အဆင့်မြင့်သိုင်းသမားများကို ကယ်တင်နိုင်ခြင်း ဖြစ်သည်။

ဒဏ်ရာပြင်းထန်သူများမှာမူ သေဆုံးသွားခဲ့သည်။

ယခု ဤအလယ်ဗဟိုနေရာကို စွန့်ခွာမည် ဆိုသော ... ဒဏ်ရာရသူများအား ထွက်ခွာသွားနိုင်မနိုင် မေးမြန်းသည်။

ထိုလူများက ကျေးဇူးတင်စွာဖြင့် ... ပြီး ... သွားသည်။

ထိုအခ ဖေကုံးလျှန်က...

'ခေါင်ကြီးထန်ရှင်၊ မြင်းရထားမှာ မြင်းတွေမရှိတော့ဘူးကဲ၊ ဘယ်လိုခရီးဆက်မှာလဲ'

ထန်ရှင်က ရယ်သည်။

'ကျွန်တော်လဲ ခင်ဗျားတို့လိုပဲ ခြေလျင်ခရီး ဆက် ... မှာပေါ့'

'ဟင်...လက်နက်မျိုးစုံရှိတဲ့ ဒီမြင်းရထားကြီး ... စွန့်ပစ်ခဲ့တော့မှာလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟား... ဟား... ဟား ကွန်လုံဝမ်က ဒီ မြင်းရထား အကြောင်း ကောင်းကောင်းသိသွားပြီ၊ နောင် သုံးလို့ရတော့မှာ မဟုတ်ဘူး၊ နှမြောတော့ နှမြောစရာပေါ့လေ'

ဟန်ရှင်သည် မြင်းရထားပေါ် တက်သွားပြီး ခလုတ်အချို့ကို ဖျက်ဆီးပစ်သည်။

အို့ယန်ထု က...

'ကဲ... အားလုံး ခရီးစကြစို့'

ယန်ရှင် အမှူးပြု၍ အားလုံးခရီးစကြသည်။

အို့ယန်ထု တို့နှင့်အတူ ဆန်ကွမ်းချီး ယွမ်ရှောက်နှင့် နိုင်ချစ်နော်တို့ပင် ပါလာသည်။

မြက်ရိုင်းလွင်ပြင်၌ တောက်လောင်သော မီးကိုကြည့်လိုက်သောအခါ လွင်ပြင်အဆုံးသို့ ရောက်နေပြီဖြစ်ကြောင်း တွေ့ရသည်။

ကွန်လုံဝမ်တစ်ယောက် ပြေးလောက်ပေပြီ။

သူတို့သည် မီးကို ကွင်းရှောင်ပြီး ထွက်လာ၏။

သူတို့ဘက်၌ မီးတားလမ်း ဖောက်လုပ်ထားသဖြင့် မီးသည် သူတို့နောက်ကျောသို့ မရောက်ရှိပေ။



နှစ်နာရီခန့် ခြေလျင်လျှောက်ပြီးသောအခါ အခုက်အချာကျသော တောင်ကုန်းတစ်ခု၌ ကျွန်လုဂိုဏ်း၏ သေးဆယ်ရှစ်တပ်ဖွဲ့ကို တွေ့ရှိကြရသည်။

လေကျင့်ရေးမှူးကြီး ကွမ်းစန်စင်က ဦးဆောင်လာသည်။

ကွမ်းစန်စင်သည် ပင်ပန်းနွမ်းနယ်၍ ပြန်လည်ရောက်ရှိလာသည့် ဂိုဏ်းချုပ်ကြီး အို့ယန်ထု တို့ကို အမြန်အလွှားသွက်၍ ကြိုဆို၏။

'ဂိုဏ်းချုပ်ကြီး၊ ကျွန်တော်တို့ အသာ နောက်ကျသွားတယ်၊ ရှေ့ဘက်က မီးလုံးတွေ တက်လာတော့ ကျွန်ုပ်တို့လဲ ရှေ့ကိုမတက်ဝံ့တော့ဘူး၊ ဒါနဲ့ဒီနေရာမှာ တပ်စွဲပြီး ဂိုဏ်းချုပ်ကြီးတို့ကို စောင့်နေခဲ့တာပါ'

အို့ယန်ထု က ခေါင်းညိတ်၍...

'အဲဒါလဲ ကောင်းပါတယ်၊ မင်းတို့ အလာတုန်းက တိုက်ပွဲတစ်ပွဲမှ မဖြစ်ဘူးလား'

'ဖြစ်တာပေါ့၊ ကျွန်တော်တို့ကိုတားဆီးတဲ့ ကွန်လုံဝမ်ရဲ့လူစုကလေးတွေကို အားလုံး အပြတ်ရှင်းပစ်ခဲ့တယ်'

အို့ယန်ထု သည် တောင်ကုန်း၏ အခြေအနေကိုကြည့်ပြီး...

www.burmeseclassic.com

www.burmeseclassic.com

'ကဲ...အားလုံး ဒီမှာ ခေတ္တနားပါ၊ ဒီထက်စိတ်ချလက်ချ နားနိုင်တဲ့နေရာ မရှိတော့ဘူး'

ဇော်ယန်ထု၏ ဆုံးဖြတ်ချက်ကို ကြားပြီး ဝမ်းသာသွားသော လူမှာ ထန်ရှင်ဖြစ်သည်။

ထန်ရှင်သည် ဝါစဉ်ကြီး သိုင်းဆရာကြီးများအား အမီလိုက် လမ်းလျှောက်ခဲ့ရသဖြင့် လဲကျလုနီးနီး အမောဆို့နေခဲ့လေပြီ။

ယခုအခါ အားရပါးရ ထိုင်ချလျက် နားနေလေတော့၏။

ကွမ်းစန်းစင်သည် ဂိုဏ်းချုပ်ကြီး ဇော်ယန်ထုတို့လူစု မည်မျှပင်ပန်းနွမ်းနယ်နေသည်ကို မြင်ရုံဖြင့်သိရှိသည်။

ထို့ကြောင့် သူတို့နှင့်အတူ ပါရှိလာသည့် ရေနှင့် ရိက္ခာများကို ချက်ချင်းခွဲဝေပေးသည်။

ဆန်ကွမ်းချိတ်မှအစ အားလုံးပင် ဝမ်းပန်းတသာ လက်ခံယူသည်။

အားပါးတရ စားသောက်ကြသည်။



အနေအေးရှာ အေးအေးဆေးဆေးရှိသော ညာရှိထန်ရှင်ပင် လျှင် ပြုံးပြုံးယယ်ရယ်ဖြင့် လွမ်းယူစားသောက်လေ၏။

စားသောက် ပြီးစီးသောအခါ နိုင်ချစ်နှောင်က ထလာပြီး ဂိုဏ်းချုပ်ကြီး ဇော်ယန်ထုကို ဂါရဝပြု၏။

'ဂိုဏ်းချုပ်ကြီး၊ ကျွန်မတို့ကယ်တင်ခဲ့တဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မကို ဒီကပဲ လမ်းခွဲခွင့် ပြုပါတော့'

'အို...မိန်းကလေးကလဲ အခု ဒီနေရာမှာက စိတ်မချရသေးဘူး၊ စိတ်ချရတဲ့အခါကျတော့ လမ်းခွဲသွားပါ၊ ဖြစ်ပါတယ်'

'ကိစ္စမရှိပါဘူးရှင်၊ ကျွန်မကို ခွင့်ပြုပါတော့'

ဇော်ယန်ထုက ရယ်ပြီး...

'ဘာလဲ၊ ကျုပ်တို့ တိုင်ပင်နှီးနှောတဲ့အခါမှာ ဝင်ပြီး အကြံပေးနေရမှာ စိုးလို့လား'

ထန်ရှင်က ဝင်၍ အကြံပေးသည်။

'ဂိုဏ်းချုပ်ကြီးခင်ဗျာ...သူက ကွန်လုံဝမ်ရဲ့ မွေးစားသမီးဖြစ်နေပြီး ကွန်လုံဝမ်ရဲ့ ရန်သူတွေနဲ့ တပေါင်းတစည်းတည်း သွားလာနေရတာ စိတ်မသန့်ဘဲ ဖြစ်နေဟန်တူပါတယ်၊ သွားပါစေတော့ ခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



အိုးယန်ထုက ခေါင်းညိတ်၍ သွားခွင့်ပြုလိုက်၏။

နိုင်ချစ်နေဘ်သည် ဂိုဏ်းချုပ်ကြီး အိုးယန်ထုနှင့် ထန်ရှင်တို့အားပါ ဂါရဝပြုလိုက်ပြီး....

'ကဲ....ကျွန်မကို ခွင့်ပြုပါတော့ရှင်၊ အခုလို ကျေးမွေးစောင့်ရှောက်တဲ့ ကျေးဇူးကို တစ်နေ့ကျရင် ပြန်လည် ပေးဆပ်နိုင်လိမ့်မယ်လို့ ထင်ပါတယ်'

နိုင်ချစ်နေဘ်သည် လျင်မြန်စွာ ပြေးထွက်သွားလေတော့၏။

[illegible]ည် ဆန်ကွမ်းချိုကို နှုတ်မဆက်တော့ချေ။

ယွမ်ရှောက်သည် နိုင်ချစ်နေဘ် ပြေးထွက်သွားသည်နှင့် ခုန်ထ၍ လိုက်လာ၏။

သို့သော် သူသည် သူ့အစ်ကိုကြီး ဆန်ကွမ်းချို ကျန်ရစ်ခဲ့သည်ကို ရုတ်တရက် သတိရပြီး ခပ်တန့်တန့်သွားကာ သခင်လည်ပြန်ပြန်လှည့်ကြည့်သည်။

ဆန်ကွမ်းချိုက သူ၏ ညီတော် ယွမ်ရှောက်အနီးသို့ ဖြည်းညင်းစွာ လျှောက်သွားပြီး ပခုံးပေါ် လက်တင်၍ မေးမြန်းလိုက်လေတော့၏။



'ညီလေး...မင်း ဘယ်သွားမလို့လဲ'

ယွမ်ရှောက် သက်ပြင်းချသည်။

ဆန်ကွမ်းချိုအနေဖြင့် ယွမ်ရှောက် သက်ပြင်းချသည်ကို ထေမဆုံးအကြိမ် တွေ့မြင်ဖူးခြင်း ဖြစ်၏။

'အစ်ကိုကြီး၊ ကျွန်...ကျွန်တော် အဲဒီမလေးကို လိုက်ပြီး စောင့်ရှောက်ပေးမလို့ပါ'

ဆန်ကွမ်းချိုသည် ယွမ်ရှောက်၏ ရိုးသားသော သဘာဝကို သိပြီးသူဖြစ်သည်။

ညီဖြစ်သူ၏ နိုင်ချစ်နေဘ်အပေါ် ထားရှိသည့် သမုဒယသံယောဇဉ်ကိုသည်း ရိပ်စားမိပြီးဖြစ်သည်။

ထို့အတွက်နိုင်ချစ်နေဘ်အားလိုက်စောင့်ရှောက်မည်ဆိုသည့်ကိစ္စကို မတားမြစ်တော့ချေ။

'ညီလေး...ဆရာနဲ့ တွေ့ခဲ့သလား'

'တွေ့ခဲ့တယ်'

'သူ ဘယ်မှာလဲ'

'သွားပြီ'

www.burmeseclassic.com

www.burmeseclassic.com

'ဟင်...ဒီလိုဆိုရင် ငါ့ရှာဖို့ ခက်ပြီပေါ့'

'မခက်ပါဘူး၊ အစ်ကိုကြီး ရှာချင်ရင် နည်းရှိပါတယ်၊ ကျွန်တော်လဲ အဲဒီလိုပဲ ရှာတာပဲ'

'ဘယ်လိုနည်းလဲ ပြောစမ်း'

'တိတ်ဆိတ်တဲ့ညမှာ မနားတမ်း ပလွေမှုတ်ရင် သရေက ပလွေသံထွက်ပေါ်တဲ့ နေရာကို ရောက်လာတာပဲ'

ယွန်းမြောက်သည် နိုင်ချစ်နော်ကို ချာခနဲ လှည့်ကြည့်ပြီး...

'အစ်ကိုကြီး...ကျွန်တော်တို့ သွားကြစို့၊ အစ်ကိုကြီးပါ လိုက်မယ်မဟုတ်လား'

ဆန်ကွမ်းချိုသည် ဂိုဏ်းချုပ်ကြီး အိုယနိထု အား ဦးညွှတ် ဂါရဝပြုပြီး ယွန်းမြောက်နောက်သို့ ပြေးလိုက်သွားလေတော့ သည်။

နိုင်ချစ်နော်မှာ မနေနိုင်တော့ ငေးလျှောက်နေသူဖြစ်ရာ တစ်ခဏ အတွင်း ယွန်းမြောက်နှင့် ဆန်ကွမ်းချိုတို့ မီလာကြသည်။

ဆန်ကွမ်းချိုသည် ယွန်းမြောက်၏ မျက်နှာပေါ်မှ စိုးရိမ်ပူပန်မှုများကို တွေ့နေရသဖြင့် အရှိန်ကိုလျှော့၍ လျှောက်သည်။



သို့သော် သုံးယောက်စလုံး တစ်ဦးနှင့်တစ်ဦး အကူခွလှမ်း သဖြင့် တစ်ဦး၏ ခြေသံကိုပင် တစ်ဦးက ကြားနေကြရသည်။

တစ်ဦးနှင့်တစ်ဦး စကားမပြောဘဲ လျှောက်လာကြရာ ငါး မိနစ်ခန့်ပါးမျှ ခရီးပေါက်လာကြ၏။

ထိုအခါကျမှ နိုင်ချစ်နော်က ဖျတ်ခနဲ လှည့်၍ ပြောသည်။

'ရှင်တို့ ဘာဖြစ်လို့ တစ်ယောက်ကောက် လျှောက်သိုလ်နေ တာလဲ၊ ကွန်လုံဝမ်နဲ့တွေ့မှာ မကြောက်ကြဘူးလား'

ယွန်းမြောက်သည် တစ်စုံတစ်ခုပြောရန် ကြိုးစားသည်။

သို့သော် သူ့ခမျာ တစ်ခွန်းမျှ မပြောနိုင်ဘဲ ဖြစ်နေရှာ သည်။

ဆန်ကွမ်းချိုက...

'မင်းက ကွန်လုံဝမ်ကို သစ္စာဖောက်ခဲ့တာ၊ မင်းကို အခါကာ တားပြီး ကွန်လုံဝမ်က ဒုက္ခပေးလိမ့်မယ်၊ ဒါကြောင့် ငါတို့က မင်းကို လိုက်စောင့်ရှောက်နေတာ'

'ကျွန်မအတွက် ရှင်တို့ ပူစရာမလိုပါဘူး၊ အသွန်ဆုံး ကျွန်မ ကို သတ်ရုံပဲရှိတယ်'

'မင်း ဘယ်သွားမလို့လဲ၊ ငါသွားစရာကိစ္စ ရှိသေးတယ် မင်းသွားရမယ့်နေရာကိုသိရင် ခပ်မြန်မြန် လိုက်ပို့နိုင်သေးပေါ့'

www.burmeseclassic.com

www.burmeseclassic.com



နိုင်ချစ်နေဘ်က ဒေါသကလေးနှင့် ပြော၏။

'ကြွပါ...ကြွပါ၊ ကျွန်မကို စောင့်ရှောက်ဖို့ မလိုဘူး၊ ရှင်ကြွလိုရာကို ကြွကြွပါ'

ဆန်ကွမ်းချို နှုတ်ပိတ်သွားသည်။

အတန်ကြာမျှ စဉ်းစားပြီးနောက် ခပ်တိုးတိုး ပြော၏။

'မင်းကို ပြောစရာတစ်ခုရှိတယ်'

နိုင်ချစ်နေဘ်က သွက်သွက်လက်လက်ပင် ခွင့်ပြုသည်။

'ပြောပါ...ပြောပါ၊ မြန်မြန်ပြောပြီး မြန်မြန်ကြွကြွပါ'

ဆန်ကွမ်းချိုသည် ယွမ်ရှောက်ကိုကြည့်ပြီးပြောသည်။

'ငါ့ညီလေးဟာ အင်မတန် ရိုးသား ဖြောင့်မတ်ပါတယ် ဉာဏ်လဲသိပ်ကောင်းတယ်၊ တကယ်လို့ သူ့ကိုသာ သိုင်းပညာ ထပ်သင်ပေးမယ့်လူရှိရင် သူဟာ သိုင်းလောကမှာ ပြိုင်စံရှား သိုင်းသမားတစ်ယောက်ဖြစ်လာမှာ သေချာပါတယ်'

နိုင်ချစ်နေဘ်၏မျက်ခုံးများ မြင့်တက်သွား၏။

'ဒါတွေက ကျွန်မနဲ့ ဘာဆိုင်လို့လဲ၊ ရှင်ကဘာအဓိပ္ပာယ် ဒါတွေ လာပြောနေရတာလဲ'



'မင်းကို သူ စိတ်ဝင်စားနေတယ်၊ သူ့ကိုမင်းစောင့်ရှောက် လိုက်ပါ'

ထိုစကားတစ်ခွန်းပြောလိုက်ရသည့်အတွက် ဆန်ကွမ်းချို၏ ရင်ထဲ၌ ဝေဒနာတစ်ခုခံစားလိုက်ရသည်။

မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို ဆန်ကွမ်းချိုသည် မဆန်း ခဲမိပေ။

နိုင်ချစ်နေဘ်က....

'ကျွန်မ မစောင့်ရှောက်နိုင်ဘူး'

ထိုစကားတစ်ခွန်းတည်းကိုသာပြောပြီး ငြိမ်သွား၏။

ဆန်ကွမ်းချိုက [illegible]ကာကာ လှမ်းပြောသည်။

'ခဏနေပါဦး၊ [illegible]နေပါဦး'

နိုင်ချစ်နေဘ် ရပ်သွား၏။

ဆန်ကွမ်းချို အလျင်အမြန် ရှင်းပြရသည်။

'ငါ့ညီဟာ လူ့အသိုင်းအဝိုင်းနဲ့ရင်းရင်းနှီးနှီးမနေဖူးတော့ စကားကို ဝေဝေဆာဆာမပြောတတ်ပါဘူး၊ အခု သူ့စိတ်ထဲမှာ မင်းကိုလိုက်စောင့်ရှောက်မယ်၊ မင်းအပေါ် ကျရောက်

www.burmeseclassic.com

www.burmeseclassic.com



လာမယ့်ဒုက္ခသုက္ခတွေကို အကာအကွယ်ပေးမယ်လို့ သူဆုံးဖြတ်ပြီးပြီ၊ ငါတားလဲ သူနားဝင်မှာ မဟုတ်ဘူး၊ မင်းအတွက်ဆေးသွားရှာတာကိုသာကြည့်ပါတော့၊ သူဟာမင်းအပေါ်မှာ သိပ်ပြီး သံယောဇဉ်ကြီးနေပါပြီ'

နိုင်ချစ်နော်သည်နှုတ်ခမ်းကိုပြတ်လုမတတ်ကိုက်ပြီးစဉ်းစားနေ၏။

သူမ၏မျက်လုံးထဲ၌ မျက်ရည်များ ဝဲလာသည်။

အတန်ကြာ စဉ်းစားပြီးမှ ခေါင်းကို ဆတ်ခနဲညိတ်သည်။

'ကောင်းပြီ၊ ရှင် ဒီလောက်တောင်းပန်နေမှတော့ ကျွန်မသဘောတူလိုက်မယ်'

ထို့နောက် ချာခနဲလှည့်ထွက်သွားတော့သည်။

ယွမ်ချောက်သည် ဆန်ကွမ်းချီရှေ့၌ ဒူးထောက် ထိုင်ချကာ မျက်ရည်စဝေနေသော မျက်လုံးများဖြင့် မော့ကြည့်၏။

'အ...အစ်...အစ်ကိုကြီး'

ယွမ်သည် သူ့အစ်ကိုကြီးအား နှုတ်ဆက်စကားပြောရန်ကြိုးစားသော်လည်း မပြောနိုင်ဘဲ ဖြစ်နေရှာသည်။

အတန်ကြာ ထပ်အနေပြီးမှ....



'အ...အစ်ကိုကြီး၊ အစ်ကိုကြီးဟာ ကျွန်တော့်အပေါ် တစ်သက်လုံး ကောင်းခဲ့ပါတယ်၊ အစ်ကိုကြီး ကျေးဇူးကို ယွမ်ချောက် တစ်သက်မမေ့တော့ပါဘူး'

ဆန်ကွမ်းချီကိုယ်တိုင်လည်း မျက်ရည်ဝဲနေလေပြီ။

ရင်ထဲ၌လည်း ဆို့နစ်နေသည်။

'ညီလေး...ငါ့အတွက် ဘာမှမပူနဲ့၊ မင်းသာ မြန်မြန်လိုက်၊ ကြာကြာ မမီဘဲ ဖြစ်နေလိမ့်မယ်'

ယွမ်ချောက်သည် ဒူးထောက် ထိုင်နေရာမှ ကမန်းကတန်း ထသည်။

'အစ်ကိုကြီး...ကျန်းမာရေး ဂရုစိုက်'

'ငါ့အတွက် ဘာမှမပူပါနဲ့၊ မြန်မြန်လိုက်သွား'

ယွမ်ချောက်သည် ချာခနဲ လှည့်ပြေးသွား၏။

ဆန်ကွမ်းချီသည် သူ၏ မြင်ကွင်းအတွင်း၌ တရိပ်ရိပ် ပြေးသွားနေကြသည့် လူရိပ်နှစ်ခုကို ကျောက်ရုပ်ကြီးသဖွယ် ငေးကာ ကြည့်ရှုနေသည်။

သူ၏ရင်တွင်း၌ ဟာ၍ကျန်ရစ်ခဲ့ကြောင်း [illegible]သည်း [illegible]ပြုမိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

ယှမ်ရှောက်နှင့် နိုင်ချစ်ခနော်တို့ ပျောက်ကွယ်သွားသည့် အချိန်အထိ ငေးမောကြည့်နေပြီးမှ သက်ပြင်းရှည်ကြီးချကာ ဆန်ကွမ်းချီ ပြန်လှည့်လာ၏။

ယခု ယူ မည်သည့်အရပ်သို့ ထွက်ခွာသွားရမည်ကို ဆန် ကွမ်းချီ တွေးလေ၏။

နိုင်ချစ်ခနော်နှင့် ယှမ်ရှောက်တို့က မြောက်ဘက်သို့ သွား နေကြသည်။

ဤမြောက်ဘက်အရပ်သို့ သူ သွား၍မဖြစ်တော့။

ကျွန်လှကိုဏ်း၏ ဂိုဏ်းချုပ်ကြီး အိုယန်ထု နှင့် သူ့အဖွဲ့သား များသည် တောင်ဘက်၌ ကျန်ရစ်ခဲ့၏။

ယူတို့ထံမှ ထွက်လာခဲ့ပြီဖြစ်၍ သူကလည်း ထပ်မံသွားရောက် ရန် မသင့်တော့။

အနောက်ဘက်အရပ်တွင်ကား ကွန်လုံဝမ်၏ မြက်ရိုင်းလွင် ပြင် တိုက်ပွဲဆင်သည့် မြက်ရိုင်းလွင်ပြင် ဖြစ်သည်။

ထိုလွင်ပြင်သည် ယခုအခါ မီးလောင်မြေဖြစ်လျက် ရှိနေ ပေပြီ။

သူ သွား၍မဖြစ်တော့။

သူ သွားစရာဆို၍ အရှေ့ဘက်အရပ်သာ ရှိတော့သည်။



ဆန်ကွမ်းချီသည် နှေးကွေးလေးလံသော ခြေလှမ်းများဖြင့် အရှေ့ ထွက်ခွာသွားသည်။

ထိုအရှေ့ဘက်အရပ်ဆိုသည်မှာ လူနေအိမ်ခြေ မရှိသော အရပ်ဖြစ်သည်။

ဂိုဏ်းချုပ်ကြီး အိုယန်ထုတို့ ရှိရာဘက်သို့ ထွက်ခွာလျှင် လူနေအိမ်ခြေရှိရာသို့ ရောက်ရှိနိုင်လိမ့်မည်။

သို့သော် ဆန်ကွမ်းချီသည် မည်သူတစ်ဦးတစ်ယောက်နှင့်မျှ တွေ့ဆုံလိုသည့်စိတ် မရှိသဖြင့် အရှေ့ဘက်အရပ်သို့သာ ဦးတည် ထွက်သွားတော့သည်။

အမှန်တကယ်အားဖြင့် ဆန်ကွမ်းချီသည် ဓမ္မတာအကျဉ်း သားတစ်ယောက်သာ ဖြစ်ပါသေး၏။

သူသည် သူ့ကိုယ်သူ လှည့်စားခြင်းကြောင့်လည်းကောင်း၊ ... နေရကြသည့်မှ ယခုအခါ ဆောင်လာခဲ့သည့် ယှမ်ရှောက်အပေါ် ... တနားထားမိခြင်းကြောင့်လည်းကောင်း၊ သူ့ရင်ထဲမှ အသည်း ... သွက်သွက်ခါ လှုပ်ယမ်းခဲ့သည်ကို ယခု သူတစ်ယောက် ... ကျန်ရှိသောအခါမှ သိရှိခဲ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀၂)

## သိုင်းလောက၏ မြှုပ်ကွက်တစ်ကွက်

ဆန်ကွမ်းချီ၏ မျက်ဝန်းအတွင်းဝယ် နိုင်ချစ်နော်၏ လှပသော၊ ဖျတ်လတ်သွက်လက်သော ရုပ်ပုံလွှာကလေး ပေါ်လာသည်။

ယခင်က သူသည် ဤသို့ တစ်ကြိမ်တစ်ခါမျှ မခံစားခဲ့ရချေ။

ယခုမူ သူ၏ မျက်ဝန်းအတွင်း၊ အသည်းနှလုံးအတွင်း နိုင်ချစ်နော်တစ်ယောက် နေရာယူနေခဲ့ပြီဖြစ်သည်ကို ဆန်ကွမ်းချီသည် အချိန်နှောင်းကျမှ သိရှိခဲ့ရသည်။

နှောင်းနှောင်းတသည့် သူ့ရင်ကို လောင်ကျွမ်းမှုပြုစေခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



'တင်း...ဘာပဲဖြစ်ဖြစ်လေ၊ ငါ့ညီအတွက် ငါ အနစ်နာခံရမယ်၊ ညီလေး ယွမ်ရှောက်မှာ ဒီလို သံယောဇဉ်မရှိရင် ဒီလော အသယ်မှာ ယောင်ချာချာ ဖြစ်နေရှာလိမ့်မယ်'

ဆန်ကွမ်းချီသည် သူ့ရင်နှာမှုကို ယွမ်ရှောက်၏ကောင်းစေ ရေးနှင့် မာသေး၍ သက်သာရာ ယက်သာကြောင်း ကြံ တွေးသည်။

❀

တိုစဉ်...

'ညီလေး ဆန်ကွမ်းချီ'

သူ့နားထဲ၌ သူ့နာမည်ကို ခေါ်သံကြားသလိုလိုရှိ၍ လှ ကြည့်သည်။

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် တုထန်ဟိုသ သစ်ပင်အကွယ်မှ ထွက်ပေါ်လာ၏။

'အောင်မယ်လေး ညီလေးရာ၊ ခေါ်လိုက်ရတာ၊ ဘာ များ တွေးလာခဲ့လာတာလဲ'

'ဟာ...အစ်ကိုကြီး တုထန်ဟိုပါလား၊ ဘယ်လိုက ဘယ် ရောက်လာတာလဲ'

'လာ...လာ...ဒီလို အကာအကွယ်မဲ့တဲ့ နေရာမှာ စကား ပြောလို့ မဖြစ်ဘူး'



'ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမလဲ၊ ရန်သူဟာ အချိန်ရွေးမျက်နှာက အချိန်မရွေး ပေါ်လာနိုင်တယ်၊ လာ...'

တုထန်ဟိုသည် ဆန်ကွမ်းချီ၏လက်ကို ဆွဲ၍ပြေး၏။

တစ်မိုင်ပျော့ပျော့ခန့် ပြေးမိသောအခါ လျှိုမြောင်ဂူများ ရှိသည့်နေရာသို့ ရောက်လာ၏။

အတော်အသင့် ကြီးမားသည့် ဂူကြီးထဲသို့ ငုံ့ဝင်ကာ ထိုင်ချ ကြသည်။

'ညီလေး...ဘာတွေ တွေးလာတာလဲ၊ ဒီနေရာမှာ လုံးဝ သတိလက်လွတ်လို့ ဖြစ်တာမဟုတ်ဘူး၊ ရန်သူဟာ အချိန်မရွေး ပေါ်လာနိုင်တယ်'

ဆန်ကွမ်းချီက မချိပြုံးပြုံးလိုက်သည်။

'အစ်ကိုကြီးဆီမှာ ညီလေးကို ပြောစရာတွေ တစ်ပုံကြီး ရှိနေမှာပဲ၊ ပြောပြပါလား'

တုထန်ဟိုက အပြစ်တင်သော လေသံဖြင့် ပြော၏။

'ညီလေး...စဉ်းစားကြည့်စမ်း၊ ဒါ့နေရာမှာ ကူရှောက်ရဲ့ ဘက်တော်သားတွေ ရောက်နေရင် ညီလေး ဘယ်အဖြစ်ကို ရောက်သွားမလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုက အသက်မပါသော အသံဖြင့် ရယ်လိုက်၏

'အလွန်ဆုံး အသေခံရရုံပေါ့ အစ်ကိုကြီးရယ်'

'ဟေ....'

တုထန်ဟိုး၏ မျက်ခုံးများ မြင့်တက်သွား၏။

ထို့နောက် ဆက်ပြောသည်။

'မင်း ဘယ်လိုပြောလိုက်တာလဲ ညီလေးရာ'

'စိတ်မရှိပါနဲ့ အစ်ကိုကြီးရာ၊ ကျွန်တော် စိတ်ရှုပ်ရှုပ်နဲ့ ပြောမိတာပါ၊ စွဲမယူပါနဲ့နော်'

'မင်းမှာ စိတ်ညစ်စရာအကြောင်းတစ်ခုခု ရှိလာပြီနဲ့တူတယ် ပြောပါ၊ ငါ ဘာကူညီရမလဲ၊ ငါတတ်နိုင်တဲ့ အလုပ်ဆိုရင် ကူညီဖို့ အသင့်ပါပဲ ညီလေးရာ'

ဆန်ကွမ်းချိုသည် သက်ပြင်းရှည်ကြီးချပြီး ငေးနေ၏။

စကားတစ်လုံးမျှ မပြောပေ။

တုထန်ဟိုသည် ဆန်ကွမ်းချို ငေးနေသည်ကိုကြည့်၍ ခပ်တိုးတိုး ဆက်ပြောသည်။



'ညီလေး သူရဲကောင်းဆိုတာ နေရာမရွေးပါဘူး၊ သေခြင်းတရားကိုလဲ ဂရုမစိုက်ဘူး၊ မှန်မြတ်တဲ့ အချက်တစ်ခုကို လုပ်ဆောင်ဖို့ဆိုရင် ကိုယ့်အသက်ကို စွန့်လွှတ်ဖို့ ဝန်မလေးကြဘူး၊ အများအကျိုးအတွက် ကိုယ့်အသက် အဆုံးရှုံး ခံရတယ်ဆိုတာ သဘာဝကျပါတယ်၊ အဆုံးရှုံးလဲ ခံသင့်ပါတယ်၊ ဒါပေမယ့် ခုလို တွေဝေငေးမောပြီး လျှောက်သွားနေတုန်း သူတစ်ပါး လုပ်ကြံခံရလို့ သေရရင် သေရကျိုး မနပ်ပါဘူး ညီလေးရာ'

ဆန်ကွမ်းချို သတိပြန်ဝင်လာ၏။

'ဟုတ်....ဟုတ်ကဲ့၊ ညီလေး မှားသွားပါတယ် အစ်ကိုကြီးရာ၊ နောင် ဒီလိုမဖြစ်အောင် သတိထားပါ့မယ်၊ ခွင့်လွှတ်ပါ အစ်ကိုကြီးရာ'

တုထန်ဟိုက သက်ပြင်းချပြီး ဆက်ပြော၏။

'ညီလေး၊ ငါဟာ သိုင်းလောကမှာ ကျင်လည်ခဲ့တာ ကြာပါပြီ၊ ညီလေးကို ကြွားပြောနေတာ မဟုတ်ဘူးနော်၊ ဒီတော့ လူ့သဘော လူ့မနောတွေကို အတော်ကလေး သိနေတယ်လို့ ပြောချင်ပါတယ်၊ ငါ သိရသလောက်တော့ ညီလေးကိုယ်ဟာ သိုင်းလောကထဲဝင်လာတာ မကြာသေးဘူး၊ သိုင်းလောက အရှုပ်အထွေးတွေကိုလဲ သိပ်မသိသေးဘူး၊ ဒါပေမယ့် ဟို မိန်းကလေးရဲ့ ပယောဂနဲ့ ညီလေးဟာ သူ့နောက် ကောက်ကောက် လိုက်နေခဲ့ရတယ်၊ မင်းကို မင်းရဲ့ညီလေး ယွမ်ရှော့ယ် လိုက်စောင့်ရှောက်နေတယ်ဆိုတာလဲ ငါသိထားတယ်၊ အခု အဲဒီမိန်းကလေး ဘယ်မှာလဲ၊ မင်းရဲ့ညီလေးရော'

www.burmeseclassic.com

www.burmeseclassic.com



တုထန့်ဟိုရဲ့စကားကို ကြားလိုက်ရသည့် ဆန်ကွမ်းချီမှာ လွန်စွာ အံ့ဩသွား၏။

'အ...အ...အစ်ကိုကြီး ဘယ်လို စဉ်းစားမိတာလဲ'

တုထန့်ဟိုက ခြောက်ကပ်စွာ ရယ်သည်။

'ငါ့ကို ဖုံးကွယ်လို့မရပါဘူး ညီလေးဆန်ကွမ်းချီရာ၊ ဒါပေမယ့် အားလုံးကိုတော့ ငါမသိပါဘူး၊ အခြေအနေကို မှန်းဆနိုင်ရုံလောက်တော့ ဖြစ်ပါတယ်'

ဆန်ကွမ်းချီက ခေါင်းနှုတ်စွာ မေးလိုက်၏။

'အစ်ကိုကြီး၊ ကိုယ်အနစ်နာခံပြီး သူတစ်ပါး စိတ်ချမ်းသာအောင် လုပ်ပေးလိုက်တာ ယောကျ်ားကောင်း ပီသတာပဲ မဟုတ်သား'

'သိပ်သေချာတာပေါ့'

တုထန့်ဟိုက ခေါင်းတိုပုတ်ပြီး ထောက်ခံလိုက်၏။

ဆန်ကွမ်းချီ ရယ်လိုက်သည်။

တုထန့်ဟို အံ့ဩသွား၏။

'ညီလေး ဘာဖြစ်လို့ရယ်တာလဲ'



ဆန်ကွမ်းချီ အရယ်ရပ်သွား၏။

တုထန့်ဟိုအား လေးစားစွာ စိုက်ကြည့်ပြီး ရှင်းပြရန်ကြိုးစား၏။

'အစ်ကိုကြီး၊ ညီလေး တစ်ခုစဉ်းစားမိတယ်၊ လူ့ဘဝမှာ'

'ရှူး'

တုထန့်ဟိုက နှုတ်ခမ်းကို လက်ညှိုးဖြင့် ကန့်လန့်ထိုးပြီးနောက် ဆန်ကွမ်းချီကို ဂူအတွင်းပိုင်းသို့ ဆွဲခေါ်သွား၏။

ပါးစပ်မှလည်း တီးတိုးပြောသည်။

'ခြေသံကြားတယ်၊ လူတွေလာနေတယ်'

တစ်ခဏမျှ ကြာသောအခါ ဂူဝ၌ ရဟန်းနှစ်ပါးပေါ်လာသည်။

နှစ်ပါးစလုံး ဓားရှည်များ ကိုင်ထားသည်။

ရဟန်းနှစ်ပါး ဝတ်ဆင်ထားသည့် သင်္ကန်းများမှာ အစိမ်းရောင် ဖြစ်သည်။

'သိပ်ထူးဆန်းတာပဲ၊ ရယ်သံက ဒီနေရာက ထွက်လာတာ၊ အခုတော့ လူလဲမရှိဘူး'

www.burmeseclassic.com

www.burmeseclassic.com



အခြားတစ်ယောက်က...

'ရှယ်သံကို ပီပီသသကြားလိုက်ရတာပဲ၊ နောင်ကြီးလဲကြားတယ်၊ ညီတော်လဲကြားတယ်၊ နားကြားမှားတာတော့ မဖြစ်နိုင်ပါဘူး'

'ဟုတ်တယ်၊ နားကြားမှားတာ မဖြစ်နိုင်ဘူး၊ ဒီနေရာတစ်ဝိုက်ကို ပိုက်စိပ်တိုက်ရှာရင် ကောင်းမယ်'

'တစ်ခုတော့ ရှိတယ်နော်'

'ဘာရှိတာလဲ'

'သူက အမှောင်ထဲကလူပဲ၊ ညီတော်တို့ နောင်တော်တို့က အလင်းထဲကလူတွေ၊ ညီတော်တို့လာတာကို သူမတွေ့တဲ့ နေမှာ မဟုတ်ဘူး'

'ဒီတော့'

'ဒီတော့ သူက ညီတော်တို့ကို တွက်ပြီး ရန်မမူတဲ့နောက် ညီတော်တို့က ဘာဖြစ်လို့ သူ့ကို ဒုက္ခခံပြီး ရှာတော့မှာလဲ၊ သူ့ဘာသာ မတွေ့ချင်လို့ ပုန်းနေတဲ့နောက် ပုန်းပေစေပေါ့'

ထိုရသေ့နှစ်ပါး ပြောသည့်စကားများကို ဆန်ကွမ်းချိုရော တုထန်ဟိုပါ အတိုင်းသားကြားရ၏။



တုထန်ဟိုက ဆန်ကွမ်းချိုအား တီးတိုးပြော၏။

'ညီလေး ဒီရသေ့တွေဟာ သိုင်းလောကထဲ ကျင်လည်တာ ကြာသေးဘူး'

'ဘာဖြစ်လို့လဲ'

'သူတို့ပြောနေတဲ့ စကားတွေကို နားထောင်ကြည့်ပါလား၊ ဒါဟာ လူကောင်းသူကောင်းတွေ ပြောတဲ့စကားတွေပဲ၊ သူတို့သာ သိုင်းလောကထဲမှာ ကျင်လည်နေတာ ကြာရင် ဒီစကားမျိုး ထုတ်ပြောနေမှာ မဟုတ်ဘူး၊ ဒီက လှည့်ထွက်သွားရင်လဲ ထွက်သွားမယ်၊ အသိမပေးဘဲနဲ့လဲ ရှာချင်ရှာလိမ့်မယ်'

တုထန်ဟိုနှင့် ဆန်ကွမ်းချိုတို့ တီးတိုးပြောနေစဉ် မုတ်ဆိတ်ကျင်စွယ်များ ဖြူဖွေးနေသည့် ရသေ့ကြီးတစ်ပါး ပေါ်ထွက်လာသည်။

မျက်လုံးများ အရောင်တောက်ပနေသဖြင့် အတွင်းအားပညာ အဆင့်မြင့်သော သိုင်းဆရာကြီးမှန်း သိသာသည်။

ပထမရောက်ရှိနေသော ရသေ့နှစ်ပါးသည် လွန်စွာ ကျိုးနှိုင်းသော အမူအရာဖြင့် လက်အုပ်ချီ ရှိခိုးကြသည်။

'ခုနက ရှယ်သံရှင်ကို ရှာတွေ့ကြပြီလား'

www.burmeseclassic.com

www.burmeseclassic.com

ဝါခေါင်ကြီးရသေ့ကြီးက လိုက်ထိုသံပါသည့် အသံဩဩကြီး ဖြင့် မေးမြန်းလေ၏။

'မတွေ့သေးပါဘူး ဆရာကြီး၊ တပည့်တို့လဲ ရှာကြည့်ပါ တယ်၊ ဒီလူတွေဟာ တပည့်တို့ကို မျက်နှာချင်း မဆိုင်လိုဘူးနဲ့ တူပါတယ်'

ရသေ့ကြီးသည် ခေတ္တမျှ တိတ်ဆိတ်သွား၏။

အတန်ကြာသော်....

'ပုန်းနေတဲ့ မိတ်ဆွေနှစ်ယောက် ထွက်ပြီး တွေ့ကြပါလား ကျုပ်တို့က ရန်သူတွေမဟုတ်ပါဘူး'

ပထမ ရောက်ရှိနေကြသည့် ရသေ့ငယ်နှစ်ပါးသည် အလွန် တရာ အံ့ဩသွားကြ၏။

'ဟင်....ဆရာက ဘယ်သူ့တွေကိုများ ခေါ်ထုတ်နေတာလဲ မသိဘူး၊ ဒီနေရာမှာ ဘာသဲလွန်စမှလဲ မရှိပါဘူး'

ထိုရသေ့ငယ်နှစ်ပါး စဉ်းစားနေစဉ် တုထန်ဟိုနှင့် ဆန် ကွမ်းချီတို့ ဂူအတွင်းပိုင်းမှ ထွက်လာကြတော့သည်။



'ဆရာကြီးကို ဂါရဝပြုပါတယ်'

တုထန်ဟိုက ပင့်သန့်ရစကား ပြောကြားပြီး လက်နှစ်ဖက် ဆုပ်ကာ ဂါရဝပြုနေသဖြင့် ဆန်ကွမ်းချီလည်း ဘာ့သိတမသိ လိုက်၍ ဂါရဝပြုလေ၏။

မှတ်ဆိတ်ဖြူ ရသေ့ကြီးကလည်း လက်တုံ့ချီ၍ ပြန်လည် ဂါရဝပြုသည်။

ပထမ ရောက်ရှိနေကြသည့် ရသေ့ငယ် နှစ်ပါးသည် သူတို့ ဆရာရသေ့ကြီး၏စွမ်းအင်ကို တွေ့မြင်လိုက်ရသည့်အခါ အလွန် တရာ အံ့ဩလေးစားသွားကြ၏။

တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။

'ဆရာကြီးတို့က'

တုထန်ဟို၏ စကားမဆုံးမီ ရသေ့ကြီးက ဖြတ်၍ ပြော လေ၏။

'ကျုပ်တို့က ဟူတန်းဂိုဏ်းကပါ၊ အခု....ဟူတန်း တောင် ပေါ်က ဆင်းထွက်လာခဲ့ကြတာပဲ၊ အင်း....အခုရယ်လို့တော့လဲ မဟုတ်ဘူးပေါ့လေ'

ဆန်ကွမ်းချီက....

www.burmeseclassic.com

www.burmeseclassic.com



'ဟူတန်းတောင်ပေါ်မှာရှိတဲ့ ဟူတန်းဂိုဏ်းရဲ့ နာမည်ဟာ တကယ့်ကို ဟိုးဟိုးကျော်တာပဲ၊ သိုင်းလောကမှာလဲ နာမည် တစ်လုံးနဲ့ရှိနေတဲ့ ကျောင်းမို့လို့ ကျွန်တော်တို့ အများကြီး လေးစားကြည်ညိုပါတယ် ခင်ဗျာ'

'ကျေးဇူးတင်ပါတယ်'

မုတ်ဆိတ်ဖြူရသေ့ကြီးသည် အေးဆေးစွာ ကျေးဇူးတင် စကား ပြောကြားလေ၏။

ထို့နောက် တုထန်ဟိုး၏ ခန္ဓာကိုယ်ပေါ်၌ ဝတ်ဆင်ထား သည့် အနက်ရောင် ကိုယ်ကျပ်အင်္ကျီကို တစ်ချက်မျှအကဲခတ်ပြီး နောက်....

'ဒီကာမိတ်ဆွေနှစ်ယောက်က ဘယ်ဂိုဏ်းကများလဲ၊ သိခွင့် ရှိရင် သိပါရစေ'

တုထန်ဟိုသည် ရသေ့ကြီး၏ အကဲခတ်ပုံကိုကြည့်ပြီး သူ့ အား မယုံသင်္ကာဖြစ်နေကြောင်း သတိပြုမိသည်။

ဤကဲ့သို့သော အနက်ရောင်ကိုယ်ကျပ်အင်္ကျီမျိုးကို ကွန်လုံ ဝမ် ဂိုဏ်းသားများသာ ဝတ်ဆင်တတ်ကြသည် မဟုတ်ပါ လော။

ထို့ကြောင့် ကမန်းကတန်း ဖြေကြားလိုက်ရသည်။

'ကျွန်တော်က တုထန်ဟိုပါ'



'ဟာ... သူ့ရဲ့ကောင်းကြီးတုထန်ဟို၊ ကျောပွတ်ဘုရင်ကြီး တု ထန်ဟို၊ ကျုပ် ကောင်းကောင်းကြီး ကြားဖူးပါတယ်'

ရသေ့ကြီးမဆိုထားနှင့် ရသေ့ငယ်နှစ်ပါးပင် တုထန်ဟို၏ အမည်ကိုကြားဖူးနေ၏။

တုထန်ဟိုအား ကိုယ်တွေ့မျက်မြင် တွေ့လိုက်ရသောအခါ လေးစားသောအကြည့်ဖြင့် ကြည့်ရှုကြသည်။

ဆန်ကွမ်းချီက ခပ်တိုးတိုးဖြေ၏။

'ကျွန်တော်ကတော့ အညတရ ဆန်ကွမ်းချီပါ'

ဆန်ကွမ်းချီ၏အမည်ကိုတော့ ရသေ့သုံးပါးစလုံး ညီညွတ်စွာ မသိကြပေ။

သိရန်လည်းအကြောင်းမရှိပေ။

ဆန်ကွမ်းချီသည် သိုင်းလောကတွင်းသို့ ယခုမှပင် ဝင် ရောက်လာသူ မဟုတ်ပါလော။

တုထန်ဟိုက....

'ဆရာကြီးရဲ့နာမည်ကို မသိရဘူးလားခင်ဗျာ' မုတ်ဆိတ် ရသေ့ကြီး'

'ကျုပ်နာမည် ရန်ကျင့်ပါ'

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီးက ဆက်မေး၏။

'ကွန်လုံဝမ်ကို ခင်ဗျားတွေ့ဖူးခဲ့လား'

တုထန်ဟို ခေါင်းခါ၍ ဖြေလေ၏။

'တွေ့ဖူးတယ်လို့ဆိုနိုင်တယ်၊ မတွေ့ဖူးဘူးလို့လဲ ဆိုနိုင်ပါတယ်'

ရသေ့ကြီး အံ့ဩသွား၏။

'ဗျာ...ဒီစကားက ဘယ်လိုအဓိပ္ပာယ်လဲ'

တုထန်ဟိုက သေချာစွာ ရှင်းပြသည်။

'ဒီလိုပါ၊ ကျွန်တော်တို့ဟာ ကွန်လုံဝမ်ကိုမြင်ဖူးခဲ့တာမှန်ပေမယ့် သူ့ပကတိမျက်နှာကို မြင်တွေ့ခဲ့ရတာမဟုတ်ပါဘူး၊ မျက်နှာဖုံးစွပ်ထားတဲ့မျက်နှာကြီးကိုသာ မြင်ခဲ့ရတာပါ၊ သူ့ပကတိမျက်နှာကို မမြင်ဘူးသူတွေ အများကြီးရှိတယ်၊ သိုင်းလောကသားတွေ အားလုံးနီးပါးလောက်ပဲ ဆိုပါတော့လေ'

'ဩော်...ဒီလိုကိုး'

ဆန်ကွမ်းချီက ဝင်မေး၏။

'ဆရာကြီးတို့အနေနဲ့ ကွန်လုံဝမ် ဒီလို ရုပ်ဖျက်နိုင်တယ်ဆိုတာ ကြိုတင်မတွက်မိကြဘူးလား ခင်ဗျ'



မုတ်ဆိတ်ဖြူရသေ့ကြီး ရှန်ကျင့်က ခေါင်းခါ၏။

'ကျုပ်တို့ကတော့ ရိုးရိုးပဲတွေးတာပဲ၊ အဲဒီလို မတွက်မိပါဘူးဗျာ'

နီကျင့်က ဆက်ပြော၏။

'ကွန်လုံဝမ်ရဲ့လက်အောက်မှာ အင်္ကျီနက် အသင်း[illegible]သင်း ရှိတယ်လို့ ပြောသံကြားဖူးတယ်၊ ဟောဒီက မိတ်ဆွေကြီး ဝတ်ထားတဲ့ အင်္ကျီနက်ဟာ...'

ရသေ့ကြီး၏စကား [illegible] ဆုံးမီ တုထန်ဟိုက ဖြတ်၍ဝင်ပြော၏။

'ဟုတ်ပါတယ်၊ ကွန်လုံဝမ်ရဲ့လက်အောက်မှာရှိတဲ့ အင်္ကျီနက်သင်းသားတွေဟာ ဒီလိုအင်္ကျီနက်မျိုးပဲ ဝတ်ပါတယ်၊ ကျွန်တော်ကတော့ ကွန်လုံဝမ်ရဲ့လက်အောက်ငယ်သား [illegible] မဟုတ်ဘူး၊ အခြေအနေအရ ဝတ်ထားရတာပါ'

ရှန်ကျင့်ရသေ့ကြီးက....

'ဒါဖြင့် ကွန်လုံဝမ် အကြောင်းတော့ အနည်းနဲ့အများ သိမှာပေါ့'

'သိသင့်သလောက်တော့ သိပါတယ်၊ ကျွန်တော်နဲ့က သော်တော်ကလေး ကြုံကြိုက်ခဲ့တာကိုး'

www.burmeseclassic.com

www.burmeseclassic.com

'ဒါဖြင့် ကျုပ်နဲ့ ခဏလောက်လိုက်ခဲ့ပါလား'

'ဘယ်ကိုလိုက်ရမှာလဲ'

'ကျုပ်ရဲ့ကိုယ်တော် အစ်ကိုကြီးဆီပေါ့'

တုထန်ဟိုအံ့သြသွားသည်။

'သူက ဟူတန်းတောင်ပေါ်မှာ မဟုတ်ဘူးလား'

ရန်ကျင့်ရသေ့ကြီးက ခေါင်းခါ၏။

'မဟုတ်တော့ပါဘူး၊ ဒီနယ်မြေအတွင်းမှာပဲရှိပါတယ်၊ ဟူတန်းတောင်က ကျုပ်တို့ဆင်းလာတာ အချိန်မနည်းတော့ဘူး'

'ဒီသို့ဆိုရင် ဆရာကြီးပဲ ရှေ့ကလမ်းပြပါလား၊ ကျွန်တော်တို့ လိုက်လာဖို့ ဝန်မလေးပါဘူး'

'သိပ်ကောင်းတယ်၊ ကျုပ် လမ်းပြမယ်'

ရန်ကျင့်ရသေ့ကြီးသည် ရှေ့မှ ဦးဆောင်ထွက်သွားသည်။

သူ့နောက်မှ တုထန်ဟိုနှင့်ဆန်ကွမ်းချီတို့ ရင်ပေါင်တန်း၍ လိုက်၏။

တုထန်ဟိုနှင့် ဆန်ကွမ်းချီတို့၏ နောက်မှာမူ ရသေ့ငယ်နှစ်ပါး ခေါင်းငုံ့၍ လိုက်လာသည်။



ရသေ့ငယ်နှစ်ပါးသည် သိုင်းလောက အတွေ့အကြုံသိပ်မရှိကြပေ။

ယခုကဲ့သို့ တုထန်ဟိုနှင့် ဆန်ကွမ်းချီတို့ သူတို့သဘောနှင့် ညီ လိုက်ပါလာသည့်ကိစ္စကို ရသေ့ငယ်နှစ်ပါး၏စိတ်ထဲ၌ ပန်းအဖြစ် လိုက်ပါလာကြသည်ဟု ထင်မှတ်နေကြ၏။

ထို့ကြောင့် အထူးသတိဝီရိယထား၍ နောက်က စောင့် ပ် လိုက်ပါလာကြသည်။

ဆန်ကွမ်းချီသည် ရသေ့ငယ်နှစ်ပါးကိုကြည့်၍ ပြုံးမိ၏။

'စိတ်ချပါ၊ ခင်ဗျားတို့ ဘာမှစိတ်ပူမနေပါနဲ့၊ ကျွန်တော်တို့ ကိုယ့်သဘောနဲ့ကိုယ်လိုက်လာတာပါ၊ ဘယ်ကိုမှထွက်မပြေး ဘူး'

ရသေ့ငယ်နှစ်ပါးမှာ မျက်နှာများ နီရဲသွား၏။

ဆန်ကွမ်းချီတို့၏ နောက်သို့ သိပ်မဝေးပါတော့ဘဲ ခပ်လှမ်း မ်းမှသာ လိုက်ပါလာကြတော့သည်။

တစ်မိုင်ခန့်ခရီးပေါက်လာသောအခါ တောင်အတွင်း၌ ည်ရှိနေသည့် ဘုရားကျောင်းပျက်တစ်ခုသို့ ရောက်ကြ၏။

ဤသို့သော ဘုရားကျောင်းပျက်မျိုးမှာ ဝရော ပြည့် ၏ အနှံ့ရှိနေတတ်သဖြင့် အံ့သြဖွယ်ရာ ကြည့်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကျောင်းဟုက် အဝင်ဝ ရောက်သည်နှင့် ရှင်ဟတ်အထ
ရှည်လျားသေး မုတ်ဆိတ်ဖြူကြီးနှင့် ဆံပင်များ ဖြူနေသည်
အသက် ကိုးဆယ်နီးပါးရှိသည့် ရသေ့ကြီးတစ်ပါးကို တွေ့
လိုက်ရလေ၏။

ရသေ့ကြီးသည် တင်ပျဉ်ခွေထိုင်လျက် အတွင်းအား လေ
ကျင့်နေသည်။

အလွန်ဟရာ သေးစားကြည်ညိုဖွယ်ကောင်းသော ရုပ်ရည်
အသွင်အပြင်ရှိသည့် ရသေ့ကြီးပေတည်း။

ရှင်ကျင့်ရှိသော ရသေ့ကြီးက တုထန်ဟိုနှင့် ဆန်ကွမ်းချိုတို့ကို ခေါ်
ခဏထားပြီး တိုးတိုးပြော၏။

'မိတ်ဆွေတို့ ဒီမှာ ခဏစောင့်ကြပါ၊ ကျုပ် သွားပြီး
အကြောင်းကြားလိုက်ဦးမယ်'

ထိုသို့ပြောလိုက်သည့် တစ်ခဏတွင် တင်ပျဉ်ခွေထိုင်နေသည့်
ရသေ့ကြီး၏ မျက်လုံးများ ဖွင့်လာသည်။

'ညီတော် ပြန်လာပြီလား'



တုထန်ဟိုနှင့် ဆန်ကွမ်းချိုတို့ကို ခေါ်လာသည့် ရသေ့ကြီး
သည် ချက်ချင်းပင် ရှိသေတုပ်ကွစွာ ထိုင်ချပြီး ရှိခိုးလေ၏။

'နောင်တော်…ကွန်လုံဝမ်အကြောင်းသိတဲ့ လူနှစ်ယောက်
တွေလို့ ကျွန်တော် ခေါ်လာခဲ့ပါပြီ'

ရသေ့ကြီး၏ တောက်ပြောင်ဝင်းလက်သော မျက်လုံးများ
သည် အပေါက်ဝ၌ ရပ်နေသည့် ညွှဲသည်နှစ်ဦး၏ ခန္ဓာကိုယ်
သို့ ရောက်ရှိလာ၏။

'ညွှဲသည်နှစ်ယောက်တို့ ခေါ်ခဲ့ပါ'

တုထန်ဟိုနှင့် ဆန်ကွမ်းချိုတို့အား အထဲဝင်ရန် အချက်ပြ
င့် ၎င်းတို့နှစ်ယောက်သည် ယူတို့အား ခေါ်ဆောင်လာ
သည် ရသေ့ကြီးထိုင်ခနေသည့် နေရာသို့ ဝင်လာပြီး ထိုင်ချ
တ်၏။

ဦးညွှတ်ဂါရဝပြုပြီး နှုတ်ဆက်သည်။

'ဆရာကြီး ကျန်းမာပါစ ခင်ဗျာ'

'အိမ်း…ကျန်းမာပါတယ်၊ ဒီကညွှဲသည်တွေရဲ့နာမည်က…'

'ကျွန်တော်ကတော့ တုထန်ဟိုပါ'

'ကျွန်တော်ကတော့ ဆန်ကွမ်းချိုပါ'

www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်ဖြူ ဆံဖြူနေသော ရှသေ့ကြီးသည် အဝေး
လှမ်းမျှော်ကြည့်လိုက်၏။

ထို့နောက် ခပ်တိုးတိုး ပြောသည်။

'ကျုပ်ကိုတော့ ရန်ရှယ် ရသေ့လို့ ခေါ်ပါတယ်၊ တော
တောင်ထဲက ဘုရားကျောင်းပျက်ထဲမှာဆိုတော့ ညှော်သည့်
ကို နေရာထိုင်ခင်း ကျကျနနမပေးနိုင်၊ စားကောင်းသောက်
တွေနဲ့ ဖွယ်ဖွယ်ရာရာ ညှော်မခံနိုင်တဲ့အတွက် ကျုပ်စိတ်မကော
ပါဘူး'

တုထန်ဟိုက....

'ဟာ....ကိစ္စမရှိပါဘူး ဆရာကြီး၊ ကျွန်တော်တို့ဟာ တေ
ထဲ တောင်ထဲမှာ နေသားကျနေပါပြီ'

ရန်ရှယ် ရှသေ့ကြီးက ခေါင်းညိတ်၏။

'ကျေးဇူးတင်ပ'

'ဆရာကြီး ကျွန်တော်တို့ဆီက ဘာများ သိချင်လို့ပါ

ရန်ရှယ်ရသေ့ကြီးသည် တုထန်ဟိုအားစေ့စိုက်ကြည့်ပြီး

'ကျုပ်ဟာ အသက်ကြီးပါပြီ၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကတည်း
ကျုပ်ဟာ သိုင်းလောကကို စွန့်ခွာခဲ့ပြီး ဖြစ်ပါတယ်'



တုထန်ဟို အံ့သြသွား၏။

'ဟင်....ဟုတ်လား'

ရန်ရှယ် ရသေ့ကြီးက ခေါင်းညိတ်၏။

'ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီဆယ်နှစ်အတွင်းမှာ သိုင်း
လောကကြီးဟာ အကြီးအကျယ် ပြောင်းလဲခဲ့တယ်၊ ကြောက်
စရာကောင်းလောက်အောင်ကို ပြောင်းလဲခဲ့တယ်၊ ဒီပြောင်းလဲ
မှုဟာ ကျုပ်နဲ့လဲ တစ်နည်းတစ်ဖုံ ဆက်စပ်နေတယ်၊ ဒီတော့
ကျုပ်တစ်ယောက်တည်း တောထဲမှာ ကေစာရိုကျင့်နေလို့ မဖြစ်
တော့ဘူးပေါ့၊ ဒါကြောင့် သိုင်းလောကထဲ ပြန်ဝင်လာခဲ့ရ
တာပဲ'

တုထန်ဟိုသည် ဤရသေ့ကြီးထံမှ ထူးဆန်း အံ့သြဖွယ်
ကောင်းသည့် သတင်းများကို ကြားသိရတော့မည်ဖြစ်ကြောင်း
နားလည်သဘောပေါက်သွားလေ၏။

ထို့ကြောင့် မည်သည့်စကားမျှ မပြောဘဲ ငြိမ်သက်စွာ
နားထောင်နေလိုက်သည်။

ရန်ရှယ်ရသေ့ကြီးက....

'မိတ်ဆွေ....မိတ်ဆွေကြီး တုထန်ဟိုရဲ့အဝတ်အစားက သိုင်း
လောကမှာ နာမည်ကြီးနေတဲ့ အက်ျီနက် ကိုယ်ရံတော်အဖွဲ့ရဲ့
ကိုယ်ကျပ်အက်ျီပဲ မဟုတ်ပါလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် ဆရာကြီး'

'မိတ်ဆွေက ကျွန်လုံ၀မ်ရဲ့ လက်အောက်ငယ်သားလား၊ ဒါမှမဟုတ်....'

တုသန်ဟိုက မြှုံးချိုခြေပြော၏။

'ဒီ၀တ်စုံနက်၀တ်တွေရဲ့အကြောင်းကို ရှင်းပြနေရင် ဆရာကြီး အနေနဲ့ အချိန်ယူပြီး နားထောင်ရပါလိမ့်မယ်၊ ကျွန်တော်ကလဲ ရာဇ၀င်အစုပေါက်ကြီးကို အရှည်ကြီး ပြောပြနေရပါလိမ့်မယ်၊ အကျဉ်းအားဖြင့် ပြောပြထားရရင်တော့ ကျွန်တော်ဟာ ကျွန်လုံ၀မ်ရဲ့ လက်အောက်ငယ်သား မဟုတ်ဘူး ဆိုတာပါပဲ'

ထိုစဉ် ရန်ကျင့်ရှသေကြီးထံမှ အော်ဟစ် ခမ်းမြန်းသည့် အသံ ကြားလိုက်ရသည်။

'ဟေ့....ဘယ်သူလဲကျောင်းအပြင်ကိုရောက်နေတာ၊ ၀င်ချင်ရင် ၀င်ခဲ့ပါလား'

ရန်ကျင့်ရှသေကြီးသည် အတွင်းအားကောင်းသူ ဖြစ်၍ တိုးညင်းသောအသံရှုသံနှင့် တိုးညင်းသော ခြေသံများကို ကြားနိုင်စွမ်းရှိသည်။

တစ်စုံတစ်ယောက်သည် ဘုရားကျောင်းဖျက် အနီးသို့ ချဉ်းကပ်လာနေလေပြီ။



'ဟော်....ဒီလေဒက်အော်မေးနေတာတောင် ဘာဖြစ်လို့ငြိမ် နေရတာလဲ၊ ခိုးကြောင်ခိုးဝှက် ၀င်လာလို့ ဒုက္ခရောက်ရင် ချုပ်တို့ကို အပြစ်မတင်နဲ့'

ရန်ကျင့်ရှသေကြီးသည် ခုန်ထွက်သွား၏။

'ရန်ကျင့်...ဘာမှမလုပ်နဲ့၊ သူ့ကို အထဲကိုလွှတ်လိုက်ပါ'

ကြောမီ ခပ်ပြင်းပြင်းနှင်းလာသော ခြေသံနှင့်အတူ အစိမ်း ရောင် ၀တ်စုံ ၀တ်ဆင်ထားသည့် အဘိုးကြီး တစ်ဦးသည် ကလေးတစ်ယောက်ကိုပွေ့ချီ၍ အခန်းထဲသို့ ၀င်လာခဲ့လေ တော့၏။

ဆန်ကွမ်းချီသည် ဤအဘိုးအိုကို တွေ့မြင်ခဲ့ဖူးလေပြီ။

ကျုန်လုကိုဏ်းမှ ပညာရှိထန်ရှင်သည်ပင်လျှင် ထိုအဘိုးအို၏ သမီးကလေးကို အသက်ကယ်ခဲ့ရသည် မဟုတ်ပါလော။

'ခြော်...ဆရာကြီးပါလား၊ ကြုံမှကြုံဘတ်ပလေးခင်ဗျာ'

အဘိုးအိုက ဆန်ကွမ်းချီအား မှတ်မိကြောင်း ခေါင်းညိတ် ပြီး တုံထန်ဟိုအား ရဲရဲနီစနေသော မျက်လုံးများဖြင့် စောင်း ကြည့်လိုက်၏။

သမီးဖြစ်သူအား ကြမ်းပြင်ပေါ်၌ စေတ္တ ချထားပြီးနောက် တုထန်ဟိုအား လျှပ်တစ်ပြက်တိုက်ခိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ... ဘယ်လိုလုပ်လိုက်တာလဲ'

သိုင်းလောက၏ အတွေ့အကြုံပြည့်ဝလှသော တုထန်ဟိုသည် ကြမ်းပြင်ပေါ်သို့ လိမ့်ရှောင်ထွက်သွား၏။

နှုတ်မှလည်း လှမ်းအော်သည်။

အဘိုးအို၏ လက်ဝါးရိုက်အားသည် ပြင်းထန်လှသဖြင့် အခန်းထဲရှိ လေထုသည်ပင် တုန်ခါသွားရသည်။

တုထန်ဟိုမှာ ပြန်လည်ခုခံရန် မတတ်နိုင်ပေ။

ဆန်ကွမ်းချီသည် ကြားထဲမှ ဝင်ရောက်၍ ကာကွယ်ရတော့သည်။

'ဝှန်း'

'ဟင်'

တုထန်ဟိုနှင့် အဘိုးအို၏ကြားထဲသို့ ဆန်ကွမ်းချီ ရောက်လာ၏။

ဆန်ကွမ်းချီ၏ ခုခံနိုင်စွမ်းကို အဘိုးအိုအံ့သြသွားသည်။



'ကောင်လေး... မင်းက ငါ့ရိုက်ချက်ကိုတောင် ခုခံနိုင်သလား'

ဆန်ကွမ်းကွမ်းချီက ပြုံး၍တောင်းပန်၏။

'ဆရာကြီး...မှားမယ်၊ စိုးစမ်းမေးမြန်းပြီးမှ တိုက်ခိုက်ပါ'

ရန်ရှဲယ်ရသေ့ကြီးကလည်း ဝင်တား၏။

'ဟုတ်တယ်၊ ဘာဖြစ်လို့ ခင်ဗျား အရမ်း လုပ်ရတာလဲ ခင်ဗျားလဲ ကျုံဂ်လိုပဲ သိုင်းလောကစဲဂယက်ကြီးထဲ ပြန်ရောက်လာရပြန်ပြီမဟုတ်လား'

အင်္ကျီစိမ်းအဘိုးအိုသည် သူ့သမီးအနီးသို့ ပြန်ဆုတ်သွားပြီး...

'ခင်ဗျားလဲ သိုင်းလောကကို စွန့်သွားပြီးပြီဆို၊ ဘာဖြစ်လို့ တပည့်တွေ ဆွေသည်သိုင်းသမားတွေနဲ့ တစ်ဝိုင်းတည်းဝိုင်းနေရပြန်တာလဲ၊ သိုင်းလောကထဲကို ဘာကြောင့် ခြေချ ဝင်ရောက်လာပြီလို့ ကျုပ်ယူဆရမှာလဲ'

ရန်ရှဲယ်ရသေ့ကြီးက သက်ပြင်းချသည်။

'ဟင်...တကယ်ပါပဲဗျာ၊ ကျုပ်လဲ ရှောင်သာပဲ သိုင်းလောကထဲ ပြန်ဝင်ခဲ့ရတာပေါ့ဗျာ၊ ကိုယ်မွေးတဲ့တပည့်ကိုယ်ပဲ ပြန်ငြိမ်းပေးရတော့မှာပေါ့'

အင်္ကျီစိမ်းအဘိုးအိုသည် သမီးဖြစ်သူ၏ဘေးသို့ ထိုင်ချ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီက....

'ဆရာကြီး...ဆရာကြီးရဲ့ သမီးကလေး သက်သာရဲ့လား ခင်ဗျာ'

အဘိုးအိုသည် ဆန်ကွမ်းချီအား ယခုပင်ထသတ်တော့မည့်ကဲ့သို့ လှမ်းကြည့်၏။

စောစောက သူ့အား ခုခံထားသည့်အတွက် ဒေါသူပုန်ထခနေပုံရသည်။

ဆန်ကွမ်းချီသည် ကျိတ်၍ အတွင်းအား ထုတ်ထားရလေ၏။

ရုတ်တရက်ထတိုက်ပါက ခုခံနိုင်အောင် အဆင်သင့်ပြင်ဆင်ထားခြင်းဖြစ်ပေသည်။

ဆန်ကွမ်းချီ၏စိတ်ထဲ၌....

'တကယ့်အဘိုးကြီးပဲ၊ ငါကစေတနာနဲ့မေးတာကို ငါ့ကိုရန်မူမယ့်အကြည့်နဲ့ ပြန်ကြည့်နေသေးတယ်'

ဆန်ကွမ်းချီတွေးနေစဉ် အဘိုးအိုက....

'မင်း တယ်ပြီးသတ္တိကောင်းပါလား၊ ငါနဲ့ တစ်ပွဲတစ်လမ်းလောက် စမ်းချင်သေးလို့လား'



ဆန်ကွမ်းချီမှာ အလွန်တရာ စိတ်တိုနေသည်။

အဘိုးအိုအား အတိုက်အခံပြောရန်မသင့်ဟု ဆုံးဖြတ်သည်။

'ကျွန်တော် ဆရာကြီးနဲ့ မတိုက်ဝံ့ပါဘူးခင်ဗျာ၊ အခုမေးတာလဲ ဆရာကြီးရဲ့ သမီးကလေးအတွက် ရိုးရိုးသားသား စေတနာနဲ့ မေးတာပါ'

အကျိုးစီးအဘိုးအိုက ခါးသီးစွာပြောလေ၏။

'ငါ့ကိုမှမုန်း တာစေတနာမှမလိုဘူးကွ၊ ဘယ်သူမှ မမေးချင်ဘူး'

အဆောင်ပင် ဘုကန့်သန့်ကျသော အဘိုးကြီးပင်တည်း။

'ဒီအဘိုးကြီးဟာ လူ့တကာဆို သိန့်သင့်မှုန်မှုန်ကြည့်တယ် ခါးခါးသီးသီးတော့ပြောတယ်၊ ရန်လိုတယ်၊ လောကကြီးတစ်ခုလုံးကို တော့မုန်းပုံဖြစ်နေပုံရတယ် သူ့ ဆက် စကားပြောရင် ရှေ့ဆက် ရန်ဖြစ်ရပဲရှိမယ်၊ ဒီတော့ ကိုယ့်ဘက်ကသိမှဖြတ်ပြီး တိတ်တိတ်နေလိုက်ရတော့မှာပဲ'

ဆန်ကွမ်းချီသည် ထိုသို့ တွေးမိသောကြောင့် အဘိုးအိုနှင့်ကျော်ပြိုင်၍ စကားမပြောတော့ဘဲ ငြိမ်သက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀၃)

### အကျည်းတန် အရှုပ်ဆိုးသောအတိတ်

'ဟေ့ လူ...ဟို တိဗက်မိတ်ဆွေကြီး တုထန်ဟိုကို သွားပြီး ...လုပ်ပါနဲ့၊ သူဟာ ကွန်လိုဝမ်ရဲ့ လက်အောက်ငယ်သား ...တ်ပါဘူး'

ရှန်ရှယ် ချသေ ကြီး၏ ထားမြစ်ချက်ကြောင့် အင်ချီစိမ်း ...တိုးအို ငြိမ်သက်သွား၏။

ထိုခဏ...

'ကျွန်မ...ကျွန်မ ရောက်တယ်'

ကြမ်းပြင်ပေါ်၌ ချထားခြင်း ခံရသည့် မိန်းကလေးထံမှ ...းသံ ထွက်ပေါ်လာရာ အင်ချီစိမ်းအတိုးအိုး ... ...ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့တွင် ရေဘူးမပါသဖြင့် တုဆန်ဟိုနှင့် ဆန်ကွမ်းချီဘက်သို့ လှည့်၍ ခပ်ငေါက်ငေါက် မေးသည်။

'ဟေး…မင်းတို့ထဲမှာ ဘယ်သူရေဘူးပါလာသလဲ'

ဆန်ကွမ်းချီမှာ သူ့တွင် ရေဘူးမပါသော်လည်း ယောင်ယမ်း၍ စမ်းသပ်မိသည်။

တုဆန်ဟို၏ခါးတွင်မူ ရေဘူး ရှိသည်။

တုထန်ဟိုကရေဘူးကိုဖြုတ်ယူ၍ ဆန်ကွမ်းချီအား လှမ်းပေးသည်။

'ညီလေး ရေဘူးပေးလိုက်ပါ'

ဆန်ကွမ်းချီသည် ရေဘူးကိုလှမ်းယူပြီး အဘိုးအိုအား လှမ်းပေးလိုက်၏။

အင်္ဂလိပ်စိမ်းအဘိုးအိုသည် ရေဘူးကို လက်ခံယူသော်လည်း ကျေးဇူးတင်စကားတော့ မပြောပေ။

သူ့သမီးကို ကောက်ချီပွေ့ယူပြီး ဘုရားကျောင်းအပြင်သို့ ထွက်ခွာသွားတော့သည်။

ဆန်ကွမ်းချီမှာမူ အံ့သြနေသည်။

'အင်း…ဒီအဘိုးကြီးဟာ အတော်ဘုကန့်လန့်ကျတဲ့ အဘိုးကြီးပဲ၊ ဒီလိုစိတ်ထားမျိုး ရှိနေတဲ့နောက် ဘယ်လိုမိတ်ကောင်းဆွေကောင်းရှိတော့မှာလဲ'



ရန်ရှယ်ရသေ့ကြီးက…

'လူကလေး ဒီအဘိုးကြီးကို လူကလေးသိသလားကွယ့်'

ဆန်ကွမ်းချီ ခေါင်းခါ၏။

'မသိပါဘူး၊ ဒါပေမယ့် သူ ဒီပုံစံအတိုင်း ဆက်လက်နေရင်တော့ သူ့မှာ မိတ်ဆွေကောင်းရှိမှာ မဟုတ်ဘူး'

ရန်ရှယ်ရသေ့ကြီးက ခေါင်းညိတ်ကာ…

'မှန်တယ်၊ သူ့ကို တောင်ပိုင်းနဂါးလို့လဲ ခေါ်ကြတယ်၊ အမည်ရင်းကတော့ ကျန်စီမှန်ဝါ၊ သူဟာ ဘယ်သူ့ကိုမှ မတွေ့ဘူး၊ ဘယ်သူနဲ့မှလဲ ပေါင်းလို့မရဘူး၊ သူဟာ သူ့အတွက်ပဲ သူနေတယ်၊ သူတစ်ပါးကို ငဲ့ညှာခြင်း၊ ထောက်ထားခြင်း၊ သနားခြင်းဆိုတာ လုံးဝမရှိဘူး၊ ဒါပေမယ့် သူတစ်ပါးအပေါ်တော့ မကောင်းကြံလေ့ မရှိပါဘူး'

'ဆရာကြီးနဲ့သိတာတော့ ကြာပြီပေါ့'

'ကြာပြီ၊ လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်ကျော်ကပဲ၊ ဒါပေမဲ့ သူစိမ်းတွေလိုပါပဲကွယ်'

ဆန်ကွမ်းချီမှာ သက်ပြင်းချသည်။

'ဗြော်…သူက တစ်ကိုယ်တော်သိုင်းသမားကြီးကိုး၊ ငါ့လုပ်ချင်မှ မှန်တယ်ဆိုတဲ့ လူမျိုးဆိုတော့ တစ်ပါးသူနဲ့ ဘယ်လို တည့်တော့မလဲ'

www.burmeseclassic.com

www.burmeseclassic.com



ရန်ရှယ်ရသေ့ကြီးက သက်ပြင်းချသည်။

'သူ့ အကြောင်းနဲ့သူပေါ့လေ၊ ငါသာ သူလိုစိတ်ထားမျိုးထားနိုင်ရင် သိုင်းလောကကြီးသဲ ခုလို ဘယ်ဒုက္ခရောက်တော့မလဲ၊ သူ့တစ်ပါးကို ကူညီတယ်၊ သနားတယ်၊ ထောက်ထားညှာတာတယ်ဆိုတာလဲ ခုနေရာတိုင်း ကောင်းတာ မဟုတ်ဘူး၊ လူကိုကြည့်ပြီး သနားသင့်တယ်၊ ထောက်ထား ညှာတာသင့်တယ်'

ဆန်ကွမ်းချီက....

'ဖော...ဒီအဘိုးကြီးနဲ့ အရှကြီး နှိုင်းယှဉ်လို့တော့ ဖြစ်မယ်မထင်ဘူး၊ သူ့ကို တစ်နေရာမှာ တွေ့ခဲ့ဖူးပါတယ်၊ လူတိုင်းကို ဒီပုံစံအတိုင်းဆက်ဆံတာပဲ၊ အင်း...တစ်ခုတော့ရှိတာပေါ့လေ....'

သူသည် ဆက်မပြောတော့ပေ။

နှိုင်ချစ်နော်၏ အရိုးစိမ့်အဆိပ်အငံကို ထိုအဘိုးအိုက ကူညီထုတ်ယူပေးခဲ့သည့် အချက်ကို စဉ်းစားမိသောကြောင့် ဖြစ်သည်။

ရန်ရှယ်ရသေ့ကြီးမှာလည်း လူ့ခံစားချက်နှင့်သူ ဖြစ်နေသဖြင့် ဆန်ကွမ်းချီစကားကို ကောက်၍ မေးမြန်းမိခြင်း မရှိပေ။



င်း...သူ့တစ်ပါးကို သနားခြင်းဒုက္ခ၊ သနားခြင်းဒုက္ခ၊ ဝမ်...ကွန်လုံဝမ်'

န်ကွမ်းချီ အံ့သြသွားသည်။

လုံလူနှင့် ပတ်သက်နေကြောင်း သိရသဖြင့် ရန်ရှယ်ကြီးအား မေးခွန်းထုတ်လိုက်မိ၏။

ဆရာကြီး...အဲဒီအကြောင်းတွေကိုပြောပြပါလားခင်ဗျာ၊ ကျွန်တော်တို့ မှတ်သားစရာဖြစ်ရင်လဲ ဖြစ်နေမှာပေါ့'

ရှယ်ရသေ့ကြီးသည် တုံထန်ဟိုနှင့် ဆန်ကွမ်းချီတို့ချက် လှမ်းကြည့်ပြီး...

ဒါ...ပြောရမှာပေါ့ကွယ်၊ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော်တုန်းက ငါ့ရဲ့ စိတ်ခတ်ပျော့ညံ့မှုကြောင့် သေလုဖြစ်နေတဲ့ ကွန်လုံဝမ် အဓလောင်းအလျာ ကလေးဟာ ရှင်သန်လာခဲ့ရတယ်၊ သူ့အသက်ရှင်သန်လာတာနဲ့ အမျှ သောကကြီးလဲ ချောက်ကျရတော့တာပေါ့ကွယ်'

ကွမ်းချီက...

ဒါဆိုရင် ဆရာကြီးဟာ ကွန်လုံဝမ်ရဲ့အသက်ကယ်ခဲ့ တစ်နည်းအားဖြင့် သိုင်းလောကကို ဒုက္ခပေးခဲ့တဲ့ ဆိုလဲ မှန်တာပေါ့လေ'

www.burmeseclassic.com

www.burmeseclassic.com



ရန်ရှယ်ရသေ့ကြီးမှာ သက်ပြင်းရှည်ကြီးကို ချသည်။

'ငါသာမကယ်ခဲ့ရင် ကွန်လုံဝမ်ဆိုတဲ့ကောင်လဲ ပေါ[...] နိုင်တော့ဘူး'

'ဒီကွန်လုံဝမ် အလောင်းအလျာပေါ့။ သူဟာ ရှော[...] ကျောင်းမှာ ဘာဖြစ်မှု ကျူးလွန်ခဲ့ကယ်မသိဘူး။ အဲဒီက[...] လာတဲ့ သစ္စာဖောက်၊ ဘယ်သူတွေက ရိုက်နှက်ပစ်ခဲ့သ[...] ဘူး။ လမ်းဘေးမှာ သေလုမျှော ပါးပြုံပြီး လဲကျနေခဲ့[...]'

'ဟင်...ကွန်လုံဝမ်ဟာ ပိုး...ငယ်ငယ်ကတည်းက [...] ပျော်နဲ့ ကြီးပြင်းလာခဲ့တဲ့ လူပေါ့နော်'

'မှန်တယ်၊ တကယ်လို့ ငါနဲ့သာ မတွေ့ခဲ့ရင် သူ [...] ပါပြီ၊ ဒဏ်ရာက ပြင်းထန်နေတယ် မဟုတ်လား၊ သူ့ အ[...] ဒဏ်ရာ မသေရုံလေး သား ရဲတိရစ္ဆာန်နဲ့တွေ့ အစားခံရ[...] မှာပဲ အင်း...ဖြစ်ချင်တော့ ငါရောက်သွားတဲ့အချိန်မှာ သေခါနီး ကယောင်ကတမ်းစကားတွေ ပြောနေတယ်[...] ခါနီး မီးတောက်လိုပေါ့၊ သူ့ဒဏ်ရာကို စစ်ဆေးကြည့်[...] အင်မတန် ပြင်းထန်နေတာကို တွေ့ရတယ် ငါ့ဆီမှာ [...]တဲ့ ဆေးတွေလဲ သူ့အသက်ကို မကယ်နိုင်ဘူး၊ ဒါနဲ့ [...] ဟူတန်းကိုယ်ရဲ့ အတွင်းအားနဲ့ သူ့ကို ကုသပေးရတယ်[...] နည်း သက်သာမှုလဲရရော သူ့ကို အတွင်းအား လေ့ကျ[...] ပါ သင်ပေးခဲ့တယ်၊ ဒါမှ သူ့အသက် ဆက်ရှင်နေ[...] အဲဒါဟာ ငါ့ရဲ့ မဟာအမှားကြီးပါပဲ'



ရန်ရှယ်ရသေ့ကြီးမှာ သူ့အမှားကိုအကြီးအကျယ်နောင်တ [...]မိသည်။

ဆန်ကွမ်းချီက...

'ဒါကတော့ ဆရာကြီးမှာ အပြစ်မရှိပါဘူး၊ ဆရာကြီး [...]နဲ့ သူ့ကို လူကောင်းမှန်း လူဆိုးမှန်း ဘယ်ခွဲခြားနိုင်မှာ [...] နောက်ပိုင်း ဖြစ်သွားတာကတော့ ကံဆိုးအကြောင်းပေါ့၊ [...]ကိုယ်ကိုလဲ ဒီလောက် ယူကျုံးမရ ဖြစ်မနေပါနဲ့ ဆရာ'

'[...]ကျုံးမရဖြစ်တာလဲ မပြောနဲ့တော့ သူ့ကို အသက်ကယ်[...]မိရင်တော့ တော်သေးတာပေါ့၊ အခုဟာက လူ့ကို [...]ကွယ်ပေးရုံသာ မဟုတ်ဘူး ဟူတန်းဝေ [...] ငါ [...] ခဲ့မိတယ်'

ဆန်ကွမ်းချီမှာ ရှင်ဘဉ်ဖိမိသွားသည်။

'ဩော်...ဒီလိုကိုး'

'အဲဒီ ဒုတိယအမှားက ပထမအမှားထက် ပိုကြီးတယ်'

'ဒါလဲ သူ့ဒဏ်ရာ ကင်းကင်းရှင်းရှင်း ပျောက်ကင်းစေ[...]တဲ့ ဆေးတနာနဲ့ ဆေါ်တာပဲမဟုတ်လား'

'အင်း...ပျောက်ကင်းစေချင်တာလဲ ပါတယ်၊ တပည့်မွေး[...]တာလဲ ပါတယ်ဆိုပါတော့'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျာ...ကျွန်တော် နားမလည်ဘူး'

'ဒီလိုလေ...ဒီလူက ဇာတ်ရာနည်းနည်းကလေး သက်သ
မှာပဲ ဟူတန်းဂိုဏ်းရဲ့ အတွင်းအား လေ့ကျင့်နည်းကို
တိုက်အတွင်း သင်ယူနိုင်ခဲ့တယ်၊ အဲဒါ တာက်ပြသလဲ
သူ့မှတ်ဉာဏ်ဟာ သူမတူအောင် ထက်မြက်တယ် ဆို
ပြတာပဲ၊ ငါစိတ်ကူးတာ ဒီလို၊ သူ့ကို ဟူတန်းတောင်
ခေါ်သွားမယ်၊ ဂိုဏ်းသားသစ်အဖြစ် သွတ်သွင်းပေး
သိုင်းပညာ သင်ကြားပေးမယ်၊ ဉာဏ်ကောင်းတဲ့လူဆို
ဟူတန်းဂိုဏ်းရဲ့ သိုင်းပညာအားလုံးကို လွယ်လွယ်ကူကူ
တတ်မြောက်ပြီးတော့ သိုင်းပညာ အသစ်တွေ တီထွင်
မယ်လို့ မျှော်လင့်ခဲ့တယ်'

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသည့် တုထ
ဝင်ပြောလေ၏။

'ဆရာကြီး မျှော်လင့်တဲ့အတိုင်း ဖြစ်လာတာပဲမဟုတ်
'ဖြစ်လာတယ်လို့ ပြောရမှာပဲ၊ သူဟာ ဟူတန်းတောင်
မှာ နှစ်နှစ်ဝင်တိ နေခဲ့တယ်၊ နှစ်နှစ်အတွင်း တောင်
တစ်ကြိမ်မှမဆင်းခဲ့ဘူး၊ ကျူပ်တို့ရဲ့ ကျင့်ပညာတွေကို
ကောင်းကောင်းနဲ့ သင်ယူနိုင်တာတွေမတော့ သိပ်ပြီး
နေခဲ့တယ်၊ သူဟာ ကျူပ်တတ်ထားတဲ့ သိုင်းပညာရဲ့
ခြောက်ပုံငါးပုံကို ဒီနှစ်နှစ်အတွင်းမှာ အမိအရသင်
တယ်'



'တကယ် အတတ်မြန်တာပဲနော်'

ဆန်ကူမ်းချီက ဝင်၍ မှတ်ချက်ချ၏၊

'တစ်နေ့ကျတော့ ကျူပ်ဟာ သူ့ကို ဟူတန်းဂိုဏ်းရဲ့ အဆင့်
မြင့် သိုင်းပညာတစ်ရပ်ဖြစ်တဲ့ ကျင့်ဆန်ဆိုတဲ့ သိုင်းပညာကို
သင်ပေးဖို့ စိတ်ကူးနေခဲ့တယ်၊ အဲဒီ အချိန်မှာပဲ ရှောင်လ
ကျောင်းက ကိုယ်တော်နှစ်ပါး ရောက်ရှိလာတော့တာပဲ'

ဆန်ကူမ်းချီက...

'သူတို့က...'

ရန်ရှယ်ရသေ့ကြီးက လက်ကာပြရင်း...

'ဆက်ပြောမယ်၊ အဲဒီအခါကျမှ သူဟာ နှစ်နှစ်လုံး
ဖြစ်လို့တောင်ပေါ်က တစ်ဖဝါးမခွာတယ်ဆိုတဲ့အချက်ကို သိ
တော့တယ်'

တုထန်ဟိုက...

'ကေန္တ ရှောင်လင်ကိုယ်တော်နှစ်ပါးဟာ သူ့ကိုအကြောင်း
လာဖမ်းတာပဲ ဖြစ်ရမယ်'

ရန်ရှယ်ဆရာတော်က ခေါင်းညိတ်ရင်း...

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်လဲ ရှောင်လင် ကိုယ်တော်တွေကို ထွက်ပြီး ကြိုဆိုရတာပေါ့၊ ကျောင်းဆောင်ရဲ့ ညွှန်းမရောက်ရင်ပဲ ရှောင်လင်ကိုယ်တော်နှစ်ပါးက ကျုပ်ကို အကြီးအကျယ် အပြစ်တင်တော့တယ်၊ သူတို့ကျောင်းက သခ္ခာဖောက်ကို ဒီသို့ မပြုစု မပျိုးထောင်သင့်ဘူးလို့ သိုင်းလောကရဲ့ စည်းကမ်းတွေကို ဖောက်ဖျက်ပြီး ရှုတ်ချတယ်'

'အဲဒီတော့ ဆရာကြီးက ဘယ်လိုဆုံးဖြတ်သလဲ'

'တပည့်တစ်ယောက်ကို ချက်ချင်းခေါ်ပြီး ကွန်လုံဝမ်ရဲ့ ကို လွှတ်ရတာပေါ့၊ သခ္ခာဖောက်ကို ရှောင်လင်ကျောင်း ကိုယ်စားလှယ် ကိုယ်တော်နှစ်ပါးရဲ့လက်ထဲကို ပြန်အပ်မယ် ရည်ရွယ်ချက်နဲ့ပေါ့'

'အင်းလေ...ဒါမှလဲ ရှောင်လင်ကျောင်းက ကျေနပ်မှာပေါ့၊ နို့မို့ရင် ရှောင်လင်နဲ့ ဟွာတန်း ရန်ငြိုးဖွဲ့သွားကြလိမ့်မယ်'

ရန်ရွှယ်ရှသေ့ကြီးက သက်ပြင်းချသည်။

'ရန်ငြိုးဖွဲ့တဲ့အဆင့်ကို လုံးဝမရောက်ပါဘူးလေ၊ ဘာဖြစ်လို့လဲဆိုတော့ ကွန်လုံဝမ်ဟာ သူ့အခန်းမှာ မရှိတော့လို့ပဲ၊ သူ့ကို တောင်တစ်တောင်လုံး တပ်ဖြန့်ရှာခဲ့ကြတယ်၊ သူဟာ



တောင်ခုလတ်က ဟွာတန်းဂိုဏ်းသား တစ်ယောက်ကို တောင်ထွက်ပစ်ခဲ့တယ်၊ ဘယ်လောက် ရက်စက်တဲ့စိတ်ထား ရှိတယ်ဆိုတာ အဲဒီတစ်ချက်ပဲ ကြည့်တော့'

ဆန်ကွမ်းချီမှာ ကွန်လုံဝမ်၏ ရက်စက်မှုကို အတော် အခေါး ရွာသွား၏။

ရန်ရွှယ်ရှသေ့ကြီးက ဆက်ပြော၏။

'ရှောင်လင် ကိုယ်တော်နှစ်ပါးလဲ စိတ်မကောင်းသဲ ပြန်သွားကြရတယ်၊ ငါလဲ ဒီကောင့်ကို မရ ရအောင် ဖွန်ဖမ်းပြီး ဖမ်းမိရင် ရှောင်လင်ကျောင်းမှာ သွားအပ်မယ်လို့ ဆုံးဖြတ်တယ်၊ အဲဒီလိုဆုံးဖြတ်ပြီး လိုက်ရှာတော့လဲ ဘယ်လိုဖြစ်သွားခဲ့ပါဘူး'

တုထန်ဟိုက...

'ကွန်လုံဝမ်ကို ခြေရာခံလို့ မရဘူးလား'

'ခြေရာခံလို့ရပါတယ်၊ သူက အဖမ်းမခံဘဲ ပြန်ပြီးတော့ တောင်ခုခံတယ်၊ လက်နက်သုံးပြီးတော့ တိုက်ခိုက်တယ်၊ ကျုပ်တပည့်လေးယောက် ကျဆုံးတယ်'

'ဆရာကြီးကိုယ်တိုင် လိုက်ဖမ်းတာ မဟုတ်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး၊ ကျုပ်တပည့်တွေကိုလွှတ်ပြီး ဖမ်းခိုင်းလိုက်
ပါ၊ ဒါကြောင့်ထဲ သူထင်သလို လုပ်သွားနိုင်တာပေါ့'

ဆန်ကွမ်းချိုက မသက်မသာ ပြောလိုက်၏။

'တကယ် ထွေးဆာတဲ့ လူသတ်သမားပဲ'

ရန်ရွှယ်ရှသေ့က ဆတ်ချပြောပြန်သည်။

'ကျုပ်ဟာ ကွန်လုံဝမ်ရဲလက်ချက်နဲ့ သေဆုံးရတဲ့ တ
တွေရဲ့ အလောင်းတွေကိုကြည့်ပြီး ဝမ်းနည်းပက်လက် ဖြ
တယ်၊ ဟုတ်တယ်လေ၊ သူ့အသက်ကို ကယ်တင်ခဲ့မိတဲ့အ
ဟွာတန်းတောင်ရဲ့ တောင်ခုလက်မှာ တပည့်တစ်ယောက်အ
ခံခဲ့ရတယ်၊ အခု လေးယောက် အသတ်ခံရတယ်၊ စုစုပေ
ငါးယောက် အသတ်ခံခဲ့ရပြီ'

တုထန်ဟိုတ....

'နောက်တော့ကော ခြေရာခံလို့ ရသေးသလား'

'ရတယ်၊ ဟွာတန်းဂိုဏ်းသားတွေ အမျိုးအပြား စေ
ထားတာပဲ၊ တစ်နေ့ကျတော့ ကွန်လုံဝမ်ဟာ ခိုင်ဖုန်းမှာရှိ
လို့သတင်းရောက်လာတယ်၊ ကျုပ်လဲ သတင်းရရချင်း ချက်
လိုက်သွားတာပဲ၊ လိုက်သွားတော့ ကျုပ်တပည့်နှစ်ယောက်
အသတ်ခံရပြီးနေပြီ'



'ဟင်'

'ပထမ တစ်ကြိမ် တပည့်လေးယောက် အသတ်ခံရပြီး
ကတည်းက ကွန်လုံဝမ်နဲ့တွေ့ရင် ရင်မဆိုင်ရဘူးလို့ အမိန့်ထုတ်
ထားတယ်၊ ဒါကြောင့် ဒီတပည့်နှစ်ယောက်ဟာ နောက်ယောင်
ခံလိုက်ရုံတင်ပဲလိုက်ကြတယ်၊ ဒါကို ကွန်လုံဝမ်က ရိပ်မိသွား
ပြီး သတ်ပစ်လိုက်တာပဲ၊ အဲဒီတပည့်နှစ်ယောက်ရဲ့ သေနေပုံ
မျက်နှာတွေဟာ အေးအေးချမ်းချမ်းပဲ၊ သူတို့ကို ဘယ်သူသတ်
သွားမှန်း သိပုံတောင်မရဘူး၊ ကွန်လုံဝမ်က ချောင်းမြောင်း
လုပ်ကြံလိုက်တာပဲ'

တုထန်ဟိုက....

'ဆရာကြီးပါ၊ သူနဲ့လှဲသွားမှာပေါ့'

'မလှဲဘူး၊ ဒီတစ်ကြိမ်တော့ ရင်ဆိုင်တွေ့ရမယ်'

'ဒီလိုဆိုရင်....'

'တွေ့တော့တွေ့မယ်၊ တွေ့ပုံကတော့ကြည့်ဦး၊ တာခရီးပေါ်
တင်ခေါ်ကြီးထဲ ရောက်နေတယ်၊ သူ့လိုဝင် တိုက်ရင် နဂိုသည်
တွေအသတ်ခံရနိုင်တယ်၊ ဒါကြောင့် သူ့ကိုချောင်းမြောင်းကာ
ပေါ်တက်ဖို့ ခေါ်ရတယ်'

'သူ တက်လာသလား'

www.burmeseclassic.com

www.burmeseclassic.com



'တက်လာတယ်၊ လူပြတ်တဲ့နေရာလဲရောက်ရော သူကပဲကျုပ်ကို စတင်တိုက်ခိုက်တော့တယ်'

ရန်ရှယ်ရသေ့ကြီးသည် သက်ပြင်းချပြီး ဆက်ပြောသည်။

'ကျုပ်နဲ့ အဲဒီသစ္စာဖောက်ကြီးဟာ သုံးနာရီ ကြာအောင် တိုက်ခိုက်ခဲ့ရတယ်၊ ကျုပ်တပည့်ဖြစ်ခဲ့ပေမယ့် တပည့်ကဆရာ့ထက် လက်စောင်းထက်နေတော့ ကျုပ်အနေနဲ့ သူ့ကိုမနိုင်နိုင်ဘူး။ သစ္စာဖောက်သုံးတဲ့ သိုင်းကွက်တွေကလဲ အမျိုးမျိုးကိုး၊ ရှောင်လင်သိုင်းကွက်လဲ ပါရဲ့၊ ဟူတန်းသိုင်းကွက်လဲ ပါရဲ့၊ တခြားအမျိုးအမည်မသိတဲ့ သိုင်းကွက်တွေလဲပါရဲ့၊ အဲဒီတော့ ကျုပ်လဲ သူ့ကို ဘယ်လွယ်လွယ်နဲ့ အနိုင်ယူနိုင်တော့မှာလဲ'

တုထန်ဟိုက....

'နောက်ဆုံး အရှုံးအနိုင် ဘယ်လို ဖြစ်သွားပါသလဲ ဆရာကြီး'

'ကျုပ်ပဲ မတတ်သာတဲ့အဆုံးဟူတန်းရဲ့အဆင့်မြင့်သိုင်းကွက်ဖြစ်တဲ့ ကျင်ဆန်သိုင်းကွက်ကိုထုတ်သုံးရတော့တယ်၊ ဒီတော့မှပဲ ကျုပ်လဲ သူ့ကိုစိုးမိုးနိုင်တော့တယ်၊ ဒါပေမယ့် သူဟာလေထဲကို အဆိပ်မှုန့်တွေ လွှတ်ပြီး ကိုယ်လွတ်ရုန်း ထွက်ပြေးသွားနိုင်ခဲ့တယ်'

'ဟင်'



တုထန်ဟိုရော ဆန်ကွမ်းချိုပါ အကြီးအကျယ် အံ့သြ ထိတ်လန့်သွားသည်။

ရန်ရှယ်ရသေ့ကြီးက မချိပြုံးပြုံးသည်။

'ကျုပ်လဲ အငိုက်မိပြီး အဆိပ်မှုန့်တွေကို ရှူရှိုက်မိတယ်၊ အဲဒီအတွက် ခြောက်လလောက် ဆေးကုယူရတယ်၊ အဲဒီနောက်ပိုင်းမှာ ရှောင်လင်ကျောင်းက ကိုယ်တော်တွေနဲ့ လက်တွဲပြီး သစ္စာဖောက်ကို ရှာဖွေကြပေမယ့် သတင်း အစအနကိုတောင် မရခဲ့ဘူး။ ဒါနဲ့ ဟူတန်းတောင်ကို ပြန်လာခဲ့ရတယ်၊ ဟူတန်းတောင်လဲရောက်ရော နောက်ထပ်လူသတ်မှုတစ်ခုလဲ ကြုံခဲ့ရတော့တာပဲ'

'ဟင်...ဘယ်လိုဖြစ်သွားတာလဲ'

ထိုမေးခွန်းကို တုထန်ဟိုရောဆန်ကွမ်းချိုပါ တပြိုင်တည်း မေးမြန်းမိသည်။

ရန်ရှယ်ရသေ့ကြီးက...

'ကျုပ် ဟူတန်းတောင်ကို ရောက်သွားတော့ လူသတ်မှုနဲ့ ထပ်ပြီးကြုံတွေ့ရတယ်၊ ကျုပ်မရောက်ခင် သုံးရက်လောက်အလိုမှာ မျက်နှာဖုံးစွပ်ထားတဲ့လူသတ်သမားဟာ ဟူတန်းတောင်မှာ အစိက အကျော်ဆုံးဖြစ်တဲ့ ဆန်ရှယ်ကွမ် ကျောင်းတော် စောင့်ရှောက်တဲ့ ရသေ့ကြီးလေးပါးထဲက တစ်ပါးကို သတ်သွားသတဲ့'

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုက စုတ်သပ်လျက် မေးသည်။

'ကျွတ်...ကျွတ်...ကျွတ်...ကျွန်တော့်ရဲ့ရသေ့ သုံးပါးကော'

'ကျွန်တော့်ရသေ့ သုံးပါးကတော့ ဖက်ရှရုသွားကြတယ်၊ သူဟာ ကျောင်းတော်ထဲ စိတ်ကြိုက်မွေ့နေသွားသတဲ့၊ တပည့်တွေပြောပြချက်အရဆိုတော့ အဲဒီလူဟာ ကွန်လုံဝမ်ပဲ ဖြစ်ဖို့များပါတယ်'

ရန်ရှယ်ရသေ့ကြီး၏မျက်နှာပေါ်၌ ကြေကွဲဝမ်းနည်းသည့် အရိပ်အယောင်များ ပေါ်လာသည်။

ဆန်ကွမ်းချီသည် ရသေ့ကြီးအား နှစ်သိမ့်မှု ပေးချင်သော်လည်း မည်သို့နှစ်သိမ့်မှုပေးရမည်မှန်း မသိသဖြင့် သည်အတိုင်းပင် ငြိမ်နေလိုက်ရတော့သည်။

ရန်ရှယ်ရသေ့ကြီး၏ ငြိမ်သက်တိတ်ဆိတ်မှုမှာ အတော်ကလေး အချိန်ကြာမြင့်လာသည့်အတွက် ဆန်ကွမ်းချီမှာ မချိသိပ်နိုင်တော့ဘဲ စိတ်ထဲရှိရာကို ပြောချမိတော့သည်။



'ဆရာကြီးမှာ ဘာအခက်အခဲများရှိနေပါသလဲ၊ ကျွန်တော် ဘာများကူ...'

ဆန်ကွမ်းချီသည် ရုတ်တရက် နှုတ်ပိတ်သွားသည်။

ဟူဘန်းဂိုဏ်း၌ အဆင့်မြင့်သိုင်းသမားများစွာ ရှိနေသည်ပဲ။

မိမိတို့ကကူညီမည်ဟုကမ်းလှမ်းလျှင် ဟူဘန်းဂိုဏ်းကို စော်ကားရာ ကျပေလိမ့်မည်။

ရန်ရှယ်ရသေ့ကြီးက...

'ဒီလျှို့ဝှက်ချက်ကြီးကို ကျုပ်စိတ်ထဲမှာ နှစ်ပေါင်းများစွာ သိုသိပ်ခဲ့ရတယ်၊ ဘယ်သူ့ကိုမှဖွင့်မပြောခဲ့ဘူး၊ ဒါပေမယ့်ဒီနေ့တော့ ဖွင့်မပြောလို့မဖြစ်တော့ဘူး'

'ဘာဖြစ်လို့လဲ ဆရာကြီး'

တုထန်ဟိုက ဝင်မေးသည်။

'ဘာဖြစ်လို့လဲ ဆိုတော့....'

ရန်ရှယ်ရသေ့ကြီးသည် သူ၏ ဖြူဖွေး ရှည်လျားလှသော မုတ်ဆိတ်ရှည်ကြီးကို လက်ဖြင့်ဆုပ်ကိုင်ရင်း ဆက်ပြောခဲ၏။

'ဘာဖြစ်လို့လဲဆိုတော့ ကျုပ်အနေနဲ့ လူ့ပြည်မှာ နေရမယ့်အချိန်က သိပ်မရှိတော့လို့ဘဲ'

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုနှင့် ဆန်ကွမ်းချီတို့မှာ ထိုစကားနှင့် ပတ်သက် မည်သို့မျှ ဆွေးနွေးနိုင်စွမ်းမရှိ၍ ငြိမ်သက်၍ နားထောင် ကြရသည်၊

'ကျုပ်တို့ဂိုဏ်းမှာ လူကောင်းလဲ သိပ်မရှိတော့ဘူး၊ နေ မပေါက် တပည့်တွေထဲမှာ ဟွာဘန်းဂိုဏ်းရဲ့ဂုဏ်ကို ဆောင်နိုင် တပည့်တစ်ယောက်မှ မပေါ်ဘူး၊ ကျုပ်ဟာ လူတော်လူကော ကိုရှာရင်း ဖိနှပ်ပေါက်ခဲ့ရတဲ့ကိန်း ဆိုက်လာတယ်၊ ကွန်လုံ ကို ကျုပ်မွေးမြူခဲ့တာလဲ အဲဒီရည်ရွယ်ချက်နဲ့ပေါ့၊ ဘုရား လို့ ကိုးကွယ်ပါတယ်၊ ဖွတ်ထွက်မှ တောင်ပို့မှန်းသိ ဆိုတာ ကွန်လုံဝမ်အကြောင်း သိခဲ့ပြီးတဲ့နောက် ဘယ်လို တပည့်အ မွေးနိုင်တော့မှာလဲ'

တုထန်ဟိုနှင့် ဆန်ကွမ်းချီတို့သည် ရန်ရွှယ် ရသေ့ကြ အကြောင်း သိပ်မသိကြချေ၊

မသိခြင်းမှာ အကြောင်းကြောင်းကြောင့် ဖြစ်သည်၊

ကွန်လုံဝမ်သည် သိုင်းလောကထဲသို့ ယခုမှ ဝင်လာ ဖြစ်သည်၊

တိဗက်ကြီး တုထန်ဟိုသည် တိဗက်နှင့် တရုတ်ပြည်အလ ပိုင်း ကူးချည်သန်းချည် လုပ်နေသူဖြစ်၍ သိုင်းလောက အ အကြုံ ရင့်ကျက်သော်လည်း တရုတ်ပြည်တွင်းမှ အချို့သေ ဝါစဉ်ကြီး သိုင်းသမားကြီးများကို သိပ်မရင်းနှီးချေ၊



ရန်ရွှယ်ရသေ့ကြီးကိုယ်တိုင်က သိုင်းလောကမှ လွန်ခဲ့သည့် ဆယ်နှစ်ကတည်းက ထွက်ခွာသွားခြင်းကလည်း ရန်ရွှယ်ရသေ့ ကြီးကို လူသိနည်းစေခြင်း ဖြစ်သည်၊

သို့သော် စကားပြောရင်း ပြောရင်း ရန်ရွှယ်ရသေ့ကြီး သည် ဟွာတန်းဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး ဖြစ်ခဲ့သည်ကို တုထန်ဟို နှင့် ဆန်ကွမ်းချီတို့ တဖြည်းဖြည်း ရိပ်မိလာကြသည်၊

နောက်ပိုင်း ပြောသော စကားများက သူတို့အသိကို ပို၍ ခိုင်မာစေခဲ့ပေသည်၊

ရန်ရွှယ်ရသေ့ကြီးက....

'ကျုပ် တစ်ခုမေးမယ်၊ သေသေချာချာ ပြောကြရမ်းပါ၊ ပေါ့ပေါ့ဆဆ မဖြေနဲ့နော်'

'မေးပါ ဆရာကြီး'

'ဂိုဏ်းကြီးတစ်ခုကို အုပ်ချုပ်စည်ထောင်တဲ့လူမှာ ဘာ အရေးကြီးဆုံး အရည်အချင်း လိုအပ်သလဲ'

ဆန်ကွမ်းချီက ခေါင်းခါ၏၊

'ကျွန်တော်တော့ မသိဘူး'

www.burmeseclassic.com

www.burmeseclassic.com


တုဆန်ဟိုကသည်း…

'ကျွန်တော်တော့ ရေးတေးတေး သိသလိုပဲ၊ ဒါပေမယ့် ကျွန်တော့်ရဲ့ မပြောပလောက်တဲ့ ခန့်မှန်းချက်ကလေးကို ထုတ်ဖော်မပြောသင့်ဘူးလို့ထင်ပါတယ်၊ ဆရာကြီးပဲ ရှင်းပြပါခင်ဗျာ'

ရန်ရွှယ်ရသေ့ကြီးက လေးနက်စွာ ပြောလေ၏။

'ဂိုဏ်းကြီးရဲ့ ဂုဏ်ပုဒ်ကို အမြဲတောက် ပြောင်အောင် ထိန်းသိမ်းသွားနိုင်ဖို့ အရည်အချင်းဟာ အဓိက အရေးအကြီးဆုံးပဲ'

တုဆန်ဟိုနှင့် ဆန်ထွမ်းချီတို့ ငြိမ်သက်နေကြသဖြင့် ရန်ရွှယ်ရသေ့ကြီးက ဆက်ရှင်းသည်။

'ကျုပ်ပြောတဲ့အချက်က တိုတိုကလေးပဲ၊ ဒါပေမယ့် အဲဒီအချက်ထဲမှာ တခြား အရေးကြီးတဲ့ အချက်ကလေးပေါင်းများစွာ ပါဝင်နေတယ်၊ ကြိုးမျှင် သေးသေးကလေးတွေကို စုပေါင်းပြီး လိမ်ကျစ်ထားတဲ့ ကြိုးကြီးတစ်ချောင်းလိုပဲပေါ့၊ ဂိုဏ်းရဲ့ဂုဏ်ကို ဆောင်နိုင်မယ့် တပည့်ကို မွေးဖို့ဆိုတာသိပ် မလွယ်ဘူး၊ သိုင်းလောကမှာ ရှောင်လင်၊ ဟူးတန်း၊ ဝါမေ၊ ခုန်းလွန်၊ ကျုန်လုံနဲ့ ချင်းချန်ဂိုဏ်းကြီးတွေ ရှိကြတယ်၊ အဲဒီဂိုဏ်းကြီးတွေဟာ နှစ်ပေါင်းများစွာ တည်တံ့လာခဲ့ကြပေမယ့် အားလုံး တစ်ပြိုင်တည်း အမြဲတမ်း ကျော်ကြားနေကြတာ မဟုတ်ဘူး၊ ဆက်ခံတဲ့ တပည့် အသစ် အသစ်တွေရဲ့ စွမ်းရည်အပေါ် ပြီ၊ ရှောင်လင်ကကျော်ကြားလိုက်၊ ကျုန်လုံကကျော်ကြား ခုန်းလွန်က ကျော်ကြားလိုက်၊ ဟူးတန်းက ကျော်ကြား တစ်လှည့်စီ တစ်ပြန်စီ ကျော်ကြားခဲ့ကြတယ်'

တ်ပါတယ်၊ ဒီအချက်ကို ကျွန်တော် သဘောတူ လက်ခံ ပါ'

ဆန်ဟိုက ထောက်ခံလိုက်သည်။

ပ်ဟာ ဟူးတန်းဂိုဏ်းကို ကျော်ကြားစေနိုင်မယ့် တပည့် ဆက်သစ်ကို မပြုစုမပျိုးထောင်နိုင်ခဲ့ဘူး၊ ကျုပ်လောက် ကျတဲ့လူ ဘယ်မှာ ရှိတော့မလဲ၊ ဒီအထဲမှာ မြွေမွေး ပိုက်မိသလို ကွန်လုံဝမ်ဆိုတဲ့ လူဆိုးကိုသွားပြီး မြွေ မြှောက်ပေးခဲ့မိသေးတယ်၊ အခုတော့ ကွန်လုံဝမ်နဲ့ ကျုပ် ပြိုင်ဖို့မိကြပြန်ပြီ၊ ကွန်လုံဝမ်က ကျုပ်တို့ ဟူးတန်းဂိုဏ်း နည်းမြဲ ခြေတော့မယ်၊ ဟူးတန်းဂိုဏ်းကြီး ဟည်းကာ မထိန်းသိမ်းနိုင်ရင် တာဝန်သိ တာဝန်ကျေ ဆရာ့ဆရာတွေကို ဘယ်နှယ် မျက်နှာပြရမှာလဲ'

ဆန်ဟိုက စိတ်မကောင်းခြင်း ကြီးစွာဖြင့် ခင်ဘိုးဟိုး သည်။

ကြာ…ဒီအရေးကြောင့် ဆရာကြီးဟာ သိုင်းလောကထဲ ရှာပြီး လျှောက သိုင်းလောကထဲ ပြန်ဝင်ခဲ့ရတာကိုး'

www.burmeseclassic.com

www.burmeseclassic.com



ရန်ရှယ်ဆရာတော်က လေးနက်စွာ ပြောသည်။

'ကျုပ်မှာ လောလောဆယ် တာဝန်ကြီးနှစ်ရပ် ရှိ တယ်၊ ပထမတာဝန်က ဟူတန်းဂိုဏ်းရဲ့ ဂိုဏ်းသိက္ခာကို ပြောင်အောင် မြှင့်တင်ပေးနိုင်မယ့် ဟူတန်းဂိုဏ်းသားသစ် ဆက်သစ်ကို ရှာဖွေဖို့ပဲ၊ ဒုတိယ တာဝန်ကတော့ အန္တ ကောင် ကွန်လုံဝမ်ကို သုတ်သင်ရှင်းလင်းဖို့ပဲ'

ရန်ရှယ်ရသေ့ကြီး၏အကြည့်သည် ရုတ်တရက် ဆန်ကွ ပေါ်သို့ ကျရောက်သွား၏။

'ဒါပေမယ့် ခုအခြေအနေအရတော့ ကျုပ်ဆန္ဒ လုံး တော့မှာ မဟုတ်ပါဘူး'

ဆန်ကွမ်းချီသည်အိုကြီးအိုမအရွယ်ရောက်ခါမှ ဂိုဏ်းအ ပူပန်ကြောင့်ကြနေရသော ရသေ့ကြီးအား ကြင်နာသ သည်။

'ဆရာကြီး...ဒီလိုလဲ စိတ်မလျှော့ပါနဲ့၊ ဟူတန်းဂိုဏ် သိုင်းလောကထဲမှာ ရှောင်လင်ကျောင်းနဲ့အပြိုင် နာမည် တာပဲ၊ ဆရာကြီး မကွယ်လွန်မီ သူ့ရဲ့ကောင်း တစ်ယေ ယောက် တွေ့နိုင်ပါသေးတယ်၊ ဘာဖြစ်လို့ စိတ်လျှော့ရ

'အင်း...ကျုပ်ဟာ သိုင်းလောကထဲက ဆယ်နှစ်စွန့်ခွာ အလဟဿ စွန့်ခွာခဲ့တာ မဟုတ်ပါဘူး၊ သိုင်းပညာကို အ



ယ် ကျုပ်တို့ဂိုဏ်းကိုဦးဆောင်နိုင်မယ့်ပါရမီထူးချွန်သူကို ရှာတာပါ၊ လူတွေသိန်းနဲ့ချီပြီးတွေ့ပါရဲ့၊ ကွန်လုံဝမ်လို ကောင်းတဲ့လူ တစ်ယောက်မှမတွေ့ခဲ့ရဘူး'

ဆန်ကွမ်းချီက ခေါင်းညိတ်ရင်း ပြော၏။

'ဒါလဲဟုတ်တာပဲလေ၊ ကွန်လုံဝမ်လို အရည်အချင်းမျိုး ယ်ဘယ်ကလဲ ခပ်ရှားရှားပဲ'

ရန်ရှယ်ရသေ့ကြီးက...

'ကျုပ်ရဲ့ခန္ဓာကိုယ်ထဲမှာ အတွင်းအားတွေ အပြောင်းအလဲ နေတယ်၊ အဲဒီအချက်ဟာ ကျုပ်အတွက် အလားအလာ ကောင်းတဲ့အချက်ပဲ၊ ကိုယ့်ဝမ်းနာကိုယ်သာသိဆိုတာလိုကိုယ့် အကြောင်းကိုယ်ပဲသိတယ်၊ ကျုပ်ဟာ လူ့လောကမှာသိပ်နေရ တော့မှာမဟုတ်တော့လို့ ပထမတာဝန်ကိုတော့ လက်လျှော့ ပြီ၊ ဒီဆယ်ရက်အတွင်းမှာ ကွန်လုံဝမ်ကို ရှာပြီးအပြတ် တယ်၊ ကျုပ်သေရင်လဲသေပါစေတော့လေ၊ ဒုတိယတာဝန် ပြီးမြောက်သွားရင်တော့ သေပျော်တယ်လို့ သတ်မှတ်ရ

ဆန်ဟိုက ဝင်ရှင်းပြ၏။

'ဆရာကြီး...အဲဒီဒုတိယတာဝန်ကလဲ မလွယ်ပါဘူး၊ သူ့ အလားအလာက အင်မတန်ပိရိလျှို့ဝှက်တယ်၊ သူ့ကိုတွေ့တာ ဆရာကြီးအခုနနဲ့ အနားကပ်ဖို့မလွယ်ဘူး၊ ပတ်လည်

www.burmeseclassic.com



မှာ ကိုယ်ကျပ်အကျိုနက် ကိုင်ရှိခဲ့ဘဲ ဆယ့်နှစ်ယောက်က
ချောက်ချနေကြလို့ အဲဒီဆယ့်နှစ်ယောက်စလုံး သိုင်းပညာ
တယ်။ မူးပေါင်းတိုက်ကွက်လဲ ခွဲ့တယ်။ ဆရာကြီးအခုနေနဲ့
နိုင်မှာပါ။ ဒါပေမယ့် အချိန်ယူပြီး တိုက်ရမှာတော့
တယ်။ အဲဒီအချိန်မှာ ကွန်လုံဝမ်မြေလျှိုးပြီးသွား ဖြစ်
မယ်။ နောက်ပြီး ကွန်လုံဝမ်ကိုယ်တိုင်က စိတ်မငြိမ်အ
ထွက်တိုက်မှာမယ့် အခုဆုတ်ချင်ဆုတ်ဘာ၊ အဲဒီအချက်
သူ့ဂိုဏ်းထဲ သူလျှိုဝင်လုပ်ပြီး သိခဲ့ရတာပါ'

ရန်ရှယ်ရသေ့ကြီးက သက်ပြင်းချသည်။

'ဘယ်လိုတက်နိုင်မလဲလေ၊ သေခါမှ သေရော့ သူ့ကို
တိုက်ရမှာပဲ'

ရသေ့ကြီးသည် အခေါက်စမှာ စောင့်နေသည့်
အား လှမ်းခေါ်၍ အမိန့်ပေးလိုက်၏။

'ညီလေးရန်ကျင့်၊ ကျောက်ပလ္လင်ပေါ်လည်းကို ဘယ်သူ
နိုင်အောင်စောင့်စမ်း'

'ဟုတ်ကဲ့'

ရန်ကျင့်သည် လက်အုပ်ချီ၍ ဂါရဝပြုလျက် ချာခနဲလှည့်
သွား၏။



ရန်ရှယ်ရသေ့ကြီးသည် ရန်ကျင့် ပျောက်ကွယ်သွားသည့် အချိန်အထိ စောင့်ကြည့်ပြီးမှ သူ့လက်တစ်ဖက်ကို ဝတ်ရုံ အတွင်းမှ ထုတ်ပြီး ဆန့်တန်းလိုက်သည်။

'ဆန်ကွမ်းချီ ငါ့လက်ကို လာကြည့်စမ်းပါ၊ ကိုယ်ထဲမှာ အတွင်းအား စီးဆင်းပုံသိပ်မကောင်းဘူး၊ လက်တွေ အေးစက် အေးနေလိမ့်မယ်'

ဆန်ကွမ်းချီသည် ရှေ့သို့တိုးလာပြီး ရန်ရှယ်ရသေ့ကြီး၏ လက်ကို စမ်းသပ်လိုက်၏။

'လက်မှာ အေးမနေဘူး'

'မအေးဘူးဆရာကြီး'

ထို့နောက်မှပင် ဆန်ကွမ်းချီ၏လက်ကောက်ဝတ်မှာ ရန်ရှယ်ရသေ့ကြီး၏လက်တွင်းမှ ငြိမ်းကျပ်စွာ ဖမ်းဆုပ်ခြင်း ခံလိုက်ရသည်။

ထို့ပြင် ရသေ့ကြီး၏လက်ဝါးမှ အတွင်းအားများ စီးဆင်းလာပြီး သူ့အတွင်းအားများကို ဖိနှိပ်နေသဖြင့် သူလည်း မထက်သာတော့ဘဲ အတွင်းအားထုတ်ကာ ခုခံရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုရဲ့မျက်နှာမှာ ဖြူရော်သွား၏။

သူသည် ချက်ချင်းထခုန်ပြီး အော်လိုက်သည်။

'ရသေ့ကြီး....ဒါဘာလုပ်တာလဲ'

ရန်ရှယ်ရသေ့ကြီးသည် တုထန်ဟိုအား လုံးဝမကြည့်ချေတကား။

❁

အခန်း (၁၀၄)

## ဆရာမဟုတ်သောဆရာနှင့် တပည့်မဟုတ်သောတပည့်

တုထန်ဟိုမှာ ဒေါသထွက်လှသဖြင့် ခန္ဓာကိုယ် တစ်ခုလုံး တဆတ်ဆတ်တုန်လာသည်။

ဟူထန်းဂိုဏ်းချုပ်ကြီး တစ်ယောက်အနေဖြင့် ဤသို့သော အောက်လမ်းနည်းမျိုးကို မသုံးသင့်ဟု ယူဆ၏။

သို့သော်....

ရန်ရှယ်ရသေ့ကြီးနှင့်ဆန်ကွမ်းချီတို့၏မျက်နှာမှာ တဖြည်းဖြည်း နီရောင်ထလာသည်။

နှစ်ယောက်စလုံး ကြီးမားသောအတွင်းအားကို ထုတ်သုံးနေကြောင်း လွန်စွာသိသာထင်ရှားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်...

ရသေ့ကြီးသည် ဆန်ကွမ်းချို၏လက်ကို ပြုန်းခနဲ လှ
လိုက်၏။

ထို့နောက် ပြုံးရွှင်ပြုံးပြသည်။

'မိတ်ဆွေကြီး တုထန်ဟို၊ ကျုပ်ကို တလွဲမဆင်ပါနဲ့၊
တလေးရဲ့အတွင်းအား ဘယ်လောက်နက်ရှိုင်းတယ်ဆိုတာ
ချင်လို့ ခုလို စမ်းသပ်ကြည့်တာပါ'

ဟုထန်ဟိုမှာ သက်ပြင်းချပြီး သူ့နေရာ၌ ပြန်ထိုင်လိုက်

ဆန်ကွမ်းချိုက...

'ဆရာကြီးရဲ့အတွင်းအားကတော့ ဒုံ့မခန်းပါဘဲ၊ ဆရာ
သာ ရန်မူချင်ရင် ဒီနေရာမှာ ကျွန်တော် တုံးခနဲလဲသွားမှာပဲ'

ရန်ရွှယ်ရသေ့ကြီးသည် လက်ကိုပြည်းညင်းစွာ ဆန့်ထုတ်
ဆန်ကွမ်းချို၏ ပခုံးပေါ်သို့ ညာသာစွာ တင်လိုက်သည်။

ထို့နောက် ခေါင်းညိတ်စွာ ပြောသည်။

'လူကလေး၊ မင်းရဲ့ အတွင်းအားနဲ့ဆိုရင် ဟုတန်းဂိုဏ်
ကျင့်ဆန်သိုင်းကွက်နဲ့ ထိုက်ကျိဖေခ်းသိုင်းကို သင်ယူဖို့ အ
အချင်း လုံလောက်ပါပြီ'



ဆန်ကွမ်းချိုသည် ရန်ရွှယ်ရသေ့ကြီးအနေဖြင့် ဘာကိုဆို
နေမှန်း မသိပိမိပေ။

'ဆရာကြီး၊ ကျွန်တော်ရဲ့ အတွင်းအားက ဒီးလောက် မ
ပါဘူး၊ ခုလိုချီးကျူးတာကတော့ ကျေးဇူးတင်ပါတယ်'

တုထန်ဟိုမှာ ဆန်ကွမ်းချိုထက် များစွာအသက်ကြီးရင့်
သိုင်းလောကအတွေ့အကြုံပါ ပြည့်ဝများပြားသူဖြစ်၍ ရန်
ရသေ့ကြီး၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ကောင်းစွာနားလည်
လေ၏။

ဟုတန်းဂိုဏ်းဆိုသည်မှာ နှယ်နှယ်ရရဂိုဏ်း မဟုတ်ပေ။

သူ့သိုင်းပညာများကိုလည်း ကောင်ရုံတန်ရုံသူက သင်ယူ
ခြင်းလည်း မရှိပေ။

တုထန်ဟိုက...

'ဆရာကြီး၊ ကျွန်တော့်ညီလေး ဆန်ကွမ်းချိုကို အ
တဲ့ ဟုတန်းရဲ့ သိုင်းပညာအစွမ်းတွေကို သွန်သင်ပေးချင်
လား'

ရန်ရွှယ်ရသေ့ကြီးက ခေါင်းညိတ်၏။

www.burmeseclassic.com

www.burmeseclassic.com



'မှန်ပါတယ်၊ ကျုပ်တို့ဟူဘန်းဂိုဏ်းမှာ ကျင့်ဆန်သိုင်းကွက်နဲ့ ထိုက်ကျိဖေမားသိုင်းကို လက်ခံသင်ယူနိုင်ခဲ့လောက်တဲ့လူ မရှိဘူး၊ ဘာကယ်လို့သာ ကျုပ် သေဆုံးသွားခဲ့ရင် ဒီသိုင်းပညာတွေကို နောင် ဟူဘန်းဂိုဏ်းထဲက ဘယ်သူမှ တတ်မြောက်မှာမဟုတ်တော့ဘူး၊ ဟောဒီ ဆန်ကွမ်းချီဆိုတဲ့ သူတောင်း မျိုးကလေးကသာ...'

ဆန်ကွမ်းချီမှာ ကမန်းကတန်း ဝင်ပြောသည်။

'ကျွန်...ကျွန်...ကျွန်တော့် အရည်အချင်းနဲ့ ဒီပညာတွေကို သင်ယူနိုင်မယ် မထင်ပါဘူး၊ ဆရာကြီး ပြန်စဉ်းစားပါဦး'

ရန်ရှယ်ရှသေ့ကြီးက လေးလေးနက်နက် ရှင်းလင်းပြောပြနေပါသည်။

'ငါဟာ သိုင်းလောကထဲမှာ ကျင်လည်ခဲ့တာ ကြာပါပြီ၊ ပေးဝေသူနဲ့ ဆက်ခံသူတွေရဲ့ အရည်အချင်း ကန့်သတ်ချက်ကို ငါ ကောင်းကောင်းကြီး တတ်သိ နားလည်ပါတယ်၊ ကျင့်ဆန်သိုင်းကွက်နဲ့ ထိုက်ကျိဖေမားသိုင်းကို လူတိုင်း သင်ယူချင်လို့မရနိုင်ပါဘူး၊ လုံလောက်တဲ့ အတွင်းအား နက်ရှိုင်းမှုရှိရမယ်၊ လူကလေးရဲ့ အတွင်းအား နက်ရှိုင်းပုံကိုကြည့်တာနဲ့ လူကလေးဆီမှာ ဆရာကောင်းရှိမယ်ဆိုတာ သိသာထင်ရှားပါတယ်၊ အခု ငါစိတ်ကူးထားတာက လူကလေးကို တပည့်အဖြစ် လက်ခံဖို့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျုပ်ရဲ့ ပညာတွေကိုတော့...'



ဆန်ကွမ်းချီ နားမလည်တော့ပေ။

'ခင်ဗျာ...ဆရာကြီးပြောတာ ကျွန်တော်တော့ နားမလည်ဘူး'

ရန်ရှယ်ရှသေ့ကြီးက သက်ပြင်းရှည်ကြီးကိုချလည်း၊

'ငါ့ကို တလွဲမထင်စေချင်လို့ ဒါတွေကို ရှင်းပြနေတာပဲ၊ ငါဟာ နောက်ထပ် ဆယ်ရက်ထက်ပိုပြီး အသက်ရှည်ရှည် မနေရတော့ဘူး၊ ဒီဆယ်ရက်အတွင်းမှာ စောစောက ပြောခဲ့တဲ့ သိုင်းပညာတွေကို သင်ပေးချင်ပါတယ်၊ ဟူဘန်းဂိုဏ်းရဲ့ တပည့်အဖြစ် ဝင်ဖို့ မလိုဘူးဆိုပေမယ့် ငါနဲ့ လူကလေးတို့ကြားမှာ ကတိကဝတ် ပြုထားရမယ့် ကိစ္စတွေတော့ ရှိပါသေးတယ်'

ဆန်ကွမ်းချီသည် ခဏစဉ်းစားနေ၏။

တုကန်ဟိုသည် ရှေးဟောင်းရခဲ့ အခွင့်အရေးကြီးကို ဆန်ကွမ်းချီ ငြင်းပယ်လိုက်မည် စိုးရိမ်သဖြင့် အရင်ဦးစွာဝင်၍ မေးမြန်းလိုက်သည်။

'ဆရာကြီးက ဘာကတိတွေ တောင်းချင်တာလဲ ပြောကြည့်ပါဦးလေ၊ ကျွန်တော်တို့ လက်မခံနိုင်ရင်တော့...'

'ကောင်းပြီ၊ ကျုပ်ပြောမယ်၊ ပထမအချက်က ဒီပညာကို သင်ယူတတ်မြောက်ပြီးရင် ဘယ်သူ့ကိုမှ သင်မပေးရဘူး၊ ယုတ်စွအဆုံး ကိုယ့်သားသမီးကိုတောင် သင်ပေးခွင့် မရှိဘူး'

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုက ခေါင်းညိတ်၏။

'ဟုတ်ပြီ၊ ဒါကတော့ ဒီအတိုင်းပဲ ဖြစ်ရမယ်နေလ၊ ဒီအချက်ကို ကျွန်တော် ညီလေး လက်ခံနိုင်ပါတယ်'

'ဒုတိယအချက်က ကျုပ်တို့ ဟူတန်းဂိုဏ်းမှာ အကူအညီလိုအပ်လာရင် အချိန်မရွေး အကူအညီပေးရမယ်၊ ကျောင်းတော်ရဲ့ လိုခြင်မှုကို အကာအကွယ်ပေးရမယ်'

'ဒါလဲ လက်ခံနိုင်တဲ့အချက်ပဲ၊ ဟူတန်းရဲ့ အရေးကြီးတဲ့ ပညာတွေကို သင်ယူပြီးမှ ဟူတန်းကို ပြန်အကူအညီမပေးဘူးဆိုရင် အဲဒီလူလောက် ကျေးဇူးကန်းတဲ့လူ ရှိပါတော့မလား'

'တတိယအချက်ကတော့ အရေးအကြီးဆုံးပဲ၊ ကျုပ် သေဆုံးသွားပြီးတဲ့ နောက်ပိုင်းကာလတွေမှာ ဆန်ကွမ်းချီလို အရည်အချင်း ဗီဇ ပါရမီရှိတဲ့လူတွေ ဟူတန်းဂိုဏ်းထဲ ပါရှိလာရင် ဆန်ကွမ်းချီက ကျွင့်ဆန့်သိုင်းကွက်နဲ့ ထိုက်ကျိဖေ ဓားသိုင်းကို ပြန်လည်သင်ကြားပေးရမယ်'

တုထန်ဟိုက ခေါင်းညိတ်၏။

'ဆရာကြီးပြောတဲ့ အချက်သုံးချက်စလုံးဟာ တရားမျှတတဲ့ ကတိတွေချည်းပဲ၊ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေလဲ ဖြစ်ပါတယ်'

ထိုအချိန်၌ ဆန်ကွမ်းချီမှာ ထိုဓားသိုင်းပညာကို သင်ယူရန် ပါနေလေပြီ။

ဆန်ရှယ်ခုဆောကြီးက...

'ကျုပ်တို့ဂိုဏ်းရဲ့ အမွန်အမြတ် ဓားသိုင်းဖြစ်တဲ့ ထိုက်ကျိဖေ သိုင်းဟာ သိပ်အစွမ်းထက်ကယ်လို့တော့ မဆိုပါဘူး၊ ဒါပေမဲ့ လက်ရှိ သိုင်းလောကမှာတော့ ထိုက်ကျိဖေ ဓားသိုင်းကို ကျော်တဲ့ တခြားသိုင်းပညာကတော့ ခပ်ရှားရှားပါပဲ၊ အဆင့် သိုင်းပညာကို သင်ယူတဲ့အခါမှာ ဗွဲရှိရမယ်၊ ဗီဇပါရမီရှိရ အတွင်းအား နက်ရှိုင်းမှုကလဲ ရှိနေရဦးမယ်၊ လူကလေးရဲ့ အတွင်းအားဟာ ဒါ့ဆိုက အဆင့်မြင့် သိုင်းပညာတွေ သင်ယူဖို့ အတန်း မီနေတယ်၊ ဆယ်ရက်ဆိုတဲ့အချိန်ဟာ သင်တောင့် ကောင်းပေမယ့် လူကလေးကသာ ယုံချင်စိတ်ရှိရင် တစ်ခွန်း မကျန်အောင် သင်ယူနိုင်အောင် ငါစီစဉ်ပါ့မယ်'

'ညီလေး ဆန်ကွမ်းချီ၊ ဆရာကြီးရဲ့ ကျေးဇူးဟာ ညီလေး ပေါ် တောင်ကြီး တစ်တောင်ထက်တောင် ကြီးမားနေပြီ၊ ကျေးဇူးတင်စကားပြောဖို့ မေ့နေပြီလား'

ဆန်ကွမ်းချီသည် ရဲသေကြီးရှေ့၌ ဒူးထောက်ထိုင်ချကာ ထိုက်၏။

'ဆရာကြီးရဲ့ ကျေးဇူးဟာ အင်မတန် ကြီးမားလှပါတယ်၊ ကျွန်တော် ဦးညွှတ်ရှိခိုးလိုက်ပါတယ် ဆရာကြီး'

www.burmeseclassic.com

www.burmeseclassic.com



ရန်ရှယ်ရသေ့ကြီးက မြူးလိုက်သည်။

'လူကလေး...ငါ့ကို ကျေးဇူးတင်ဖို့ မလိုပါဘူး။ တင်ချင် တင်ရင် ငါကသာ လူကလေးကို ပြန်ပြီး ကျေးဇူးတင်ရမှာပ လူကလေးကသာ လက်မခံရင် ငါဘယ်လိုမှ အသေဖြောင့်မှာ မဟုတ်တော့ဘူး'

ဆန်ကွမ်းချီက လေးနက်စွာ ပြော၏။

'ဆန်ကွမ်းချီသာ မသေခဲ့ဘူးဆိုရင် သူဟာ အနှစ်နှစ်ဆ အတွင်းမှာ တတ်နိုင်သမျှ နည်းမျိုးစုံနဲ့ ဟူတန်းဂိုဏ်းအတွ အရည်အချင်းပြည့်ဝတဲ့ မျိုးဆက်သစ်ကို ရှာဖွေပေးမယ်၊ အဲ မျိုးဆက်သစ်ကို ကျင့်ဆန်သိုင်းကွက်နဲ့ ထိုက်ကျိဖေဓားသိုင်းက ပြန်လည် သင်ပေးမယ်၊ ဆရာကြီးရန်ရှယ်နဲ့ ဆန်ကွမ်းချီ နှစ်ဦးနှစ်ဖက် သဘောတူခဲ့တဲ့ ကတိကဝတ်တွေကို ဆန်ကွမ် ချီဟာ တာဝန်သဘောအရ မဟုတ်ဘဲနဲ့ မေတ္တာစေတနာအ ပါ အတောင်အထည် ပေါ်အောင် ဆောင်ရွက်ပေးပါမယ် ဒီစကားဟာ နှလုံးသားထဲက ထွက်ပေါ်လာတဲ့ စကားမဟု ဘူးဆိုရင် အသေဆိုးနဲ့ သေပါစေလို့ ကျိန်ဆိုကတိပြုပါတယ်'

ရန်ရှယ်ရသေ့ကြီးသည် မျက်ရည်ဝဲသော မျက်လုံးများဖြ ကြည့်ကာ ဆန်ကွမ်းချီ၏ ပခုံးပေါ်သို့ အသာအယာ လက်တ လိုက်သည်။



'ဒီလိုမကျိန်ပါနဲ့ လူကလေး၊ ငါဟာ ကွန်လုံဝမ်နဲ့ တွေ့ဆုံ ကတည်းက လူကဲခတ် မှားခြင်းအတွက် ပေးရတဲ့တန်ဖိုးဟာ ယ်လောက် ကြီးမားတယ်ဆိုတာ သိပြီးပါပြီ၊ လူကလေး ပေါ်မှာ နည်းနည်းကလေး သံသယရှိတာနဲ့ ဒီပညာတွေကို း၀ သင်ပေးမှာ မဟုတ်ပါဘူး'

တုထန်ဟိုသည် ဆန်ကွမ်းချီအတွက်အလွန်တရာဝမ်းမြောက် မ်းသာ ဖြစ်သွား၏။ အတွေ့အကြုံ များပြားလှသော တိဗက် ီးသည် သိုင်းပညာထက်မြက်ပါလျက် အလွန်တရာ ရိုးသား သော ဆန်ကွမ်းချီအပေါ် အံ့ဩဖွယ်ကောင်းလောက်အောင် ရင်းအစ်ကိုကဲ့သို့ ရင်းနှီးခင်မင်လျက်ရှိနေလေ၏။

ရန်ရှယ်ရသေ့ကြီးသည် တိုတောင်းသောဆယ်ရက်အတွင်း ိုင်းပညာသင်ပေးမည် ဆိုသဖြင့် အချိန်သည် ရွှေနှင့်စက်ရ ို တန်ဖိုးရှိနေကြောင်း တုထန်ဟို နားလည်သဘောပေါက် သည်။

'ညီလေး...ဆရာကြီးရဲ့ ဆုံးမစကားတွေကို မြေဝယ်မကျ းထောင်ပါ'

သူသည် ရန်ရှယ်ရသေ့ကြီးအား ဦးညွှတ်ဂါရဝပြုပြီး...

'ဆရာကြီး...ကျွန်တော့်ကိုခွင့်ပြုပါဦး၊ ကျွန်တော်ရှိနေ ဆရာကြီးတို့ရဲ့ အချိန်တွေကို အလကားဖြုန်းသလိုဖြစ်နေ မယ်'

www.burmeseclassic.com

www.burmeseclassic.com



ရန်ရွှယ်ရသေ့ကြီးက သာဓုခေါ်လေ၏။

တုထန်ဟို အပြင်ထွက်သွားသောအခါ ဆန်ကွမ်းချီ ပြေ လိုက်လာသေး၏။

'အစ်ကိုကြီး တုထန်ဟို'

တုထန်ဟို လှည့်ကြည့်၏။

'ညီလေး...ဒါဟာ ညီလေးအတွက် မမျှော်လင့်ဘဲရောက် လာတဲ့အခွင့်အရေးကြီးပဲ၊ ဟူတန်းဂိုဏ်းရဲ့ ကျင့်ဆန်သိုင်းကွ နဲ့ ထိုက်ကျီဓဖအားသိုင်းဟာ သိုင်းလောကမှာ ထိပ်သီးပညာ ဖြစ်တယ်၊ဒီပညာတွေကိုသာ တတ်မြောက်လိုက်ရင် ညီလေးဟာ တွန်လုံဝမ်ကိုကြောက်ဖို့မလိုတော့ဘူး၊ မိုးရွာတုန်းရေခံရတ ဆိုတဲ့စကားအတိုင်း အခွင့်ရခိုက်မှာ ကြိုးစားသင်ယူပါ'

'အစ်ကိုကြီးဆုံးမတဲ့ စကားတွေကို ကျွန်တော့် အသည် နှလုံးက မှတ်သားထားပါမယ်'

'ကဲ...ငါသွားမယ်၊ညီလေးကတော့ ဒီဘုရားကျောင်းပျ မှာပဲနေခဲ့ပေတော့၊ နောက်ဆယ်ရက် လွန်မြောက်တဲ့ နော တစ်နေ့မှာ ဒီနေရာကို ငါပြန်လာခဲ့မယ်'

'ဟုတ်ကဲ့...အစ်ကိုကြီးကို ညီလေး လိုက်မပို့နိုင်တဲ့အတွ ခွင့်လွှတ်ပါ'

'ကိစ္စမရှိဘူး'



တုထန်ဟိုသည် ပြေးထွက်သွားပြီးမှ ရုတ်တရက်လှည့်ကာ...

'ညီလေး...အခုရှိတွေ မတွေပြားနဲ့နော်၊ အသည်းနှလုံးနဲ့ ဘက်ပြီး ပူဆွေး ဆွေးမြည့်နေတာတွေကို ခေမ့ထားလိုက်'

'ဟုတ်...ဟုတ်ကဲ့'

'စိတ်ထွေပြားပြီး ဆရာကြီးသင်ပေးခဲ့တဲ့ သိုင်းပညာ ဟစ် ကွက်ကို မေ့လျော့သွားခဲ့ရင် နောင်တစ်ချိန်မှာ ညီလေး တ် နောင်တရနေတော့မယ့်လူ ရှိတော့မှာ မဟုတ်ဘူး'

'ဟုတ်ကဲ့၊ ကျွန်တော်မှတ်ထားပါမယ်'

'တစ်စုံတစ်ရာ အကြောင်းထူးရှိရင် ငါလာပြီးအကြောင်း ပါမယ်၊ မင်းသာ ဆရာကြီးပေးတဲ့ ပညာတွေကို ယူနိုင် သက်ယူပေတော့၊ ကဲ...ငါသွားတော့မယ်'

ထန်ဟိုပြေးထွက်သွားရာသို့ ဆန်ကွမ်းချီ ငေးမောကြည့် ည်။

ောက်ဆုံး တစ်ကိုယ်လုံး ပျောက်ကွယ်သွားသော အခါမှ ကျောင်းပျက်အတွင်းသို့ လှည့်ဝင်၏။

န်ကွမ်းချီ ဘုရားကျောင်းပျက်ထဲသို့ ရောက်ရှိလာသော ရန်ရွှယ်ရသေ့ကြီးသည် ကျောင်းပျက်ဇာခန်းမကြီးထဲ၌ ည်သည် လျှောက်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



တည်ကြည်သောမျက်နှာ၌ ဖြူဖွေးသောဆံကျစ်များ ဖွေးသော မုတ်ဆိတ်များဖြင့် တန်ဆာ ဆင်လိုက်သော ရန်ရှယ်ရှသေ့ကြီး၏မျက်နှာမှာ လွန်စွာ တည်ကြည်ခံ့ လှသည်။

နတ်ဘုရားတစ်ပါး မြေပြင်သို့ ဆင်းသက်လာသည့် ထင်မှတ်မှားရ၏။

ဆန်ကွမ်းချီသည် ဆရာမဟုတ်သော ဆရာ၏ ရှေ့ တပည့်မဟုတ်သောတပည့်အဖြစ် ဒူးထောက် ထိုင်ချ သည်။

'ဆရာကြီး....ကျွန်တော် ဆန်ကွမ်းချီ အသင့် ဖြစ် ခင်ဗျာ'

ရန်ရှယ်ရှသေ့ကြီး ခေါင်းညိတ်၏။

'ကောင်းတယ်၊အချိန်နဲ့ဒီရေဟာ လူကိုမစောင့်ဘူး က ဝါးမျိုခံရခြင်းဟာ အဆုံးရှုံးဆုံး အနုစ်နာဆုံးပဲ၊ ရှတ်ပြမယ်၊ အဲဒီသိုင်းကျမ်းလက်ရာကို ဖြည်းဖြည်းချင် ရှတ်ပါ'

'ဆရာကြီး အဲဒါ....'

'ထိုက်ကျီဖဓားသိုင်းရဲ့လက်ရာပဲ၊ တစ်အချက် ဒီသို လက်ရာတစ်ခုလုံးကို မြင်း အလွတ်ရနေရမယ်၊ နှ



ကွက် အားလုံးကို တစ်ကွက်ချင်းတစ်ခါးပြမယ်၊ အဲဒါကို ချိုင် တကယ်လို့ ငါသေသွားရင်လဲ မင်းအဖို့ နစ်နာမှု မရှိ တော့ဘူး'

'ထုတ်ကွဲ'

'အဲဒီနှစ်အချက်ကိုအပိုင်ရအားမယ်ဆိုမှ ဒီဓားသိုင်းရဲ့ လှည့် င်းကွက်တွေကို အချိန်ရသမျှ အသေးစိတ်သင်မယ်၊ သိုင်း တစ်ကွက်မှာ လှည့်ပြောင်းကွက် သုံးဆယ့်နှစ်ကွက်ရှိတယ်၊ ကွက်ပေါင်း ခြောက်ဆယ့်ရှစ်ကွက်မှာ လှည့်ပြောင်းကွက် သောင့်လေးဆယ့်ရှစ်ကွက် ရှိတယ်၊ အဲဒါတွေအား လုံးကို ရက်အတွင်း အကုန်ဘက်ဖို့ ဆိုတာတော့ မလွယ်ဘူး၊ တ်ပြီး ကျင့်ဆန်သိုင်းကွက်ကို သင်စရာလဲ ရှိသေးတယ်၊ ဒဲဖြစ်ဖြစ် မင်းရဲ့ဉာဏ်ရည်အပေါ်မှာ မူတည်တယ်၊ ကဲ.... ဆိုပေတော့'

ရန်ရှယ်ရှသေ့ကြီးသည် သိုင်းကျမ်းလက်ရာကို ဖြည်းဖြည်း ရှတ်ဆိုသွား၏။

ဆန်ကွမ်းချီက နောက်မှလိုက်ဆိုသည်။

သိုင်းကျမ်းလက်ရာမှာ ရှည်လျားလှခြင်းမရှိသဖြင့် မကြာမီ ကွမ်းချီ အလွတ်ကျက်မှတ်ရရှိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'လူကလေး ဇော်တယ်၊ မှတ်ဉာဏ် ကောင်းတယ်၊ ဒ... သင်ပေးရမယ့်လူကို တအား တက်စေတာပဲ၊ ကဲ...ဆက်... ရအောင်၊ သိုင်းကွက်တွေကို ကစားပြမယ်'

ရသေ့ကြီးသည် ကြမ်းပြင်၌ချထားသည့် ဓါးတစ်ချော... ကို ကောက်ယူပြီး ဖြည်းညင်းစွာ ကစားပြ၏။

ဆန်ကွမ်းချီမှာ အလျင်အမြန် လိုက်လံမှတ်သားရသည်...

အာရုံစိုက်၍ ကြည့်နေရသည်။

တစ်နာရီခန့်ကြာသောအခါမှ သိုင်းကွက်အားလုံး ကု... သွား၏။

ထိုအထဲတွင် လှည့်ပြောင်းကွက်များ မပါချေ။

'လူကလေး...ငါ နောက်တစ်ခါ ကစားပြမယ်'

ရသေ့ကြီးသည် ဒုတိယအကြိမ် ဖြည်းညင်းစွာ ကစား... ပြန်၏။

ဆန်ကွမ်းချီမှာ အထူးအာရုံစိုက်၍ ကြည့်နေရသည်။

တတိယအကြိမ် ကစားပြသောအခါ သိုင်းကွက်များ ... လာသည်။



'လူကလေး...ကြည့်လို့ တွက်လို့ရရဲ့လား'

'အကြမ်းအားဖြင့်တော့ ကြည့်လို့ရပါတယ်၊ အသေးစိတ်တော့ မရသေးဘူး၊ အစပိုင်းမှာ ရှင်းပေမယ့် နောက်ပိုင်းမှာ ရှုပ်ထွေးလာတယ်'

ရသေ့ကြီးက ကျေနပ်အားရစွာ ပြောလေ၏။

'ကောင်းတယ်၊ ဒီထိုက်ကျိဖေ ဓါးသိုင်းရဲ့ အနှစ်သာရကို လူကလေးဟာ သုံးပုံနှစ်ပုံနားလည်သွားပြီ'

'ခင်ဗျာ'

'ဒီဓါးသိုင်းဟာ သဘာဝတရားကို ကျောရိုးခံထားတယ်၊ အစပိုင်းမှာ ရှင်းတယ်၊ အလယ်မှာ ရှုပ်ထွေးတယ်၊ အဆုံးပိုင်းမှာ ပြန်ရှင်းသွားတယ်၊ ဒီသဘောတရားဟာ ထိုက်ကျိဖေဓါးသိုင်းရဲ့ အနှစ်သာရပဲ'

'ခင်ဗျာ'

ဆန်ကွမ်းချီမှာ အံ့ဩလွန်းသဖြင့် 'ခင်ဗျာ' ဆိုသောစကားမှ အပ အခြား ဘာမျှပြန်မပြောနိုင်ပေ။

'ဓါးသိုင်းရဲ့အစပိုင်းဟာ ရိုးစင်းတယ်၊ ရိုးစင်းမှုတွေပေါ်ခါ... တလဲလဲ အဖန်တစ်ရာရှုပ်စံအမျိုးမျိုးနဲ့ ထုတ်သုံးတဲ့အခါမှာ ရှုပ်ထွေးလာတယ်၊ ရှုပ်ထွေးမှုတွေအားလုံးကို ကြည့်မြင်နိုင်စွမ်း

www.burmeseclassic.com



ရှိလာတဲ့အခါမှာတော့ ဒီရှပ်ထွေးမှုတွေအားလုံးဟာ ရိုးစင်းမှုတွေအားလုံးကို ပုံစံအမျိုးမျိုးနဲ့ ထုတ်သုံးသွားတာပါကလားလို့ နားလည်သဘောပေါက်လာလိမ့်မယ်၊ ရိုးစင်းခြင်းဟာ ရှုပ်ထွေးခြင်းရဲ့အစမဲ့၊ ရှုပ်ထွေးခြင်းရဲ့အဆုံးဟာ ရိုးစင်းခြင်းပဲ'

ဆန်ကွမ်းချိုသည် ပိုင်မာစန်းတောင်၌ အဘဆရာကြီးထံ၌ သင်ကြားခဲ့ရသည့် သိုင်းပညာ သဘောတရားမှာ ဤသဘောတရားများနှင့် မတူပေ။

ထို့ကြောင့် သူ့အဖို့ ဆန်းကြယ်သလို ဖြစ်နေ၏။

'အကြမ်းအားဖြင့် နားလည်နိုင်စွမ်းရှိတာကပဲ အတော်တန်ဖိုးရှိနေပြီ၊ ဒီနေ့ တစ်ရက်တည်းနဲ့ မကုန်သေးဘူး၊ အတော်ကလေး အရာရောက်နေပြီ၊ ဒါပေမယ့် တိုက်ကွက်ဖေ ဓားသိုင်းဟာ တစ်ကွက်နဲ့တစ်ကွက် ကွင်းဆက်သဘောမျိုးရှိတယ်၊ တောင်ကုန်းတွေဆက်သလို ဆက်နေတယ်၊ တောင်ကုန်းနှစ်ခုကြားမှာ ဆက်စပ်မှု အဆင်းအတက်ရှိတယ်၊ နောက်တစ်ခုကို ဆက်တက်ဖို့ ရှိနေတဲ့တစ်ခုက ချောချောမွေ့မွေ့ ဆင်းနိုင်ဖို့ လိုအပ်တယ်၊ အဲဒီကြား အလှည့်အပြောင်းတွေကို ခမေ့နေရင်တော့ ဒီ သိုင်းပညာ ခြောက်ဆယ့်လေးကွက်စလုံး ဘာမှ တန်ဖိုးမရှိတော့ဘူး၊ ကဲ...ဓားထုတ်၊ အပြီးလေ့ကျင့် လိုအပ်တာကို ငါပြောမယ်'

ဆန်ကွမ်းချိုသည် ဓားကိုင်ပြီး ရန်ရှယ်ရသေ့ကြီး လှုပ်ရှားကစားပြသွားသည့်အတိုင်း စတင်လေ့ကျင့်တော့သည်။



သိုင်းပညာ သဘောတရားနှင့် လက်တွေ့လှုပ်ရှားကစားခြင်းကို ပေါင်းစပ်ကစားလိုက်သောအခါ ဆန်ကွမ်းချိုသည် လှည့်ပြောင်းကွက်များကို တဖြည်းဖြည်း နားလည် သဘောပေါက်လာလေတော့၏။

သင်ကြားပေးသူက စိတ်ဇောထက်သန်စွာ သင်ကြားပေးပြီး သင်ယူသူက အထူးလုံ့လဝီရိယစိုက်၍ သင်ယူသဖြင့် အချိန်ကုန်မှန်းမသိ ကုန်လာ၏။

မှောင်စပျိုးလာသောအခါ ရန်ရှယ်ရသေ့ကြီးက ဆန်ကွမ်းချိုအား ရပ်ဆိုင်းခိုင်း၏။

'ခဏနေဦး၊ အခု အတော်ကလေး မှတ်မိနေပြီ၊ သာမန် လူတစ်ယောက်ဆိုရင် လူကလေး သဘောပေါက်တဲ့အထိ တစ်နှစ်လောက် သင်ယူရလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် ဆယ်ရက်အတွင်းမှာ ငါတို့ မျှော်မှန်းထားသလို ပေါက်ရောက်အောင်မြင်မှာ သေချာတယ်'

ဆန်ကွမ်းချိုသည် လေ့ကျင့်မှု ရပ်ဆိုင်းလိုက်၏။

ရန်ရှယ်ရသေ့ကြီးက....

'အခုတော့ မှောင်ပြီ၊ ခဏနားကြမယ်၊ စားစရာ တစ်ခုခု စားပြီးမှ ဟုန်ဂိုဏ်းရဲ့ ကျင့်ကျံအတွင်းအား လေ့ကျင့်နည်းကို သင်ပေးမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီး၊ ကျွန်မတော် အမျိုးကျောကျော အရေခန်းခန်း သ
ယူပါမယ်၊ ကတိစကားတွေကိုလဲ တတ်နိုင်သမျှ အောင်မြင် 
မြောက်အောင် ဆောင်ရွက်ပေးပါမယ်'

'လူကလေး၊ ဒီအတွက် မင်းက ငါ့ကို ကျေးဇူးတင်ဖို့ မ
အူး၊ ငါကသာ မင်းကို ကျေးဇူးတင်နေရမှာ၊ ငါက ဒီဟူတန်
ဂိုဏ်းရဲ့ ခါးသိုင်းပညာကို သင်ပေးတာဟာ ဟူတန်းရဲ့ မျိုးဆ
ပညာ မတိမ်ကောစေဖို့နဲ့ ဟူတာန်းကျောင်းတော်ရဲ့ တည်
မှု လုံခြုံမှုကို အကာအကွယ် ပေးစေချင်လို့ပဲ'

ရသေ့ကြီးသည် လက်ခုပ်သုံးချက် တီးလိုက်၏။

ရန်ကျင့်ရသေ့ကြီး ဝင်လာသည်။

လက်ထဲ၌ သစ်သီးများထည့်ထားသည့် သစ်သားဗန်းကြီး
ကိုင်ဆောင်လာ၍။

သစ်သားဗန်းကြီးကို ရန်ရွှယ်ရသေ့ကြီးရှေ့၌ ချထားပြီး
ဂါရဝပြုသည်။

သစ်သားဗန်းထဲ၌ သီးနှံမျိုးစုံ ပါရှိသည်။

'လူကလေး...ကြိုက်တာယူစား၊ နောက်မှ ဆက်သင်မယ်'

ရန်ရွှယ်ရသေ့ကြီးက...



'ညီတော် ရန်ကျင့်၊ ဒီဆယ်ရက်အတွင်းမှာ ဒီခန်းမထဲကို ဘယ်သူမှ ဝင်မလာစေနဲ့၊ ဘယ်သူမှလဲ ချောင်းမကြည့်စေနဲ့၊ ငါ ခေါ်မှ ဝင်လာခဲ့ကြ'

'ဟုတ်ကဲ့...အမိန့်အတိုင်း ဆောင်ရွက်ပါ့မယ်'

'ညဘက်မှာ အသုံးပြုဖို့ ဖယောင်းတိုင်တွေကိုလဲ ဟောဒီ ပလ္လင်ပျက်ပေါ်မှာ တင်ထားပါ၊ ညဘက်မှာ အလင်းရောင် ပိုရဖို့လိုတယ်'

'ဟုတ်ကဲ့'

'ကိစ္စရှိရင် ငါလက်ခုပ်တီး ခေါ်လိုက်မယ်'

ရန်ကျင့် ရသေ့ကြီးသည် လက်အုပ်ချီပြီး ဖြည်းဖြည်း နောက်ဆုတ်သွားလေ၏။

ရန်ကျင့်ရသေ့ကြီးသည် ပြောင်းလဲသွားသည့်အဖြစ်အပျက် ကို လုံးဝ နားမလည်ချေ။

သူ့အစ်ကိုတော် ရသေ့ကြီးက ကွန်လုံဝမ်နှင့် ပတ်သက် ဆက်စပ်သူများ တွေ့ရှိပါက သူ့ဆီသို့ ခေါ်ခဲ့ရန် အမိန့်ပေး သည်။

သူကလည်း ကံအားလျော်စွာ တွေ့ရှိပြီး ခေါ်ဆောင်လ ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိုဩဖွယ်ကောင်းသည့် အချက်မှာ ယနေ့မှ တွေ့ရသော လူငယ်ကို နောင်တော်ရသေ့ကြီးက သိုင်းပညာ သင့်ကြားပေးနေခြင်း ဖြစ်သည်။

သို့သော် သူ့အနေဖြင့် နောင်တော်ရသေ့ကြီးအား မခမ်းရဲသဖြင့် သိချင်စိတ်ကို မျိုသိပ်ကာ တဖြည်းဖြည်း နောက်ဆုတ်သွားရသည်။

ရန်ကျင့်သည် ကျောင်းပျက်အပြင်သို့ရောက်သည်နှင့်လက်ခုပ်သုံးချက် တီးလိုက်သည်။

အစိမ်းရောင် ဝတ်ရုံရှည်နှင့် မီးခိုးရောင် ဝတ်ရုံရှည်များ ဝတ်ဆင်ထားသည့် ရသေ့ငယ်ဆယ်ပါး ရောက်ရှိလာ၏။

'တပည့်တို့....ဒီကျောင်းပျက်ရဲ့ ကိုက်ငါးဆယ်အတွင်း ဘယ်သူမှ ဝင်မလာနိုင်အောင် စောင့်ကြပ်ကြပါ။ အရပ်ဆယ်မျက်နှာစလုံးခွဲဝေပြီး စောင့်ကြပ်ကြ၊ အကြောင်းထူးရင် ငါ့ကို အချက်ပေးပါ။ မင်းတို့ထဲက ဘယ်သူမှ ကျောင်းပျက်ထဲ မဝင်ရ၊ မကြည့်ရ၊ အားလုံးကြားသလား'

'ဟုတ်ကဲ့.... ကြားပါတယ်၊ အမိန့်အတိုင်း ဆောင်ရွက်ပါ့မယ်'

'ဒါဖြင့် ကိုယ့်တာဝန်ကိုယ် ထမ်းဆောင်ကြပေတော့'



ရသေ့ငယ်ဆယ်ပါးသည် အနည်းငယ် တိုင်ပင်နှီးနှောကြပြီး အရပ်ဆယ်မျက်နှာသို့ ပြေးထွက်သွားလေတော့၏။

ရန်ကုင့်ရသေ့ကြီးမှာမူ ဆန်းကွမ်းချိတည်းဟူသော လူငယ်အကြောင်းကို ငေးမော ထွေးတောနေမိလေ၏။

❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀၅)

### ဟူထန်း ဂိုဏ်းချုပ်ကြီး၏ ဘဝနိဂုံး

‘ထိုက်ကျိဖေ ခါးသိုင်းဟာ သိုင်းလောကထဲမှာ အကောင်းဆုံး ခါးသိုင်း၊ ပြိုင်ဘက်မရှိတဲ့ ခါးသိုင်းလို့ မပြောလိုဘူး၊ ဒါပေမယ့် အင်မတန် အဆင့်အတန်းမြင့်တယ်ဆိုတာတော့ ငါ ပြောနိုင်ပါတယ်၊ နက်ရှိုင်းတဲ့ အတွင်းအားမရှိရင် ဒီခါးသိုင်းကို မသင်နိုင်ခြင်းကပဲ ဒီခါးသိုင်းရဲ့ ထူးခြားမှုကို ပြသနေတယ်’

‘ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါတယ်’

‘မင်းကို ငါသင်ပေးနေရင်း ငါ့ခန္ဓာကိုယ်ထဲမှာ အတွင်းအား ပြောင်းလဲမှုတွေ ဖြစ်ပေါ်နေတယ်၊ ဒီပုံအတိုင်းဆိုရင် ယ်ရက်တောင် ခံပါ့မလား မသိဘူး၊ ဒါကြောင့် ရှိနိုင်သမျှ အချိန်အတွင်းမှာ ဆက်တိုက် ဆက်သင်မယ်လို့ ငါဆုံးဖြတ်လိုက်တယ်’

www.burmeseclassic.com



'ဆရာကြီး....ဆရာကြီးရဲ့ ခန္ဓာကိုယ်ထဲမှာ ပြောင်းလဲမှုတွေ ဖြစ်ပေါ်နေတယ်ဆိုရင် ခေတ္တခဏ အနားယူလိုက်ပါလား ခင်ဗျာ၊ အနားယူပြီးမှ ဆက်သင်ရင်....'

ရန်ရှယ်ရသေ့ကြီးက လက်ကိုကာရင်း....

'ဖြစ်ပျက်ပြောင်းလဲမှုဆိုတာ မျက်စိတစ်မှိတ်လက်ဖျစ်တစ်တွက် အတွင်းမှာပဲ ပြောင်းလဲတတ်တယ်၊ သေခြင်းတရားကို ဘယ်သူ တန့်တားလို့ မရဘူး၊ ငါဟာ အသက် ကိုးဆယ်ကျော်နေပြီ ဒါကြောင့် ညဘက်မှာလဲ ဆက်ပြီး လေ့ကျင့်ကြမယ်'

ဆန်ကွမ်းချီမှာ တည်ကြည်ခန့်ညားလှသော ရသေ့ကြီး၏ မျက်နှာတို့ မော့ကြည့်မိသည်။

ရသေ့ကြီးသည် သူ့တတ်ထားသည့် သိုင်းပညာ့များ အိတ်သွန်ဖာမှောက် သင်ကြားပေးပေတော့မည်။

'ဟုတ်ကဲ့၊ ဆရာကြီး သင်ပေးသမျှ ကျွန်တော် သင်ယူဖို့ အဆင်သင့် ရှိနေပါတယ်၊ စိတ်ကြိုက်သာ သင်ပေးပါ ခင်ဗျာ'

'ကောင်းတယ်၊ မျက်လုံးမှိတ်ထား၊ စိတ်ထဲမှာရှိတဲ့ အတွေးအထွေးတွေကို ဖယ်ထုတ်လိုက်၊ ကျင့်ကျ အတွင်းအားလက်ဖျားကို ရှုတ်ပြမယ်၊ နောက်မှ ကိုယ်တိုင်သာ အနုလုံပဋိလုံရှုတ်ပြီး ပြန်စဉ်းစား၊ ပြန်လေ့ကျင့်'



ရသေ့ကြီးသည် လမ်းလျှောက်ရင်း လက်ဖျားကို ရှုတ်ပြသွားသည်။

လက်ဖျား အလွတ်ရသွားသောအခါ တင်ပျဉ်ခွေ ထိုင်စေပြီး အတွင်းအား လေ့ကျင့်စေသည်။

အတွင်းအား လေ့ကျင့်မှုကို အနည်းငယ် သဘောပေါက်သည့်အခါ 'ကျင့်ဆန်သိုင်းကွက်'ကို သင်ကြားပေးပြန်လေ၏။

ထိုသိုင်းကွက်ကို အနည်းငယ် သဘောပေါက်သည့်အခါ ထိုက်ကျိဖေ့ဘောသိုင်း၏ လှည့်ပြောင်းကွက်များကို သင်ကြား ပေးပြန်၏။

ဆရာတပည့် နှစ်ဦးစလုံး တစ်မှေးမျှ မအိပ်ကြဘဲ မိုးလင်းသည်အထိ လေ့ကျင့်ကြရသည်။

အချိန်သည် လွန်စွာကုန်လွယ်လှ၏။

သူတို့၏စိတ်ထဲ၌ တစ်ရက်မျှသာ ရှိသေးသည်ဟု ထင်ချိန်၌ ရက်သတ္တတစ်ပတ် ကုန်ဆုံးသွားခဲ့သည်။

သူတို့သည် ရက်သတ္တတစ်ပတ်လုံး တစ်နေ့တွင် တစ်ကြိမ်သာ သစ်သီးသစ်ဥများကို စားသောက်ကြ၏။

ရန်ရှယ်ရသေ့ကြီးကမူ ဆန်ကွမ်းချီလောက်ပင် မစား သောက်ချေ။

www.burmeseclassic.com

www.burmeseclassic.com

ရှစ်ရက်မြောက်သော နေ့တွင် ဆန်ကွမ်းချိုသည် ရန်ရှယ်ရသေ့ကြီး၏ အုံဩဖွယ် ကောင်းသော တမည့် မဟုတ်သည့် တမည့်အဖြစ် ဓာတ်ကမ်းတာင် ချီးကျူးခြင်းခံရသည်။

အဘယ်ကြောင့်ဆိုသော် သိုင်းကွက်ပေါင်း ခြောက်ဆယ် လေးကွက်နှင့် လှည့်ပြောင်းကွက်ပေါင်း နှစ်ထောင့်လေးဆယ် ရှစ်ကွက်လုံးကို ဆန်ကွမ်းချိုတစ်ယောက် မှတ်မိ အတ်ကျမ် သွားသောကြောင့်တည်း။

သို့သော်...

ထိုအချိန်မှာပင် ရန်ရှယ်ရသေ့ကြီးသည်လည်း မီးစာကုန် ဆီခန်းဖြစ်သွားခဲ့သည်။

ရသေ့ကြီးသည် တင်ပျဉ်ခွေထိုင်၍ အသက်ငင်အား လေ့ကျင့် သည်။

သူ၏ နောက်ဆုံးအချိန်များကို တတ်နိုင်သမျှ ဆွဲထားရန် ကြိုးစားနေခြင်းပင် ဖြစ်ခဲ့တော့၏။

ဆန်ကွမ်းချိုသည် စိုးရိမ်ထကြီးဖြင့် အနား၌ သွားထိုင် သည်။

ထို့နောက်, စိုးရိမ်တကြီး ခေါ်လိုက်၏။

'ဆရာကြီး...ဆရာကြီး၊ ကျွန်တော် ဘာလုပ်ပေးရမလဲ၊ အတွင်းအား ဆက်ပေးရမလား'



သေ့ကြီး၏ မျက်လုံးများ ပွင့်လာသည်။

ါကိုကုန်ပြီ၊ ဒါပေမယ့် ငါ့ရဲ့ လိုအင်ဆန္ဒတွေ ပြည့်ဝတဲ့ ် ငါ အများကြီးပျော်ပါပြီ၊ ထိုက်ကျိုးဖော်သိုင်းနဲ့ ဆန်သိုင်းကွက်ဟာ သိုင်းလောကထဲမှာ ရှင်သန်ဖို့ကိုရှိဟာ င်...ခအောင်မြင်...'

သေ့ကြီး၏အသံများ ပြတ်တောင်း ပြတ်တောင်း ဖြစ် ၏။

ကလေး...ရန်ကျင့်ကို ခေါ်လိုက်စမ်း'

ဆန်ကွမ်းချို ခုန်ထွက်ပြေးလွှားသွား၏။

ပြန်ဝင်လာသောအခါ စိုးရိမ်တကြီး လိုက်လာသည့် ကျင့်ရသေ့ကြီး ပါလာ၏။

ဆန်ကွမ်းချိုမှာ ရန်ရှယ်ရသေ့ကြီး မောဟိုက်နေပုံကို ကြည့် ျက်ရည်များ ဝဲလာ၏။

ခင်း...ငါ့ကို ဒီဆယ်ရက်အတွင်း အပြင်းအသန်သင်ပေး ဆရာကြီးဟာ အခုလိုဖြစ်မှာ မဟုတ်ဘူး'

ကျလာသော မျက်ရည်များကို လက်ခုံဖြင့် သုတ်လိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ရှယ်ရသေ့ကြီးသည် ဝင်သက်ထွက်သက်ကိုမှတ်၍
ကို ထိန်းနေ၏။

ရန်ကျင့်ရသေ့ကြီးနှင့် ဆန်ကွမ်းချီတို့မှာ စကားမ
ပေးစိုက်ကြည့်နေကြသည်။

အတန်ကြာမှ....

ရသေ့ကြီး၏မျက်လုံးများ ပွင့်လာသော်၊

ရန်ကျင့်ရသေ့ကြီးအား ပြုံး၍ကြည့်၏။

'ညီတော် ရန်ကျင့်၊ ဒီသူငယ်ဟာ ဟူတန်းဂိုဏ်းရဲ့ ဆ
ကွမ် ကျောင်းတော်ကို တစ်ချိန်ချိန်မှာ ရောက်ရှိလာလိမ့်
အဲ့ဒီအခါမှာ ညွှန်ကြားကူညီ

ရန်ကျင့်ရသေ့ကြီးသည် ကြမ်းပြင်နှင့် ဦးခိုက်ပြော၏

'စိတ်ချပါ နောင်တော်'

'ငါ သေဆုံးသွားတဲ့အခါမှာ ညီတော်ရန်ကျင့်ကပဲ ဟူ
ဂိုဏ်းကို အုပ်ချုပ်သွားရမယ်'

'နောင်တော်'

ရန်ကျင့်ရသေ့ကြီးက ထိတ်လန့်တကြား အော်လိုက်



န်ရှယ်ရသေ့ကြီးက တည်ကြည်လေးနက်စွာ ပြော၏။

ညီတော်ရန်ကျင့် သခ်ါရတရားကို ဘယ်သူမှမလွန်ဆန်နိုင်
ငါ့နေရာကို ဆက်ခံနိုင်သူဆိုလို့ ညီတော်ပဲရှိတယ်၊ ဘာမှ
တတက်မနေနဲ့၊ ငါ အမိန့်ပေးသလို ဆောင်ရွက်ပါ'

ဟုတ်...ဟုတ်ကဲ့၊ အမိန့်အတိုင်း ဆောင်ရွက်ပါ့မယ်'

န်ရှယ်ရသေ့ကြီး၏ အသံမှာ တိုးညှင်းလာသည်။

ငါသေရင် ငါ့အလောင်းကို ဆန်ရှယ်ကွမ် ကျောင်းတော်
ဆုံးယူသွားကြ၊ ဒီသတင်းကိုလျှို့ဝှက်ထားပေမယ်၊ ကျောင်း
အတိုင်းလုပ်နေရင် ဒီသတင်း ပေါက်ကြားသွားလိမ့်
ကြောင့် အလောင်းကို လျှို့ဝှက်ပြီး မြေမြှုပ်ရမယ်၊
ကြီးကျယ်ကျယ် မလုပ်ရဘူး'

တမင်းသက်သက်

ခုံရောက်အောင်

န်ကျင့် ရသေ့ကြီးမှာလည်း အသက်ငယ်လှသည်

သော်....

နောင်တော်က နောက်ဆုံးအသက်မထွက်မီ မှာကြာ
း သိနေသဖြင့် မျက်ရည်များ စီးကျလာလေသည်ကို ရှိသေ

နောင်တော်....နောင်တော်'

www.burmeseclassic.com

www.burmeseclassic.com



'ဘာမှထပ်မပြောနဲ့၊ ငါပြောသမျှကိုသာ တိတိကျကျ နား၊ ဂိုဏ်းကိုစောင့်ရှောက်...'

ရန်ရှယ်ရသေ့ကြီး၏ မျက်လုံးများ တဖြည်းဖြည်း မှေး သွား၏။

နောက်ဆုံး ခေါင်းငိုက်စိုက်ကျသွားပေတော့သည်။

'နှောင်တော်'

'ဆရာကြီး'

ဂိုဏ်းတူညီဖြစ်သူနှင့် တပည့်မဟုတ်သော တပည့်တို့၏ ကြား၊ အောင်ခေါ်သံသည် ဘုရားကျောင်းပျက်အတွင်း၌ အဲ့ဒီအတိုင်း ထွက်ပေါ်လာလေ၏။

ရန်ကျွမ်းချိသည် ရန်ရှယ်ရသေ့ကြီး၏ နှလုံးခုန်သံ

'စိတ်'

'[illegible]သွန်တော့ပြီ'

ဂိုဏ်း[illegible]ကြီးသည် လူ့လောကမှ တခါလွန်ဝေဝဆိုပြီး ကူး[illegible]ပြောင်းသွားခဲ့လေပြီ။

သိုင်းလောကဥ္စ ကြီးမြင့်သော ဝါရင့်ကြီး ဂိုဏ်းချုပ်ခေါင်းသည် ဤသို့ဖြင့် ဘဝနိဂုံးချုပ်သွားခဲ့ရလေပြီ။



ဆန်ကျွမ်းချိမှာ မျက်ရည်များ မဆည်နိုင်အောင် ကျဆင်း လာသည်။

'ဆရာကြီး...ဆရာကြီးဟာ ကျွန်တော့်အပေါ် တပည့်အဖြစ် မယတ်မှတ်ပေမယ့် စိတ်စေတနာရင်းကတော့ ဆရာတပည့် စိတ်စေတနာရင်းအတိုင်း ရှိခဲ့ယ်ဆိုတာ ကျွန်တော်နားလည် သဘောပေါက်ပါတယ်၊ ကျွန်တော်အသက်ရှိနေသ၍ ကာလ တော်လုံးဆရာကြီးရဲ့ကျေးဇူးကို မမေ့ပါဘူးခင်ဗျာ'

ဆန်ကျွမ်းချိသည် ရန်ရှယ်ရသေ့ကြီး၏ အလောင်းတော်၌ တထွေတွေ့ဖြစ်နေသည်။

ရန်ကျင့်ရသေ့ကြီးသည် မျက်ရည်သုတ်လိုက်သည်။

'မိတ်ဆွေလေး...လာမ်းကြုံလို့ပဲ ဖြစ်ဖြစ်၊ တမင်သက်သက် လာလို့ပဲဖြစ်ဖြစ် ဆန်ရှယ်ကွမ်ကို တနည်းနည်းနဲ့ရောက်အောင် လာခဲ့ပါ၊ မမေ့ပါနဲ့နော်'

ဆန်ကျွမ်းချိသည် မျက်ရည်များသုတ်ပြီး...

'စိတ်ချပါ ကျွန်တော်အရောက်လာခဲ့ပါမယ်'

ဆန်ကျွမ်းချိသည် ရန်ရှယ်ရသေ့ကြီး၏အလောင်းကို ရှိသေ လေးမြတ်စွာ ရှိခိုးကန်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကျင့်ရသေ့ကြီးသည် ဘုရားကျောင်းပြင်သို့ ခေတ္တထွက်သွားပြီး ဟူတန်းဂိုဏ်းသား ရသေ့များအား အော်ဟစ်အမိန့်ပေးသည်။

အတန်ကြာသော် သစ်ခက်သစ်ကိုင်းများ၊ အစိမ်းရောင်ဝတ်ရုံရှည်ကြီးများ ကာရံထားသည့် ဝေါယာဥ်တစ်ခုကိုဘုရားကျောင်းပျက်ထဲ သယ်ဆောင်လာ၏။

ရန်ရှယ်ရသေ့၏ အလောင်းကို ဝေါယာဥ်ထဲ ထည့်ပြီး ဟူတန်းရသေ့လေးပါးက ထမ်းယူလိုက်ကြသည်။

ရန်ကျင့်ရသေ့ကြီးက....

'မိတ်ဆွေကလေး၊ ကျုပ်တို့သွားတော့မယ်၊ နောင်....'

'စိတ်ချပါခင်ဗျာ၊ ကျွန်တော်အရောက်လာခဲ့ပါ့မယ်'

ဆန်ကွမ်းချီသည် ရန်ကျင့်ရသေ့ကြီးအား ဦးညွှတ်ဂါရဝပြုလိုက်သည်။

ရန်ကျင့်ရသေ့ကြီးသည် တောင်ဝှေးကိုကိုင်လျက် ရှေ့မှဦးဆောင်ထွက်ခွာသွားတော့သည်။

ဆန်ကွမ်းချီသည် မျက်ရည်များ စို့နေသည့် မျက်လုံးများဖြင့် ရန်ရှယ်ရသေ့ကြီး၏ဝေါယာဥ်အား ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့ရှာတော့သည်။



သူ၏ရင်ထဲ၌ ဟာ၍ကျန်ရစ်ခဲ့၏။

သူ့အား ထိုက်ကျိဖေ ဓားသိုင်းကွက်များကို လှုပ်ရှားပြခဲ့သည့် ရန်ရှယ်ရသေ့ကြီး၏ လှုပ်ရှားမှုကို မျက်စိထဲ၌ မြင်ယောင်လာသည်။

ယခုမူ ဆရာကြီးသည် တမလွန်တဝမှနေ၍ မိမိအား စောင့်ကြည့်နေပေတော့မည်။

'ဪ....ဘယ်ပုဂ္ဂိုလ်မဆို သူ့ သေဆုံးထာနဲ့ အနဆောင်ယောင်အားလုံး မြေကြီးထဲရောက်သွားတော့တာပဲ၊ ဂုဏ်ပုဒ်ကလေး ကျန်ရစ်ခဲ့တဲ့လူကတော့ ကြီးမြတ်တဲ့ ပုဂ္ဂိုလ်အဖြစ်နှင့်တင် ကျန်ရှိခဲ့တာပဲနော်'

ညနေ နေဝင်ဆည်းဆာဖြစ်နေသဖြင့် ကောင်းကင်ကြီးတစ်ခုလုံး နီရဲနေသည်။

ဆန်ကွမ်းချီသည် ကောင်းကင်ကြီးကို မော့ကြည့်လိုက်၏။

ထိုစဥ်....

'ညီလေး ဆန်ကွမ်းချီ'

ဆန်ကွမ်းချီသည် အိပ်ရာမှလန့်နိုးလာသကဲ့သို့ လှည့်ကြည့်သည်။

တုထန်ဟိုသည် သူ့အား ပြုံး၍ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိမှာ ချက်ချင်း မျက်ရည်များ စီးကျလာပြီး…

'အစ်ကိုကြီးတုထန်ဟို…ရန်ရွှယ်ရသေ့ကြီး ကွယ်လွန်သွားပြီ'

'တင်'

တုထန်ဟိုမှာ မယုံနိုင်အောင် ဖြစ်သွားခဲ့လေ၏။

'ညီလေး…အခုဆယ်ရက်ခတောင် မရှိသေးဘူး'

'ဟုတ်တယ်၊ ကျွန်တော်ကို ပြင်းပြင်းထန်ထန် သင်ကြားပေးတဲ့အတွက် အခုလို နှစ်ရက်စောပြီး ကွယ်လွန်သွားတာ ဖြစ်လိမ့်မယ်'

'ဘယ်မှာသဲ့ချပ်ကသာဘူး၊ ငါသွားကန်တော့မယ်'

တုဆန်ဟိုသည် ဘုရားကျောင်းပျက်ထဲသို့ ဝင်ရန် ဟန်ပြင်လိုက်သည်။

ဆန်ကွမ်းချိက လက်ဖြင့်ကာရင်း…

'ရန်ရွှယ်ရသေ့ကြီးရဲ့ ရုပ်ကလာပ်ကို ဟူတန်းတောင်ပေါ် သယ်သွားပြီ၊ သူ့သေဆုံးမှုသတင်းဟာ ဆန်ရွှယ်ကွမ်ကျောင်းရဲ့ တည်တံ့မှုကို အများကြီး အထောက်အကူ ပြုနိုင်တဲ့အတွက် လျှို့ဝှက်ထားရမယ်လို့လဲ မိန့်ကြားခဲ့ပါတယ်'



တုထန်ဟိုသည် အခဝေးသို့ငေးမျှော်နေပြီးမှ ခေါင်းတိုးတိုးမေး လေ၏။

'ညီလေး…ဓားသိုင်းပညာကို အကုန်အစင် အောင်မြင် လိုက်ရဲ့လား'

ဆန်ကွမ်းချိက စိတ်ထိခိုက်စွာ ပြောသည်။

'ဆရာကြီးဟာ ဒီရှစ်ရက်အတွင်းမှာ ထိုက်ကျိုးဓား ဓားသိုင်းရော၊ ကျင့်ဆန်သိုင်းကွက်ရော၊ ကျုံကျင်အတွင်းအားသိုင်း အားလုံးကို သင်ကြားပေးနိုင်ခဲ့ပါတယ်၊ ဒီညာ တွေအားလုံးကို တကယ်တမ်း ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ဖို့ကတော့ အနည်းဆုံးတစ်နှစ်ကနေ အများဆုံး ငါးနှစ်အထိ လေ့ကျင့်ရမယ်လို့ မိန့်ကြားခဲ့ပါတယ်၊ ကျွန်တော့်ကို ဒီလိုအပြင်းအထန် သင်ကြားပေးလို့လဲ အခုလိုသေဆုံးသွားရရှာတာပါပဲ အစ်ကိုကြီးရာ'

'ဒီလိုလဲမထင်ပါနဲ့ ဆရာကြီးဟာ သူ့လောကရှမ်းသို့အချိန်နဲ့ နေ့ကို အားသွန်ပြီးသင်ကြားပေးခဲ့တာပါ၊ ညီလေး… ပေးလဲ သူလေမှာသေချာပါတယ်၊ ဘာမှမစိုးရိမ်နေပါနဲ့၊ သူ့ကိုကတိပေးခဲ့တဲ့အတိုင်း ညီလေး…အောင်မြင်ပေးရင် ညီလေးကို တမလွန်ဘဝကနေ သာဓုခေါ်နေမှာ ပါ…ချာပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီး ပေးအပ်သွားတဲ့ တာဝန်တွေက ကြီးလေးတာ တော့ အမှန်ပဲနော်'

တုထန်ဟိုတ ခေါင်းညိတ်ကာ....

'တချို့ကိစ္စတွေဟာ တစ်စော်ဒက်တည်းရဲ့ အင်အားနဲ့ မတတ်နိုင်ဘူး၊ ဒါပေမယ် ညီလေးထွမ်းဆောင်ရမယ် တာဝန် ကတော့ တစ်ဦးချင်းတစ်ယောက်ချင်း ထမ်းဆောင်လို့ရနိုင်တဲ့ တာဝန်ပါပဲ'

ထိုစဉ် စူးရှသောလေချွန်သံသည် လေထုကို ဖောက်ခွဲ၍ ထွက်ပေါ်လာလေ၏။

'ဒါ ဘာသံ'

ဆန်ကွမ်းချီက ထိတ်လန့်တကြား ပြောလေ၏။

ထိုလေချွန်သံမျိုးကို ယွမ်ရှောက် လေချွန်တတ်သောကြောင့် ဖြစ်ပေသည်။

တုဆန်ဟိုက....

'ဒါ ဘာထူးဆန်းသလဲ၊ ကွန်လုံဝမ်ရဲ့ ဂိုဏ်းသားတွေကော ကျွန်လုဂိုဏ်းသားတွေကော ဒီအနီးတစ်ဝိုက်မှာ ရှိနေကြတာပဲ၊ သူတို့ဟာ ပြောင်တလင်း စိန်ခေါ် တိုက်ခိုက် နေ ရာ ထ နေ



အမှောင်ရိပ်ထဲကတိုက်တဲ့ တိုက်ပွဲအဆင့်ကို ပြောင်းလဲသွ ကြပြီ၊ ဒီလေချွန်သံဟာ တစ်ဖက်ဖက်က လူစုဖို့ အချက်ပေး လေချွန်သံပဲ ဖြစ်မှာပေါ့၊ ဘာမှ မထူးဆန်းပါဘူး'

'ဟား....ဟား....ဟား၊ အတွင်းအားကောင်းတဲ့ အဆင့်မြ သိုင်းသမားတစ်ယောက်ယောက် လေချွန်တဲ့အသံလို့ ပြော မဟုတ်လား၊ ဒီမှာ ညီလေး....ကျွန်ုပ်ရွာတစ်ဝိုက်မှာ အဆင့်မြ သိုင်းသမားတွေ တော်တော်များများ ရောက်နေကြတယ် အားလုံး အစုံအလင် မရှိပေမယ့် လေးငါးဆယ်ယောက် ကျွန်နေဦးမှာပေါ့'

'မဟုတ်ဘူး အစ်ကိုကြီး၊ ဒါဟာ ကျွန်တော် ညီ ယွမ်ရှောက် လေချွန်သံ ဖြစ်ဖို့များတယ်၊ သူ ထွက်သွားတာ ရှစ်ရက်ရှိ ခုဆို အဝေးကြီးကို ရောက်နေသင့်ပြီ၊ ဘာဖြစ်လို့ ဒီနားမှာ ရှိနေရသလဲ မသိဘူး'

'သူဟုတ်ချင်မှ ဟုတ်မှာပေါ့ ညီလေးရဲ့၊ ပြောင်းသိုင်းသ တစ်ယောက်ယောက် ဖြစ်ချင်ဖြစ်နေမှာပေါ့'

'အစ်ကိုကြီး...ကျွန်တော်တို့ သွားကြည့်ရင် ကောင်းမ

'ကောင်းသားပဲ'

ဆန်ကွမ်းချီသည် မားအိမ်နှင့်တကွရှိသော ဓားကို နော ကျော၌ သိုင်းလွယ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နှစ်ယောက်သား လေချွန်ရှုံကြားရာအရပ်သို့ ပြေးထွက်သွားကြတော့သည်။

သူတို့သည် သစ်တောတစ်အုပ်ကို ဖြတ်ကျော်သွားကြရ၏။

သစ်တောအုပ်ကို လွန်သည်နှင့် ကိုယ်ကျပ်အင်္ကျီအနက်ရောင် ဝတ်ဆင်ထားသည့် လူတစ်စုနှင့် အခြားလူတစ်ယောက် အပြင်းအထန် တိုက်ခိုက်နေသည်ကို တွေ့လိုက်ကြရတော့သည်။

ဓားရောင်တလက်လက် ထနေသဖြင့် အလွန်တရာ တိုက်ပွဲ ပြင်းထန်ကြောင်း ခန့်မှန်းသိရှိလိုက်ကြရသည်။

ဆန်ကွမ်းချီက....

'အစ်ကိုကြီး...အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားတဲ့ လူအုပ်စုဟာ ကွန်လုံဂိုဏ်းရဲ့ လက်အောက်ငယ်သားတွေ ဖြစ်ပုံရတယ်၊ အစ်ကိုကြီးလဲ ဒီဝတ်စုံကြီးနဲ့ ဖြစ်နေတော့ ဒီပုံစံအတိုင်းဝင်တွေ့လို့ မဖြစ်နိုင်ဘူး၊ အစ်ကိုကြီး တစ်နေရာရာမှာ ပုန်းနေခဲ့၊ ကျွန်တော် သူတို့ဆီသွားမယ်'

'အေး....ငါပုန်းနေခဲ့မယ်'

ဆန်ကွမ်းချီက လျင်မြန်သော အရှိန်အဟုန်ဖြင့် ပြေးထွက်သွားသည်။

ဆန်ကွမ်းချီ တွက်ဆသည်မှာ မှန်ကန်ပါသည်။



ရန်သူများအလယ်၌ စက်ဝိုင်းပမာ မွှတ်မွှတ်လည်ကာ ခုခံကာကွယ်နေသူမှာ ယွမ်ရှောက်ပင် ဖြစ်တော့သည်။

ယွမ်ရှောက်၌ လက်နက်မပါချေ။

လက်ချည်းဗလာသက်သက်ဖြင့် ခုခံကာကွယ်နေသော်လည်း ရန်သူများသည် ယွမ်ရှောက်ကို ထိခိုက်ဒဏ်ရာရအောင် မလုပ်နိုင်ကြချေ။

ယွမ်ရှောက်၏ဘေးတွင် နိုင်ချစ်နော်တစ်ယောက် ထိုင်နေကြောင်း အံ့သြဖွယ် တွေ့ရှိရသည်။

မျက်နှာ၌ ဖြူရော်နေပြီး နဖူးမှ ချွေးသီးချွေးပေါက်များ ကျနေ၏။

ပြင်းထန်သော ဝေဒနာတစ်မျိုးကို ခံစားနေရသည့်ပုံသဏ္ဌာန် ပေါက်နေကာ....

'တင်း... ဒီမိန်းကလေး ဘာများ ဒဏ်ရာ ရနေပြီလဲ မသိဘူး'

သူသည် စိတ်ထဲမှပြောရင်း ဓားကို ရှမ်းခနဲ ဆွဲထုတ်လိုက်သည်။

ရန်သူများမှာ သိုင်းပညာ ကျွမ်းကျင်သူများ ဖြစ်သော်လည်း ယွမ်ရှောက်၏ပညာကို မမီဘဲ ရှိနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုစဉ် ဆန်ကွန်း၏ ရောက်လာသောအခါ သူတို့မှာ ထ
အစည်းပြေသကဲ့သို့ ဖရိုဖရဲ ဖြစ်သွားရတော့သည်။

'ရှမ်း....ရှမ်း....ရှမ်း'

ပတ်လည်ဝိုင်းထားသည့် စက်ဝိုင်းကြီးမှာ ပျက်စီးသွား

ဆန်ကွမ်းချီ၏ ဓားချက်အောက်၌ တစ်ယောက်ပြီး တ
ယောက် သေဆုံးကုန်တော့သည်။

ကျန်သော ရန်သူများသည် ဆန်ကွမ်းချီအား မည်သို
မခုခံနိုင်မှန်း ရိပ်မိသိရှိသာသဖြင့် ဆုတ်ခွာကွက်ပြေးကြ
သည်။

ယွမ်ချောက်သည် ထွက်ပြေးသွားသည့် ရန်သူများနောက်
မလိုက်တော့ပေ။

'အစ်ကိုကြီး....ကျွန်တော်တို့ ပြန်ဆုံတွေ့ကြရပြန်ပြီနော်'

'အေး...ဟုတ်တယ်၊ မင်းတို့ ထွက်ခွာသွားတာ ရှစ်
ယောက် ရှိသွားပြီ၊ မိုင်ရာချီပြီး ခရီးပေါက်နိုင်လော
သားနဲ့ ဘာဖြစ်လို့ ဒီနေရာမှာ ပြန်တွေ့နေရတာလဲ'

ယွမ်ချောက် နိုင်ချစ်နော်အား လက်ညှိုးထိုးပြပြီး....

'သူက ဒီနယ်မြေထဲကထွက်မသွားနိုင်ဘူးတဲ့၊ လူတစ်ယော
ကို စောင့်ဦးမယ်တဲ့'

ထင်....'

ဆန်ကွမ်းချီ အံ့ဩသွားသည်။

'သူက ဘယ်သူ့ကို စောင့်မှာတဲ့လဲ'

'မသိဘူးလေ၊ သူက စောင့်မယ်ဆိုတော့ ကျွန်တော်လဲ
စောင့်ရတာပေါ့'

ဆန်ကွမ်းချီမှာ နိုင်ချစ်နော်အကြောင်း စိတ်မကောင်းဖြစ်သွား

'သူ ဒီနယ်မြေထဲက ထွက်ခွာမသွားရင် ကွန်လုံဝမ်က
ကွခဲဟောဦးမှာ သေရောတယ်၊ ဒါ့မဟုတ် ကွန်လုံဝမ်က
သူ့ကို အကျဉ်းချထားမယ် ...။ ...နေသလဲ မသိဘူး'

သူသည် တွေးတောဆင်းမောနေသည်။

'ဒါမှမဟုတ် ကွန်လုံဝမ်က သူ့ကို ပြန်ဖမ်းခိုင်းလိုက်တာ
မသိဘူး'

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် သိုင်းသမားများ
အရိပ်အယောင်မျှပင် မတွေ့တော့ပါ။

သောထောင်းဆယ်ဆယ်အားဖြင့် ဆန်ကွမ်းချီ၊ ယွမ်ချောက်
နိုင်ချစ်နော်တို့ သုံးယောက်သာ ကျန်ရစ်ခဲ့တော့သည်။

သူသည် ချောင်းတစ်ချက် ဟန့်လိုက်ပြီး ချီချီသာသာပင်
လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ညီမလေး'

နိုင်ချစ်နွေဘ်က မျက်လုံးသွန်ကြည့်သည်၊

'ဘာကိစ္စရှိလို့လဲ'

'ညီမလေးက လူတစ်ယောက်ကို စောင့်နေတယ်ဆို'

'ဟုတ်တယ်'

'ဘယ်သူကို စောင့်နေတာလဲ'

နိုင်ချစ်နွေဘ်သည် သက်ပြင်းတစ်ချက် မှုတ်ထုတ်ပြီး ...
မှ ထလာလေ၏၊

'ရှင့်ကို စောင့်နေတာပေါ့၊ ရှင့်ကို ဒီနယ်ပယ် အတွင်း...
ထပ်တွေ့ဦးမယ်လို့ ကျွန်မ ထင်ထားတယ်'

ဆန်ကွမ်းချီမှာ ရင်ဝသို့ ကျောက်တုံးကြီးဖြင့် အပစ်ခံ...
ရသကဲ့သို့ နင့်ခနဲ ဖြစ်သွား၏၊

'ညီမလေး၊ ဒီနယ်မြေဟာ ညီမလေးအတွက် အန္တရာယ်...
ကြီးတယ်၊ ကွန်လုံမင်ဟာ ညီမလေးအတွက် အချိန်မရွေး...
ပေးနိုင်တယ်၊ ထားပါတော့ ငါ့ကို ဘာဖြစ်လို့စောင့်တာ...

'ရှင့်ညီလေးက ပြောတယ်၊ သူနေထိုင်တဲ့ တောတော...
မှာ အင်မတန်ထူးခြားတဲ့ ဓားတစ်လက် ရှိနေသတဲ့'

'အဲဒါ ဘာဖြစ်သလဲ'



အဲဒီဓားဟာ သိုင်းလောကမှာ အထက်မြက်ဆုံး ဓားဖြစ်...
...လို့ ရှင့်ညီလေးကပြောတယ်၊ အဲဒီဓားကို သွားယူကြမယ်
ရှင့်ညီလေးက ပြောတယ်၊ ဓားရှိတာနေရာ ဟုတ်ရဲ့လား'

ဆန်ကွမ်းချီသည် ပိုင်မာစန်းတောင်မှ အဖြူရောင် များ...
...ငိုင်းအုံ့ဆိုင်းနေသော ကျောက်တံခါးချပ်ကြီးများနှင့်
...ဆန်းသောနေ့အိုင်၊ ထူးဆန်းသော ကျောက်ဂူကြီးတို့ကို
...ရှိမိ၏၊

...ယွမ်ရှောက်တာ အဲဒီတောထဲမှာ ကြီးပြင်းလာတဲ့လူ ဆို...
... အဲဒီဂူထဲမှာ အမျိုးသားနဲ့ အမျိုးသမီး နှစ်ယောက်ရဲ့
...သောင်းအကြောင်းတွေကို ကောင်းကောင်း သိနေတာပေါ့
...အချိန်တုန်းကတော့ အဲဒီအဖြစ်တွေဟာ သူ့အဖို့ ဘာမှ...
...ပေမယ့် အခု သူတွေ့ကြုံနေရတဲ့ အဖြစ်အပျက်တွေနဲ့ ...
...ကိုက်ရင် သိပ်ထူးခြားသွားပြီ၊ ဒီအကြောင်းတွေကို နိုင်ချစ်...
...ကို ပြန်ပြောလိုက်တော့ နိုင်ချစ်နွေဘ်ဟာ ဒီဂူကို စိတ်ဝင်...
... သွားတာပေါ့'

...ချစ်နွေဘ်သည် ရှုံးရှုတောက်ပြောင်သော မျက်လုံးများ
ဆန်ကွမ်းချီ၏မျက်နှာပေါ်သို့ အဓိပ္ပာယ် ပါရှိနေ၏၊
...ဘာတွေစဉ်းစားနေတာလဲ၊ ဘာဖြစ်လို့ စကားမပြော...

...နိုကွမ်းချီသည် နိုင်ချစ်နွေဘ်၏မေးခွန်းကို ပြန်လည်မဖြေ...
...ပေ၊

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွေးက မကုန်သေး။

ထိုဂူထဲ၌ ရွှေလက်ကိုင်ရိုးတပ် ဓားတစ်ချောင်းရှိနေ

ထိုဓားသည် အပြာရောင်အင်္ကျီ ဝတ်ဆင်ထားသည့်
သား အရိုးစု၏ ဓားဖြစ်သည်။

ထိုအချိန်က ထိုဓား ကန့်ဖိုးရှိလိမ့်မည်ဟု သူလည်း
မိခဲ့ချေ။

ယခု....

ယွန်မ်ရှောက်က အတယ်ကြောင့် ရှာရှာဖွေဖွေ ပြော
လာသနည်း။

နိုင်ချစ်နေဘ်က အသိစူးမူးကလေးဖြင့် ခေါင်းတစ်
ထိုက်လေ၏။

'ဘာယ်လိုလဲ၊ ရှင် ကျောက်ရုပ်ကြီး ဖြစ်သွားပြီလား၊
မေးနေတာတွေကို ရှင်မကြားတော့ဘူးလား'

ဆန်ကွမ်းချီမှာ အိပ်မက်ဆိုး မက်နေရာမှ လန့်နိုးလာ
ယီးတီးယောင်တောင် ဖြစ်နေသည်။

ထို့နောက် နိုင်ချစ်နေဘ်အား လှမ်းကြည့်မိလေ၏။



အခန်း (၁၀၆)

အချစ်၏ ပူလောင်သော ဝေဒနာ

နိုင်ချစ်နေဘ်က ပီပီသသမေးနေသည်။
'အဲဒီဓားရှိတယ်ဆိုတာ အကယ်ပဲလား၊ ရှင့်ညီမြောက်ခဲ့မ
'
'တကယ်ရှိပါတယ်'
'ရှင့်ညီနဲ့ ကျွန်မ သွားမယ်ဆိုရင် ရှင် သဘောတူသလား၊
မတို့နှစ်ယောက်တည်း သွားစေချင်သလား'
နိုင်ချစ်နေဘ်သည် လေတိုက်သဖြင့် ပွရောင်းရောင်း ဖြစ်နေ
ည် ဆံပင်များကို စုသိမ်းလိုက်သည်။
ညနေခင်းနေရောင်ခြည်အောက်၌ သူမ၏မျက်နှာ မှာ အလွန်
ာ လှပနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိမှာ သူမ၏အလှကို ခံစားမိလေ၊ သူ့ရင်နာကျင်မှုကို ခံစားရလေလေ ဖြစ်နေသည်။

ယွမ်ရှောက်၏ အဝကြင်ဖော်အဖြစ် လက်ခံရန် တိုက်တွန်းပေးရသည့်အဖြစ်ကိုလည်း လိပ်ပြာမလန့်အလို ခံစားရသည်။

နိုင်ချစ်နော်က လှပသလောက် ယွမ်ရှောက်အား ရှပ်...သည်။

တစ်ခုပဲ ယွမ်ရှောက်အတွက် အခုအခံရှိသည်။

'ရိုးသားခြင်း၊ သိုင်းပညာ ထက်မြက်မှုကလေးကို ...ဆောင်းပေးလျှင်တော့ မည်းလှသည်ဟူ မဆိုသာပေ။

'ညီမလေး'

ဆန်ကွမ်းချိက ခြောက်ကပ်စွာ ခေါ်လိုက်၏။

နိုင်ချစ်နော်မှာ မျက်ရည်များ ...နေသည်။

'ရှင်က ...ပြောမလို့လဲ၊ ရှင့်ညီက ကျွန်မ အပေါ် သိယော...ကြီးနေတယ်ဆိုတဲ့အကြောင်းပဲ ...ပြောမလို့လား၊ သူ့...ပျော်ရွှင်မှုအတွက် ကျွန်မက သူ့ရဲ့ ဘဝကြင်ဖော်အဖြစ်နေ...ပါလို့ ပြောဦးမလို့လား'

စကားဆုံးသောအခါ နိုင်ချစ်နော်၏ မျက်ဝန်းအစုံက ...ရည်ပေါက်ကြီးများ တလိမ့်လိမ့်ကျဆင်းလာတော့၏။



'ရှင့် သိပ်ရက်စက်တာပဲ'

ဆန်ကွမ်းချိမှာ မည်သည့်စကားမျှမပြောနိုင်ဘဲ ငိုင်နေတော့...

'ရှင့်ကို ကျွန်မ အသက်စွန့်ပြီး စောင့်ရှောက်ခဲ့တာ၊ ရှင့်ဆီ...ဒီစကားတွေပဲ ပြောဖို့ရှိသလား၊ တခြားစကားတွေ ပြော...တော့ဘူးလား၊ ရှင့်ရင်ထဲမှာ ရှင့်ညီအတွက်ပဲ ပြောစရာ...သလား'

ဆန်ကွမ်းချိက ဆို့နစ်စွာ ပြော၏။

'ညီမလေး...ငါ့မှာ...ငါ့မှာ...ငါ့မှာ...'

'ဒီစကားပဲ ပြောစရာရှိတယ် ဆိုပါတော့'

...နိုင်ချစ်နော်မှာ လဲကျလုနီးနီး ဖြစ်သွားသည်။

'ညီလေးယွမ်ရှောက်...မြန်မြန်လာစမ်း၊ ညီမလေးကို ပွေ့ချီ...သူ လဲကျတော့မယ်'

ယွမ်ရှောက်မှာ သနားစဖွယ်မျက်လုံးများဖြင့် လှမ်းကြည့်...

'အစ်ကိုကြီး...သူ့ကို'

'ညီလေး...ဘာကြောင့်နေတာလဲ၊ မြန်မြန် လာ...ဖေးမပေး...မင်းအစ်မ လဲကျတော့မယ်'

www.burmeseclassic.com

www.burmeseclassic.com



ယွမ်ရှောက်သည် နိုင်ချစ်နေဉ်အား မေးမမြန်း၊ ကူဖွဲ့...
မပြုရှဲပေ။

တိုက်ပွဲများစွာ ဆင်နွှဲခဲ့ရသည့် ယွမ်ရှောက်သည် အချစ်...
ပွဲ၌ အားငယ်လျက် ရှိနေရှာလေပြီ။

ဆန့်ကွမ်းချို၏ စိတ်နှလုံးခံစားမှု ပြင်းထန်လှသဖြင့်
ခေါင်းထဲမှ သွေးများ သိုးတက်လာသည်။

သို့သော် သူပြန်မျှိချပစ်လိုက်သည်။

နိုင်ချစ်နေဉ်က အံကြိတ်၍ ပြောလေ၏။

'ကျွန်...ကျွန်မကို သူနဲ့လိုက်မသွားခဲ့ဘူးလို့ ထင်နေသ...

ဆန့်ကွမ်းချိုက ပင်ပန်းနွမ်းလျစွာ ပြောသည်။

'ညီမလေး ငါ့ကိုခွင့်လွှတ်ပါ၊ သူ့ကို မင်းစောင့်ရှော...
သူ့ရှေ့အခရီး သာယာပါလိမ့်မယ်၊ ငါ့ကို ခွင့်လွှတ်ပါ...
လေးရယ်'

နိုင်ချစ်နေဉ်က ယွမ်ရှောက်အား လှမ်းခေါ်လိုက်၏။

'လာ...ကျွန်မကို လာတွဲပါ'

ယွမ်ရှောက်က ရှိုက်နင့်တွန့် ဖြစ်နေသည်။

'လာစမ်းပါ၊ ကျွန်မကိုမြန်မြန် တွဲစမ်းပါ၊ အခုရွှေခ...
နေရာကိုသွားမယ်၊ ရှင် ကျွန်မနဲ့အတူတူ သွားမယ်မဟုတ...



'အစ်မလေးနဲ့ ဆိုရင် ကျွန်တော် ဘယ်နေရာပဲ ဖြစ်ဖြ...
ကျွန်တော်လိုက်ပါမယ်'

နိုင်ချစ်နေဉ်က ခြောက်ကပ်စွာ ရယ်သည်။

သူ့ရယ်သံမှာ ငိုသံပေါက်နေ၏။

'ကဲ...ကျွန်မတို့ သွားမယ်'

'ကျွန်...ကျွန်တော် အစ်ကိုကြီးကို နှုတ်...နှုတ်ဆက်...

'မလိုပါဘူး၊ သူ့ကိုတွေ့ဖို့ မလိုတော့ဘူး'

'အစ်ကိုကြီးဟာ ကျွန်တော့်အပေါ် သိပ်...သိပ်ကော...
တယ်၊ သူ့...သူ့ကို'

'မလိုဘူး၊ ကျွန်မက သူ့ထက်ဓာယ်ဆကောင်းအောင် ရှ...
ပြုစုမယ်'

ဆန့်ကွမ်းချိုက လက်ကိုခါထုတ်၍ ပြောလိုက်သည်။

'မင်းတို့သွားကြတော့၊ တကယ်လို့များ ဆရာ့ကို ခ...
ဆန့်ကွမ်းချို နေကောင်းပါတယ် လို့သာ ပြောလိုက်ပါ...
ညီလေး'

ယွမ်ရှောက်သည် ဘာမျှမပြောပြောသာတော့သဖြင့် နိုင်...
အား မေးကျော်တွဲကာ ပြေးထွက်သွားလေတော့သည်။

မကြာမီ အဝေး၌ ပျောက်ကွယ်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မျက်စိမှိတ်၍ အနားယူနေ၏။

သို့သော် ရင်ထဲ၌ ဆွေးမြည့်မှုကား မပြေနိုင်၊

သူ့ကို သံယောဇဉ်ရှိနေရှာသည့် နိုင်ချစ်နော်၏မျက်နှာ၊

ထိုမျက်နှာလေးကို မြင်ယောင်လာပြီး ရင်ထဲ၌ မျိုတက်လာမြန်သည်။

ထိုစဉ် တစ်စုံတစ်ယောက်က သူ့ကျောပြင်ကို အသာ နှိပ်နယ်ပေးလာ၏။

'ညီလေး....သိပ် ဝမ်းနည်းနေသလား'

ဆန်ကွမ်းချို လှည့်ကြည့်၏။

သူ့အပေါ် ညီတစ်ယောက်ကဲ့သို့ သံယောဇဉ်တွယ်နေသည့် တိုက်ကြီး တုထန်ဟိုပေတည်း။

တုထန်ဟို၏ အကူအညီသာမရလျှင် ဆန်ကွမ်းချို ရေတိမ်နစ်ရပေလိမ့်မည်။

'အစ်ကိုကြီးရဲ့ ဂရုစိုက်မှုကို ကျေးဇူးတင်ပါတယ် အစ်ကိုကြီးရယ်'

တုထန်ဟိုက ဖျောင်းဖျသည်။

'ညီလေး....အခုအချိန်မှာ စိတ်ဆင်းရဲစရာ ဘာမှတွေးမနေနဲ့၊ ညီလေးဟာ ရှစ်နှစ်လုံးလုံး သိုင်းပညာကို အပြင်းအထန်လေ့ကျင့်သင်ကြားခဲ့ရပြီးပြီ၊ ကျန်းမာရေးကို မထိခိုက်အောင် ဆင်ဆင်ခြင်ခြင်နေပါ'



'ကျွန်တော် နေကောင်းပါတယ်'

'မင်းနေကောင်းရင် ငါ ဝမ်းသာပါတယ်'

'ကျွန်တော်လုပ်လိုက်တာ မှန်ပါတယ်နော်'

'မှန်တယ်မှားတယ်တော့ ငါမဆုံးဖြတ်လိုဘူး၊ ဒါပေမယ့် မင်းအနေနဲ့ ဒီကိစ္စကို စိတ်ဆင်းရဲခံပြီး ဆုံးဖြတ်လိုက်တာကိုတော့ ငါသိပါတယ်၊ တစ်ခုတော့ရှိတယ်'

'ပြောပါ အစ်ကိုကြီး'

'နိုင်ချစ်နော်က ရုပ်ရည် အင်မတန်ချောတယ်၊ နှုတ်ခမ်းလေးတစ်ပါးလိုလှတယ်၊ ယွမ်ရွှောက်ကတော့ ကြံ့ခိုင်သန်စွမ်းတဲ့အချက်ပဲရှိတယ်၊ ရုပ်ရည်ကအတော်ဆိုးတယ်၊ မင်းတယ်လိုပဲ သူတို့ကို ပေါင်းစပ်ပေးဖို့ကြိုးစားပေမယ့် အင်း....ငါလဲမပြောတတ်တော့ပါဘူးကွာ'

ဆန်ကွမ်းချိုက...

'အစ်ကိုကြီး၊ ယွမ်ရွှောက်သာ တကယ်ကြိုးစားရင် တစ်ခေတ် တစ်ယောက် သိုင်းသမား ဖြစ်လာလိမ့်မယ်၊ သိုင်းလောကရဲ့ ကျောစိုဟာ သူပဲ ဖြစ်လိမ့်မယ်၊ နိုင်ချစ်နော်နဲ့ ပေါင်းစပ်လိုက်ရင် သိုင်းသမားသူရဲကောင်းနဲ့ နှုတ်ခမ်းမယ်လို့ ကျော်ကြားမှာ သေချာပါတယ်'

တုထန်ဟိုက သက်ပြင်းချသည်။

www.burmeseclassic.com



'အင်းလေ…မင်းမျှော်မှန်းသလိုလဲ ဖြစ်ချင်ဖြစ်လာမှာပေါ့ ညီလေးရာ'

သူသည် ဖက်ဝန်းကျင်ကို အကဲခတ်ပြီးနောက်…

'ညီလေး…ဒီနေရာဟာ ကျွန်းသိုဝမ်ရဲ့ ဘတ်တော်သားတွေ ရှုံးနိမ့်ပြီး ထွက်ပြေးသွားတဲ့နေရာဖြစ်တယ်၊ သူတို့ မကြာခင် ပြန်လာနိုင်တယ်၊ သူတို့ဟာ နိုင်ချစ်နော်ဆိုတဲ့ မိန်းကလေးကို လက်ဖမ်းချင်လို့ ကြိုးစားနေတာပဲဖြစ်ရမယ်၊ မင်းရဲ့ညီလေး ကာကွယ်နေလို့ သူတို့မဖမ်းနိုင်တာ'

ဆန်ကွမ်းချီက…

'ကဲ…ဒါဖြင့်လဲ ကျွန်ုပ်တို့ ဒီနေရာက ခွာကြစို့'

'ညီလေးကို ငါတွေ့ဖို့ လိုသေးသလား'

'ရှုပ်ါတယ် အစ်ကိုကြီးရာ ကျွန်တော် ဘာမှမဖြစ်ပါဘူး'

သို့သော် ဆန်ကွမ်းချီ ယိမ်းယိုင်နေသည်။

တုထန်ဟို ဖေးမလာမှသာလျှင် တည်တည့်မတ်မတ် လမ်းလျှောက်နိုင်တော့သည်။

ဤသို့ဖြင့် ငါးမိုင်ခန့်လျှောက်လာရာ သစ်ပင်ထူထပ်သော သစ်တောအုပ်တစ်ခုအတွင်းသို့ ရောက်ရှိသွားလေတော့၏။

ဆန်ကွမ်းချီက…



'အစ်ကိုကြီး…ကျွန်တော်တို့ ခဏနားကြရအောင်'

တုထန်ဟိုအံ့ဩသွားသည်။

သူ ထက် သိုင်းပညာကောင်းသူက ခေတ္တနားချင်သည်ဟု ပြောသဖြင့် ဆန်ကွမ်းချီ၏ မျက်နှာကို သတိမကင်းကြည့်မိသည်။

မျက်နှာတစ်ခုလုံး နီရဲနေသည်ကို တွေ့ရသောအခါ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွား၏။

'ညီလေး…ပြစမ်း'

တုထန်ဟိုသည် ဆန်ကွမ်းချီ၏နဖူးကို စမ်းသပ်ကြည့်သောအခါ ခြစ်ခြစ်တောက် ပူလောင်နေကြောင်း တွေ့ရလေ၏။

'ညီလေး…မင်းဖျားနေပြီ'

'မဖျားပါဘူးအစ်ကိုကြီး၊ ဟို…ရှေ့ဆက် ခရီးသိုင်းလေ ကျင့်လိုက်လို့ပါ၊ ခဏအနားယူလိုက်ရင် ပျောက်သွားမှာပါ'

'ညီလေး…သူ့ရဲ့ကောင်းဟာ တိုက်ပွဲအမှု ပေါတာမဟုတ်ဘူး၊ ရောဂါနိုပ်စက်ရင်သဲ သေတာပဲ၊ မသေါပါနဲ့'

ထိုအခါ စူးရှသောအရာသိမ်များ ကြားလိုက်ရသည်။

'ညီလေး၊ဒါ…ဒါ ကျွန်းကိုဝမ် လက်အောက်ငယ်သားတွေရဲ့ ခြေသံပဲ၊ ငါတို့ တောလျှောက်ရှောင်နေလိုက်ကြရအောင်'

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီသည် တုဆန်ဟိုး၏လက်ထဲမှ ရုန်းထွက်လိုက်၏။

'အစ်ကိုကြီး ရှောင်လိုက်ပါ၊ ဒီကောင်တွေကို အကုန်လုံး ရှင်းပစ်မယ်'

'ညီလေး...ဒီအချိန်ဟာ မိုက်ရမယ့်အချိန် မဟုတ်ဘူး၊ ငါဟာ ကိုယ်ရံတော်အဖွဲ့ထဲ ရောက်နေခဲ့လို့ သူတို့ရဲ့ ရန်သူ အမျိုးအစားကို ခွဲခြားတတ်နေပြီ၊ ဒီရန်သူဟာ အဖွဲ့လိုက်လာတဲ့ ရန်သူပဲ၊ လူစုလူဝေးကြီးလာတာမို့ ငါတို့က အမိုက်မခံသင့်ဘူး၊ နောက်ပြီး မင်းက အဖျားရှိန်တက်နေတယ်'

သူသည် စိတ်ဝေဒနာ ခံစားရခြင်း၊ အဖျားရှိန်တက်ခြင်းတို့ကြောင့် ရန်ရှယ်ရသော ကြီးအား ပေးခဲ့သည့် ကတိများကို မေ့လျော့သွားခဲ့ပေပြီ။

အသေခံ၍ တိုက်ရန်သာ စိတ်စောနေသည်။

ထိုစဉ် ရန်သူများသည် တဖြည်းဖြည်း နီးကပ်လာလေ၏။

အန္တရာယ်သည် တဖြည်းဖြည်း နီးကပ်လာနေပေပြီ။

သိုင်းလောက အတွေ့အကြုံ ရင့်ကျက်သော တုဆန်ဟိုသည် ဆန်ကွမ်းချီအား ဖျောင်းဖျ၍ ရတော့မည် မဟုတ်ကြောင်း နားလည်သဘောပေါက်သွားလေ၏။

'ညီလေး...မင်း တကယ်ပဲ ရင်ဆိုင်တော့မလို့လား'

ဆန်ကွမ်းချီသည် ဓားကို ဆွဲထုတ်ရန် ဟန်ပြင်နေ၏။



'ရင်ဆိုင်မယ်၊ ဒီကောင်တွေစနီး အလောင်းချင်း ထပ်သွားအောင် သတ်ပစ်မယ်'

သို့သော် သူ သတ်နိုင်သည့်အဆင့်သို့ မရောက်တော့ပါ။

နောက်ဆုံး ဓားကိုပင် ဆွဲမထုတ်နိုင်ရှာပါ။

တုထန်ဟိုက အကြောကို ထိုးမိတ်လိုက်သောကြောင့် ဖြစ်ပါသည်။

တုထန်ဟိုသည် ဆန်ကွမ်းချီ၏ ခန္ဓာကိုယ်ကို သိမ်းယူပြီး တောထဲသို့ ပြေးဝင်သွား၏။

သစ်တောထဲ၌ သစ်ကိုင်းသစ်ခက်များ အလွန် နိမ့်သည့် သစ်ပင်ကြီးတစ်ပင်ကိုတွေ့လိုက်ရသောအခါ မည်သို့မျှမစဉ်းစားတော့ဘဲ ဆန်ကွမ်းချီအား နွယ်ကြိုးများဖြင့် ချည်နှောင်ကာ သူကိုယ်တိုင် သစ်ပင်ပေါ်တက်၍ အပေါ်သို့ ဆွဲတင်သည်။

စိုက်ချရသည့် အမြင့်သို့ရောက်မှ ဆန်ကွမ်းချီအား သစ်ပင်ခွဆုံ၌ထားလျက် သစ်ပင်အခက်များကြားမှ တုထန်ဟို ချောင်းမြောင်း ကြည့်ရှုနေတော့၏။

နွယ်ကြိုးများကို ဖြေပေးပြီးသော်...

'ညီလေး...စိတ်မရှိနဲ့၊ မင်းစိတ်ဟာ နဂိုမူနဲ့ မဟုတ်ခဲ့တော့ ငါလဲ ကောင်းရာကောင်းကြောင်းဖြစ်အောင် လုပ်လိုက်ရတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ခရာသံများ ကြားရပြီး အင်္ကျီအနက်ရောင် ဝတ်ထားသူ ငါးယောက်ခန့် သူတို့ပုန်းအောင်းနေသည့် သစ်ပင်ကြီးအောက်သို့ ဝင်လာကြ၏။

'အလို... ကျိတ်ကဲပါလား'

တုထန်ဟိုသည် တီးတိုးရေရွတ်မိလေ၏။

ကျိတ်ကဲဆိုသည်မှာ ကိုယ်ကျပ်အင်္ကျီနက် ကိုယ်ရံတော်အဖွဲ့၏ ဒုတိယခေါင်းဆောင် ဖြစ်၏။

ကျိတ်ကဲကိုယ်တိုင် ပါလာသဖြင့် အထူးဂရုစိုက်နေကြောင်း သိသာ၏။

'ဒီဘက် ပြေးလာတာရော ဟုတ်ရဲ့လား'

'ခြေရာက နှစ်မျိုးဖြစ်နေတယ်၊ တချို့ ခြေရာတွေက ဒီဘက်ကို ပြေးလာတာကို ခြေရာခံမိပါတယ်'

ပထမ မေးခွန်းထုတ်သူမှာ ဒုတိယခေါင်းဆောင် ကျိတ်ကဲ ဖြစ်၏။

ကျိတ်ကဲက...

'ဒီထဲပြေးဝင်လာလို့ကတော့ သူတို့မလွတ်နိုင်ဘူး၊ ဒီနေရာက ငါတို့ ကြီးစိုးတဲ့နေရာပဲ၊ ငါတို့လက် ငါတို့ခြေထဲက မလွတ်တဲ့ နေရာမို့လို့ ဒီကောင်တွေကို ဖမ်းမိဖို့ မခဲယဉ်းဘူး'



ကျိတ်ကဲသည် စကားဆုံးသည်နှင့် ခရာကိုထုတ်၍ မှုတ်လိုက်သည်။

တုထန်ဟိုနှင့် ဆန်ကွမ်းချိတ်ပိုင် နားအူသွား၏။

မကြာမီ ကိုယ်ကျပ်အင်္ကျီနက် ဝတ်ဆင်သူ ဆယ်ယောက်ခန့် ကျိတ်ကဲရှိရာ သစ်ပင်အောက်သို့ အပြေးအလွှား ရောက်ရှိလာကြ၏။

ထိုဆယ်ယောက်သည် ကျိတ်ကဲအား ရိုသေလေးစားစွာ အလေးပေးကြသည်။

ကျိတ်ကဲက အေးစက်သော မျက်လုံးများဖြင့် အကဲခတ်ပြီး...

'မင်းတို့ လှမ်းခရီးမှာ ရန်သူအရိပ်အခြည်ကို တွေ့မိကြလား'

အင်္ကျီနက် ဆယ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

သို့သော် မည်သည့်စကားသံမျှ ထွက်ပေါ်မလာပေ။

ကျိတ်ကဲ ဒေါသထွက်လာပေပြီ။

'ဟေ့... ငါမေးနေတာကို မကြားကြဘူးလား၊ မင်းတို့ နားပင်းနေကြသလား'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ တစ်ယောက်က ဖြေသည်။

'ကျွန်တော်တို့ ပြေးလာတဲ့ လမ်းခရီးမှာ ရန်သူဆို တစ်ဦးမှ မတွေ့ခဲ့ပါဘူး'

အခြားတစ်ယောက်ကလည်း ဝင်ဖြေပြန်သည်။

'ကျွန်တော်လဲ မတွေ့ခဲ့ပါဘူး'

ဤသို့ဖြင့် တစ်ယောက်ပြီးတစ်ယောက် ဖြေကြရာ မည် တစ်ဦးတစ်ယောက်မျှ ရန်သူအား မတွေ့ခဲ့ရကြောင်း ပေါ်လွ လာ၏။

ကျိတ်ကဲ ခေါ်သထွက်မိပြန်သည်။

'ဒါဖြင့် ရန်သူတွေဟာ အတောင်ပေါက်ပြီး ပျံပြေးကုန်ကြ ပြီပေါ့၊ ကောင်းကွာ'

ထိုစဉ် တစ်ယောက်က ဝင်ပြော၏။

'သူတို့ ဒီသစ်တောထဲ ဝင်ပြေးချင်ပြေးမှာပေါ့၊ ဒီသစ်တော ထဲကိုတော့ ဘယ်သူမှ မရှာရသေးပါဘူး'

ကျိတ်ကဲ ခေါင်းညိတ်၏။

'ကောင်းပြီ၊ ဒီတောထဲဝင်ပြီး ခြေရာခံကြမယ်'

အကျိုးကျဆယ်ယောက်တို့သည် တစ်ဟုန်ထိုး ပြေးထွက်သွား ကြတော့၏။



ကျိတ်ကဲသည် သစ်ပင်ကြီးအောက်၌ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

ယခုအချိန်၌ ကျိတ်ကဲအား လုပ်ကြံလျှင် အလွန်လွယ်သည်။ သို့သော် နောက်ကြောင်း မအေးသဖြင့် တုဆန်ဟိုသည် ထို ကြကို စွန့်လွှတ်လိုက်၏။

ထိုစဉ် ကျိတ်ကဲထံမှ ဟေးဟေးရယ်သံ ထွက်ပေါ်လာ တော့၏။

'ဟား...ဟား...ဟား၊ မင်းတို့ဂ လူ့ယည်လုပ်နေကြတာ ပုန်းခနေတဲ့နေရာက ထွက်ခဲ့ကြစမ်း'

တုထန်ဟို ထိတ်ခနဲဖြစ်သွား၏။ အခရေ ဘကြီး လှမ်းကြည့် ရာ ကျိတ်ကဲသည် အပေါ်ကို မော့ကြည့်၍ အောက်နခြင်း ဘဲ အဝေးရှိချုံပုတ်တစ်ခုကိုကြည့်၍ အော်နေခြင်းဖြစ် ကြောင်း တွေ့ရလေ၏။

'တော်တော်လာတဲ့အကောင်ပဲ၊ အလည်လည်ကောင်ဆိုရင် လာမိမှာ သေချာတယ်'

တုထန်ဟိုသည် ကျိတ်ကဲတစ်ယောက် ... ပုန်းခိုနေသည့် ပင်အောက် ရောက်ရှိနေသဖြင့် လွန်စွာ ... ဘင်ခနေ သည်။

ဤသစ်ပင်သည် အကိုင်းအခက်များ ဝေဆာ ... သဖြင့် ... ခိုရန် အလွန်ကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိတ်ကဲသာ ဤသစ်ပင်အောက်၌ ရှိမနေလျှင် အကြိုး
များသည် ဤသစ်ပင်ပေါ်သို့ တက်ရှာကြမည်မှာ သေချာ

ထိုစဉ် အဝေးမှတိုက်ခိုက်သံများ ရက်တရက် ကြားလို
ရသည်။

ကျိတ်ကဲသည် အသံကြားရာသို့ ပြေးထွက်သွားလေတော့

တုထန့်ဟိုသည် သစ်ကိုင်းများကို ရဲရဲဘင်းတင်း ဖယ်ရှား
ကြည့်သော်လည်း မည်သည့်ရန်သူကိုမျှ မတွေ့ရဘဲရှိနေ၏။

လက်နက်ချင်း ထိခတ်သံများကိုမူ ကြားနေရ၏။

ထိုစဉ် တုထန့်ဟိုက ဆန်ကွမ်းချီ၏နားနားသို့ကပ်၍ ပြော
လေ၏။

'ညီလေး၊ ငါ့ကိုကြိုးကို ... အခု မင်းကို ...
ကြော ပြန်ဖွင့်ပေးမယ်၊ ဒါပေမယ့် ငါ မလွှပ်မရှားမနေ
မင်းလဲ ဘာမှမလှုပ်ရှားရဘူး၊ အခုအချိန်ဟာ သည်းခံရမဲ့
အချိန်ဆိုတာ မင်းနားလည်ထားစမ်းပါ'

သူသည် စကားဆိုးသည်နှင့် ခြေးကြောကို ဖွင့်ပေးလိုက်
၏။

ဆန်ကွမ်းချီထံမှ သက်ပြင်းချသံ ကြားလိုက်ရသည်။

အဖျားတက်နေဆဲဖြစ်ရာ ဆန်ကွမ်းချီ၏ မျက်နှာမှာ ရဲ
နေ၏။



တုထန့်ဟိုသည် ဆန်ကွမ်းချီ၏နဖူးကို စမ်းကြည့်လိုက်၏။

တုထန့်ဟိုမှာ သူ့လက်ကို ဆတ်ခနဲရုတ်လိုက်မိ၏။

အပူချိန်မှာ သူ့ထိတ်လန့်မှုသည် ငယ်ထိပ်သို့တက်ဆောင့်၏။

ဆန်ကွမ်းချီ၏ နဖူးမှာ နှင်းခဲကဲ့သို့ အေးစက်နေသော
ကြောင့်တည်း။

ထို့ပြင် နီရဲနေသောမျက်နှာသည်လည်း တဖြည်းဖြည်းဖြူ
လာတော့သည်ကို တွေ့ရ၏။

တိုက်ပွဲဖြစ်ပေါ်ရာမှ လက်နက်ချင်းထိခတ်မိသည့် အသံများ
သည်လည်း ထွက်ပေါ်နေဆဲဖြစ်ကြောင်း တုထန့်ဟို သိနေရ
သည်။

ပြင်းထန်သောတိုက်ပွဲဖြစ်နေကြောင်း ရိပ်မိ၏။

ထို့ကြောင့် သူတို့နှစ်ယောက်အဖို့ ရန်သူ၏ရှာဖွေမှုမှကင်း
လွတ်နေကြရသည်။

'ညီလေး၊ ဒီအားမှာပဲ ခဏသည်းခံနေဦး၊ ဘောနွန့် ကျန်ဘူ
ကျောင်းသားတွေနဲ့ ကွန်လုံဝမ်ဂိုဏ်းသားတွေ တိုက်ပွဲဖြစ်နေပုံရ
တယ်'

ဆန်ကွမ်းချီအား တင်ထားသည့်သစ်ပင်ခွကြီးမှာ အလွန်
အရုကြီးမားသဖြင့် လိမ့်ကျရန် မစိုးရိမ်ရပေ။

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုသည် ဆန်ကွမ်းချီအား အသာကလေး ေ
ပေးထားပေသေးသည်။

ထိုစဉ် ဆူညံသော ခရာသံများ ကြားလိုက်ရပြီးနော
အက်ျီနက်ဝတ်ဆင်ထားသည့် ကျွန်လိုဝမ်ဂိုဏ်းသားများ ဒ
သောပါး ဆုတ်လာကြောင်း တွေ့ရသည်။

ဒုတိယခေါင်းဆောင် ကျိုတ်ကဲကိုတော့ မတွေ့ရပေ။

သစ်ပင်ထူထပ်သောနေရာမှ အဘိုးကြီးတစ်ယောက် ထ
လာကြောင်း တွေ့ရသည်။

မီးခိုးရောင် ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားပြီး အ
အဝေးများကလည်း ဖွေးဖွေးဖြစ်နေ၏။

ထိုအဘိုးကြီးကား ကျွန်လုဂိုဏ်း၏ လေ့ကျင့်ရေးမှူးဖြ
ကွမ်းစန်စင်ပေတည်း။

ကွမ်းစန်စင်၏နောက်၌ ကျွန်လုဂိုဏ်းသား ဆယ်ယေ
ခန့် ပါလာကြောင်း တွေ့ရသည်။

'အဟမ်း...အဟမ်း'

တုထန်ဟိုသည် ချောင်းဟန့်ပြီး ဆန်ကွမ်းချီကို ပွေ့ချီ
သစ်ပင်ပေါ်မှ ခုန်ချလိုက်လေ၏။

'ရှေ့သူ'

www.burmeseclassic.com



သူသည် ကျွန်လိုဝမ်၏လက်အောက်ခံ အင်္ကျီနက် ဝတ်ဆင်
ထားသည်ဖြစ်ရာ ကျွန်လုဂိုဏ်းသားများ ရဲခနဲ ဖြစ်သွား၏။

ချက်ချင်းပင် ကျွန်လုဂိုဏ်းသားများက ပိုင်းဝန်းလိုက်ကြ
သည်။

'တော့...မလုပ်ကြနဲ့၊ မှားကုန်မယ်'

ကွမ်းစန်စင်က သူ့လူများအား တားမြစ်လိုက်၏။

ထို့နောက် တုထန်ဟိုအား လှမ်းမေးလိုက်သည်။

'နောင်ကြီးတုထန်ဟို မဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်တော်တုထန်ဟိုပါ၊ သိပ်တော့ရှည်ရှည်
ဝေးဝေးရှင်းမပြနိုင်သေးဘူးဗျာ၊ ဒီမှာ ကျွန်တော့် ညီလေး
အတော်ဒုက္ခရောက်နေတယ်၊ ဆရာကြီးဆန်ရှင်ဆီ အမြန်ပို့ပေး
ရင်တော့ သိပ်ကျေးဇူးတင်မိမှာပဲ၊ သူက ဆေးကုတဲ့ နေရာမှာလဲ
သိပ်စွမ်းတယ်လို့ ပြောသံကြားဖူးတယ်၊ ညီလေးကိုကုသပြီးရင်
တော့ နောင်ကြီးကွမ်းစန်စင်တို့သိချင်သမျှ ပြောပြဖို့ဝန်မလေး
ပါဘူးဗျာ'

'မှန်းစမ်း'

ကွမ်းစန်စင်သည် ရှေ့သို့တိုးလာပြီး ဆန်ကွမ်းချီ၏မျက်နှာ
ကို ကြည့်၏။

ဖြူဆုတ်နေသောမျက်နှာကို တွေ့လိုက်ရသည်နှင့် အခြေး
ကြီးကြောင်း ချက်ချင်း ရိပ်မိသည်။

www.burmeseclassic.com

'နောင်ကြီးတုထန်ဟို၊ ဂိုဏ်းချုပ်ကြီးရဲ့အမိန့်အရ ကျုပ် လေးဆယ့်ရှစ်အဖွဲ့နဲ့ ဒီဓာတ်အုပ်ကို ထိန်းသိမ်း ထားရတာ ဒီတော့ ကျုပ်အနေနဲ့ ဆရာကြီးဟန်ရှင်ဆီ လိုက်မပို့နိုင်ဘူး ဒါပေမယ့် ဖြစ်အောင်တော့ စီစဉ်ပေးလိုက်ပါ့မယ်၊ ကျုပ် နောက်လိုက်လေးယောက်ကို ခင်ဗျားတို့နဲ့အတူ ထည့်ပေးလိုက် မယ်၊ ခင်ဗျားတို့ဘာသာ ဆရာကြီးထန်ရှင်ဆီ သွားကြပေ'

'ကျေးဇူးတင်ပါတယ်၊ အဲဒီအစီအစဉ် ကောင်းလှကော ပါတယ်'

ကွမ်းစန်စင်သည် လူလေးယောက်ကို ရွေးထုတ်လိုက်၏။

'မင်းတို့လေးယောက် ဒီဆရာကြီးနဲ့ လူနှာကို ဆရာကြီး ထန်ရှင်ဆီ ရောက်အောင် ပို့လိုက်ကြ'

ကွမ်းစန်စင်က တုထန်ဟိုအား နှစ်သိမ့်လိုက်၏။

'ဆရာကြီးထန်ရှင်ဆီ ရောက်ရင်တော့ ခင်ဗျား၊ ညီလေ ပိန်းကြာဖက်ရေမတင်သလို ရောဂါတွေ ကင်းစင် ပပျောက် သွားမှာ သေချာပါတယ်၊ ဆရာကြီးဟာ ဉာဏ်သိပ်ကောင် သလို ဆေးပညာမှာလဲ သိပ်ထူးချွန်ပါတယ်၊ ကဲ....ကဲ...သွား ကြပေတော့၊ ဟေ့....ဒီဆရာကြီးကို ဘေးက စောင့်ရှောက်ပြီ လိုက်ကြ'

စင်စစ် ဤလေးယောက်မှာ လမ်းပြသက်သက် မဟုတ်ပေ

တုထန်ဟိုအား စိတ်မချသဖြင့် စောင့်ကြပ်ကြည့်ရန် ကွမ်း စန်စင်က အလိမ္မာသုံး၍ ထည့်ပေးလိုက်ခြင်း ဖြစ်ပေသည်



ဤသည်ကို တုထန်ဟိုကလည်း သိရှိ၏။

ထို့အတွက် ကွမ်းစန်စင်ကို သူ အပြစ်မတင်ပေ။

တုထန်ဟိုသည် ကွမ်းစန်စင်အား နှုတ်ဆက်လျက် ခရီးထွက် သည်။

သစ်တောကို ဖြတ်ကျော်ပြီးနောက် မြက်ရိုင်းလွင်ပြင်ကြီး တစ်ခုကို ဖြတ်ကျော်ရပြန်သည်။

လမ်းပြလေးယောက်က ခြေပိုသွက်လာသဖြင့် တုထန်ဟို သည်း သူ့ခြေလှမ်းနှုန်းထားကို ပို၍ မြှင့်တင်ရလေ၏။

လမ်းပြ လေးယောက်သည် တုထန်ဟိုအား ပညာစမ်းကြ ခြင်း ဖြစ်သည်။

သူတို့သည် တိဗက်မှ ကျော်ကြားတဲ့ဘုရင်ကြီးအား အထင်သေး နေကြသည်။

စင်စစ် သူတို့၏ ဗဟုသုတနည်းပါးမှုသာ ဖြစ်သည်။

ဟကယ်တမ်း ပြေးလွှားသွားကြသောအခါ လူတစ်ယောက် အား ချီပိုးထားသည့် တုထန်ဟိုသည် သူတို့နှင့် ထက်ကြပ်မကွာ အမြဲတမ်း ကပ်လိုက်နိုင်ကြောင်း တွေ့ရှိရသဖြင့် အံ့သြသွား သည်။

ယခင်ကလို အထင်မသေးဝံ့ကြတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



မြက်ရိုင်းလှင်ခြင်ကို ဖြတ်ကျော်ပြီးသောအခါ ယာတေ
ကလေးများကို တွေ့လာရ၏။

အိမ်စုစုကလေး သုံးလေးလုံးကိုလည်း လှမ်းတွေ့ရ၏။

'အင်း....ငါတို့ပြေးလာတာ ခြောက်မိုင်လောက်တော့ ရှိ
ပြီ၊ ဒီတဲအိမ်တွေမှာ မနားရင်တော့ မှောင်ကြီးမည်းကြီး
ဘယ်လိုမှ ခရီးဆက်နိုင်မှာ မဟုတ်ဘူး'

တုထန်ဟိုသည် ရှေ့ရေးကိုတွေးနေရာမှ ဆန်ကွမ်းချီအ
ငို့ကြည့်မိ၏။

ဆန်ကွမ်းချီမှာ မေ့မြောသလို ဖြစ်နေသဖြင့် စိတ်ပူသွ
သည်။

'ဒီမသာက် ခရီးပြင်း နှင်နေတာတောင် သူ နည်းနည်
ကလေးမှ မလှုပ်ရှားဘူး၊ သူ့ရောဂါ သိပ်ပြင်းထန်နေပြီ'

ထိုစဉ်မှာပင်....

လမ်းပြလေးယောက်သည် တဲအိမ်စုကလေးများ ရှိရာ
မရောက်မီ ကိုက်ငါးရာခန့်အလိုတွင် တုံ့ခနဲ ရပ်ဆိုင်းသွား
သည်။

လမ်းပြတစ်ယောက် က....

'နောင်ကြီး....ဒီမှာ ခဏလောက် စောင့်ပါနော်၊ ကျွန်တော်
သွားပြီး သတင်းပို့လိုက်ပါဦးမယ်'



'ကောင်းပြီ၊ ကျုပ် ဒီကစောင့်နေပါမယ်'

ကျန် လမ်းပြသုံးယောက်သည် တုထန်ဟိုနှင့်အတူ နေရစ်ခဲ့
ကြ၏။

မကြာမီ သွားရောက်သတင်းပို့သူ ပြန်ပြေးလာ၏။

'ဆရာကြီးထန်ရွှင်က ခေါ်ခဲ့ဖို့ အမိန့် ပေးလိုက်ပါတယ်၊
နောင်ကြီး ကြွပါ'

တုထန်ဟိုသည် လမ်းပြလေးယောက်ကိုပင် မစောင့်တော့
ဘဲ ကိုယ်ဖော့ပညာဖြင့် အစွမ်းကုန်သုံးလျက် ရှေ့မှ ပြေးဝင်
သွားလေ၏။

တဲအိမ်ကြီးတစ်အိမ်ရှေ့၌ မညာရှိ ထန်ရွှင်သည် ကြိုဆိုနေ
သည်။

'နောင်ကြီးတုထန်ဟို....အထဲကိုကြွပါ၊ လူနာကို ငါးခုတင်
ပေါ် တင်ထားလိုက်ပါ'

တုထန်ဟိုက တဲအိမ်ထဲသို့ သွက်လက်စွာ ဝင်သွားပြီး ဆန်
ကွမ်းချီအား ငါးခုတင်ပေါ် တင်ထားလိုက်၏။

'ဩော်....ကျုပ်တို့မိတ်ဆွေလေး ဆန်ကွမ်းချီကိုးဘာဖြစ်
လာတာလဲ'

'ဖျားလာတာပါ၊ ကျေးဇူးပြုပြီး အမြန်ဆုံး ကြည့်ပေးပါ'

www.burmeseclassic.com

www.burmeseclassic.com

ထန်ရှင်သည် နောက်ပိုင်းမှ ဝင်လိုက်လာသော ထမ်း
လေးယောက်အား လှည့်ကြည့်ပြီး....

'မင်းတို့ နောင်ကြီး ကွမ်းစန်စင်ရဲ့ အဖွဲ့ကသား'

'ဟုတ်ပါတယ် ဆရာကြီး'

'ဒါဖြင့် အဲဒီအဖွဲ့ကို ပြန်ကြပေတော့'

လမ်းပြလေးယောက်သည် ပညာရှိ ထန်ရှင်အား ဦးညွှ
ဂါရဝပြုကာ ပြေးထွက်သွားတော့သည်။

ထန်ရှင်က ရယ်ပြီး....

'နောင်ကြီး တုထန်ဟို...လေ ကျင့်ရေးမှူးကြီး ကွမ်းစန်
တာတော့ အရာရာကို စီးရိမ်တတ်တယ်၊ အစောင့်မလေးယော
ထည့်လိုက်တဲ့အတွက် ကျုပ်ကပဲ တောင်းပန်ပါတယ်'

'ကိစ္စမရှိပါဘူးဗျာ'

တုထန်ဟိုမှာ ပူပန်သော မျက်နှာထားဖြင့် ဆန်ကွမ်းခို
သာ ကြည့်နေ၏။

ထန်ရှင်၏ တောင်းပန်စကားကို ပြန်မပြောကောင်း၍သ
ပြန်၍ပြောနေရသည်။

ထန်ရှင်သည် တုထန်ဟို၏ စိတ်သဘောထားကို နားလည
လိုက်သဖြင့် လူနာဆောင်သို့ ချဉ်းကပ်သွား၏။



'နောင်ကြီး တုထန်ဟို...ဖျားနေတဲ့အတွက်တော့ သိပ်မစိုး
မိပါနဲ့။ ကျုပ်ပျောက်အောင် ကုသပေးနိုင်ပါတယ်၊ ကဲ....
သွေးခုန်နှုန်း စမ်းသပ်ကြည့်ရအောင်'

ထိုအခါကျမှ တုထန်ဟိုမှာ သက်ပြင်းချနိုင်တော့သည်။

ဩော်...သံယောဇဉ် ကြီးလှသော တုထန်ဟိုပေတကား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀၇)

## သေရွာပြန်

သန့်ရှင်းသည် ဆန့်ကွမ်းချီ၏ လက်ဝဲဘက် လက်ကောက်ဝတ်ကိုင်၍ သွေးခုန်နှုန်းကို စမ်းသပ်ကြည့်သည်။

ထိုသို့စမ်းသပ်ရာတွင် သန့်ရှင်းသည် မျက်လုံးကိုစုံမှိတ်၍ အထူးအာရုံစိုက်လျက် စမ်းသပ်သည်။

အတန်ကြာမှ မျက်လုံးပွင့်လာသည်။

တုထန့်ဟိုအား ပြောပြလေတော့၏။

'ဒီသူငယ်ဟာ တစ်သက်လုံး မဖျားဖူး မနာဖူးတဲ့ သူငယ်ပဲဖြစ်လိမ့်မယ်၊ အခု သူ့အဖျားက ကြီးလှန်းတယ်၊ [illegible] ပေါက်ကွဲလာတဲ့ အဖျားရောဂါပဲ'

တုထန့်ဟို ထိတ်လန့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



'နောင်ကြီး...သူမပျောက်နိုင်ဘူးလား'

'မပျောက်နိုင်ဘူးလို့ ကျုပ် မပြောပါဘူး၊ ရောဂါသည် နေတာကိုသာ ပြောတာပါ၊ အချိန်ယူပြီး အနားယူ ကုသ လိုတယ်၊ သူ ဒီရက်တွေအတောအတွင်းမှာ တော်တော်ဘလေး ပင်ပန်းခဲ့ရမယ်'

တုထန်နှဟို ခေါင်းညိတ်၏၊

'သိပ်သေချာတာပေါ့ နောင်ကြီးရယ်၊ နှစ် ရက် လုံးလုံး နေ့မအိပ် ညမအိပ် သိုင်းပညာ လေ့ကျင့်ခဲ့တယ်၊ ဒီ အရင်က ဘယ်လောက် ပင်ပန်းခဲ့တယ်ဆိုတာတော့ ကျုပ်လဲ မသိပါဘူး၊ သူ့ကို နောင်ကြီးလက်ထဲ အပ်ပါတယ်၊ ကုသပေးပါ'

ပညာရှိထန်ရှင်က ဖြည်းညင်းစွာ ပြော၏၊

'အင်း...ဒီအရစ်က မရဆေးပစ္စည်း၊ ဆေးပင် သိပ်ခေါင်း ပါးတဲ့ အရပ်ဖြစ်တော့ သူ့အတွက် ထိရောက်မယ့် ဆေး ချက်ချင်း ဖော်စပ်ဖို့ မဖြစ်နိုင်ပြန်ဘူး၊ ကျုပ်ဆီမှာရှိတဲ့ ဆေး တွေနဲ့ပဲ ချက်ချင်း ကုရတော့မှာပဲ'

'လုပ်ပါ၊ နောင်ကြီးထန်ရှင် ကြိုက်သလိုသာ ကုပါဗျာ'

'စိတ်ချ၊ သူ မသေစေရပါဘူး'

ထန်ရှင်သည် အိတ်ထဲမှ ပုလင်းကလေးတစ်လုံးကို ထုတ်က ဆေးလုံးကလေး နှစ်လုံးကို ထုတ်ယူလိုက်သည်။



ဆန်ကျွမ်းချီကို ပါးစပ်ဟစေကာ ဆေးလုံးနှစ်လုံး ပစ်သွင်း လိုက်သည်။

'သူ ပန်းဖျား ဖျားသွားတာပါဗျာ၊ ဒီကြားထဲမှာ သူ စိတ်ထိခိုက်စရာတွေလဲ ကြုံပါလိမ့်မယ်'

တုထန်ဟို အံ့ဩသွားသည်။

ပန်းဖျားဖျားခြင်းကို ထန်ရှင် သိနိုင်သည်။

စိတ်ထိခိုက်ခြင်းကိုတော့ ထန်ရှင် မသိနိုင်ဟု ယူဆသည်။

သို့သော်....

ထန်ရှင်က သိနေသည်၊

မည်သည့်အကြောင်းအထားအရ သိသည်ကိုတော့ တုထန်ဟို နားမလည်ပေ။

ထန်ရှင်က တုထန်ဟိုကို ကြည့်၍ ပြုံးလိုက်သည်။

'နောင်ကြီး တုထန်ဟို၊ ဒီလူငယ်ကလေးဟာ ဒီရက်အတွင်း သိပ်ပြီး စိတ်ထိခိုက်စရာများ ကြုံခဲ့သလား၊ သိရင် ရှင်း နှင့်ဘွင်းဘွင်း ပြောပြစမ်းပါဗျာ၊ ကျုပ် ကုသတဲ့နေရာမှာ အထောက်အကူရအောင် သိချင်လို့ မေးနေတာပါ'

တုထန်ဟိုက မချိတရိ ပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'သူတစ်ပါးအတွက် စေတနာထားလွန်းတော့ သူ့ အ… အသည်းကွဲစရာ ကြုံရတာပေါ့ဗျာ'

'အကျယ် ပြောပါလားဗျာ'

တုသန်ဟိုသည် ဆန်ကွမ်းချို ကြုံတွေ့ခဲ့ရသော အသည်း… လုဖွယ်ကောင်းလှသည့် သုံးပွင့်ဆိုင် ဇာတ်လမ်းအကြောင်… အသေးစိတ် ရှင်းလင်းပြောပြလိုက်ရလေ၏။

ဟူတန်ဂိုဏ်းချုပ်ကြီးက ဓားသိုင်းပညာ သင်ပေး… အချက်များကိုမူ ချန်လှပ်ထားပစ်ခဲ့သည်။

ထန်ရွှင်မှာ ခေါင်းတဆတ်ဆတ်ညိတ်ရင်း….

'အင်း….အတော်စိတ်ထားမွန်မြတ်တဲ့သူငယ်ပါပဲ၊ဒါကြော… ရဲ့ သူ့သေဖို့ ဖြစ်လာတာပဲ၊ ကျုပ်ဆီ ရောက်မလာရင်ပေါ့…'

'ဗျာ….ဘယ်လိုလဲဗျာ'

'သူ့အတွင်းအားနဲ့ ခုခံထားနိုင်ရင် နှလုံးပန်းဗျားဝေ… ကို သူတွန်းလှန်နိုင်ပါတယ်၊ သူက လုံးဝ စိတ်လျှော့လိုက်… သူ သေနိုင်စရာအကြောင်း ပေါ်လာတာပေါ့ဗျာ'

'ကျွန်တော်က အဲဒီလိုဖြစ်နိုင်တယ်လို့ တွေးမိပါရဲ့ဗျာ၊… မယ့် သူ့အသက်အန္တရာယ် ထိခိုက်တာကို မြင်တော့ ကျွန်… စိတ်မကောင်းပါဘူး'

ထန်ရွှင်က ဖြည်းညင်းစွာ ပြော၏။



'ကျုပ်အမြင်ကို ပြောရရင်တော့ သူ ဒီလိုလုပ်လိုက်တာဟာ …ရဲ့ မြင့်မြတ်တဲ့ နှလုံးသားကို ထုတ်ဖော်ပြရုံတင်မကဘူး၊ နိုင် …နော်နဲ့ ယှမ်ရှေ့ခက်တို့ကိုလဲ သိုင်းလောကမှာ မထွန်းကား …ထွန်းကားမယ့် ဆိုတဲ့အဖြစ် ဖြစ်ပေါ်နေနိုင်ပါတယ်'

တုတန်ဟိုက သက်ပြင်းချ၍ပြော၏။

'အင်း… လူ့လောကမှာ အသက် အဆုံးရှုံးခံပြီး ရယူတဲ့ …မြတ်မှုကလဲ ရှိသေးတာကိုး၊ နောင်ကြီးထန်ရှင်ရဲ့ စကားကို …ကြားရတော့ ကျုပ်သံယောဇဉ်ဖြစ်နေတဲ့ ဟောဒီသူငယ်ကလေး …အတွက် ရင်နာနာနဲ့ ဂုဏ်ယူမိပါတယ်ဗျာ'

ထန်ရွှင်က စဉ်းစား၍ ပြော၏။

'ကျုပ်က အင်္ဂဝိဇ္ဇာအထက်လဲ တတ်ကျွမ်းပါတယ်၊ နိုင်ချစ် …ဆိုတဲ့ မိန်းကလေးရဲ့ ရုပ်ရည်ဟာ အင်မတန် ချောမော …ယ်၊ ဒါပေမယ့် စိတ်ဓာတ်အဆော့ အင်မတန်ဆတ်ဆတ်တယ်၊ …တာ အိမ်ထောင်ကို ဦးစီးမယ့် မိန်းမမျိုးဖြစ်တယ်'

'ခင်ဗျားတို့ဟန်တရှက်တွေ့သမျှ မိန်းမဦးစီးတဲ့အိမ်ထောင် …တာ အတော်ရှားပါးတာပဲ'

'မှန်တယ်၊ ရှားပါးတယ်၊ သူဟာ ဆန်ကွမ်းချိုနဲ့တွဲ သူ့ရဲ့ …ခင်းကလေးနဲ့သာ ညားမယ်ဆိုရင် ဆန်ကွမ်းချိုကိုချစ်တဲ့ …အတွက် သူ့စွမ်းရည်၊ သူ့ဉာဏ်ရည်၊ သူ့မရိုးသားမှုနည်းလမ်းတွေကို …ဖွက်ဖုံးအုပ်လိုက်လိမ့်မယ်၊ အဲဒီတော့ သူဟာ သာမန်

www.burmeseclassic.com

www.burmeseclassic.com



တရုတ်တစ်ဦးနဲ့ သာမန် အိမ်ထောင်ရှင်မသာ ဖြစ်သွား
မယ်၊ ဆန်ကွမ်းချီဟာ ရိုးသားလွန်းတယ်၊ ပရိယာယ်တာ
ဘူး၊ ရဲရင့်မှုနဲ့ မြင့်မြတ်မှုနှစ်ခုပေါင်းပြီး သိုင်းလောက
လာတာဟာ သိုင်းလောကအတွက် ကံကောင်းခြင်းတစ်ခု
သော်လဲ သူ့အတွက်တော့ ကံဆိုးခြင်းတစ်ရပ်ပဲဖြစ်တယ်

ထန်ရှင်က ရဲရဲတောက် ဘစ်ခဲ့ပြီးကစ်မှ ပြောကြား

'နောင်ကြီး ထန်ရှင်၊ ယွမ်ရှောက်ဆိုတဲ့ သူငယ်
အကြောင်းကိုတော့ ပြောပါဦး'

'အားလုံး ပြီးပြည့်စုံသောဖရုဖည့် ဤလောကဦး
တဲ့ စကားကို ရှေး တရုတ်ပညာရှိကြီး တွေအားလုံး ပြော
ခဲ့ကြတယ်၊ ယွမ်ရှောက်ဟာ ရှ ပမယ့် သိုင်းပညာနဲ့
ယက်တဲ့ ဉာဏ်စွမ်းဉာဏ်စရှိတယ်၊ သူဟာ သူချစ်တဲ့ နိုင်ချ
ထက် သာမယ့်အချက် ကြီးစွာလိမ့်မယ်၊ အဲဒါက
ပညာစွမ်းရည်က အမြင့်ဆုံး မြင့်တင်ခြင်းပဲ၊ နိုင်ချစ်နေ
ရှင်ရည်လှတယ်၊ ယွမ်ရှောက်က သိုင်းလောကရဲ့ ကျိုင်ဦ
ဖြစ်မယ်၊ သူဟာ့အိမ်ထောင်ရေးဘဝဟာ ချောနဲ့ ပြေ
လိမ့်မယ်'

'နောင်ကြီးထန်ရှင်ရဲ့ တွေးခေါ်ချက်တွေဟာ အံ့ဩ
ကောင်း၊ လက်ခံစရာလဲ ကောင်းပါတယ်'

ထန်ရှင်က ပြုံး၍ဆက်ပြော၏



'ဆန်ကွမ်းချီဟာ ဘာဖြစ်လို့ ခုလောက် ပန်းဖျားဖျားသွား
ကျုပ်စမ်းသပ်ပြီးပါပြီ၊ သိုင်းသမား တစ်ယောက်ဟာ
ရှိုတန်ရဲ့ ဖျားနာခြင်းကို လုံးဝဂရုမစိုက်ပါဘူး၊ ဖျားသဲ
းနိုင်ပါဘူး၊ အခု သူဟာ သေမလောက်ဖြစ်နေတယ်၊ သူ့
ောင်းအား အင်မတန်ကောင်းလျက်နဲ့ ဘာဖြစ်လို့ ဒီလိုဖြစ်ရ
ဆိုတဲ့ အဖြေကိုရှာရတယ်၊ သူ့နှလုံးသွေးကြောကို ရှာ
တဲ့အခါကျတော့ သူ့နှလုံးသွေးကြောဟာ လူသာမန်တစ်
ကမ်မှာ မရှိနိုင်တဲ့ သွေးလည်ပတ်ပုံမျိုးနဲ့ နှေးကွေးစွာ
ပတ်နေတယ်၊ သူ့မို့လို့ အသက်ရှင်နေတာ၊ ကျန်တဲ့လူဆို
သေပြီ၊ သူ့မှာ စိတ်နှလုံးထိခိုက်ရတဲ့အကြောင်းမျိုး တစ်
ခုရမယ်လို့ ကျုပ်မှန်းဆမိလာတယ်၊ သူ သွေးမအန်ဘူးလား'

တုသန်ဟိုဝေ၏မျက်ခုံး မြင့်တက်သွား၏၊

'နောင်ကြီးထန်ရှင်၊ ကျုပ်...ကျုပ်'

'အံ့ဩပါနဲ့ မိတ်ဆွေကြီး၊ သူ သွေးအန်ခဲ့ရမယ်၊ ဟော်ရှို
ာ အဲဒီနေရာမှာ ဗုန်းဗုန်း လဲသွားရမယ်၊ သူဟာ စိတ်
င်းရဲခဲ့ပြီး မိန်းကလေးကို သူ့ညီလက်ထဲ ထည့်ခဲ့တုန်းက
သွေးအန်ခဲ့တယ် မဟုတ်လား'

'နောင်ကြီး တွေးကြည့်တာ ပြေးကြည့်ဘာထက် မှန်ပါ
ခင်ဗျာ'

'ဆန်ကွမ်းချီဟာ သူတစ်ယောက်တည်း အနစ်နာခံတယ်လို့
နေတယ်၊ တကယ်တော့ နိုင်ချစ်နေဝ်ကလဲ အနစ်နာခံလိုက်

www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ မြက်ရိုင်းလွင်ပြင်ဓာိုက်ပွဲ ခင်းကျင်းတဲ့ မြက်ရိုင်းလွင်ပြ
ရဲ့ပဟိုဘို ရောက်လာကတည်းက အဲဒီလုံမလေးရဲ့ ဆန်ကွမ်း
အပေါ်ထားတဲ့ ချစ်မေတ္တာကို လုံမလေးရဲ့ မျက်လုံးထဲက
ကျုပ် မြင်တွေ့ခဲ့တယ်၊ မျက်လုံးများဟာ အသည်းနှလုံးမျာ
ပြတင်းတံခါးပေါက်များ ဖြစ်တယ်လို့ ရှေး ဇ ရှေးပညာရှိ
တွေ ပြောခဲ့ကြတယ်မဟုတ်လား၊ ကျုပ်ဟာ ဘယ်သူ့ မျက်
ကိုမှ အလွတ်မပေးခဲ့ပါဘူး၊ လူတွေရဲ့ အတွင်းအဇ္ဈတ္တသဏ္ဌာ
တာ ဒီမျက်လုံးပေါ်မှာ အများဆုံး တွေ့မြင်နိုင်တယ်'

'မှတ်သားစရာပါပဲဗျာ'

'အဲဒီလုံမလေးနဲ့ ယွမ်ရှောက် အိမ်ထောင်ကျသွားရင် လု
လေးက ယွမ်ရှောက်ကို စွန့်ခွာသွားမယ် ထင်သလား'

'ဒါတော့ ကျုပ်လဲ မထင်တတ်ပါဘူး နောင်ကြီးရာ'

'အဲဒီ လုံမလေးဟာ မာနကြီးတယ်၊ သူ့ ခင်ပွန်းကို ဘ
တော့မှ စွန့်ခွာမှာမဟုတ်ဘူး၊ ဒါပေမယ့် ဘဝရဲ့ ပျော်ရွှင်
သုခစားရမှာ မဟုတ်ဘူး နောက်ဆုံး ကုန်ကုန်ပြောရရင် ဒ
လုံမလေးရဲ့ ဉာဏ်ရည်တာ ကျုပ်ထက် အောက်မကျ
တာကယ်လို့များ...'

ထန်ရှင် စကားရပ်သွား၏၊

တုထန်ဟိုကလည်း အလိုက်သိသည်၊

စကားကို လမ်းကြောင်းပြောင်း၍ မေးမြန်းလိုက်၏၊



'နောင်ကြီးထန်ရှင်၊ သိပ်ပြီး ပင်ပန်းနေဘယ် ထင်တယ်၊
နောင်ကြီးကြည့်ရတာ'

ထန်ရှင်က ရယ်သည်၊

'ကျုပ်ကို ဂရုစိုက်တာ ကျေးဇူးတင်ပါတယ်၊ မိတ်ဆွေကြီး
လဲ ပင်ပန်းလာတယ်၊ အနားယူလိုက်ပါဦး၊ လူပင်ပန်းတာထက်
စိတ်ပင်ပန်းတာက ပိုဆိုးတယ်'

တုထန်ဟိုက ဂါရဝပြုပြီး တဲပြင်သို့ ပြန်ထွက်သည်၊

တံခါးဝရောက်မှ သူမင်လည်ပြန်ကြည့်ကာ...

'နောင်ကြီး...ဆန်ကွမ်းချီကို နောင်ကြီးရဲ့လက်ထဲ အပ်ပြီး
ပြီနော်'

ထန်ရှင်က ပြုံး၍ပြောသည်၊

'မိတ်ဆွေကြီးကို အနားယူပါလို့ ကျုပ်ပြောခဲ့ပြီး စိတ်ပင်
ပန်းတာဟာ ခန္ဓာပင်ပန်းတာထက် ဆိုးတယ်လို့ပြောခဲ့ပြီ၊ ဘာ
ဖြစ်လို့ ဆန်ကွမ်းချီအတွက် ပူပန်နေရပြန်တာလဲ၊ ကျုပ်သတ်
ထဲမှာ ဒီသူငယ် မသေစေရပါဘူး'

တုထန်ဟိုက ရှိသေလေးစားစွာ ထပ်မံ၍ ဂါရဝ ပြုပြန်
လေ၏၊

'အနောက်ဘက်မှာ တဲ့တစ်တဲရှိပါတယ်၊ အဲဒီမှာ နောင်
ကြီး တုထန်ဟို နားပါ'

www.burmeseclassic.com



'ဟုတ်ကဲ့'

တုထန်ဟို ထွက်သွားသည်။

သူသည် ကွန်လုံဝမ်၏ ဘက်တော်သားများ ဝတ်ဆင်သည့် အင်္ကျီနက်ကို ဝတ်ဆင်ထားသဖြင့် ကျွန်လုဂိုဏ်းသားများနှင့် အခြားသိုင်းသမားများ ဝိုင်းတိုက်မည့်ဘေးကို ရှောင်ရသည်။

ကွန်လုံဝမ်၏ ဝမ်ဂိုဏ်းသားများက သူ့အား မယုံသင်္ကာ ဖြစ်မည့်ဘေးကို ရှောင်ရသည်။

သိုင်းလောက အခက်အခဲကြုံ ကြီးမား၍သာ တုထန်ဟိုမှာ ယခုအထိ ခေါင်းနှင့်ကိုယ် မြဲနေခြင်းဖြစ်သည်။

ထိုအချိန်များအတွင်း သူ စိတ်ချလက်ချ အိပ်ပျော်ခဲ့ရသည်ဟု မရှိပေ။

ယခု အနောက်ဘက် တဲအတွင်း၌ စိတ်လွတ် ကိုယ်လွတ် အိပ်ချလိုက်သောအခါ တစ်ချိုးတည်းနှင့် အိပ်ပျော်သွားလေတော့သည်။

သူ မည်မျှကြာအောင် အိပ်ပျော်ခဲ့သည်မသိ။

တဲအပြင်သို့ လှမ်းကြည့်သောအခါ ထိန်သင်း စူးရှသော နေရောင်ကို တွေ့လိုက်ရ၏။



ဤနေလုံးကြီးသည် တစ်နေ့တာ ကုန်ဆုံးပြီးမှ ထွက်ခဲ့သော ...ုံးကြီးလား သူ မမှန်းဆတတ်တော့ပေ။

သူ တော်တော်အိပ်ပစ်လိုက်သည်ကိုသာ သိတော့သည်။

'အဟမ်း...အဟမ်း'

ထိုစဉ်မှာပင် ချောင်းဟန့်သံ ကြားလိုက်ရလေ၏။

တုထန်ဟို ကမန်းကတန်း လှုးလဲထလိုက်သောအခါ ယပ် ...ာင်ကို တဖျပ်ဖျပ်ခတ်ရင်း ဝင်လာသော ယန်ရှင်ကို တွေ့ ...ာ်ရလေသည်။

တုထန်ဟိုက ကမန်းကတန်းထ၍ ဂါရဝပြုလေ၏။

'ကျွန်တော် အိပ်လျက်ဖြစ်နေတာကို ခွင့်လွှတ်ပါ နောင်ကြီး ...ျာ'

ယန်ရှင်က ပြုံး၍ပြော၏။

'နောင်ကြီး သိပ်ပင်ပန်းနေတယ်၊ ကျွန်လုဂိုဏ်းအတွက် ဝမ် ...း‌ထဲ အသက်စွန့် သူလျှိုလုပ်ပေးနေတဲ့ ကျေးဇူးတရားကို ...ပ်တို့က ဘယ်မှာမေ့ထားလို့ဖြစ်မလဲ၊ နောင်ကြီး ဆက်ပြီးအိပ် ...အောင် ကျုပ်ကလာပြီး ဒုက္ခပေးသလို ဖြစ်နေမှာကိုပဲ စိုးရိမ် ...တယ်'

'တာ...ကျုပ် အိပ်ရေးဝနေပါပြီ၊ အားအင်လဲ အတော် ...သွားပါပြီ'

www.burmeseclassic.com



ထန်ရှင် ပြုံး၍နေသော်လည်း ဟန်ပန်က လွန်စွာ နွမ်းလှသည်။

မျက်နှာလည်း ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

ရက်ပေါင်းမည်မျှ အိပ်ရေးပျက်နေသည်ကို တုထန်ဟို မှ ဆနိုင်တော့ပေ။

ထိုအချက်ကို သတိပြုမိသော တုထန်ဟိုမှာ သူ့ကိုယ် အရှက်ကြီး ရှက်သွားလေတော့၏။

'သူက သိုင်းပညာ မတတ်တဲ့လူ၊ လူကလဲ စာသမား သမား ပျော့ညံ့ညံ့ပုံစံ၊ ဒါပေမယ့် သိုင်းပညာတတ်ပါတယ်ဆ ငါလို ခေါင်ခေါင်မြည် သိုင်းသမားထက် သူအိပ်ပြီး အပင် ခံနေတယ်၊ တကယ်လေးစားထိုက်တဲ့ လူပဲ'

တုထန်ဟိုသည် အတွေးစကို ဖြတ်လိုက်ပြီး....

'နောင်ကြီး ထန်ရှင်၊ ဘာကိစ္စများ ရှိပါသလဲ၊ အမိန့်ရှိ'

'နောင်ကြီး အိပ်ရေးဝရဲ့လား'

'ဝပါတယ်ဗျာ၊ တကယ့်ကို အိပ်ပျော်ခဲ့ပါတယ်'

'ကျုပ်လဲ နောင်ကြီး အိပ်မောကျနေတာ တွေ့တော့ နှိ ရက်ဘူး၊ ဒါကြောင့် ခုအချိန်အထိ စောင့်နေတာပါ'

'ဟာ....'



တုထန်ဟိုမှာ အကြီးအကျယ် အားနာသွားသည်။

'ကျုပ်....ကျုပ်....'

'ကိစ္စမရှိပါဘူး၊ ခင်ဗျားရဲ့ ညီတော်ကလေးကို ဒီနေ့ သတိ လာမယ်လို့ ကျုပ်မှန်းထားတယ်၊ ဒါပေမယ့် သူဟယ်ကလေ ခုထက်ထိ သတိမရဘူး၊ နောင်ကြီး လာကြည့်ပါဦး၊ ကျုပ် ခန့်မှန်းချက်တော့ လွဲနေပြီ'

'အသက်အန္တရာယ် ရှိနေသလား နောင်ကြီးထန်ရှင်'

'ကျုပ်ပြောဖို့တောင် ခက်နေပြီ၊ ကဲ....လာ....သော'

ထန်ရှင် ထွက်သွားသဖြင့် တုထန်ဟိုမှာ နောက်က ကမန် ကတန်း လိုက်ရလေ၏။

ဆန်ကွမ်းချီကို ပထမနေ့က တဲထဲတွင် မထားတော့ပေ တခြားတဲထဲတွင် ပြောင်းရွှေ့ထား၏။

အခန်းနှစ်ခန်းရှိသည့်အနက် အခန်းတစ်ခန်းမှ ခုတင်ပေါ် တွင် ဆန်ကွမ်းချီကို တွေ့ရသည်။

ဖြူရော်နေသည့် ဆန်ကွမ်းချီ၏ ရုပ်ရည်မှာ ကြည့်မြင် များကို ကြေကွဲဖွယ်ရာ ဖြစ်စေသည်။

'ညီလေး....ငါမေးနေတယ်'

တုထန်ဟိုက ခပ်ကျယ်ကျယ် အော်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချို တုတ်တုတ်မျှ မလှုပ်ပေ။

'ညီလေးဆန်ကွမ်းချို...ငါ့တုထန်ဟိုလေး၊ မင်းရဲ့ နောင်တော်ကြီး မေးနေတယ်၊ ကြားရဲ့လား၊'

တုထန်ဟိုသည် သုံးလေးကြိမ် အော်သည်။

ဆန်ကွမ်းချိုမှာ လုံးဝမလှုပ်ပေ။

ဆိုင်းလောဘ၏ သူ့ရဲခေါင်းကြီး တုထန်ဟိုမှာ မျက်ရည်များ ဝဲလာသည်။

ထန်ရှင်က တီးတိုးပြော၏။

'နောင်ကြီး...ကျုပ်တစ်ခု စဉ်းစားမိတယ်၊ သူ့ရောဂါဟာ စိတ်နဲ့ယှဉ်ပြီးဖြစ်တာဆိုတော့ စိတ်ကိုအရင်ကုရမယ်၊ နောင်ကြီး တစ်ခုစဉ်းစားစမ်းပါ၊ သူ ဘာကို အစွဲလမ်းဆုံး ဖြစ်နေသလဲ၊ နိုင်ချစ်ခနော်ရဲ့ကိစ္စက လွဲရင်ပေါ့၊ သူဟာ မြင့်မြတ်တဲ့ နှလုံးသားရှိတဲ့ လူသားတစ်ယောက် ဖြစ်တယ်၊ သူ့ မြင့်မြတ်မှု၊ သူ့ဂုဏ်၊ သူ့ မာနကို အထိအခိုက် မခံနိုင်တဲ့ ကိစ္စတစ်ခုခုများ ရှိနေရင် သိပ်ကောင်းမှာပဲ၊ အဲဒီအချက်ကို စဉ်းစားပြီး ဒနောင်ကြီး သူ့စိတ်ဓာတ် ပြန်မာလာအောင် ပြောနေစမ်းပါ၊ ကဲ...ကျုပ် အပြင်ထွက်ဦးမယ်'

ထန်ရှင်သည် တိတ်ဆိတ်စွာ ထွက်သွား၏။

တုထန်ဟိုသည် နာရီဝက်ခန့်ကြာသည်အထိ ငုတ်တုတ်ထိုင်၍ စဉ်းစားနေရလေ၏။



သူ့ဦးခေါင်းများ ထူပူနေသဖြင့် ဆန်ကွမ်းချိုအား မည်သည့်စကားဖြင့် နှိုးဆွရမည်မှန်း မသိအောင် ဖြစ်နေလေ၏။

ထိုစဉ်...

သူ့ဦးခေါင်းထဲသို့ ဟူတန်းဂိုဏ်းချုပ်ကြီး ရှန်ချွယ်ရခဲသကြီးသည့် ဖျတ်ခနဲ ရောက်ရှိလာလေ၏။

'ထိုက်ကျိုဖောအားသိုင်း'

'ဟူတန်းဂိုဏ်း'

'ဆန်ရွှယ်ကွမ်းကျောင်းတော်'

'တာ့ဝန်'

'ကဲဓါး'

အကြောင်းအရာများသည် တုထန်ဟို၏ခေါင်းထဲသို့ ဇယ်ဆက်သလို ဝင်လာ၏။

သူ့ ခေါင်းထဲ၌ ကူတိဟူဒ်သောစကားလုံးသည် အဆက်မပြတ် မြည်ဟိန်းနေ၏။

တုထန်ဟိုသည် ဆန်ကွမ်းချို၏အားသို့ တိုးကပ်သွားပြီးလျှင် တီးတိုးပြောလေ၏။

သူပြောနေသည့် အကြောင်းအရာများမှာ အသက်အဆန်း မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုနှင့် "ရန်ရှယ် ရသေ့ကြီးတို့ တွေ့ဆုံရသ
အကြောင်းအရာများပင်။

သို့သော်....

'ရသေ့ကြီးဟာ ညီလေးကို ထိုက်ကျိဖေခေါ့သိုင်း သင်ပေး
ခဲ့တယ်၊ ဒါ အလကားသင်ပေးတာယ်ထင်သလား၊ ဟူတန်းဂိုဏ်း
ကိုစောင့်ရှောက်ဖို့၊ ဆန်ရှယ်ကွမ်း ကျောင်းတော်ကို စော
ရှောက်ဖို့ တာဝန်ပေးခဲ့တာပဲ၊ ညီလေးကသဲ ဒီခါးသိုင်းမသ
ခင်က ဘာကတိပေးခဲ့သလဲ၊ အဲဒီကတိတွေကို ညီလေးမေ့
ပြီလား၊ မမေ့ရင် ဒီကတိတွေ အပျက်ခံတော့မလား၊ မင်းဖေ
သစ္စာ လူမှာကတိကွယ်၊ ငါ့ညီရဲ့ ဂုဏ်သိက္ခာအတွက် ငါဘ
လို မျက်နှာပြရတော့မှာလဲ'

ထိုစကားများမှာ ကျယ်လောင်သည် မဟုတ်ပေ။

နားနားသို့ကပ်၍ တိုးညင်းစွာ ပြောနေခြင်း ဖြစ်သည

တုသန်ဟို၏ ကြိုးပမ်းမှုမှာ အံ့ဩဖွယ် ကောင်းလော
အောင် အောင်မြင်သွားလေ၏။

ဆန်ကွမ်းချို၏ မျက်လုံးများ ပွင့်လာသည်။

ဆန်ကွမ်းချို၏ ပါးစပ်များ ဘာလှုပ်လှုပ်ဖြစ်လာ၏။

ပထမပိုင်း၌ လုံးဝအသံမထွက်ပေ။



'ညီလေး....ငါ တုသန်ဟိုလေ၊ ပြော....ပြော၊ ဘာဖြစ်ချင်
သလဲ'

ဆန်ကွမ်းချို၏ တိုးညင်းသောသေသံ ထွက်ပေါ်လာ၏။

'အစ်ကိုကြီး၊ ကျွန်တော်သေလို့ ဘယ်ဖြစ်မလဲနော်'

တုသန်ဟိုမှာ မျက်ရည်ကျလုလု ဖြစ်သာလေ၏။

သူသည် မျက်ရည်မကျအောင်ထိန်း၍ ကမန်းကတန်း ဆက်
ပြောလေ၏။

'ညီလေး ဘယ်သို့သေလို့ဖြစ်မှာလဲ၊ ညီလေးပဲ ကတိပေးခဲ့
တယ် မဟုတ်လား၊ ဟူတန်းဂိုဏ်းရဲ့ မျိုးဆက်သစ်တွေကို ထိုက်
ကျိဖေခါးသိုင်း ဘယ်သူသင်ပေးမှာလဲ၊ ငါ့ကို ရန်ရှယ်ရသေ့
ကြီးက သင်ပေးခဲ့ရင် ညီလေးကို ဒီစကားတွေ မပြောပါဘူး၊
ညီလေးပဲစဉ်းစားပါ၊ ကတိပျက်တဲ့လူတွေဟာ လူ့လောကထဲ
မှာ...'

'ကျွန်... ကျွန်တော်.... ထိုက်ကျိဖေ ခါးသိုင်းကို သင်ခဲ့မိ
သလား'

'သင်ခဲ့မိတာပေါ့၊ မသင်ခင် ကတိပေးခဲ့သေးတယ်လေ၊ အခု
အချိန်မှာ ထိုက်ကျိဖေ ခါးသိုင်းပညာကို တတ်တဲ့လူဆိုလို့ ညီ
လေးတစ်ယောက်ပဲ ရှိတော့တယ်၊ ညီလေး သေသွားရင် နှစ်
ပေါင်းများစွာ တည်တံ့လာတဲ့ ဟူတန်းဂိုဏ်းကြီး ပျက်စီးပြီး
ကမလွန်ဘဝမှာ ရန်ရှယ်ရသေ့ကြီးကို ညီလေး ဘယ်လို သွား
ပြီး မျက်နှာပြမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဖြူရော်နေသည့် ဆန်ကွမ်းချီ၏မျက်နှာ၌ သွေးရောင်တ ချက် လွှမ်းသွားကြောင်း တွေ့လိုက်သဖြင့် တုထန်ဟို အံ့ တက်သွားသည်။

'အစ်ကိုကြီး....ကျွန်တော် ထိုင်ချင်တယ်'

တုထန်ဟိုမှာ ပညာရှိ ထန်ရွှင်အား ထိုင်၍ ရှိခိုးချင်စိ ပေါက်သွားလေ၏။

စောစောက သေလုမျောပါးဖြစ်နေသည့် ဆန်ကွမ်းချီသ ယခုအခါ ထထိုင်ရန် ကြိုးစားနေပေပြီ။

'နေ....နေ ညီလေး၊ ငါကူပေးမယ်'

တုထန်ဟိုသည် ဆန်ကွမ်းချီ ထိုင်နိုင်အောင် ဖေးမ ကူ ပေးလေ၏။

ဆန်ကွမ်းချီသည် ဖြည်းညင်းစွာထိုင်ပြီး သူ့လက်များ လှုပ်ရှားကြည့်၏။

ထို့နောက်...

'အစ်ကိုကြီး ကျွန်တော့်ကို ကတိတစ်ခု ပေးရမယ်'

တုထန်ဟိုမှာ မျက်လုံးပြူးသွားလေ၏။

သို့သော် ဟန်မပျက် ပြန်မေးသည်။



'ဘာများလဲ ညီလေးရယ်၊ ညီလေးဆီက ဘာအကြောင်း ဘာ သိမှ ငါက ကတိပေးနိုင်မှာပေါ့'

'ကျွန်တော့်ကို ကွန်လုံဝမ်ဆီရောက်အောင် ခေါ်သွားရ

'ဘုရားရေ'

တုထန်ဟိုက ဘုရားတသည်။

'ညီလေး....ကွန်လုံဝမ်ကို တွေ့ဖို့ လွယ်တယ် မှတ်သလား။ လိုက်ကျားချုပ်ကြီးကို တွေ့ဖို့ လွယ်ချင်လွယ်မယ်၊ ရှောင်လင် းချုပ်ဆရာတော်ကြီးကို တွေ့ဖို့ လွယ်ချင်လွယ်မယ် ခွန်းလွန် းချုပ်ကြီးကို တွေ့ဖို့ လွယ်ချင်လွယ်မယ်၊ ကွန်လုံဝမ်ကို တော့ ဖို့မလွယ်ဘူး'

တုထန်ဟိုက ခေတ္တနားပြီး ဆက်ပြော၏။

'ကွန်လုံဝမ်ဆိုမှာ အလံအဖွဲ့ခေါင်းဆောင် လေးယောက် ယ်၊ လေးယောက်လုံး သိုင်းပညာအဆင့်မြင့်တယ်၊ အဲဒီ ကိုယ်ရံတော် သုံးဆယ့်နှစ်ယောက်လဲ ရှိတယ်၊ ကွန်လုံဝမ်ဆီ းရင် ကွန်လုံဝမ်တစ်ယောက်တည်းနဲ့ တွေ့မှာ မဟုတ်ဘူး'

'တွေ့ဖို့ခက်ခဲနေရင် အစ်ကိုကြီးဆီက ကတိကို ကျွန်တော် တောင်းတော့မလဲ'

တုထန်ဟိုမှာ ချွေးများ သီးလာသည်။

www.burmeseclassic.com

www.burmeseclassic.com

'အင်း... ဒီမှာ အချည်းအနှီးသေတာထက်စာရင် တိုက်ပွဲမှာ သေတာက ပိုဖြတ်တယ်၊ သေမယ်လို့လဲ ကျိန်းမသေတော့ မပြော နိုင်သေးဘူး'

တုထန်ဟိုမှာ အလျှင်အမြန်စဉ်းစားရတော့သည်။

'ကောင်းပြီ၊ သူ့ကိုတွေ့ဖို့ အင်မတန်ခဲယဉ်းတယ်၊ ဒါပေမယ့် ငါကြိုးစားပေးမယ်'

ဆန်ကွမ်းချိ၏ မှိန်ဖျော့နေသည့်မျက်လုံးများသည် သံမဏိ ဓားပြောင်ပေါ်သို့ နေရောင်ကျသကဲ့သို့ သန်းလက်လာသည်။

'နောက်ပြီး ကျွန်တော် တစ်ခုပြောချင်သေးတယ်'

'ငါတို့ညီအစ်ကိုနှစ်ယောက်ဆီမှာ ဘာလျှို့ဝှက်ချက်မှ မရှိဘူး၊ မင်းပြောချင်တာပြော'

'ဒီဟာကို ဘယ်သူမှ အသိမပေးပါနဲ့'

'စိတ်ချ...ဘယ်သူမှ မသိစေရဘူး'

တုထန်ဟို၏စကားဆုံးလျှင် အပြင်မှ ချောင်းဟန့်သံကြားရလေ၏။

တုထန်ဟိုက...

'နောင်ကြီး ထန်ရှင်၊ နောင်ကြီးရဲ့ အကြံညာဏ်ကတော့ တကယ့် မဟာသြသဓဆေးကြီးပါပဲဗျာ၊ ဝင်ခဲ့ပါတော့ နောင်ကြီးရဲ့လူနာကို လာကြည့်ပါဦး'



ထန်ရှင်သည် ယပ်တောင်ခတ်ယင်း ပြုံးပြုံးရွှင်ရွှင်ဖြင့် ဝင်လာ၏။

'မိတ်ဆွေကြီးရဲ့ စကားတစ်ခွန်းက ကျုပ် ရက်ချီရောက် ကုရမယ့်လူနာကို ထထိုင်စေနိုင်လိုက်တာပဲ'

'ဟာ...မဟုတ်တာ၊ ဒီအကြံက နောင်ကြီးရဲ့ အကြံညာဏ်ပဲ'

'ကျုပ်မှာ ဒီသူငယ်ထထိုင်နိုင်ဖို့ နှစ်ရက်လုံးလုံး မအိပ်နိုင်ဘဲ စဉ်းစားခဲ့ရတယ်၊ နောင်ကြီး အိပ်နေတဲ့ အချိန်အတွင်းမှာ စဉ်းစားရင်းလဲ ဒီကြားထဲမှာ ဒီသူငယ် တစ်ကြိမ်မှ အိပ်မရ ဘူး ကျုပ်လဲ စိတ်ပူသာတာပဲ၊ ကျုပ်ကိုအပ်ပြီးတဲ့ လူနာ ကျုပ်လက်ထဲမှာသေသွားရင် ကျုပ်ကိုယ်ကျုပ် သတ်သေဖို့ပဲ ရှိတော့တယ်၊ အခု နောင်ကြီးက ကျုပ်ရဲ့တာဝန် တစ်ဝက်ကို ယူလိုက်ပြီ၊ ကျုပ်လဲ ခုမှပဲ အသက်ရှူချောင်တော့တယ်'

ထန်ရှင်၏စကားကို ကြားသောအခါ ဆန်ကွမ်းချိရော တုထန်ဟိုပါ စိတ်ထိခိုက်သွားကြလေ၏။

ဆန်ကွမ်းချိက...

'ဆရာကြီး ကျွန်တော့်အပေါ် ဒီလောက် ကောင်းခဲ့တဲ့ ကျေးဇူးကို ကျွန်တော် တစ်သက်မမေ့ပါဘူးခင်ဗျာ'

ထန်ရှင်က ပြုံး၍ပြော၏။

www.burmeseclassic.com

www.burmeseclassic.com

'ကျုပ်က အပြောကြီးသွားတာကိုး၊ မောင်ရင့်ရောဂါကို ပျောက်စေရမယ်၊ မသေစေရဘူးလို့ကတိခံလိုက်တယ်၊ အဲဒီအချိန် တုန်းက ကျုပ် ဇာခ်ဇာခ်မြိုင်မြိုင် စဉ်းစားဖို့ ကောင်းခဲ့တယ်

ထို့နောက် ဆက်ပြောရာ....

'လူနာကိုဆေးကုတယ်ဆိုတာ လူနာကိုယ်တိုင်က သူ့ကိုယ် သူ တစ်ဝက်ကုသရတယ်၊ ဆေးဆရာက တစ်ဆေးနဲ့ တစ်ဝက် ကုသရတယ်၊ ကျုပ်ရဲ့ဆေး ဘယ်လောက်ပဲစွမ်းစွမ်း မောင်ရင် ကသာ အသက်ရှင်ချင်စိတ် ရှိရင် ကျုပ်ဆေးဟာ အလကား ပဲ၊ အသက်ရှင်ချင်တဲ့ စိတ်တစ်ဝက်နဲ့ ဆေးတစ်ဝက် အပေါ်မှာ မူတည်နေတယ်ဆိုရင် လွယ်သွားပြီ၊ မောင်ရင် ဟာ အသက်တစ်ဝက်ပျောက်သွားပြီ ကျန်တဲ့တစ်ဝက်ကို ကျုပ် ကုသပြီးနောက် ဆေးသုံးလေးလုံးသောက်ရုံနဲ့ မောင်ရင် ရောဂါ ပျောက်ပါပြီ'

တုထန်ဟိုသည် ခုတင်ပေါ်မှဆင်းကာ ဦးညွှတ် ဂါရဝပြု လေ၏။

'နောင်ကြီးထန်ရှင်ရဲ့ ဆေးပညာ၊ စိတ်ပညာ၊ အတွေး အခေါ်တွေကို ကျုပ် အံ့သြချီးကျူးလို့ မဆုံးပါဘူးခင်ဗျာ၊ ကျေးဇူးအနန္တပါပဲ'

ထန်ရှင်က ရယ်သည်။



'စောစောက ကျုပ်ပြောခဲ့တယ် မဟုတ်လား၊ လူနာရဲ့ အသက်ဟာ စိတ်တစ်ဝက်နဲ့ ဆေးတစ်ဝက်အပေါ်မှာ မူတည် တယ်လို့'

ဆန်ကွမ်းချီက....

'ဟုတ်ပါတယ် ခင်ဗျား'

'မောင်ရင့်ကိစ္စမှာတော့ ခြွင်းချက်ရှိတယ်'

'ဗျာ....'

'ဟုတ်တယ်၊ မောင်ရင့်အသက်ကျတော့ ဖောက်မိတ်ဆွေ ကြီး တုထန်ဟိုရဲ့ မေတ္တာစေတနာက သုံးပုံတစ်ပုံ ပါဝင်လာ တယ်၊ မောင်ရင့်ကိုမသေစေချင်တဲ့ ဟောဒီမိတ်ဆွေကြီးရဲ့မေတ္တာ စေတနာက သုံးပုံတစ်ပုံ၊ ကျုပ်ရဲ့ဆေးက သုံးပုံတစ်ပုံ'

ဆန်ကွမ်းချီသည် တုထန်ဟိုအား ချစ်ခင်လေးစားစွာကြည့် လျက်အုပ်ချီသည်။

'ကိစ္စမရှိပါဘူး ညီနောင်ရေ၊ ညီလေးရဲ့ အသက်သခင်က ဟောဒီ နောင်ကြီးထန်ရှင်ပါ'

ထန်ရှင်က ရယ်ရယ်မြူးမြူး လက်ခံသည်။

'ထားပါတော့....ထားပါတော့'

'နောင်ကြီးထန်ရှင်၊ ကျုပ်တစ်ခုတောင်းပန်ချင်ပါတယ်'

ထန်ရှင်၏ ထူထဲသောမျက်ခုံးကြီးများမြင့်တက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာများပါလိမ့်ဗျာ'

'ကျုပ်ကို မိကျောင်းခင်း ရေခင်းပြတယ်လို့မဘာ မထ နဲ့လို့ ကြိုတင် တောင်းပန်ပါတယ်ဗျာ'

'ပြောပါ၊ ကိစ္စမရှိပါဘူး'

'နောင်ကြီးဟာ တိုတစ်လောတုန်းက မြင်ရတာနဲ့ မြင်ရတာ ကွာခြားလွန်းနေပါတယ်၊ သိပ်ပိန်သွားတယ်၊ ဖြူရော်သွားတယ်၊ သိပ်အပင်ပန်း မခံပါနဲ့ဗျာ၊ တ တစ်လေ အနားယူပါဦး'

ထန်ရှင်က သက်ပြင်းချသည်။

'အင်း...ကျုပ်လဲ သိပါရဲ့ဗျာ၊ သိပ်နေရတော့မယ် မ ပါဘူး'

တုဆန်ဟိုမှာ လွန်စွာ ကရုဏာသက်သွား၏။

သို့သော် ထန်ရှင်ကဲ့သို့ ပညာကြီးမားသောလူတစ်ယော ကိုထပ်မံ၍ ဆရာလုပ်၍မဖြစ်ကြောင်းသိသဖြင့် ဘာမျှ မပြောတော့ပေ။

ဆန်ကွမ်းချိက...

'သိုင်းလောကကြီး မုန်တိုင်းနဲ့ ကြုံတွေ့နေရတဲ့အချိန်မျိုး ဆရာကြီးသေသို့ ဘယ်ဖြစ်မလဲ'

ထန်ရှင်က ရယ်ရင်း...



'သေဖို့ရှင်ဖို့ဆိုတာက လူသားတွေ ပိုင်းခြားသင့်တဲ့ အရာ မဟုတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် မောင်ရင်နဲ့ ဟောင်ကာမိတ်ဆွေ ကြီး တုထန်ဟိုက ကျုပ်ကို ဂရုစိုက်ကြတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်'

တုထန်ဟိုက....

'နောင်ကြီးဟာ သိုင်းလောကအပေါ်မှာ သိ ကျေး ဇူး ထားပါတယ်၊ ကျုပ်ကလဲ ကျေးဇူးတင်ပါတယ်၊ သိုင်းလောက ကြီးကို ဆက်ပြီးကူညီနိုင်အောင် နောင်ကြီး အသက်ရှည်ရှည် နေဖို့လိုပါတယ်၊ ကျုပ်ကိုအနားယူခိုင်းသလို နောင်ကြီးကလဲ အနားယူဖို့လိုအပ်နေပါပြီ'

ထန်ရှင်က လေးစားစွာ ခေါင်းညိတ်၏။

'စိတ်ချပါ၊ ကျုပ်လဲ တတ်နိုင်သမျှ အနားယူဖို့ကြိုးစားနေ ပါတယ်'

တဲကလေးအတွင်း၌ ပညာရှိထန်ရှင်၊ တံဘက်ကြီးတုထန်ပါ နှင့် ဆန်ကွမ်းချိတို့ သုံးဦးသာရှိကြပြီး သူတို့ သုံးဦးစလုံး တစ်ဦးပေါ်တစ်ဦး ကြင်နာမှု၊ ခင်မင်မှု၊ လေးစားမှုများ အပြန်အလှန် ခံစားနေကြရသဖြင့် တဲကလေးမှာ နွေးထွေး အားဖြင့် ငြိမ်းအေးသောရသကို ပေးစွမ်းနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀၈)

### သမီးတော်နှင့် သေဒဏသည်

'အင်း.... တကယ်တော့ အကြောင်း ကြုံကြိုက်လာတာပေါ့၊ ကွန်လုံဝမ်ကို ယှဉ်ပြိုင်ဖို့ ဂိုလ်းချုပ်ကြီးအဲ့ ယန်ထုံတို့၊ ခေါင်ကြီး တုတန်ဟိုတို့၊ ဟောဒီက ဆန်ကူမီးချီတို့နဲ့ ပေါင်းစပ်ဖို့ တကြိမ်မှာက ဖန်လာတာပါပဲခလေ၊ ကျုပ်တစ်ယောက်ထည်းနဲ့ စွမ်းရည်နဲ့ကျတော့ ကွန်လုံဝမ်ကို ဘယ်ယှဉ်နိုင်ပါမလဲ'

ထန်ရှင်က အနဝးသို့ ငေးမျှော်၍ ခပ်တိုးတိုး ပြောသည်။

ထန်ရှင် ပြုံးလိုက်သည်။

'ဒါပေမယ့် ခင်ဗျားတို့ စိတ်သာချပါ၊ ထန်းဘေရင် ငမ္ဘေပေါ်လာဦးမှာ သေချာပါတယ်၊ ထန်ရှင်သေသွားလို့ ဒုတိယ

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင်တစ်ယောက် ပေါ်လာဦးမှာပါ၊ ကျုပ်ကတော့ ဒီအတွ…
တစ်ချက်မှ မပူမိပါဘူးဗျာ'

တုထန်ဟိုက ခေါင်းခါ၏။

'ကျုပ်တော့ နောင်ကြီး ထန်ရှင်နေရာကို ဆက်ခံဖို့လူ…
မမြင်မိပါဘူးဗျာ'

ထန်ရှင်သည် သူ၏အိတ်ထဲမှ ဆေးပုလင်းကလေးကိုထုတ်…
ဆေးလုံးကလေးနှစ်လုံး ထုတ်ယူလိုက်သည်။

'ထို့နောက် ဆန်ကွမ်းချီကို လှမ်းပေး၏။

ဆန်ကွမ်းချီကလည်း ပါးစပ်ထဲ ပစ်သွင်းလိုက်၏။

ထန်ရှင်သည် သူ့ဆေးပုလင်းကို သေချာစွာ ပြန်သိမ်းလို…
ပြီး....

'နောင်ကြီး တုထန်ဟို၊ ကျုပ်အစားဝင်မယ့်လူဟာ ခုကတည်း…
က အသင့်ရှိနေပါတယ်ဗျ၊ သူဟာ....'

ထန်ရှင်သည် ဆန်ကွမ်းချီအား လှမ်းကြည့်ပြီး ရုတ်တရ…
စကားရပ်သွား၏။

'အင်း....နောင်ကြီးထန်ရှင် ပြောချင်တဲ့လူဟာ....'

တုထန်ဟိုလည်း အတွေးမဆုံးလိုက်ချေ။



မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် ကျန်လုဂိုဏ်းသ…
နှစ်ယောက်သည် ခြေလှမ်းကျဲကြီးများဖြင့် ဝင်လာကြသ…

သူတို့၏ လက်ထဲတွင် သစ်သားလင်ဗန်းကြီးများ ပါ…
သည်။

အငွေ့ တထောင်းထောင်းထသော ဟင်းလျာများ…
ပါလာ၏။

ထိုအခါကျမှ တုထန်ဟိုလည်း ဆာလောင်ရမှန်း သိ…
တော့သည်။

တစ်ကြိမ်တည်းဖြင့် နှစ်ရက်တာမျှ အိပ်မောကျခဲ့သည့်အ…
ကိုလည်း သတိရလာသည်။

ပညာရှိထန်ရှင်၏ သည်းခံ စောင့်ဆိုင်းနိုင်မှုမ်းကို ချီး…
လေးစားမိသည်။

ထန်ရှင်က....

'ဟင်းလျာအအကအေ အစေ… … မတော်…
ဒါပေမဲ့ ဆာလောင်နေတဲ့ အချိန်မှာ… တ…
ဟင်းကောင်းပါပဲ၊ ကဲ.... သုံးဆောင်ကြပါဦး၊ ဆန်ကွ…
ပြန်လည်ကျန်းမာလာတဲ့ အထိမ်းအမှတ်အဖြစ်ပေါ့'

ဘေးရှိ စားပွဲခုံများတွင် တုထန်ဟို ဝင်ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီလည်း အိုဩဖွယ်ကောင်းလောက်အောင် လ...
လျှောက်နိုင်သည်။

တုထန်ဟိုမှာ အရက်နှင့် ဟင်းလျာများ ကင်းဝေးခဲ့သ...
မှာ ကြာပြီဖြစ်၍ မည်သို့မျှ ရှက်ကြောက်ခြင်းမရှိဘဲ ကုန်းဖေ...
တော့သည်။

အရက်တိုး သပ်ဝက်နှင့် ကုန်သောအခါမှ ထန်ရှင်ထေ...
ကျေးဇူးတင်စကား ပြောသည်။

'နောင်ကြီးထန်ရှင်တို့ သိပ်ပြီး ကျေးဇူးတင်ပါတယ်ဗျ...
သစ်ဥသာစ်မှုလောက်နဲ့ ပြီးနေတာ ရက်ဆတ်တော်ကြာနေပြီ...
အရက်နဲ့ ဟင်းလျာတွေနဲ့ ဧည့်ခံတဲ့အတွက် အထူးပဲ ကျေး...
တင်ပါတယ်ဗျာ'

ခင်ဗျားတို့ကို ဂိုဏ်းချုပ်ကြီးကိုယ်တိုင်လာပြီး ဧည့်ခံမည်...
ဗျ။ အခရုံးခေါ် သတင်းပို့ချက်ရောက်လာလို့ ဂိုဏ်းချုပ်ကြီးဖေ...
ထိပ်တန်း သိုင်းသမားတွေပါ လိုက်သွားကြရတယ်၊ ဒါကြော...
မို့ ကျုပ်တစ်ယောက်တည်းလာပြီး ဧည့်ခံနေရတာပါ၊ ကျု...
ကတော့ အရက်မသောက်တတ်ဘူး၊ ခင်ဗျားတို့သာ စိတ်ကြိုက...
သောက်ကြပါ၊ ဆန်ကွမ်းချီလဲ သောက်နိုင်ပါတယ်'

'ကွန်လုံဝမ်ရဲ့ သတင်းကိုရလို့ လိုက်သွားကြတာလား'

တုထန်ဟိုက လှမ်းမေးလိုက်၏။



'ဟုတ်တယ်၊ ဒီစခန်းရဲ့ ငါးမိုင်အကွာမှာ ကွန်လုံဝမ်ကို...
တွေ့လိုက်ရတယ်တဲ့၊ ဒါကြောင့် ဂိုဏ်းချုပ်ကြီး လိုက်သွားတာပဲ'

'ကြော်....'

'ကွန်လုံဝမ် ထွက်ပေါ်လာတာဟာ မရိုးဘူး၊ ကြီးမားတဲ့...
ကြံအစည်တစ်ခုခု ရှိနိုင်တယ်လို့ ယူဆတယ်၊ ဒါကြောင့်...
...းချုပ်ကြီးဟာ အဆင့်မြင့် သိုင်းသမားအားလုံးကို ခေါ်ပြီး
...က်သွားတာပဲ'

တုထန်ဟိုမှာ သောက်မည့်ဆဲဆဲ အရက်ခွက်ကို အောက်သို့
...ချလိုက်၏။

'နောင်ကြီး ထန်ရှင်'

'ဘာများ ပြောစရာရှိလို့လဲဗျာ'

'နောင်ကြီးရဲ့ အတွေ့အကြုံတွေဟာ အမြဲတမ်းလိုလို မှန်
...တတ်ပါတယ်၊ ကျုပ်အခုနဲ့ ရှေးရှည်သလိုများ ဖြစ်နေ...
...း မသိဘူး၊ ပြောချင်လွန်းလို့ ကျုပ်ပည်ချောင်းထဲမှာ
...ကြီး ဖြစ်နေတယ်ဗျာ'

'အဲဒီလောက် ခက်ခဲနေပါနဲ့ဗျာ၊ ပြောစရာ ရှိတာကိုသာ
...ပါ'

'ကွန်လုံဝမ်ဟာ သားရဲတွင်းထဲက ကျားမကြီးကို မျှားထုတ်
...တာများလား မသိဘူး၊ ဂိုဏ်းချုပ်ကြီးဟာ ကျန်တဲ့ဂိုဏ်းရဲ့

www.burmeseclassic.com



ထိပ်သီးသိုင်းသမားအားလုံးကို ခေါ်မသွားသင့်ဘူးလို့ ထင်ပါတယ်၊ ကျန်တဲ့သူတွေကို ကွန်လုံဝမ် လာမဲတိုက်နိုင်ဘူးလို့ ဘယ်သူအာမခံနိုင်မှာလဲ'

ထန်ရှင်က ခေါင်းခါလိုက်၏။

'ကွန်လုံဝမ် မစွန့်စားတော့ပါဘူး'

'ဘယ်လိုသိရလဲဗျာ'

'သိပ်ရှင်းပါတယ်၊ မြက်ရိုင်းလွင်ပြင် တိုက်ပွဲကို အောင်အောင်မြင်မြင် ခေါင်းကျွင်းနိုင်တာဟာ ကွန်လုံဝမ်ဟာ ကြောက်သွားပါပြီ၊ ကျုပ်တို့ကို အထင် မသေးရဲတော့ဘူး၊ ဘယ်ရန်သူကိုမှ သူ အထင်မသေးရဲတော့ပါဘူး'

ထိုစဉ် တံခါးဝ၌ ကျန်လုဂိုဏ်းသားတစ်ဦး လာရပ်၏။

ထန်ရှင်က လက်ရပ်ခေါ်လိုက်၏။

ထိုသူသည် ထန်ရှင်၏ နားအနီး၌ကပ်ကာ တီးတိုး ပြောလေ၏။

'အဲဒါ ပြဿနာတစ်ခုပဲ'

ထန်ရှင် တီးတိုးရေရွတ်လိုက်သည်။

'တုထန်ဟိုမှာ မနေနိုင်တော့ဘူး'



'နောင်ကြီး၊ ကွန်လုံဝမ်ရဲ့ လက်အောက်ငယ်သားတွေရောက်ကြပြီလား၊ ကျုပ် ထွက်ပြီးတိုက်ပါ့မယ်'

ဆန်ကွမ်းချီကလည်း...

'ဆရာကြီး ဘာမှမပူပါနဲ့၊ ကျွန်တော်နဲ့ အစ်ကိုကြီး ဘုထန် ထွက်ပြီးတိုက်ပါမယ်'

ထန်ရှင်က ပြုံး၍ လက်ကာပြ၏။

'ပက်သက်သာသာနေကြပါ၊ ကွန်လုံဝမ်ရဲ့ လက်အောက် ငယ်သားတွေ မဟုတ်ပါဘူး၊ ဆန်ကွမ်းချီအနေနဲ့ တိုက်မှုဝင် စရာ မဖြစ်နိုင်သေးပါဘူး'

တုထန်ဟိုက မေးမြန်း၏။

'ဘာကိစ္စများလဲဗျာ၊ သိခွင့်မရှိဘူးလား'

'နောင်ကြီး တုထန်ဟို...အောက်မြစ်မီးတော်သွဲ ကျန်စီမှန်ဆိုသည့် ကြီးကြီးကိုသိရဲ့လား'

တုထန်ဟိုသည်ထိုအဘိုးကြီးကို ရန်ရှာယ်ရသေ ကြီးနှင့်တွေ့ဆုံ တစ်ခေါက်ကြုံကြိုက်ခဲ့ဖူးသဖြင့် သိနေ၏။

'ဟုတ်ကဲ့...သိပါတယ်'

'သူပေါ့၊ ကျုပ်တို့စခန်းဝတ်လည်မှာ လာပြီး ဒုက္ခပေးနေ

www.burmeseclassic.com

www.burmeseclassic.com



'နောင်ကြီးထန်ရှင်...သူ့ကိုနှင်လွှတ်လို့ မရဘူးလား'

'ဒီအဘိုးကြီးက သိုင်းပညာ အဆင့်မြင့်တယ်၊ သူ့ကိုယှဉ်နိုင်တဲ့သိုင်းသမားကလဲ ခပ်ရှားရှားပဲ၊ သူ ရောက်လာပေးလို့ ကျုပ်တို့ လူနှစ်ယောက် ထိခိုက်အနာတရ ရသွားပြီလို့ စောစောကတင် သတင်းလာပေးတယ်'

တထန်ရှင်တို့သည် ပြုန်းခနဲ မတ်တတ်ရပ်လိုက်၏။

'ကျုပ်သွားကြည့်လိုက်မယ်'

ဆန်ကွမ်းချီကလည်း ထရပ်၏။

'ကျွန်တော်လဲ လိုက်ခဲ့မယ်'

ထန်ရှင်က လက်ပြင့်တားပြီး...

'ထိုင်ကြပါဦး၊ နှစ်ဦးစလုံး ထိုင်ကြပါဦး'

ထိုစဉ် အပြင်မှ အော်သံကြားရလေ၏။

'ဟေ့...ဘယ်သူလဲ ငါ့သမီးကို ခေါ်သွားတာ၊ ဘယ်သူလဲကွ၊ ဟေ့...'

ငိုသံပါကြီးဖြင့် အော်လိုက်သည့်အသံကို ကြားလိုက်ရသောအခါ ဆန်ကွမ်းချီ စိတ်မကောင်းဖြစ်သွားသည်။

သည့်အဘိုးကြီးကို သူလည်း ကောင်းစွာသိပါသည်။



နိုင်ချစ်ခနှာ၏ အရိုးစိမ့်အဆိပ်အပ်ကိုပင် ထုတ်ယူပေးခဲ့သည့် ဆရာကြီး မဟုတ်ပါလော။

မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် ကျွန်လုဂိုဏ်းသား ငယ်တစ်ယောက်သည် သုတ်သီးသုတ်ပျာ ပြေးဝင်လာ၏။

'ဆရာကြီး...ဟိုအဘိုးကြီးကို တားလို့ မရတော့ဘူး၊ ကျွန်တော်တို့စခန်းထဲ ဝင်လာပြီ'

ထန်ရှင်က...

'ကိစ္စမရှိဘူး၊ ဝင်လာပါစေ၊ ခင်ဗျားတို့သာ အထိအခိုက်မရှိအောင် ကြည့်ရှောင်ကြ'

မီးခိုးရောင်ဝတ် ဂိုဏ်းသားငယ်ဦးက...

'ဆရာကြီး...သူ့စိတ်တွေ ဘယ်ပြီး ကယောင်ကတမ်းဖြစ်နေတယ်၊ ဒီကို ခေါ်လာရမလား'

'အရေးမကြီးဘူး၊ ဒီလဲ့နားတဲ့ဘောင်ကသာ မျှားခေါ်ခဲ့ကြ'

ကျွန်လုဂိုဏ်းသားနှစ်ဦးသည် ပြေးထွက်၍ သွားကြလေတော့သည်။

ထန်ရှင်က တုဆန်ဟိုနှင့် ဆန်ကွမ်းချီတို့ကို လှမ်းပြောသည်။

'ကျွန်စိမ့်ဝင်လာရင် နောင်ကြီးတို့ ဘာမှမလုပ်ကြပါနဲ့၊ အသာ စောင့်ကြည့်ကြပါ၊ ဆန်ကွမ်းချီကတော့ လုံးဝမတိုက်ခိုက်ရဘူး၊ တိုက်ခိုက်မှုကို ရှောင်ရမယ်'

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင် စကားပြောနေစဉ် ကျွန်ုပ်ဂိုဏ်းသားတစ်ဦးသည် စဥ့်ခွက်ကာစ်ခွက်ကို ကိုင်၍ ဝင်လာ၏။

ထန်ရှင်က လှမ်းယူလိုက်သည်။

'ဆန်ကွမ်းချီ...မင်းအဘွက် နောက်ထပ် ဆေးရည်၊ အဲဒါ သောက်ချလိုက်'

ဆန်ကွမ်းချီသည် ရိုသေစွာလှမ်းယူပြီး မော့ချလိုက်လေ၏။

ထန်ရှင်က အရက်တစ်ခွက် ငွဲ့ထည့်ပြီး လှမ်းပေးပြန်သည်။

'အဲဒါကိုပါ သောက်ချလိုက်ပါ'

'ဟာ...ဆရာကြီးရယ်၊ ကျွန်တော် ဘာသာ ယူပါ့မယ်'

'ကိစ္စမရှိပါဘူး၊ သောက်မှာသာ သောက်ပါ'

ဆန်ကွမ်းချီသည် အရက်ကိုပါ သောက်ပစ်လိုက်သည်။

ထန်ရှင်ပေးလျှင် ဆန်ကွမ်းချီသည် သေဆေးကိုပင် သောက်ချပေလိမ့်မည်။

ထန်ရှင်က ဖြည်းဖြည်း ပြော၏။

'ဆန်ကွမ်းချီဆီက အကူအညီတောင်းစရာရှိနေတယ်၊ ဖြည်းဖြည်းမှ ပြောမယ်'



ဆရာကြီး ဘာအကူအညီ တောင်းမှာလဲ၊ မီးပင်လယ်ကို ဖြတ်ခိုင်းမှာလား၊ ဓားတောင်ကိုတက်ခိုင်းမှာလား၊ ဝဲပြည်ကို ဆင်းခိုင်းမှာလား၊ သေဆေးကို သောက်ခိုင်းမှာလား၊ ကျွန်တော် အားလုံးကိုလုပ်ပေးနိုင်ပါတယ်၊ ကျွန်တော့် အသက်ကို ယူသွားပါစေ'

'စကား လွန်မယ်နော်'

ထန်ရှင်က ရယ်၍ ပြော၏။

'ဆရာကြီးနဲ့ပတ်သက်လာရင် ကျွန်တော့်မှာ စကားလွန်တယ်ဆိုတာ မရှိပါဘူးခင်ဗျာ'

ထန်ရှင်သည် အပူဒဏ်ကို ကာကွယ်သည့်အနေဖြင့် ယပ်တောင်ကို တဖျပ်ဖျပ်ခတ်လေ၏။

'ပြောဖို့အချိန်မတန်သေးဘူး၊ နောက်မှပဲပြောတော့မယ်'

'ဆရာကြီးကြိုက်တဲ့အချိန်ကို ပြောပါ၊ ကျွန်တော် ကူညီဖို့ အသင့်ပါပဲ'

ဆန်ကွမ်းချီသည် ထန်ရှင်နှင့် ပြောဆို ဆက်ဆံရသည်မှာ ပျော်ရွှင်နေသော်သည်း ဆရာကြီး၏ သဘောကို နားလည်ခြင်း မရှိသေးပေ။ ...ပေါက်နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



လူ မည်မျှအတင်းအကျပ်မေးမေး ထန်ရှင်က ပြောပြ မည် မဟုတ်ပေ။

မကြာမီ ညစ်ပတ်ပေရေနေသည့် အစိမ်းရောင်အင်္ကျီ ဆင်ထားသည့် အတိုးကြီးသည် ထန်ရှင်၏တဲအဝသို့ လာလေ၏။

ထိုအခါ တဲ၏မျက်နှာကြက်ပေါ်မှ ခုန်ချလာတန် ကျွန်လူကိုက်းသားငါးယောက်သည် အတိုးကြီးရှေ့သို့ ရှိလာနေလေ၏။

'ဟင်း..ပညာရှိထန်ရှင်ဟာ ဘာမျှမဆို အဆောင်းပဲ၊ ဒါပေမယ့် သူဟာ မှုရာမှာမဆို အဆင်သင့်ပြင်ဆင်ထားပြီး ဖြစ်နေတာပဲ'

'မင်းတို့ဖယ်ပေးလိုက်ကြ၊ သူ လုံးဝရှူးနေတာ မဟုတ် အသိဉာဏ်ရှိနေခဲ့သေးတယ်'

ကျွန်လူကိုက်းသားများ ရှဲခနဲ ဘေးဖယ်လိုက်ကြ၏။

အတိုးကြီး ကျွန်စီမွန်သည် မည်သူ့ကိုမျှ ဂရုမစိုက် အတွင်းသို့ဝင်လာကာ တုထန်ဟိုနှင့် ဆန်ကွမ်းချိတ်အတွ ဆင်ထားသည့် ဟင်းလျာများနှင့် အရက်များကို စားသောက်တော့၏။



သူလည်း တုထန်ဟိုကဲ့သို့ အစာအာဟာရနှင့် ပြတ်လတ်နေ သည်။

တုထန်ဟိုသည် ထန်ရှင်အား ကျွန်စီမွန်က ရှတ်တငက်ရန် တွေ့ရ ပြုပါက ကာကွယ်နိုင်ရန်အလို့ငှာ ထန်ရှင် အနီးသို့ ကပ်သွားလေ၏။

ထန်ရှင်သည် တုထန်ဟို၏စေတနာကို သိရှိသဖြင့် ခေါင်း ငြိတ် အသိအမှတ်ပြုလေ၏။

ကျွန်စီမွန်သည် စားပွဲပေါ်ရှိ အရက်အိုး တစ်ခိုးလုံးကို သောက်ပစ်လိုက်သည်။

မကြာမီ အစားအစာသောက်များပေါ် ပြတ်လတ်သွားတော့ ၏။

ထန်ရှင်ကမူ ယမ်းငတ်၍ ခုအားဘေးသေးသေးပင် စောင့် ကြည့်နေသည်။

ကျွန်စီမွန်က ထန်ရှင်ကို မော့်ကြည့်ပြီး...

'ငါ့သမီး ခံသပြီလား'

'မသေသေးပါဘူး ကောင်းကောင်းမွန်မွန် ရှိပါတယ်'

'ဘာကယ်ပြောဘာလား'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် တစ်ခါမှ လိမ်ညာ မပြောဖူးဘူး'

'ဒါဖြင့် ငါ့သမီး ဘယ်မှာလဲ'

'ဆရာကြီး ခဏအနားယူပါ၊ အနားယူပြီးတဲ့အ လန်းလန်းဆန်းဆန်းဖြစ်လာရင် ကျုပ်ပြောပြမယ်'

'ကောင်းပြီ'

ကျွန်စီမွန်သည် ထိုင်ခုံပေါ်မှဆင်းပြီး တင်ပျဉ်ခွေ ထိုင်

မျက်စိနှစ်လုံးစုံမှိတ်ကာ အတွင်းအား ခလ ကျင့်သည်။

ထန်ရှင်သည် ကျွန်လုဂိုကျားသားငါးယောက်အား နှင်ထု လိုက်၏။

'ရှပြီ....မင်းတို့အပြင်ကပဲ စောင့်ကြပေတော့'

ကျွန်လုဂိုကျားသားငါးယောက်တို့ ထွက်သွားကြသည်။

တုထန်ဟိုက ချီးကျူး၏။

'နောင်ကြီးထန်ရှင် အစောင့်ချထားတာ သိပ်ပိရိတာ ကျုပ်ဖြင့် နည်းနည်းမှမရိပ်မိဘူး'

ထန်ရှင်က ပြုံး၍ပြော၏။



'အဲဒီလိုသာလုပ်မထားရင် ကျုပ်ဟာ ကွန်လုံးခမ်းရဲ့လက်ထဲမှာ ကြက်ကလေး ငှက်ကလေးတစ်ကောင်လို ပါသွားတာကြာလှပြီပေါ့ဗျာ၊ ကျုပ်အကြောင်းလဲ ခင်ဗျားတို့သိကြသားပဲ'

ထန်ရှင်သည် ကျွန်စီမွန်ကိုကြည့်၍....

'သူ အနားယူနေပြီ၊ ဘယ်လောက်ကြာမလဲမသိဘူး၊ ကျုပ်လဲ ခဏတော့ အနားယူမှပဲ'

တုတန်ဟိုက ဖျားဖျားသလဲပြော၏။

'ဟာ...ယူပါ...ယူပါ၊ အန္တရာယ်တွေကို အသက်ပေးပြီး ကျုပ်တို့ကာကွယ်ပါ့မယ်'

ထန်ရှင်သည် စားပွဲခုံပေါ်၌ မှောက်အိပ်လိုက်၏။

မည်မျှ ပင်ပန်းထားသည်မသိ။

တစ်ခဏအတွင်း အိပ်ပျော်သွားလေ၏။

ထန်ရှင် ဤသို့အိပ်နိုင်ခြင်းမှာ အကြောင်းရှိသည်။

ဆန်ကွမ်းချီနှင့် တုထန်ဟိုတို့ကို သူသည် အကြွင်းမဲ့ ကြည်၏။

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်များကို တားနိုင်စွမ်းလည်း ရှိကြသည်မဟုတ်ပါလား။

ဆန်ကွမ်းချီနှင့် တုထန်ဟိုတို့၏ နှစ်ယောက်ပေါင်းအင်အားသည် ကျွန်ုပ်တို့ထက်စာလျှင် ပိုမိုသာလွန်သော်လည်း အသွင်အပြင်တွင် ညီမျှကြောင်း ထင်ရှား သိရှိပေသည်။

အဘိုးအိုမှ ငြိမ်သက်နေသည်။

သူ၏သမီး သေမသေကို မည်သူမျှ မသိကြပေ။

ပညာရှိဆန်ရှင် ကုသပေးလိုက်သည့်အသက်ကို ကျွန်ုပ်တို့မှ ကိုယ်စိတ် ဆက်၍ ရှင်သန်အောင် မကုသနိုင်သည့် အချက်ကိုလည်း မည်သူမျှ မသိခဲ့ပေ။

သမီးကို ချစ်လွန်းသည့်စိတ်ကြောင့် ကယောင်ချောက်ချား ဖြစ်ပြီး သမီးရှာပုံတော် ဖွင့်နေမိခြင်း ဖြစ်သည်။

သူသည် နက်ရှိုင်းသော အတွင်းအားရှိသူဖြစ်၍ အစားအစာ ရေမသောက်ဘဲ တောင့်ခံခဲ့သည်။

ယခု ထန်ရှင်၏စကားကြောင့် သူ့သမီး ရှိနေသေးသည်ဟု ယူဆသွားကာ တင်းထားသမျှ စိတ်များကိုလျှော့ချပြီး အနားယူနေခြင်း ဖြစ်တော့၏။



ဆန်ကွမ်းချီက....

'အစ်ကိုကြီး တုထန်ဟို၊ အစ်ကိုကြီးလဲ ပင်ပန်းလှပြီ၊ အိပ်လိုက်ပါဦးလား'

တုထန်ဟိုက ဟက်ဟက်ပက်ပက် ရယ်လေ၏။

သူ နှစ်ရက်တာမျှ အိပ်စက်မိပုံအကြောင်း ပြောပြသောအခါ အရယ်အပြုံးနည်းသော ဆန်ကွမ်းချီပင် ရယ်မောမိတော့သည်။

'ညီလေး၊ မင်းက ငါ့ထက် ပိုပင်ပန်းတာကွ၊ မင်းအိပ်လိုက်ပါလား၊ ငါ စောင့်ကြည့်နေပါ့မယ်'

သူတို့သည် တစ်ယောက်ကိုတစ်ယောက် အငြင်း အခံနိုင်းနေကြသည်။

တစ်ယောက်ကိုတစ်ယောက် ညှာနေကြသည်။

နောက်ဆုံး၌ တုထန်ဟိုက ရယ်ပြီးပြောသည်။

'ဟား...ဟား...ဟား...ညီလေး၊ မင်း ဘာမှမပြောနဲ့တော့ ငါလဲ မအိပ်ဘူး၊ မင်းလဲမအိပ်နဲ့၊ နှစ်ယောက်စလုံး စောင့်ကြမယ်'

ဆန်ကွမ်းချီက ပြုံး၍ ခေါင်းညိတ်၏။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ အစ်ကိုကြီးရော ကျွန်တော်ရော ရှုံးတာပေါ့ဗျာ

'ဟား...ဟား...ဟား၊ မင်းကို မြတ်အောင်အိပ်ခိုင်းလို့ ကမှ မအိပ်ဘဲကိုးကွ'

သူတို့နှစ်ယောက်သည် ပညာရှိထန်ရှင် စောင်းမှန်စွာ စက်နိုင်စေရန် ယပ်တောင်ဖြင့် တစ်ယောက်တစ်လှည့် ခတ် ကြသည်။

နှစ်နာရီခန့်မျှ ကြာသောအခါ ကျွန်စီမွန်၏ မျက်လုံးမှ မှင့်လာ၏။

တုထန်ဟိုနှင့် ဆန်ကွမ်းချီတို့သည် ကျွန်စီမွန်၏အနီးသို့ သွားကြ၏။

ထိုအချိန်မှာပင် ကျွန်စီမွန်က ဖျတ်ခနဲခုန်ထွက်ကာ အိပ် သော ထန်ရှင်၏ ပခုံးကြောကို ဖမ်းကိုင်လိုက်လေ၏။

ဆန်ကွမ်းချီသည် သိုင်းပညာ အဆင့်မြင့်မြင့် တတ်မြော ထားသူဖြစ်၏။

ဤအဘိုးအို ဤသို့ပြုလုပ်လိမ့်မည်ဟု လုံးဝမျှော်လင့်မထား သဖြင့် တားဆီးနိုင်ခြင်း မရှိခဲ့ပေ။

ထန်ရှင်မှာ အိပ်ရာမှ လန့်နိုးလာ၏။



သူ ပခုံး၌ နာကျင်မှု ခံစားလိုက်ရသော်လည်း ကျွန်စီမွန် ပြုံး၍ ကြည့်နိုင်သည်။

'ဆရာကြီး ဘာလုပ်တာလဲ'

'ငါ့သမီး ဘယ်မှာလဲ'

ထန်ရှင်မှာ ကျွန်စီမွန်၏ လက်တွင်း၌ အချိန်မရွေးသေ နိုင်၏။

ဆန်ကွမ်းချီနှင့် တုထန်ဟိုတို့မှာ ဘာလုပ်ရမှန်း မသိသဖြ ချွေးပြန်လာကြသည်။

ထန်ရှင်က ဆန်ကွမ်းချီနှင့် တုထန်ဟိုအား တစ်ချက် ကြည့် သည်။

သူ့အကြည့်က ဘာမှမလုပ်ကြနဲ့ဟု တားမြစ်သည့် အဓိပ္ပာယ် ပင် ဖြစ်နေသည်။

'ဆရာကြီးသမီးကို ဆရာကြီး ဘယ်မှာထားခဲ့သလဲ၊ ဆရာ ကြီးကိုယ်တိုင် မသိရင် ကျုပ်က ဘယ်မှာ သိနိုင်မှာလဲ'

ကျွန်စီမွန် ဒေါသထွက်လာ၏။

'စောစောက မင်းပဲ ရှိတယ်လို့ပြောတာ မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ကျန်စိမ္မန်၏ သန့်မာလှသော လက်ဖြင့် ဆုပ်ကိုင်မှုကြောင့် ထန်ရှင်၏ နဖူးမှ ချွေးအစီးစီး ကျဆင်းလာတော့သည်။

ဆန်ကွမ်းချိုက ဒေါသဖြင့် အော်လိုက်၏။

'ဆရာကြီးရဲ့လက်ကို အရင်လွှတ်၊ နောက်မှ သိချင်တာကို မေး၊ လက်မလွှတ်ရင် ကျုန်နေတော်ကို အဆိုးမဆိုနဲ့'

ဆန်ကွမ်းချို၏ ဒေါသဖြင့်အော်သံသည် ထူးထူးခြားခြားပင် ကျန်စိမ္မန်၏ ကယောင်ချောက်ချား အသိဉာဏ်များကို တည်ငြိမ်ပေးလိုက်သလို ဖြစ်သွား၏။

လူ့မျက်လုံးများ ကြည်လင်လာသည်။

ထန်ရှင်၏ ပခုံးကို လွှတ်ပေးလိုက်၏။

ထန်ရှင်မှာ ပခုံးအစ်ခွဲလုံး နာကျင်နေသော်လည်း လက်ဖြင့် ပွတ်သပ်ခြင်း မရှိပေ။

ဆန်ကွမ်းချိုကို ကျေးဇူးတင်သောအကြည့်ဖြင့် လှမ်းကြည့်သည်။

ဆန်ကွမ်းချိုနှင့် တုထန်ဟိုတို့မှာလည်း ထိုအခါမှ သက်ပြင်းချနိုင်တော့သည်။

တုထန်ဟိုသည် ထန်ရှင်၏အနီးသို့ တိုးကပ်သွားသည်။



ထန်ရှင် နောက်တစ်ကြိမ် အဖမ်းမခံရအောင် ရှောင်ကွယ်နေပေတော့မည်။

ကျန်စိမ္မန်က...

'ပြောလေ...ငါ့သမီး ဘယ်မှာလဲ'

ထန်ရှင်က ပြုံး၍ပြောလေ၏။

'ကျုပ် ဘာမှမသိပါဘူး၊ ဆရာကြီးဟာ သမီး ငို ချင်တော့နဲ့ လောကသိပ်မရောက်နေတယ်၊ အခုနေ ... ကျွန်တော်လို့ မပြောနိုင်ခဲ့ဘူး၊ ကျုပ်က ဆရာကြီးရဲ့ဦးနှောက် ကြည်လင်လာအောင် စောင့်နေတာနဲ့ လိမ်ပြောလိုက်ရတာပဲ'

ကျန်စိမ္မန်မှာ စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

'ဟင်း...ဒီလိုဆိုရင် ငါ့သမီး တကယ်သေပြီပေါ့'

'ကျွန်တော်လည်း အဲဒီလိုပဲ ယူဆပါတယ်၊ ဘာပဲဖြစ်ဖြစ် ဆရာကြီးလို စိတ်မှန်ပြန်ရအောင် ကူညီမယ်လို့ဆုံးဖြတ်ပြီး လိမ်ပြောလိုက်ရတာပါ၊ အဲ...နှစ်သိမ့်လိုက်ရတာ ဆိုပါတော့လေ'

'ဒါပေမယ့် ငါ့သမီးအလောင်း'

'အဲဒါကတော့ ဆရာကြီးမှ သိမှာပဲ'

'ကျုပ်ပဲသမီးအလောင်းဟာ'

အတိုးအဆို ကျန်စိမ္မန်သည် မည်သည့်နေရာက ပြောရမှန်း မသိဘဲ ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင်က....

'ဆရာကြီးရဲ့ အဖြစ်အပျက်တွေကို ဖြည်းဖြည်း ပြောပြပါလား၊ ကျုပ်တို့ ဆက်စပ် စဉ်းစားကြမယ်၊ အဖြေရှာကြမယ်၊ မကောင်းဘူးလား'

အတိုးအိုက ခေါင်းညိတ်၏။

'အေးဗျာ...ကျုပ်လဲ ကယောင်ချောက်ချား ဖြစ်နေတော့ ဘာတွေလုပ်လို့ ဘာတွေဖြစ်မှန်းတောင် မသိတော့ပါဘူး၊ ကျုပ် ဖြည်းဖြည်းစဉ်းစားပြီး ပြောပြပါ့မယ်'

ကျန်စီမွန်၏ဦးနှောက်များ ပြန်လည်ကြည်လင်လာဖြို့ ဖြစ်ကြောင်းကို သူ့အသုံးအနှုန်းများက သက်သေပြလျက်ရှိနေ၏။

သူသည် ပညာရှိထန်ရှင်ကို လေးလေးစားစား ဆက်ဆံရကောင်းမှန်း သိလာလေပြီ။

ထို့ကြောင့် ကျန်စီမွန်အား တားဆီးရန် သို့မဟုတ် တိုက်ခိုက်ရန် မာန်တင်း၍ အသင့်ပြင်ထားမိကြသည့် တုထန်ဟိုနှင့် ဆန့်ကုမ်းချီတို့သည် တင်းကျပ်နေသည့် သူတို့၏ စိတ်များကို အသာအယာ လျှော့ချပစ်လိုက်ရတော့သည်။

## အခန်း (၁၀၉)

## တစ်ကွက်သာသွားသော ကွန်လုံးဖမ်း

'အေးဗျာ...ကျုပ် သမီးရဲ့ အလောင်းကိုလဲ မတွေ့ရဘူး၊ ဘယ်သူ ဖမ်းသွားမှန်းလဲ မသိဘူး၊ အတော့်ကို စဉ်းစားရ ကျပ်နေတာပဲ'

ကျန်စီမွန်က စဉ်းစဉ်းစားစား ပြောသည်။

ထန်ရှင်က....

'ဆရာကြီး....တစ်ခုတော့ စိတ်ချပါဗျာ၊ ဆရာကြီးရဲ့ သမီးက ဘေးမသီရန်မခ ရှိနေမှာပါ၊ ဒီလေးငါးရက်အတွင်းမှာ ကျွန် သတင်းရလာမှာပါ'

'ခင်ဗျား အတပ်ပြောနိုင်သလားဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'အဟပ်ပြောနိုင်တယ်၊ဆရာကြီးမှာ သာရန်ငြိုးရှန်စရှိသလဲ ရန်ငြိုးရှန်စမရှိဘဲ ရောဂါအပြင်းအထန် ဖိစီးနှိပ်စက်ခံနေရ သမီးကလေးကိုဖမ်းခေါ်သွားတာတခြားအကြောင်းကြောင့် ဖြစ်ရမှာပေါ့'

'တခြား ဘာအကြောင်း ရှိနိုင်မှာလဲ' -

ကျုပ်စိတ်ထင်တော့ ဆရာကြီးကို အကျပ်ကိုင်ချင် အောက်မေ့တယ်၊ ဆရာကြီးရဲ့ နာမည်ဟာ သိုင်းလောက ကြီးတဲ့နာမည်မှ မဟုတ်ဘဲဗျာ၊ စောင့်ကြည့်မပါ။ မကြာ ဆရာကြီးဆီ အကြောင်းကြားစာ ရောက်လာမှာပဲ'

'ကျွန်စီမွန် သက်ပြင်းချ၏။

'ဟား...ခင်ဗျားကတော့ နက်မြက်စိမ်းများ သေသို့ အ ပြောတာပဲ၊ ကျုပ်မှာတော့....'

ထိုစဉ် အော်သံတစ်သံ ထွက်ပေါ်လာ၏။

'ဂိုဏ်းချုပ်ကြီး ရောက်ရှိလာပါပြီ'

အော်သံဆုံးသည်နှင့် ဂိုဏ်းချုပ်ကြီး အိုယန်ထု၊ လေ မြေးမှူးကြီး ကွမ်းစန်စင်၊ ဖေကူးလျှန်နှင့် ထက်မုဆရာ တို့ ရောက်ရှိလာ၏။



သူတို့မျက်နှာ၌ စိုးရိမ်သောကမျှားပြားသည့်အရိပ်အယောင် များ ပေါ်လွင်နေသည်။

ဆန်ရှင်က ကမန်းကတန်း တရပ်ကာ ဂါရဝပြုလေ၏။

'ဂိုဏ်းချုပ်ကြီး ပြန်ကြွလာပြီလား၊ နေ့ခက်က ဖိတ်ဆွေ တွလ် သိပ်ပင်ပန်းနေကြပြီနော်'

ဝင်လာသူ အားလုံးကလည်း ထန်ရှင်ကို ပြန်လည်၍ ဂါရဝ ပြုကြ၏။

အိုယန်ထုသည် ကျန်စီမွန်ကို ချက်ချင်း သတိပြု၏။

ထို့ကြောင့် သီးခြား ဂါရဝပြု၍ နှုတ်ဆက်သည်၊

'ဆရာကြီး ကျွန်စီမွန်ပါလား၊ ဘယ်တုန်းက ရောက်သလဲ'

ကျန်စီမွန်သည် သမီးဖြစ်သူအတွက် သောကများ နေသဖြင့် ဂိုဏ်းချုပ်ကြီး အိုယန်ထု၏ ပြုသမ္ဘာရစကားကို မကြားမိပေ။

ကွမ်းစန်စင်က ခေါ်ပြသွား၏။

'ဘယ်သိုလဲ...ခင်ဗျား နားကန်းနေသလား'

ထန်ရှင်က ကမန်းကတန်း ထားမြစ်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကွမ်းစန်စင်.... ဆရာကြီး ကျန်စီမွန်ဟာ သမီးဖြစ်သူက တစ်ပါးသူဖမ်းသွားလို့ အကြီးအကျယ် သောကရောက်နေတယ် မြေမြေပြစ်ပြစ် ဆက်ဆံဖို့ ကျုပ်တောင်းပန်ပါတယ်'

ကွမ်းစန်စင်သည် ထန်ရှင်အား အလွန်တရာကြည်ညိုလေးစား သူဖြစ်ရာ ထန်ရှင် စကားတစ်ခွန်း ပြောလိုက်သည်နှင့် ချက်ချင်း နောက်ဆုတ်သွားလေတော့သည်။

ထန်ရှင်က....

'ဂိုဏ်းချုပ်ကြီး ခင်ဗျာ၊ ကွန်လုံဝမ်ရဲ့ သတင်းကို တော လှမ်းလို့ ရခဲ့ပါသလား'

အို့ယန်ထုံက စိတ်ပျက်လက်ပျက် ပြောသည်။

'ဟာ.... ကွန်လုံဝမ်လောက် ဆိုးယုတ်တဲ့လူ ဒီလောကမှာ ရှိမှာမဟုတ်ဘူး၊ သိုင်းပညာလဲ တကယ် ပြိုင်စံရှားတဲ့လူပဲ'

ထန်ရှင် အံ့ဩသွား၏။

'ဂိုဏ်းချုပ်ကြီးတို့ ထူးထူးခြားခြား တွေ့ဆုံခဲ့ပြီနဲ့တူတယ်'

'ဟာ....တွေ့ခဲ့ပြီလားဗျာ၊ ကျုပ်တို့သွားတော့ ကွန်လုံဝမ် မရှိတော့ပါဘူး၊ဒါပေမယ့် သူ့ဆားပစ်ခဲ့တဲ့ကျောက်တုံးဝက်ပါ ထဲတော့ ရှိနေခဲ့တယ်၊တက်မုဆရာတော်နဲ့ ကျုပ်တို့ အဲဒီဝက်ပါ ထဲ ဝင်ကြည့်မိပြီး ချောက်ကျသွားခဲ့ရတာပေါ့ဗျာ'



'ဝက်ပါထဲ ဝင်မိသွားတယ် ဟုတ်လား'

ကျောက်တုံးတွေကိုဟိုဘက်ပုံဒီတစ်ပုံချထားတဲ့အဌါဝက်ပါ ဘ ကျုပ်ကြားဖူးထားတာ ကြာပါပြီ၊ ကိုယ်တွေ့တော့ ဒါမှ မကြုံဖူးခဲ့ပါဘူးဗျာ၊ ကံကောင်းလို့ အရိုးဆွေးတဲ့အထိ ခံရတာဘဲ'

ထန်ရှင်က ယပ်တောင်ကိုခတ်ရင်း....

ရှင်းပြပါဦး ဂိုဏ်းချုပ်ကြီး'

ကျုပ်နဲ့ တက်မုဆရာတော် အထဲဝင်သွားတာနဲ့ အပြင် ကနဲ့ အဆက်အသွယ် ပြတ်သွားတာပဲ၊ အဲဒီကျောက်ပုံ ကြားထဲက အယ်လိုပြန်ထွက်ရမှန်း လုံးဝမသိတော့ပါဘူး'

ထန်ရှင်က စဉ်းစဉ်းစားစား ပြော၏။

အဲဒါ ဝူဟိုလို နာမည်ရှိသူတစ်ယောက်ရဲ့ လက်ရာဖြစ်ရင် ဘော်လဲ အဲဒီဝက်ပါထဲက ထွက်နိုင်မယ် မထင်ဘူး

သူတို့အားလုံး တိတ်ဆိတ်ငြိမ်သက်သွားလေ၏။

တက်မုဆရာတော်နှင့်ဖေကုံးလျှန်တို့သည် မြက်ရိုင်းတွေပြင် ၌ ဆင်နွှဲပြီးသည့်နောက်ပိုင်းတွင် သိုင်းလောကမှာ ပြသနာ

www.burmeseclassic.com

www.burmeseclassic.com



…ရိုက်များအား သိုင်းပညာတစ်ခုတည်းဖြင့် ရှင်း၍မရနိုင်ကြော… သဘောပေါက် နားလည်လာခဲ့ကြလေ၏။

သူတို့သည် ပညာရှိထန်ရှင်အား တစ်ကြိမ်ထက်တစ်ကြိမ်… လေးစားလာကြ၏။

ယခုအချိန်တွင်ကွန်လုံဝမ်၏အဖွဲ့ရှုယ်လင်ကိုရှောင်လင်ကျော… တော်တစ်ခုတည်း ကာကွယ်၍ရနိုင်ကြောင်း ကက်မှ… သဘောပေါက်နေလေပြီ။

ရှောင်လင်ကျောင်းတော်သည် နှစ်ပေါင်းသုံးရာ… တို့ကြားမြင့်ခဲ့သည့် ဂိုဏ်းကြီးဖြစ်သည်။

ထက်မြက်သော သိုင်းပညာ တက် ရှောင်လင်ဘုန်းတော်… ပေါင်း မြောက်မြားစွာကိုလည်း မွေးထုတ်ခဲ့သည်။

သို့သော် ယခု မျက်မှောက်ခေတ်တွင်မူ ကျွန်လုဂိုဏ်း… ရှောင်လင်ကျောင်းတော်ထက် အင်အားသာလျက် ရှိနေ…

ထို့ထက် ပိုဆိုးသည်မှာ တိုးတက်လာသည့် နှစ်များအ… ကွန်လုံဝမ်သည် အဆိပ်ဆေးများကို အသုံးပြုလျက် အဆ… သိုင်းသမားများကို စုစည်းနိုင်ခဲ့ခြင်း ဖြစ်သည်။

လူဆိုး၊ ဓားပြ၊ သူခိုးမကျန် သိုင်းပညာတတ်သူမှန်သ… စုစည်းသိမ်းသွင်းသဖြင့် ကွန်လုံဝမ်၏ဂိုဏ်းသည် ကျွန်လု… ထက် အင်အားသာလွန်နေပေတော့သည်။



…ယခုအချိန်၌ ကျွန်လုဂိုဏ်းသည် ဝမ်ဂိုဏ်းကို တစ်ဦးတည်း …ခိုင်နေ၏။

ထန်ရှင်ကို ကျွန်လုဂိုဏ်းက အားထားသည်ဖြစ်ရာ ဝမ်ဂိုဏ်း ထန်ရှင်သည် ထိပ်တိုက်တွေ့နေကြတော့၏။

ထန်ရှင်သည် ကျွန်လုဂိုဏ်းအတွက် သူ့ရဲကောင်းဖြစ်ရုံတင် …တော့ဘဲ သိုင်းလောကကြီးတစ်ခုလုံး၏ကယ်တင်ရှင်ပင်ဖြစ် …လာသည်။

…ဘယ်ကြောင့်ဆိုသော် ကျွန်လုဂိုဏ်းသာ ရှုံးနိမ့်သွားလျှင် …း သိုင်းဂိုဏ်းကြီးများကိုလည်း ဝမ်ဂိုဏ်းက တိုက်ခိုက် …ခံရတော့မည် ဖြစ်သောကြောင့်ပေတည်း။

…အချက်ကို ထက်မှဆရာတော်၊ ဒေကုလျှန်နှင့် ဂိုဏ်း …ကြီး အို့ယန်ထုံတို့အားလုံး နားလည် သဘောပေါက်ကြ…

…တ်ချုပ်ကြီး အဌဂ ဝက်ပါးဆဲက 'ဘယ်လိုသွားတော်မြောက် …လဲ'

…ယန်ထုံက ပြန်ဖြေ၏။

…ချုပ်တို့ ဝက်ပါထဲ ရောက်နေတဲ့အချိန်မှာပဲ ကွန်လုံဝမ် …လာတယ်'

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင်က....

'ဂိုဏ်းချုပ်ကြီးတို့ကို ကွန်လုံဝမ်က ခင်ဗျားတို့ ... အဌဂံ ဝက်ပါထဲရောက်နေပြီလို့များ ပြောသေးသလားခင်...

ထိုစကားကို ကြားလိုက်ရသောအခါ တက်မူဆရာတော... ထိတ်လန့်သွား၏။

'ဒကာကြီးထန်ရှင် ဘယ်လိုလုပ်သိနေသလဲ၊ ကွန်လုံဝ... အဲဒီစကားလုံးအတိအကျနီးပါး ကျွန်တော်တို့ကို အော်... ခဲ့ပါတယ်'

ထန်ရှင်က ပြုံး၍ပြော၏။

'တပည့်တော်လဲ ခန့်မှန်းပြီးပြောတာပါ၊ အတပ်... တော့ မသိတ်ပါဘူး'

ဂိုဏ်းချုပ်ကြီး အိုယန်ထုံက ချောင်းဟန့်ပြီး ပြောသေ...

'ကျုပ်ကိုတော့ သူက နမောင်တွာရပ်ခဲ့ပါတယ်'

ထန်ရှင်က ရယ်ပြီး....

'ဂိုဏ်းချုပ်ကြီးကို သိုင်းလောကက ထွက်ခွာပြီး အနေ... ဖို့ တိုက်တွန်းတယ်မဟုတ်လား၊ ဒါမှမဟုတ် ဝမ်ဂိုဏ်းနဲ့... လုဂိုဏ်း မကျေးကျော်စတမ်း၊ မတိုက်ခိုက်စတမ်း ကတိ... ပြုရမယ်လို့ အကျပ်ကိုင်တယ်မဟုတ်လား'



အိုယန်ထုံက ခေါင်းညိတ်၏။

'အဲဒီအတိုင်းပါပဲဗျာ၊ ကျုပ်က မကျေးကျော်စတမ်း ကတိ အတွက်တော့ ကတိပေးနိုင်မယ်လို့ ပြောခဲ့တယ်၊ ဒါနဲ့ကျုပ်တို့ လဲ အဌဂံ ဝက်ပါထဲက ထွက်နိုင်ခွင့်ရလာတာပဲ'

အိုယန်ထုံက စိတ်ပျက်စွာ ဆက်ပြော၏။

'ကျုပ်တို့ အဌဂံ ဝက်ပါထဲ ရောက်နေတဲ့အချိန်မှာ ကျုပ်ရဲ့ ကျန်လုဂိုဏ်းသား အဖော်များများ သေကြေပျက်စီးခဲ့ရတယ်၊ အဲဒီအတွက် ကျုပ် စိတ်မကောင်းဘူး'

'ကွန်လုံဝမ် ဘယ်လိုသတ်ဖြတ်သလဲ'

'သူ့ လေးသမားတွေကို အသင့်စောင့်ပြီး ဝိုင်းပစ်တာပါပဲ၊ ထိပ်သီး မဟုတ်တဲ့အတွက် ကျုပ်တို့ လက်အောက်ငယ်သား အဖော်များများ အကြီးအကျယ်ကျဆုံးခဲ့ရတယ်'

ထန်ရှင်က လက်သီးဆုပ်၍ ပြော၏။

'ကျွန်တော် သိတယ် ဂိုဏ်းချုပ်ကြီး၊ ကွန်လုံဝမ်ဟာ သူ့ အသက်ကိုမခြွမချင်း ကျန်လုဂိုဏ်းကို ခုလိုပဲဒုက္ခပေးသိမ့်မယ်'

အိုယန်ထုံက တားဆီးလိုက်၏။

'နောင်ကြီး ထန်ရှင် သည်းခံပါ၊ နောင်ကြီး သံပင်ပန်း နေပါတယ်၊ ကျုပ်တို့ဌာနချုပ်ကိုပြန်ပြီး အနားယူကြပါမယ်၊ အဲဒီလိုနားပြီးမှ နောင်ကြီးထန်ရှင် စီစဉ်ချင်တာကို စီစဉ်ပါ'

www.burmeseclassic.com



ထန်ရှင်က ခေါင်းခါ၏။

'ဘယ်လိုနားနိုင်မှာလဲ၊ ကျွန်တော်တို့ ဒီက ဆုတ်ခွာတာနဲ့ ကွန်လုံဝမ်ဟာ ဒီနေရာတွေကို အချောင်ထိုး ဝင်ယူလာလိမ့်မယ်၊ ဂိုဏ်းချုပ်ကြီး ပေးပြီးခဲ့တဲ့ ကတိအတွက် ကျွန်တော်တို့ကို ဂရုစိုက်ဖို့ မလိုပါဘူးနော်'

'မသိပါဘူး၊ သူက ကျုပ်တို့ကို ဆက်သက် ချောင်းမြောင်းလှောင် သရော်တာပဲ၊ ကျုပ်လူတွေ အများကြီးအခဲသခံခဲ့ရပြီးမှ ကျုပ်က သူ့ရဲ့မကျူးခဲ့ကျော်စတမ်းဆိုတဲ့ ကတိကိုလိုက်နာထိန်းသိမ်းနေရဦးမှာလား'

ထန်ရှင်က ခေါင်းညိတ်၏။

'ကျွန်တော်လဲဒီလိုပဲသဘောပိုက်ပါတယ်၊ ကဲ...အဲဒီကိစ္စကို အသာထားပြီး ခဏဒီက ဆရာကြီးကျန်စီမွန်ရဲ့ သမီးကလေး အတွက် ဗေဒင်ကြည့်ပေးရဦးမယ်၊ ဂိုဏ်းချုပ်ကြီးတို့ ရောက်လာတဲ့အတွက် အဲဒီကိစ္စကို ခေတ္တခဏရပ်ဆိုင်းထားရပါတယ်'

'ဒါဖြင့်လုပ်ပါ...ဆက်လုပ်ပါ'

ထန်ရှင်သည် သူ့အင်္ကျီအိတ်ထဲအတွင်းမှ ငွေခွက်ငယ် တစ်လုံးနှင့် ကြွေစေ့ ခြောက်လုံးကို ထုတ်ယူလိုက်၏။

အဘိုးကြီး ကျန်စီမွန်အား လှမ်းပြောသည်။



'ဆရာကြီးရဲ့သမီးအတွက် ကျွန်တော် ဗေဒင်ကြည့်ပါတော့မယ်၊ ဆရာကြီး ယုံကြည်ရဲ့ မဟုတ်လား'

ကျန်စီမွန် ကမန်းကတန်း ခေါင်းညိတ်၏။

'ခင်ဗျားရဲ့အစွမ်းကို ကျွန်တော် မယုံမရှိပါဘူး၊ ဒါပေမယ့် ကျုပ်ရဲ့သမီး အသက်ရှင်လျက်ရှိတာကိုပဲ ကျုပ်သိချင်ပါတယ်၊ ကဲ...ကဲ...ကြည့်ပါခင်ဗျား၊ ဗေဒင်ကြည့်ပါ'

ထန်ရှင်သည် ငွေခွက်ငယ်အတွင်း ကြွေစေ့များ ထည့်၍ ခါနေ၏။

ထို့နောက် စားပွဲပေါ်သို့ ကြွေစေ့များကို ခေါက်ချလိုက်သည်။

ကြွေစေ့များ မွှတ်မွှတ်လည်နေ၏။

တက်မဆရာတော်အပါအဝင် ထိပ်သီးသိုင်းဆရာကြီးများသည် မျက်စိကျွတ်ကျမတတ် ကြွေစေ့များကို ငေးနေသည်။

ကြွေစေ့များ ငြိမ်သက်သွားသောအခါ ထန်ရှင်က လက်ဦးထောက်ပြီး ဟောပြောလေ၏။

'ဆရာကြီး...ခင်ဗျားရဲ့သမီးဟာ အသက်ရှင်လျက် ရှိသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'တကယ်လား'

ကျွန်စိမွန်က ဝမ်းသာအားရ မေး၏။

'တကယ်ပါ'

'ဒီလိုဆိုရင် ကျုပ် ထပ်ရှာမယ်'

အဘိုးအိုသည် ခုန်ထွက်သွား၏။

တဲအပြင်သို့ ရောက်လုနီးပါး ဖြစ်သွားသည်။

'ဆရာကြီး၊ ခဏနေပါဦး'

ထန်ရှင်က ကမန်းကတန်း တားလိုက်၏။

'ဘာလဲ'

ကျွန်စိမွန် လှည့်မေး၏။

'ဆရာကြီးသမီးကလေးရဲ့သတင်းကို ဆယ်ရက်အတွင်း ရအောင် ရှာပေးပါမယ်၊ ဆရာကြီးသာ ကျုပ်တို့ဆီမှာ အေးအေးချမ်းချမ်း အနားယူပါ'

'ကျုပ် အနားမယူနိုင်ဘူး၊ ကျုပ်သမီးကိုတွေ့ရမှ အေးမယ်'



'ဆရာကြီး စဉ်းစားကြည့်ပါ၊ ကျုပ်တို့ ကျွန်လုဂိုဏ်းသားတွေဟာ တရုတ်ပြည်အနှံ့အပြား ရှိကြတယ်၊ ဆရာကြီးရဲ့သမီး သတင်းကို ဆရာကြီးတစ်ယောက်တည်း ရှာတာထက် ကျုပ်တို့ ကျွန်လုဂိုဏ်းက ပိုရှာနိုင်တယ်၊ ကျုပ်ပြောတာ သဘောပေါက်ရင် ပြန်လာပါ၊ အေးအေးဆေးဆေး အနားယူပါ'

ကျွန်စိမွန် တွေဝေနေ၏။

ကျွန်လုဂိုဏ်းချုပ်ကြီး အိုယန်ထုသည် ထန်ရှင်လုပ်သမျှ စောင့်ကြည့်နေသည်။

ထန်ရှင်သည် အဓိပ္ပာယ်မရှိသည့်အလုပ်ကို မည်သည့်အခါမှ မလုပ်ပေ။

နောက်ဆုံး၌ ကျွန်စိမွန် ပြန်လှည့်လာ၏။

'ပညာရှိသန်ရှင်၊ ခင်ဗျား ကတိတည်ပါစေ'

'ဆရာကြီး ကျွန်စိမွန်၊ ကျုပ် ဆယ်ရက်အတွင်း ခင်ဗျားသမီးရဲ့ သတင်းကို စုံစမ်းပေးမယ်၊ ဆယ်ရက်အတွင်း သတင်းမရရင် ကျုပ်ကို သတ်လှည့်ဗျာ'

'ကောင်းပြီ၊ ကျုပ်ယုံကြည်ပြီ'

ထန်ရှင်သည် လက်ခုပ်သုံးချက် တီးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အပြာရောင်ဝတ်ဆင်ထားသည့်ကျွန်လုဂိုဏ်းသားတစ်ယောက် အပြေးဝင်ရောက်လာပြီး အားလုံးကို ဂါရဝပြု၏။

'လျှန်စိန်၊ ဒီက ဆရာကြီး ကျွန်စိမ္မန်ကို ခေါ်အားချမ်းတဲ့ တဲတစ်ဆောင်ဆီ ပို့ပေးလိုက်ပါ။ကောင်းကောင်းအနားယူပါစေ'

လျှန်းစိန် အမည်ရှိသည့် ကျွန်လုဂိုဏ်းသားက အတိုးအိုကျွန်စိမ္မန်ကို ဦးညွှတ်ဂါရဝပြု၏။

'ဆရာကြီး၊ ကျွန်တော့်နောက်ကို ကျေးဇူးပြုပြီးလိုက်ခဲ့ပါ။ ဆရာကြီးအနားယူရမယ့် တဲခန်းကို ကျွန်တော်လိုက်ပြပါမယ်'

ကျွန်စိမ္မန်သည် လျှန်းစိန်နောက်မှ ထက်ကြပ်မကွာ လိုက်သွားသည်။

ကျွန်စိမ္မန် လုံးဝ ပျောက်ကွယ်သွားသောအခါမှ ဂိုဏ်းချုပ်ကြီး အိုယန်ထုက စိတ်ပျက်လက်ပျက် ပြောသည်။

'နောင်ကြီး...ထန်ရှင်၊ နောင်ကြီးကို ကျုပ်တို့ ဘယ်လိုအားထားတယ်ဆိုတာ သိလျက်သားနဲ့ ဘာဖြစ်လို့ အဲဒီဆရာကြီးရဲ့ သမီးနဲ့ အသက် လောင်းကြေးဘင်လိုက်ရတာလဲ၊ ဆယ်ရက်အတွင်းမှာ ရှာမတွေ့ရင် ဘယ်လိုလုပ်မလဲ'

ထန်ရှင်က ရယ်၍ပြော၏။



'ဂိုဏ်းချုပ်ကြီး...အဲဒီဆရာကြီးရဲ့ သိုင်းပညာ အဆင့်ဟာ ဘယ်လောက်ရှိမလဲ၊ ကျွန်တော်တို့ဂိုဏ်းက လေကျင့်ရေးမှူးကြီး ကွမ်းစန်စင်နဲ့ဆိုရင် ဘယ်လိုနေမလဲ'

'မလေကျင့်ရေးမှူးကြီး ကွမ်းစန်စင်ထက် သာလိမ့်မယ်လို့ ကျုပ်ထင်တယ်'

'အဲဒါ အချက်ပေါ့ ဂိုဏ်းချုပ်ကြီးရဲ့၊ အဲဒီဆရာကြီးဟာ ဥဒဟို လျှောက်သွားနေရင် ကွန်လုံဝမ်ရဲ့ လက်အောက် ရောက်သွားနိုင်တယ်၊ ကွန်လုံဝမ်ဆီမှာ သိုင်းပညာကောင်းတဲ့လူကောင်းအဆိုးပညာကော ရှိကြယ်မှုဟုတ်လား၊ ဒီဆရာကြီးသာ ကွန်လုံဝမ်ဆီ ရောက်သွားရင် ကျွန်တော်တို့အဖို့ အင်မတန် ကြီးမားတဲ့ ရန်သူတော်ကြီးတစ်ဦး တိုးလာတယ်လို့ သတ်မှတ်မှာပဲ၊ အခု ကွန်လုံဝမ် မသိမ်းသွင်းခင် ကျွန်တော်တို့က ကြိုတင်သိမ်းသွင်းထားလိုက်တာပေါ့၊ ခုလိုဆိုတော့ စွန့်စားရတာပေါ့လေ'

ထန်ရှင်သည် တဲအပြင်သို့ ငေးမော၍ ပြောနေရာမှ ဂိုဏ်းချုပ်ကြီး အိုယန်ထုအား ဆတ်ခနဲ ကြည့်ကာ...

'ကဲ...အခုဆိုရင် ကွန်လုံဝမ်အတွက် ရန်သူတော်ကြီးတစ်ဦး တိုးလာပြီပေါ့ဗျာ'

အိုယန်ထုက...

'ဆယ်ရက်အတွင်း သူ့သမီးသတင်းရဖို့ဆိုတာ မလွယ်ဘူးဆိုတာလဲ နောင်ကြီးထန်ရှင် သိမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင် ခေါင်းညိတ်၏။

'မလွယ်ပါဘူး၊ ကျွန်တော် ကံစမ်းလိုက်တာပါ'

'အဲဒါ ပြောသာပြောတာ၊ နောင်ကြီး ကံမစမ်းသင့်ဘူး၊ နောင်ကြီးရဲ့ အသက်ဟာ သိပ်ပြီး အရေးပါတယ်'

ထန်ရှင်က ဂိုဏ်းချုပ်ကြီး အိုယန်ထူကို ဦးညွှတ်ဂါရဝပြုလေ၏။

'ဂိုဏ်းချုပ်ကြီးဟာ ကျွန်တော့်အပေါ် အမြတ်နိုးလေးလေးစားစား ရှိပါတယ်၊ ကျွန်တော့်ကို ဒီလိုတန်ဖိုးထားတဲ့အတွက် ကျွန်တော် အများကြီး ဂုဏ်ယူပါတယ်'

ဂိုဏ်းချုပ်ကြီး အိုယန်ထူက တက်မုဆရာတော်၊ ပေကူ့ လျှန်နှင့် နောက်ပါ ထိပ်သီး သိုင်းသမားများကို ကြည့်ပြီး....

'ကဲ....ကဲ....အားလုံးလဲ ပင်ပန်းလာကြပါတယ်၊ ဒီစခန်းမှာရှိတဲ့ တဲအသီးသီးမှာ နေရာယူကြပါ၊ နားကြပါ၊ ငါ့ဂိုဏ်းသားတွေက ဒီကဆရာကြီးတွေကို နေရာချပေးကြပါ'

တက်မုဆရာတော်အပါအဝင် ဧည့်သည်သိုင်းသမားကြီးများသည် အသီးသီး အသာလိုက်ပါသွားကြလေ၏။

သူတို့ ပင်ပန်းနွမ်းနယ်လာကြသည်။



တဲကလေးများအတွင်းတွင် အတွင်းအားကျင့်စဉ်များကျင့်၍ ပင်ပန်းနွမ်းနယ်မှုများကို ဖြေဖျောက်ကြပေတော့မည်။

ဂိုဏ်းချုပ်ကြီး အိုယန်ထူကမူ ထန်ရှင်နှင့် ကျန်ရစ်ခဲ့၏။

'နောင်ကြီးထန်ရှင်....ဦးနှောက် ပင်ပန်းတာက ခန္ဓာကိုယ် ပင်ပန်းတာထက် ပိုပြီးပင်ပန်းပါတယ်၊ ဒါကြောင့် နောင်ကြီး ကိုယ်တိုင် အနားယူပါ၊ အခုဆိုရင် နောင်ကြီးဟာ သိပ်ပိန်လှီနေပြီ'

'ဟုတ်ကဲ့....ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်ကို ကျွန်တော် နာခံပါတယ်၊ ကျွန်တော် သွားပြီး အနားယူပါတော့မယ်၊ အနားယူခင် ဂိုဏ်းချုပ်ကြီးကို တစ်ခု မှာထားခဲ့ဦးမယ်'

'ဘာများလဲ နောင်ကြီး'

'ဖန်ကွမ်းချီနဲ့ တုထန်ဟိုတို့ကို ဂရုစိုက်ပါ၊ သူတို့ဟာ ကျွန်တော်တို့ ကျွန်လုဂိုဏ်းသား အတွက်သာ မဟုတ်ဘူး၊ သိုင်းလောကအတွက်ပါ တစ်တပ်တစ်အား ဖြစ်ပါတယ်'

'စိတ်ချပါ၊ နောင်ကြီးသာ စိတ်ချလက်ချ သွားရောက်အနားယူပါ'

ထန်ရှင်သည် အိုယန်ထူကို ဂါရဝပြုပြီး ထွက်ခွာသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင် ထွက်သွားသည်နှင့် ဖေကုံးလျှန် ပြန်လည်ရောက်ရှိလာ၏။

'ဂိုဏ်းချုပ်ကြီး...အနားမယူသေးဘူးလား ခင်ဗျာ'

'မယူနိုင်သေးဘူးဗျာ၊ နောင်ကြီး ထန်ရှင်အတွက် ကျုပ် စိတ်မကောင်းလွန်းလို့ အတွေးဝေနေမိပါတယ်'

'ဟုတ်တယ်၊ သိုင်းအဘွင်းအားကျင့်စဉ် အခြေခံပညာ တတ်ထားရင် နောင်ကြီးထန်ရှင်ဟာ ခုထက်ပိုပြီး ကြံ့ကြံ့ခံနိုင်မှာ သေချာတယ်'

'ခက်တယ်ဗျာ၊ သူဟာ သိုင်းပညာသာ မတတ်တာ သိုင်းပညာအကြောင်းတော့ ကျုပ်တို့လောက်ကို သိထားပါတယ်'

'ဗျာ'

'နောင်ကြီးဖေကုံးလျှန် အံ့ဩသွားသလား၊ မအံ့ဩပါနဲ့ သူနဲ့ ကျုပ် သိုင်းပညာအကြောင်း အများကြီး ဆွေးနွေးခဲ့ဖူးပါတယ်၊ ဒါကြောင့် သူ့အကြောင်း ကျုပ် သိနေတာပေါ့ ကဲ...နောင်ကြီးဖေကုံးလျှန်လဲ ပင်ပန်းလာတာပဲ၊ သွားပြီး အနားယူလိုက်ပါလား'

ဖေကုံးလျှန်က အို့ယန်ထုံအား ဂါရဝပြုပြီး....

'ဂိုဏ်းချုပ်ကြီး အနားယူရအောင် လမ်းသတိပေးတာပါ ဒီစခန်းကို ကျွန်တော် စောင့်ရှောက်လိုက်ပါမယ်၊ ဂိုဏ်းချုပ်ကြီးသာ အနားယူပါ'



အို့ယန်ထုံသည် ဖေကုံးလျှန်၏ ကျောနောက်ကို လွန်စွာ လေးစားသွား၏။

'နောင်ကြီးဖေကုံးလျှန်၊ ခင်ဗျားရဲ့ စေတနာကို ကျုပ် ဘယ်လိုကျေးဇူးတင်ရမှန်း မသိဘူး၊ ဒါပေမယ့် ကျုပ်ကတော့ အနား မယူနိုင်သေးဘူးဗျာ၊ စခန်း တစ်ခုလုံးကို လိုက်စစ်ဖို့ တာဝန်ရှိသေးတယ်၊ နောင်ကြီးသာ အနားယူပါ၊ နောင်ကြီး တာဝန်ယူချင်တယ် ဆိုရင်တော့ ဗက်မှုဆရာတော်နဲ့ အခြား ညီသည်တွေရဲ့ လိုအပ်ချက်တွေကို ဖြည့်စွမ်းပေးဖို့ တာဝန်ယူလိုက်ပါဗျာ'

'စိတ်ချပါ၊ ကျွန်တော် တာဝန်ယူပါတယ်'

'ကဲ....ဒီလိုဆိုရင် နောင်ကြီး သွားနိုင်ပါပြီ'

ဖေကုံးလျှန်သည် အို့ယန်ထုံအား လက်သီးနှစ်ဖက်ဆုပ် ဂါရဝပြုကာ ထွက်ခွာသွားလေတော့၏။

အို့ယန်ထုံသည် ထိုတဲအတွင်း၌ တစ်ယောက်တည်းငိုင်၍ ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁၀)

## ရန်သူ့စခန်းဆီသို့

အို့ယန်ထုသည် သိုင်းလောကကြီး တစ်ခုလုံးအတွက် စိတ်ဆိုးလှသဖြင့် ခေါက်တုံ့ခေါက်ပြန် စကြံလျှောက်ရင်း စဉ်းစားနေ၏။

ထို့နောက် ထန်းရှင်တစ်ယောက် အနားယူ အိပ်စက်ခြင်း မပြုပါ၏လောဟု စုံစမ်းလိုသဖြင့် ထန်းရှင်၏ တဲရှိရာဘက်သို့ ထွက်လာခဲ့သည်။

မီးခိုးရောင်ဝတ် ဂိုဏ်းသားနှစ်ဦးသည် ထန်းရှင်၏တဲတံခါး၌ ရပ်စောင့်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူနှစ်ဦးက ဂါရဝပြုသောအခါ အို့ယန်ထုံ ကနှုတ်
ကို လက်ညှိုးနှင့် ပိတ်ပြ၏။

အသံ့ထွက်နှင့်ဟုလို...

အို့ယန်ထုံ တဲထဲဝင်လာသောအခါ ထန်ရှင်သည်
ပေါ်၌ ခေါင်းစိုက်၍ အိပ်ပျော်နေ၏။

ဩြေခ်...နောင်ကြီးထန်ရှင်၊ အနားယူမယ်ဆိုပြီး ပြ
ပေမယ့် ခုတင်ပေါ်မှာမအိပ်ဘဲ စားပွဲပေါ် ပြန့်အလု
တယ်၊ အလုပ်လုပ်ရင်းမှပဲ အိပ်ပျော်သွားရှာတော့တယ်၊
ငါ့ပင်ပန်းတယ်ဆိုတာ သူအိပ်နေသလောက်ပဲရှိပါသေးတ

အို့ယန်ထုံသည် ထန်ရှင်အား တစိမ့်စိမ့်ကြည့်ရင်း
ကရုဏာသက်လာ၏။

ဤပညာရှိကြီးသည် သူ့အတွက် ဘာတစ်ခုမျှ စဉ်းစား
တော့ခြင်း မရှိဘဲ ကျွန်ုပ်တို့ဂိုဏ်းအတွက် သူ့ဘဝကို မြ
ကြောင်း အို့ယန်ထုံ တစိမ့်စိမ့်တွေးသည်။

ထို့ကြောင့် ဝါရင့်သိုင်းသမားကြီး ဖြစ်ပါလျက် မျ
များ လည်လာခဲ့ရသည်။

သူသည် ထမင်းအိုးတစ်လုံးကျက်ခန့် ကြာသည်အထိ
ရှေ့၌ ထိုင်နေမိသည်။



ထန်ရှင် နိုးသွားမည်စိုးရိမ်သဖြင့် သူသည် မည်သို့မျှလှုပ်လှုပ်
ရှားရှားမလုပ်ဘဲ ငြိမ်သက်စွာ ထိုင်နေသည်။

အင်း...နောင်ကြီးထန်ရှင်ဟာ တကယ့် ပင်ပန်းရှာတယ်၊
တောင် သူ့ တစ်ချက်ကလေး မညည်းဘူး'

အို့ယန်ထုံ စိတ်ထဲ၌ တွေးနေခိုက် ထန်ရှင်နိုးလာ၏။

သူသည် ကမန်းကတန်းထ၍ ထန်ရှင်ကို ဂါရဝပြုခဲ့၏။

ဂိုဏ်းချုပ်ကြီး ရောက်နေတာ ကြာပြီလား'

ခုပဲ ရောက်တယ်'

သွက်နေကြိုမိအောင် သည်းခံပါ'

ကိစ္စမရှိပါဘူး၊ နောင်ကြီး အကဲသာသလိုနေပါ၊ နောင်
က ကျုပ်တို့အတွက် အများကြီးပင်ပန်းနေခဲ့တဲ့သူပဲ'

ဂိုဏ်းချုပ်ကြီးရောက်လာတာ အခဲတော်ပဲ၊ အချိုကိုးမ်ခရေး
ဘာ ကိစ္စကလေးတွေ တိုင်ပင်ခွင့်ရတာပေါ့'

ဘာထဲတောင်ထဲ နေဖို့ကိစ္စလား'

ဒီကိစ္စအတွက် မဟုတ်ပါဘူး၊ အခု ကျွန်တော် သိပ်ပြီး
ကြာရှည်ရှည် မနေရတော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဗျာ'

ဂိုဏ်းချုပ်ကြီး အိုးယန်ထုံမှာ ထိုင်ရာမှ ခုန်ထမိမတ... ထိတ်လန့်သွားလေ၏။

ထန်ရှင်သည် သူ၏ ခေါက်ယပ်တောင်ကလေးကို ဖြေး... ဖယ်လိုက်၏။

အိုးယန်ထုံမှာ အကြီးအကျယ် စိတ်ထိခိုက်နေသည်။

'နောင်ကြီးထန်ရှင် သေမယ်ဆိုရင် နောင်ကြီး ထန်ရှ... သတ်တဲ့လူဟာ ကျုပ်ပဲဖြစ်လိမ့်မယ်'

'သေဖို့ အချိန်ကျရောက်လာပြီဆိုရင် ဘယ်သူမှ တားလို့... တော့ပါဘူး ဂိုဏ်းချုပ်ကြီး'

'နောင်ကြီးထန်ရှင်ရဲ့ အသက်ကို ဘယ်နိုင်မယ့်ဆေး မရှိ... လား'

'အမှန်အတိုင်း ပြောရင် ကျွန်တော်ဟာ ဆေးပညာ... တစ်ဖက်ကမ်းခတ်ပါတယ်၊ ဒါပေမယ့် ကိုယ့်အတွက် ကုသ... မယ့် ဆေးကတော့ မရှိတော့ပါဘူး'

'ဖြစ်ရလေနောင်ကြီးရယ်၊ တခြားနေရာမှာ ရှိကောင်း... ပေါ့၊ ကျုပ်ကို ညွှန်ပြပေးပါ၊ ကျုပ် အသက်နဲ့လဲပြီး သွား... ပေးပါ့မယ်'



ထန်ရှင်က ပြုံး၍ခေါင်းခါပြ၏။

'ကွန်လုံဝမ်ဟာ ကျွန်တော့်ကို သိပ်ပြီး သက်ချင်နေတယ်၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကတည်းက ဆိုပါတော့၊ ဂိုဏ်းချုပ်ကြီးသာ မကယ်ခဲ့ရင် ခုဆို ကျွန်တော် အရိုးတောင် ဆွေးလောက်ပြီ'

အိုးယန်ထုံက ဝမ်းနည်းကြေကွဲစွာ ပြောသည်။

'နောင်ကြီးထန်ရှင်သာ မရှိရင်တော့ ကျုပ်တို့ ကျန်လုဂိုဏ်းကြီးဟာ....'

ထန်ရှင်က ကပျာကယာ တားလိုက်၏။

'ဟာ...အဲဒီလို မပြောပါနဲ့ ဂိုဏ်းချုပ်ကြီး၊ ကျွန်တော် သေတာနဲ့ ဘာဖြစ်လို့ ကျန်လုဂိုဏ်းကြီး ပျက်စီးရမှာလဲ၊ ကျန်လုဂိုဏ်းဟာ ကျွန်တော် မရှိခင်ကတည်းက နှစ်ပေါင်းရာချီ တည်ခဲ့တဲ့ ဂိုဏ်းကြီးပဲ၊ ကျွန်တော်သေလဲ ဂိုဏ်းချုပ်ကြီးရဲ့ စီမံ အုပ်ချုပ်မှုအောက်မှာ ကျန်လုဂိုဏ်းကြီး ဆက်လက် တည်မြဲနေမယ်'

ကွန်လုံဝမ်ဟာ သိပ်ရက်စက်တယ်၊ အဌဂံဝက်ထဲမှာ ထိမိနေတဲ့ ကျုပ်တို့ကိုမသတ်ဘဲ ဘာကြောင့် လွှတ်ပေးသလဲဆိုတာ ... ကျုပ် စဉ်းစားလို့ မရသေးဘူး'

'ဂိုဏ်းချုပ်ကြီး...အဲဒါ ကျွန်တော် မပါသေးပေါ၊ ဂိုဏ်းချုပ်ကြီးတို့ ဒီလောက် ရဲရဲတင်းတင်း ဝင်လိုက်တာကို သူမယုံရဲ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သူ့ကို တစ်ခုခု တန်ပြန် ထောင်ချောက် ဆင်ထားတယ်လို့ ယူဆနေတယ်၊ ဒါ့ကြောင့် ပြန်လွှတ်တာပါ၊ အဲ...ကျွန်တော်ပါ အဲဒီ အဌ္ဌဂံဝက်ပါတဲ့ မီးနေ့မြို့ဆိုရင်တော့ အားလုံးမလွယ်တဲ့ ဖြစ်သွားမှာ သေချာပါတယ်'

'အင်း...ကျုပ်စိတ်မှုနေတာလဲ ဒီကွန်လုံဝမ်ပါပဲ၊ နောင်ကြီး မရှိရင် ကွန်လုံဝမ်ကို ယှဉ်နိုင်တဲ့လူရှိမှာ မဟုတ်တော့ဘူး၊ ကျုပ်ကိုယ်တိုင် သူ့ပညာကိုမမီဘူး၊ ဒါအမှန်အတိုင်း ပြောပြတာပဲ'

ထန်ရှဲသည် သူ၏ယပ်တောင်ကလေးကို စားပွဲပေါ်၌ ပြန်ချလိုက်၏။

ထို့နောက် ခပ်ဖြည်းဖြည်းပြောသည်။

'ဂိုဏ်းချုပ်ကြီး၊ ကွန်လုံဝမ်ကို ယှဉ်ပြိုင် တိုက်ခိုက်နိုင်တဲ့၊ ကွန်လုံဝမ်ကို အနိုင်ယူနိုင်တဲ့ လူနှစ်ယောက်ဟာ သိုင်းလောကမှာ ပေါ်ထွန်းနေပါပြီ၊ ကွန်လုံဝမ်ကို ကြောက်ဖို့ မလိုတော့ပါဘူး'

'နှစ်ယောက် ဟုတ်လား၊ နှစ်ယောက်တောင်လား'

အိုယန်ထုံက အံ့သြစွာ မေးလေ၏။

ထန်ရှင်က ခေါင်းညိတ်၏။



'အဲဒီနှစ်ယောက်ကို ဂိုဏ်းချုပ်ကြီး တွေ့ဖူးပြီးပါပြီ၊ ဆန်မ်းချိုဆိုတဲ့သူငယ်နဲ့ သူ့ညီ ယွမ်ရှောက်လေ၊ သူတို့ဟာ ကွန်ဝမ်ကို အနိုင်ယူနိုင်ပါတယ်၊ သူတို့မှာ လီအယ် ...ဘက အတွေ့အကြုံပဲ၊ သိုင်းပညာအရ အဲဒီသူငယ်တွေဟာ ကွန်လုံဝမ် နိုင့်နိုင်တယ်၊ အတွေ့အကြုံ မရှိယာယ်ကျတော့ ကွန်လုံဝမ် သာနေတယ်၊ ဒါပေမယ့် ဂိုဏ်းချုပ်ကြီး အိုယန်ထုံက...'

'ဆက်ပြောပါဦး နောင်ကြီး'

'ဒါပေမယ့် ညဏ်နဲ့ ပရိယာယ်အရာမှာ ကွန်လုံဝမ်ကို ယှဉ်တဲ့ တခြားတစ်ယောက် ရှိပါသေးတယ်'

'ဗျာ...တခြားတစ်ယောက် ရှိသေးတယ် ဟုတ်လား'

ဂိုဏ်းချုပ်ကြီး အိုယန်ထုံမှာ အံ့သြပြီးရင်း အံ့သြနေရလေ၏။

ထန်ရှင်က စားပွဲပေါ်မှ ယပ်တောင်ကို ပြန်ယူ၍ ခေါက်သိမ်းလိုက်၏။

'သောလောဆယ် ကွန်လုံဝမ်ကို ညဏ်အရာမှာ ပရိယာယ်အရာမှာ ယှဉ်ပြိုင်နိုင်တဲ့ လူကတော့ နိုင်ချစ်နော်ဆိုတဲ့ မိန်းကလေးပဲ'

'နိုင်ချစ်နော် ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီး အို့ယန်ထုံမှာ အသစ်အဆန်းများကို တစ်ခု ပြီးတစ်ခု ကြားသိနေရသဖြင့် အံ့သြပြီးရင်း အံ့သြနေရတော့ သည်။

'ဟုတ်ပါတယ်….အဲဒီမိန်းကလေးပါပဲ၊ သူဟာ ကွန်လုံဝမ်ရဲ့ စိတ်ခံ့တတ်တွေကို သိနေတယ်၊ ကျွန်တော်ဟာ သိထားသ အတွေးအခေါ်တွေကို မှတ်တမ်းပြုစုထားပါတယ်၊ အရင်ကဆ ရင် ဒီမှတ်တမ်းကို ဘယ်သူ့လက်ထဲ အပ်ရမယ်ဆိုတာ လုံး မသိခဲ့ပါဘူး၊ အဲဒီတော့ စိတ်မအေးနိုင်ဘူးပေါ့ ခင်ဗျာ၊ အ ကံကောင်းထောက်မပြီး ဒီမိန်းကလေးကို လာတွေ့ရပါပြီ သူ့ကို ကျွန်တော်တို့ အသုံးချရမယ်'

ထန်ရှင်သည် ဂိုဏ်းချုပ်ကြီးကို အားတုံ့အားနာကြည့်ပြီး…

'ကျွန်တော်တို့ သူ့ကို အသုံးချတဲ့ နေရာမှာ ဂိုဏ်းချုပ်ကြ အတွက် ခက်ခဲစရာကိစ္စတစ်ခုတော့ ရှိနေပါတယ်'

အို့ယန်ထုံ၏ မျက်ခုံးများ မြင့်တက်သွား၏။

'ဘယ်လိုများလဲ နောင်ကြီး'

'သူ့ကို သိမ်းသွင်းဆက်ဆံတဲ့နေရာမှာ ကျွန်တော့်ကို ဂိုဏ် ချုပ်ကြီး လေးလေးစားစား ဆက်ဆံတဲ့ပုံစံအတိုင်း ဆက်ဆံ ကိစ္စပါပဲခင်ဗျာ'



အို့ယန်ထုံမှာ အကျဉ်းအကျပ် ဖြစ်နေ၏။

သူသည် နှစ်ပေါင်းရာချီ တည်တံ့ခဲ့သည့် ကျွန်လုဂိုဏ်း၏ ကြီးမြတ်သော ဂိုဏ်းချုပ်ကြီးတစ်ဦး မဟုတ်လား။

ဤသာမန်မိန်းကလေးအား ထန်ရှင်နှင့် တန်းတူစား၍ ဆက်ဆံရမည့် ကိစ္စမှာ အလွန် ဝန်လေးဖွယ်ရာ ဖြစ်ပါသည်။

'ဂိုဏ်းချုပ်ကြီး၊ ကျွန်တော်မရှိရင် ကျွန်လုဂိုဏ်းကြီး ပျက်စီး မယ်လို့တောင် ထင်မှတ်နေတယ် မဟုတ်လား၊ ကျွန်တော့်လို အရည်အချင်းမျိုးရှိပြီး ကွန်လုံဝမ်ကို အပြတ်အသတ် အနိုင်ယူ နိုင်မယ့် ဘယ်သူ့ကိုမဆို ဂိုဏ်းချုပ်ကြီးအနေနဲ့ အလေးထား ဆက်ဆံသင့်ပါတယ်'

အို့ယန်ထုံက ဖြည်းညင်းစွာ ပြော၏။

'နောင်ကြီးဆန္ဒရှင် ကျွန်းမာအောင် အနားယူပါဦးဗျာ ဒီကိစ္စကိုပြောဖို့ စောပါသေးတယ်'

ထန်ရှင်က ဖြည်းညင်းစွာ ထချပ်လိုက်၏။

'ဟုတ်ပါတယ်၊ စောပါသေးတယ်၊ ကျွန်တော်လဲ ချက်ချင်း တော့ မသေသေးပါဘူး၊ ဒါပေမယ့် ဘယ်သူ ဘယ်သူတွေဟာ ဂိုဏ်းချုပ်ကြီးအတွက်အရေးကြီးတယ်ဆိုတာ သိအောင်ပြော ထားတာပါ'

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီး အို့ယန်ထု လည်း ထရပ်လိုက်၏။

ထို့ ဆက်၍စကားပြောနေခြင်းဖြင့် ထန်ရှင် အနားယူရမည့် အချိန်များကို ဖြုန်းတီးပစ်ရာရောက်ကြောင်း သူတွေးတောမိသောကြောင့်ဖြစ်သည်။

'ကဲ...ကျုပ်သွားတော့မယ်၊ နောင်ကြီး ထန်ရှင် ပြန်ပြီး အနားယူစမ်းပါ၊ ကျုပ်နဲ့ ကျုပ်ရဲ့ ကျန်လူဂိုဏ်းကြီးကို ခင်တွယ်တယ်ဆိုရင် စိတ်ခအားလက်ခအား အနားယူစမ်းပါဗျာ'

ဂိုဏ်းချုပ်ကြီး အို့ယန်ထု သည် သူ့အား ဂါရဝပြုနေသည့် ထန်ရှင်ကို လုံးဝ မကြည့်တော့ဘဲ ခပ်သုတ်သုတ် ထွက်ခွာသွားတော့သည်။

စင်စစ် သူသည်လည်း မောပန်းလှချေပြီ။

ထန်ရှင်နှင့် ဂိုဏ်းချုပ်ကြီး အို့ယန်ထု တို့မှာ တစ်ဦးနှင့် တစ်ဦး ပိန်မသာ လိန်မသာ ပင်ပန်းသူများ ဖြစ်ကြ၏။

ထန်ရှင်သည် တဲအပြင်သို့ မလိုက်ချေ။

သို့သော် သူ့အား အလွန်တရာ ခင်မင် အားကိုးလှသော ဂိုဏ်းချုပ်ကြီး အို့ယန်ထု အား မျက်ရည်များ ရီဝေစွာဖြင့် လှမ်းကြည့်နေမိသည်။



သူသည် ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းပြီး စားပွဲသို့ ပြန်ထိုင်သည်။

ထို့နောက် စာရွက်လွှတ်များကိုယူကာ ဇယားကွက်များ ချလျက် တွက်ချက်တော့သည်။

အချိန်မှာ မှောင်စပျိုးနေ၏။

သူသည် စိတ်ပါလက်ပါ တွက်ချက်နေသဖြင့် ညတာကြီး တစ်ခုလုံးကို မေ့လျော့နေသည်။

တွက်ချက်မှု ပြီးဆုံးသောအခါ သက်ပြင်းရှည်ကြီးကိုချပြီး စားပွဲပေါ်၌ ဦးခေါင်းမှော်၍ အိပ်ပျော်လေတော့၏။

သူ အိပ်ရာမှ နိုးလာသောအခါ မိုးစင်စင်လင်းနေချေပြီ။

သူ လှည့်ကြည့်လိုက်သည်နှင့် တံခါးပေါက်၌ ရပ်နေသည့် အို့ယန်ထု ကို မြင်လိုက်ရသည်။

'အား...ဂိုဏ်းချုပ်ကြီး ကျွန်တော့်ကို ခွင့်ပြုပါ'

'ကိစ္စမရှိပါဘူး နောင်ကြီးထန်ရှင်၊ နောင်ကြီးဟာ ညတုန်းက ကောင်းကောင်း အနားမယူခဲ့ဘူးမဟုတ်လား'

ထန်ရှင် ပြုံးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် အိပ်နေသလားမဲ့'

အို့ယန်ထု'က စားပွဲပေါ်မှ ရှုပ်ပွနေသည့် စာရွက်စာတမ်းများကို လက်ညှိုးထိုးပြပြီး....

'နောင်ကြီးထန်ရှင် ဟစ်ညလုံး ဒါတွေလုပ်နေတယ်မဟုတ်လား၊ မိုးလင်းကာနီးမှ အိပ်ရတာ ဖြစ်ရမယ်'

'အိပ်ပါတယ် ဂိုဏ်းချုပ်ကြီး၊ ဒါတွေကလဲ မလုပ်လို့မဖြစ်ဘူးလေ၊ ဆရာကြီး ကျွန်စိမ္မန်ရဲ့ သမီးကလေး ဘယ်မှာရောက်နေသလဲဆိုတာ သိရအောင် ဒေဒင်တွက်နေတာပဲ'

အို့ယန်ထု' စိတ်ဝင်စားသွား၏။

'တွေ့ပြီလား'

'တွေ့ပြီ၊ အဲဒီနေရာမှာ သွားရှာမယ်'

အို့ယန်ထု'က ခါးခါးသီးသီး တားမြစ်၏။

'နောင်ကြီး မသွားရဘူး၊ နောင်ကြီး အနားယူရမယ်၊ ကျုပ်ကိုသာ လမ်းညွှန်ပါ၊ ကျုပ် လူနှစ်ယောက်ခေါ်ပြီး အဲ့ဒီ မိန်းကလေးကို သွားရှာပါ့မယ်'

'မဖြစ်ပါဘူး၊ ဒီကိစ္စက ကျွန်တော်သွားမှဖြစ်မှာမို့ပါ'



အို့ယန်ထု'မှာ ချီတုံချတုံ ဖြစ်သွား၏။

'ဒါဖြင့် ဘယ်သူတွေကို ခေါ်သွားမှာလဲ၊ ကွမ်းစန်စင်နဲ့ ကျိုးတာကြည်ကို ခေါ်သွားမလား'

'ဟင့်အင်း၊ ဆန်ကွမ်းချိနဲ့ တုထန်ဟိုကို ခေါ်သွားမယ်'

ဂိုဏ်းချုပ်ကြီး အို့ယန်ထု' စိတ်လှုပ်ရှားသွားပြန်၏။

'နောင်ကြီး ထန်ရှင်၊ ဒီလူတွေက ကျွန်လိုဂိုဏ်းသားတွေ မဟုတ်ဘူး'

ထန်ရှင် ခေါင်းညိတ်၏။

'ဂိုဏ်းချုပ်ကြီး၊ သူတို့ဟာ ကျွန်လိုဂိုဏ်းရဲ့ မိတ်ဆွေတွေပါ၊ တုထန်ဟိုဆိုရင် ကျွန်တော်တို့အတွက် သူလျှိုဝင်လုပ်ပေးနေတဲ့ မိတ်ဆွေပါ'

အို့ယန်ထု' မပြောသာတော့ပေ။

သို့သော်....

'ဒီလိုဆိုရင်လဲ နှစ်ရက်လောက်တော့ အနားယူပါဦး၊ အနားယူပြီးတော့ သွားပေါ့'

ထန်ရှင်က ခေါင်းခါ၏။

www.burmeseclassic.com

www.burmeseclassic.com



'အချိန်နှောင့်နှေးလို့ မဖြစ်ဘူး၊ နည်းနည်းနောက်ကျတာနဲ့ အခြေအနေ ပြောင်းသွားနိုင်တယ်၊ ဆရာကြီး ကျွန်စီမွန်ရဲ့ သမီး ကလေးကို တွေ့ပြီးတဲ့အခါမှ ကျွန်တော် အနားယူပါမယ်'

အိုယန်ထုံ သည် ထန်ရှင်အား တားမြစ်၍ ရတော့မည် မဟုတ်မှန်း သိသဖြင့် မတားတော့ပေ။

ထန်ရှင်က...

'ဂိုဏ်းချုပ်ကြီး...ကျွန်လုံဝမ်ဟာ ငြိမ်သက်နေတယ်၊ ဒါဟာ မကောင်းဘူး၊ မုန်တိုင်းမတိုက်မီ ငြိမ်သက်နေခြင်းမျိုးပဲ ဖြစ် တယ်၊ ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ကျန်းမာရေးကို ဂရုစိုက်ပါ ကျွန်တော်တို့ အလွန်ဆုံးကြာရင် ခုနစ်ရက်ပဲ၊ အမြန်ဆုံးငါးရက် ကျွန်တော် ဆက်ဆက်ပြန်လာမှာပါ'

'ကောင်းပြီလေ၊ကျွန်လုဂိုဏ်းအတွက် ကိုယ့်အသက်ကို မြှုပ်နှံ စတေးတဲ့လူချင်းမို့ ကျုပ်လဲ မတားတော့ပါဘူး၊ ကဲ...နှောင် ကြီးတို့သွားဖို့ ကျုပ် အားလုံး အဆင်သင့်ဖြစ်အောင် အမိန့် ပေးလိုက်မယ်'

'ကျေးဇူးအနန္တပါပဲ ဂိုဏ်းချုပ်ကြီး'

ထန်ရှင်က ဂါရဝပြု၍ ပြောလေ၏။

အိုယန်ထုံ သည် လျင်မြန်သော အရှိန်နှုန်းဖြင့် ထွက်ခွာ သွားလေ၏။



ထန်ရှင်အဝတ်အစားလဲပြီး ဆန်ကွမ်းချီတို့ တဲရှေ့လျှောက် လာသောအခါ မြင်းသုံးစီးနှင့်အတူ ဆန်ကွမ်းချီ၊ တုယန်ဟိုတို့ စောင့်နေကြောင်း တွေ့ရလေ၏။

ဂိုဏ်းချုပ်ကြီးအိုယန်ထုံမှာမူ ခေါက်တုံ့ခေါက်ပြန် စကြံ လျှောက်နေ၏။

ထန်ရှင်က...

'ဂိုဏ်းချုပ်ကြီး...ကျွန်တော်တို့...'

အိုယန်ထုံက လျှင်မြန်စွာဖြတ်၍ပြောလိုက်၏။

'နှောင်ကြီးထန်ရှင်၊ ကိုယ့်ကိုယ်ကို ဂရုစိုက်ပါ၊ ဘောဒီကာ မိတ်ဆွေမျိုးကလဲ ကျုပ်ရဲ့နှောင်ကြီးကို ဂရုစိုက်ပါ၊ ကဲ...သွား ကြပေတော့'

ဆန်ကွမ်းချီက ပြုံး၍ ကတိပေးထော၏။

'ဂိုဏ်းချုပ်ကြီး တစ်ခုတော့စိတ်ချပါ၊ ဆရာကြီး ထန်ရှင် အတွက် ကျွန်တော်တို့အသက်ပေးပြီး ကာကွယ်မှာပါ'

အိုယန်ထုံက ကျေးဇူးတင်သော အကြည့်ဖြင့် ကြည့်ကာ သွားကြပေတော့ ဟူသော သဘောမျိုးဖြင့် လက်ဥပ်ကာ အချက်ပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com


မြင်းသုံးစီးလည်း အရှိန်အဟုန်ပြင်းစွာဖြင့် ပြေးထွက်သွားလေတော့သည်။

ဆန်ကျွမ်းချီနှင့် တုထန်ဟိုတို့သည် ထန်ရှင်ကို အသယ်မှထား၍ မြင်းစီးလာကြ၏။

ဆယ့်ငါးမိုင်ခန့်ခရီးပေါက်သောအခါ တုထန်ဟိုက မြင်းပေါ်မှ လှမ်းမေး၏။

'နောင်ကြီးထန်ရှင်၊ ကျုပ်တို့ကို ရွေးခေါ်လာတဲ့ရည်ရွယ်ချက်များ မသိရဘူးလားခင်ဗျာ'

ထန်ရှင်က အသံထွက်အောင်ရယ်သည်။

'ခင်ဗျားတို့နှစ်ယောက်ကို ရွေးခေါ်လာတဲ့ရည်ရွယ်ချက်ကို ဘာကြောင့်သိချင်သလဲ'

'ဟုတ်ကဲ့...သိချင်ပါတယ်'

'သိပ်တော့ မဆန်းပါဘူးဗျာ၊ ခင်ဗျားတို့ နှစ်ယောက်ကို ရွေးမှ ကျုပ်အသက်အန္တရာယ်အတွက် လုံခြုံမှုရှိမယ်လို့ ယုံကြည်လို့ပါပဲ'

'ဟာ'

တုထန်ဟိုမှာ ဘာမှ ဆက်မပြောနိုင်ဘဲ ဖြစ်သွားရလေ၏။

အတန်ကြာမှ....

'ကျုပ်တို့က နောင်ကြီးအတွက် အသက်ပေး ကာကွယ်ရမယ်လို့ တွက်ဆထားခဲ့ကြတာပါ၊ ဒီစကားကြားလိုက်ရတော့ အသက်သခင်ပိုး ကာကွယ်ပေးရတော့မှာပေါ့ဗျာ'

ထန်ရှင်သည် အလွန်တရာလန်းဆန်းနေ၏။

ဤသိုင်းသမားနှစ်ယောက်ကို သူ ကောင်းစွာယုံသည်။

ဤနှစ်ယောက်ဖြင့် သုံးယောက်သားခရီးထွက်ခဲ့ရခြင်းမှာ ဒုအဖွဲ့ ကြိုးတောင့်ကြိုးခဲ အခတ္တအကြံပင်....

အဘယ်ကြောင့်ဆိုသော် ဂိုဏ်းချုပ်ကြီး အိုယန်ထုသည် အထူးကိစ္စတို့မှတစ်ပါး ထန်ရှင်အား ဤမျှ လူနည်းနည်းဖြင့် ခိုင်းပသို့ စေလွှတ်လေ့ မရှိသောကြောင့်တည်း။

ထန်ရှင်က....

'ခင်ဗျားတို့ပါလာတော့ တော်ရုံတန်ရုံဘေးရန်ကို ကျုပ်က စိတ်မပူရတော့ဘူးပေါ့ဗျာ'

တိတ်ဆိတ် ငြိမ်သက်စွာ လိုက်ပါလာခဲ့သော ဆန်ကျွမ်းချီသည် ရုတ်တရက် ဝင်ပြောလာ၏။

'ကျွန်တော်ကတော့ ကျွန်တော်တို့ကို ကွန်လုံဝမ်ဂိုဏ်းတိုင်းသာပြီး အန္တရာယ်ပြုပါစေလို့ ဆုတောင်းနေပါတယ်၊ ဒီပုဂ္ဂိုလ်ကြီးနဲ့ တစ်ပွဲဘစ်သမ်းလောက် နွဲလိုက်ချင်ပါသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင်က ရယ်၍....

'ကျွန်လုံဝမ်က တစ်ခေတ်တစ်ယောက်သိုင်းသမားပဲ၊ လူကို ယုံကြည်ရတဲ့လူ ခပ်ရှားရှားပါ။ ခမောင်ရှင်ကတော့ တကယ် သတ္တိခဲပါပဲ'

'ကျွန်တော် ဒီပုဂ္ဂိုလ်နဲ့ထပ်တွေ့ချင်တယ် နာမည် ကျော်ကြားချင်လို့တော့ မဟုတ်ပါဘူး'

'ကျွန်လုံဝမ်ကိုသာ ခမောင်ရှင်နိုင်အောင်တိုက်နိုင်ရင် မကျော်ကြားချင်လို့လဲ မရပါဘူး'

တုထန်ဟိုက ဝင်ရောက်ထောက်ခံ၏။

'ကျွန်လုံဝမ်ရဲ့ သိုင်းပညာဟာ တကယ် ကောင်းပါတယ် အတွင်းအားလဲ သိပ်ကောင်းတယ်၊ ဒါပေမယ့်....'

ထန်ရှင်က ရယ်၍...,

'ဆုံးအောင်ပြောပါဦးလေ၊ မိတ်ဆွေကြီး'

တုထန်ဟိုက ရယ်ပြီး....

'ကျွန်တော် ညီလေးရဲ့အစွမ်းကိုလဲ ကျွန်တော်က ပစ်ပယ်မထားနိုင်တော့ ကွန်လုံဝမ်ကိုကြောက်ဖို့စိတ်ကို အတော်ရှုံ့ရဦးမယ်ဗျ'



ထန်ရှင်က ဟက်ဟက်ပက်ပက် ရယ်လေတော့၏။

'နောင်ကြီးတုထန်ဟိုလဲ နောက်ပြောင်တတ်တာပဲကိုး'

ထန်ရှင်အား တုထန်ဟိုနှင့် ဆန်ကွမ်းချီတို့က လေးစားရှင်းရှိခဲ့သည်။

ယခုကဲ့သို့ ရင်းရင်းနှီးနှီး နေသောအခါတွင်မူ ခင်မင်သွားကြတော့သည်။

ဤကဲ့သို့နေ့ထိုင်မှုပုံစံမျိုးမှာ သိုင်းလောကၡ အလွန်တရာ ရှားပါးလှပေသည်။

ဤကဲ့သို့ စကားတပြောပြောနှင့် လှေ်ခွာသောကြောင့် သစ်တောကြီးတစ်ခုအတွင်းသို့ ရောက်ရှိလာလေတော့သည်

သူတို့သည် ထိုသစ်တောကြီးကို သတိဝီရိယထား၍ ဖြတ်သန်းကြ၏။

သစ်တောအလွန် အရှေ့ တောင်ဘက်အရပ်တွင်ရေအိုင်ကြီးတစ်အိုင်နှင့် အိုင်ကြီး၏လက်ဝဲဘက်၌ ခနီတဲ လေးငါးတဲ့ခန့် ရှိနေသည်။

ထန်ရှင်က ပတ်ဝန်းကျင်တစ်ခုလုံးကိုလက်ညှိုးယမ်းပြပြီး....

'ဟော့ဒီနေရာပတ်ဝန်းကျင်တစ်ဝိုက်မှာ ဆရာကြီးကျုန်စီမွန်ရဲ့ သမီးကလေး ပျောက်ဆုံးခဲ့ဘယ်'

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုက လှည့်ပတ်အကဲခတ်သည်။

ထို တဲအိမ်စုနေရာနှင့် ရေအိုင်ကွက်ကွက်၌သာ ရှင်းလင်းမှု ရှိသည်။

အခြားနေရာ၌ သစ်ပင်ချုံနွယ်များနှင့် ရှုပ်ထွေးနေသည်။

ထိုစဉ် ထန်ရှင်က မြင်းပေါ်မှဆင်းလိုက်ပြီး မြင်းကို ချုံပုတ်တစ်ခုအတွင်း ဖွက်၍ ချည်နှောင်လိုက်၏။

တုထန်ဟိုနှင့် ဆန်ကွမ်းချိုလည်း မနေသာတော့ဘဲ မြင်းပေါ်မှဆင်းကာ ထန်ရှင်နည်းတူ မြင်းများကို ချုံပုတ်အတွင်း ဖွက်ထားလိုက်ကြရ၏။

ထန်ရှင်က....

'ဆရာကြီးကျွန်စိမ့်ဟာ ဒီနေရာကို မရောက်ဘဲရှိမှာမဟုတ်ဘူး၊ ရောက်တော့ရောက်မှာပဲ၊ ဒါပေမယ့် မျက်စိမှောက်သွားပုံရတယ်၊ ဟိုခနိုတဲ လေးငါးအိမ်ထိ သွားစုံစမ်းကြမယ်'

ဆန်ကွမ်းချိုက တုထန်ဟိုအား လှမ်း၍အကြံပြု၏။

'အစ်ကိုကြီးတုထန်ဟို၊ အစ်ကိုကြီးက တဲတွေရဲ့ အနောက်ဘက်ကိုသွားရင် ကောင်းမယ်နဲ့ တူတယ်၊ လူစုခွဲပြီး ဝင်တဲ့သဘောပေါ့၊ ဆရာကြီးထန်ရှင်နဲ့ ကျွန်တော်က ရှေ့ဘက်က ဝင်မယ်'



တုထန်ဟိုက ခေါင်းညိတ်၏။

'ကောင်းတယ်၊ ငါ နောက်ကဝင်မယ်၊ ညီလေးတို့ကတော့ အထူးသတိဝီရိယ ထားရမယ်နော်'

'ဟုတ်ကဲ့....စိတ်ချပါ၊ ဆရာကြီးကိုယ်တိုင်ပါနေတာပဲ'

တုထန်ဟိုသည် သစ်ပင်ချုံနွယ်များအကြား တိုးဝင်ပျောက်ကွယ်သွားလေ၏။

ထန်ရှင်သည် ယပ်တောင်ခတ်ရင်း ရှေ့မှ ဦးဆောင်ထွက်သွား၏။

ဆန်ကွမ်းချိုက အရေးတကြီး ဟန့်တားလေ၏။

'ဆရာကြီး...ကျွန်တော် ရှေ့ကသွားပါရစေ၊ အန္တရာယ်ဆိုတာ မပြောနိုင်ဘူး'

ထန်ရှင်က ခေါင်းညိတ်သဖြင့် ဆန်ကွမ်းချိုက ရှေ့သို့တက်သွား၏။

သို့သော် သူတို့နှစ်ယောက် လမ်းလျှောက်လာပုံမှာ အေးအေးလူလူ ခရီးသွားနေသည့် ခရီးသည်ပုံစံမျိုးသာရှိ၏။

တဲအိမ်များတွေ့သဖြင့် ဝင်ရောက်စုံစမ်းသည့် ပုံစံရှိသည်။

မကြာမီ ခနိုတဲတစ်တဲရှေ့သို့ ရောက်ရှိလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝါးလုံးများဖြင့် ဝင်းခြံခတ်ထားသော်လည်း ခြံစည်းရိုးတံခါး မရှိပေ။

ထိုခြံဝင်းထဲသို့ ဝင်တော့မည့်ဆန်ကွမ်းချိုသည် ရုတ်တရက် ရပ်တန့်သွားပြီး ထန်းရွှင်အား လှည့်ကြည့်၏။

'ဆရာကြီး...ကျွန်တော်တို့ ဝင်ကြမလား'

ထန်းရွှင်က ခေါင်းညိတ်၏။

'ဝင်ကြမယ်...မဝင်လို့လဲ ပြီးတာမှမဟုတ်တဲ'

'ဒါဖြင့် ဆရာကြီး ကျွန်တော် နောက်ကကပ်လိုက်ပါ့နော်၊ ကျွန်တော်နဲ့ အလှမ်းဝေးနေရင် ခုန်ကာကွယ်လို့မရတဲ ဖြစ်နေမှာစိုးရိမ်လို့ပါ'

ထန်းရွှင်က ခေါင်းညိတ်ပြီး ကပ်လိုက်၏။

တဲတံခါးမှာမူ ပိတ်ထားသည်။

ဆန်ကွမ်းချိုက လှမ်းအော်လိုက်လေ၏။

'အိမ်ထဲမှာ လူရှိသလားဗျို့'

'ဘယ်ကလူတွေလဲ'

အထဲမှ မိန်းမတစ်ယောက်၏အသံ ကြားလိုက်ရပြီး တံခါး ပွင့်သွား၏။



အဘွားအိုတစ်ဦး...

ဆံပင်များ ဖွေးဖွေးဖြူ၍နေသည်။

လက်ထဲ၌ တောင်ဝှေးတစ်ချောင်း ကိုင်ထားသည်။

'အဘွား တစ်ယောက်တည်းလား'

ဆန်ကွမ်းချိုက မေးလိုက်၏။

အဘွားအိုက ဆန်ကွမ်းချိုကို ပြန်၍ အကဲခတ်လိုက်သည်။ ဆန်ကွမ်းချို၏ အမေးကို မဖြေဘဲ သူ့ဘက်မှ ထပ်ဆင့်မေးခွန်း ထုတ်သည်။

'ရိုက္ခာ ပြတ်သွားလို့လား...ရေငတ်လို့လား'

အဘွားအိုရပ်သွင်ရှိနေသော်လည်း အသံကအခေါ်ကလေး မာကျောနေသည်ဟု ဆန်ကွမ်းချို ရိပ်မိသည်။

ထန်းရွှင်ကို လှည့်ကြည့်၏။

ထန်းရွှင်က ပြုံးပြသည်။

ဤ အဘွားအိုကို မည်သို့မည်ပုံ ရင်ဆိုင်ရမည်ကို စောင့်ကြည့် အကဲခတ်နေပုံရ၏။

ဆန်ကွမ်းချိုသည် အဘွားအိုကို ကျော်၍ကြည့်လိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



အဘွားအို၏နောက်ဘက်တွင် ယင်းလိပ်အချို့ ကာရံထား[illegible] ကြောင်း တွေ့ရသည်။

အထဲတွင် လူများ ပုန်းအောင်းမည်ဆိုက ပုန်းအောင်းနိုင် ပေသည်။

အဘွားအို၏မျက်စိများကလည်း စူးစူးရှရှရှိသည်။

အဘွားအိုသည် ဆန်ကွမ်းချီကိုလည်း အကဲခတ်သည်။

ယပ်တောင်ကို တဖျပ်ဖျပ် ခတ်လျက် အေးအေးလူလူ စောင့်ကြည့်နေသည့် ထန်ရှင်ကိုလည်း အကဲခတ်နေသည်။

ဆန်ကွမ်းချီက လေသံမာမာဖြင့် ပြောလိုက်၏။

'ခင်ဗျားဟန်ဆောင်တာ သိပ်မပီပြင်ဘူး၊ ကျုပ်ကို ဒီ[illegible] လွယ်လွယ်ကလေးနဲ့ လှည့်စားလို့ ရမယ်ထင်ရင် ခင်ဗျား မှား[illegible] လိမ့်မယ်'

အဘွားအိုက စူးရှစွာပြော၏။

'မင်း....ဘာတွေ ပြောနေတာလဲ'

'ခင်ဗျား လိမ်နေတယ်၊ ခင်ဗျား ဟန်ဆောင် နေတယ် ခင်ဗျားဟာ အဘွားအိုကြီးတစ်ယောက်မဟုတ်ဘူး'



'ငါနားမလည်ဘူး၊ ငါ အဘွားအိုကြီးမဟုတ်ဘူး ဆိုင်[illegible] ဘာလဲ ကလေးလေးလား'

'ခင်ဗျားဝါးတောင်ဝှေးက ဘယ်ဆိုးလို့လဲ'

ဆန်ကွမ်းချီသည် ဝါးတောင်ဝှေးကို ခြေသောက်ဖြင့် ခ[illegible] ဖြည်းဖြည်း ကန်လိုက်၏။

'ဝုန်း'

အဘွားကြီး ပြိုလဲကျသွားတော့သည်။

'ဟာ....'

ဆန်ကွမ်းချီ၏ မျက်နှာတစ်ပြင်လုံး နီရဲသွားသည်။

သိုင်းပညာရှင် တစ်ယောက်သည် ဤသို့ လဲကျသွားမည် မဟုတ်ပေ။

သူသည် အဘွားကြီးကို ပွေ့ထူပေးရန် အလျင်အမြန်ပင် ချဉ်းကပ်သွားလေ၏။

ထိုစဉ် ထန်ရှင်၏အရေးတကြီး အော်ဟစ်သံပေါ်ထွက် လာသည်။

'ဆန်ကွမ်းချီ သတိထား'

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပုံပျက်ပုံမှာ မြန်လွန်းလှသဖြင့် ထန်ရှင်၏ အော်ဟစ်၍ သတိပေးသံမှာ အချိန်မရောက်ဘဲ ဖြစ်သွားသည်။

အဘွားကြီးသည် ဆန်ကွမ်းချီ၏ လက်ကောက်ဝတ်နှစ်ဖက်ကို ဖမ်းဆုပ်လျက် အကြောကိုင်လိုက်လေ၏။

'သေသွားချင်သလား'

အဘွားအို၏ ခြိမ်းခြောက်သံက ကြောက်လန့် သွေးပျက်ဖွယ်ရာ ပေါ်ထွက်လာသည်။

ဆန်ရှင်ကမူ ယပ်တောင် တဖျပ်ဖျပ်ခတ်ရင်း အေးဆေးစွာ စောင့်ကြည့်နေ၏။

ဆန်ကွမ်းချီမှာ အဘွားအို၏ အကြောကိုင်မှုကြောင့် အထက်ပိုင်း ကိုယ်တစ်ပိုင်း မလှုပ်ရှားနိုင်ဘဲ ဖြစ်သွားသည်။

သူ ဤသို့ဖြစ်ရခြင်းမှာ သိုင်းလောကအတွေ့အကြုံ နည်းပါးခြင်းကြောင့်သာ ဖြစ်သည်။

သို့ရာတွင် ခဏပြီးချိန်၌မူ ဆန်ကွမ်းချီ သွေးအေးသွား၏။

သူ မှားသွားပြီဟု သိလိုက်သဖြင့် အခွင့်အရေးကို ငြိမ်ဆိတ်စွာ စောင့်နေလိုက်သည်။

လက်ကောက်ဝတ် သွေးကြောများကို ပြန်ဖွင့်နိုင်ရန် အခြေအနေကို စောင့်နေလိုက်သည်။



အဘွားအိုသည် ဆန်ကွမ်းချီ၏ လက်ကောက်ဝတ် တစ်ဖက်ကို ဖမ်းကိုင်ထားပြီး ထန်ရှင်နှင့် ရင်ဆိုင်လေ၏။

'ရှင့် ဝတ်စားဆင်ယင်ပုံက သိုင်းသမားတစ်ယောက်မဟုတ်ဘူးဆိုတာ ဖော်ပြနေတယ်'

ထန်ရှင်က ယပ်တောင် တဖျပ်ဖျပ်ခတ်ရင်း....

'သိုင်းသမား မဟုတ်ချင် ဘာလဲဗျာ၊ ခင်ဗျား စိတ်ကြိုက် ထင်မြင်ယူဆနိုင်ပါတယ်'

'ရှင်ဟာ စာပေသမား ထန်ရှင်ပဲ ဖြစ်ရမယ်'

'ခင်ဗျားအတွေးအခေါ် မဆိုးပါဘူး'

အဘွားအိုက ဆက်ပြော၏။

'သိုင်းလောကမှာ ကျော်ကြားနေတာက ရှင်ဟာ ချန်သူတော်ကို သိုင်းပညာနဲ့ အနိုင်မယူဘူး၊ အနိုင်ယူနိုင်လောက်အောင် သိုင်းပညာလဲ မတတ်ဘူး၊ ဒါပေမယ့် ရှင့် ဖြတ်တိုးဉာဏ်ကတော့ အဖွဲ့ကြီးတစ်ဖွဲ့လုံးကိုတောင် အနိုင်ယူနိုင်တယ်လို့ ကျော်ကြားနေတယ်'

ထန်ရှင်က ပြုံး၍ ပြော၏။

'ကောလာဟလ သတင်းကို မယုံသင့်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com

'ရှင့်ပိုက်က လိုး၀ မကြောက်ရွံ့တဲ့ပုံစံပဲ'

'ကျုပ်က ငယ်ငယ်ကလေးကတည်းက ဘာကိုမှ မကြောက်ခဲ့ဘဲကိုး၊ အခုမှ ဘာကို ကြောက်ရမှာလဲ'

'ရှင့်လူ ကျွန်မလက်ထဲ ရောက်နေပြီလေ'

'ရောက်တော့ကော ဘာဖြစ်သလဲ၊ အစောကြီးကတည်းက ခင်ဗျားတို့က ကျုပ်တို့ကို ဝိုင်းရံထားတာပဲ မဟုတ်လား'

အဘွားအိုက အံ့သြသွားသည်။

'ခြော်...ရှင်က ဒါတွေလဲ သိနေတာကိုး'

'ကျုပ် နည်းနည်းပဲ သိပါတယ်'

'ရှင် ဉာဏ်ကောင်းတယ်လို့တော့ ကြားဖူးထားတယ်၊ ဒီကနေ့တော့ ရှင်ဟာ ကျွန်မလက်ထဲကလွတ်ဖို့ မလွယ်တော့ဘူး၊ ရှင် ဘယ်လောက်ဉာဏ်ကောင်းတယ်ဆိုတာ ဒီကနေ့ တွေ့ချင်ရင်လဲ တွေ့ရမှာပေါ့လေ'

သူမသည် နောက်ဘက်သို့လှည့်၍ အော်ဟစ်လိုက်၏။

'ဟေ့...နင်တို့ ထွက်မလာကြသေးဘူးလား၊ လာမဖမ်းကြသေးဘူးလား'

လူလေးယောက် ခုန်ထွက်လာ၏။



တစ်ယောက်သည် ဆန်ကွမ်းချီအနီးမှ ကပ်လျှောက်သည်။

ဆန်ကွမ်းချီသည် ပညာရှိထန်ရှင်အတွက်စိုးရိမ်ပူပန်လှသဖြင့် တစ်ကိုယ်လုံး ပူလောင်လာသည်။

သူ့ခြေထောက်များ အကြောင်းပကာတိ ရှိနေသေးသဖြင့် အနီးကပ်လျှောက်လာသူအား ပစ်ကန်လိုက်၏။

'ဝုန်း'

'အား'

ကန်ချက် ပြင်းထန်လှသောကြောင့် ထိုလူမှာ ယင်းဆိပ်အတွင်းသို့ ပြန်ရောက်သွား၏။

တစ်ချက်တည်းနှင့် အသက် ထွက်သွားသည်။

အဘွားအိုမှာ ရုတ်တရက် မင်သက် ငေးကြောင်သွားသည်။

သို့သော် ချက်ချင်းပင် ဆန်ကွမ်းချီအား အကြောပိတ်ပစ်လိုက်လေ၏။

ဆန်ကွမ်းချီမှာ လုံး၀ မလှုပ်ရှားနိုင်တော့ပေ။

ထန်ရှင်သည် ဆန်ကွမ်းချီ၏ လျင်မြန်မှုကို ချီးကျူးမိ၏။

မည်သို့ပင်ဖြစ်စေ ရန်သူသုံးယောက်သည် ထန်ရှင်အား ဖမ်းမိရန် ဝိုင်းရံထားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင်က ပြုံး၍ပြောသည်။

'ကျွန်ုပ်တို့က ပညာရှိထန်ရှင်ဆိုတာ ကျုပ်ပဲ'

သူသည် ယပ်တောင်ခတ်မပျက်ဘဲ ပြောသည်။

ရန်သူတစ်ဦးက ငန့်ခံ၏။

'ကျုပ်တို့ ကြားဖူးထားပါတယ်ဗျ'

ထန်ရှင်သည် ဆန်ကွမ်းချီအား မသိမသာလှမ်း၍ အကဲခတ်သည်။

ဆန်ကွမ်းချီ လုံးဝ မလှုပ်ရှားနိုင်တော့ပြီကို ရိပ်မိလိုက်သဖြင့် စဘင်စကားပြောတော့သည်။

'ခင်ဗျားတို့ ကြားဖူးရုံပဲ ကြားဖူးမှာပါ၊ မြင်ဖူးမှာတော့ မဟုတ်ဘူး'

ရန်သူတစ်ဦးက....

'ဟုတ်တယ်၊ မမြင်ဖူးဘူး'

'ကျုပ်ဟာ ထန်ရှင်ပဲ'

အဘွားအိုက ခေါသတကြီး ဝင်အော်၏။

'ဟေ ....ထန်ရှင်ဟာ သိုင်းပညာ လုံးဝ မတတ်ဘူး၊ ကြက်မတစ်ကောင်ကို သတ်နိုင်တဲ့ စွမ်းအားတောင် မရှိဘူး၊ မင်းတို့ စိုင်းဖမ်းကြစမ်း၊ မြန်မြန်သတ်ပစ်လိုက်စမ်း'



ရပ်နေသူ သုံးဦးသည် တစ်ယောက်မျက်နှာ တစ်ယောက် ငေးကြည့်မိကြ၏။ တိုင်ပင်သလို ကြည့်ကြခြင်း ဖြစ်ပေသည်။ ထို့နောက် ဖြည်းဖြည်း တိုးကပ်လာကြ၏။

ထန်ရှင်က ရယ်ရင်း....

'ရပ်ကြစမ်း၊ ငါ့ကို ဘယ်လိုလူစားမျိုး မှတ်နေသလဲ၊ မင်းတို့လို အညတရကောင်တွေနဲ့ ရင်ဆိုင်နိုင်စွမ်း မရှိဘူးဆိုရင် ကွန်ယုံဖမ်နဲ့ ဘယ်လိုယှဉ်ပြိုင်နိုင်မှာလဲ'

ရန်သူသုံးယောက်မှာ အသိုသို ရပ်တန့်သွားလေ၏။

အဘွားအိုမှာ ခေါင်းဝတ္ထုကို ဆောင့်ပြီး ခေါသတကြီး အော်ပြန်တော့သည်၊

'သေချင်းဆိုးတော်၊ မင်းတို့ သူ့ကို မဖမ်းဘူးလား၊ မဖမ်းရင် မင်းတို့ခေါင်းတွေကို ငါက အရင်ဖြတ်ပစ်မယ်'

'ကောင်းတယ်၊ မင်းတို့ ငါ့ကို မဖမ်းရင် ခေါင်းဖြတ်ခံရမယ် ပြောတယ်၊ သူဟာ မင်းတို့ကို လောလောဆယ် ခေါင်းဖြတ်နိုင်မှာမဟုတ်ဘူး၊ ငါက မင်းတို့သုံးယောက်စလုံးကို သေမင်းဆီ အခုချက်ချင်း အလည်ပို့ပစ်နိုင်တယ်၊ စောစောစီးစီး သေချင်ရင် တက်လာခဲ့ကြ'

ထန်ရှင်က ယပ်တောင်ကိုခတ်ရင်း လှမ်းပြော၏။

အဘွားအိုက အသံကိုခြစ်၍ အော်၏။

'သူပြောတာ ယုံမနေနဲ့၊ ဖမ်းစမ်း၊ ဖျစ်ညှစ်ပြီး သတ်ပစ်လိုက်စမ်း'

'ဟုတ်တယ်၊ ခင်ဗျားကို လက်တစ်ဖက်တည်းနဲ့ ညှစ်ပြီး သတ်ပြမယ်'

www.burmeseclassic.com

www.burmeseclassic.com



ရန်သူတစ်ဦးက အော်၍ ရှေ့သို့တိုးလာ၏။

ထန်ရှင်က ယပ်ခတ်မပျက်ပေ။

ရှေ့သို့တိုးလာခဲ့သော ရန်သူမှာ ရုတ်တရက် ပက်လက်လန်လဲကျသွား၏။

သူ့မျက်နှာမှာ ကြောက်မက်ဖွယ်ရာ တွန့်လိမ်သွား၏။

ကျန်ရန်သူနှစ်ဦးမှာ နောက်ဆုတ်သွားကြ၏။

သူတို့ ထိတ်လန့်သွားကြလေပြီ။

စုန်းကာခေ အဘတ်များလောဟု တွေးနေကြသည်။

ထန်ရှင် လှမ်းခေါ်၏။

'မင်းတို့နှစ်ယောက်က ဘာဖြစ်လို့ နောက်ဆုတ်သွားရတာလဲ၊ ရှေ့ကို တက်လာကြလေ၊ စမ်းကြည့်ကြပါဦးလား'

ထန်ရှင် ရယ်နေသည်။

သူ့အမူအရာမှာ ရန်သူများကို စိုးစဉ်းမျှကြောက်ရွံ့ပုံမရပေ။

ယပ်တောင်ကလည်း ခတ်မြဲပင်။

အဘွားအိုပင် ရုတ်တရက် မအော်နိုင်ဘဲ ဖြစ်သွား၏။

ထန်ရှင့်မျက်နှာကို အသေအချာ အကဲခတ်နေ၏။

သူမ၏ လူတစ်ယောက် မည်သို့မည်ပုံ သေရသည်ကို သူမလည်း မခန့်မှန်းတတ်ဘဲ ဖြစ်နေသည်။

စုန်းကာခေ အဘတ်ပင်လော။

သူမလည်း ဤသို့ပင် တွေးနေလေ၏။

# အခန်း (၁၁၀)

## အတိုက်၏ လျှို့ဝှက်ချက်တစ်ခု

'ဒီလူဟာ ကျော်ကြားတဲ့အတိုင်းကို စွမ်းတာပဲကိုး'

အဘွားအိုသည် ထိုစကားများကို စိတ်ထဲမှသာ ပြောသည်။ နှုတ်ဖျားကမူ….

'ဟေ့ကောင်တွေဘာဖြစ်လို့နောက်ဆုတ်နေကြတာလဲ၊ သတိ ားပြီး ချဉ်းကပ်ပါလား၊ နောက်မဆုတ်ကြနဲ့၊ ရှေ့တက်ကြ'

ထန်ရှင်က ဟားဟားတားရယ်သည်။

သူ့အမူအရာက အလွန် ရဲရင့်လှသည်။

ဤရန်သူများကို လုံးဝ ထီမထင်သည့် သဘောမျိုး ရှိပေ ည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား…ဟား…ဟား၊ မကြောက်တဲ့သူ ရှေ့ထွက်ခဲ့[illegible]
ယပ်တောင်ကို ဝှေ့ယမ်းရင်း ပြောလိုက်ရာ ဝင်[illegible] တစ်ဦး ထုန်းခနဲ လဲကျသွားပြန်သည်။

နောက်တစ်ဦး အရဲကိုး၍ ဝင်လာရာ ထိုသူလည်း လဲ[illegible] ပြန်သည်။

သွားပြီ။

သုံးယောက်မှာ ထန်ရှင်၏ ခြေချက်ဖြင့် လဲကျသွား[illegible] လေးယောက်ပြေးထွက်လာခဲ့ရာ ငါးယောက်မှာ ဆန်ကျ[illegible] ချီ၏ လက်ချက်ဖြင့် ခေါခေါစီးစီး လဲကျသွားပြီးခဲ့လေပြီ။

ထန်ရှင်က အဘွားအိုကို ပြုံး၍ပြော၏။

"ခင်ဗျား အခုတွေ့ပုန်းနေကြသေး တယ်မဟုတ်လား၊ အဘွား[illegible] လို ပုန်းခိုနေသလဲ၊ ထွက်ခိုင်းစမ်းပါ"

အဘွားအိုမှာ ကြောက်ဒိတ်ဝင်လာသည်။

အသည်းမှာလျှင် မကြောက်တဲ့အိုနည်း။

ထန်ရှင်သည် ပွဲခင်းအတွင်း ဝင်လာသူ တစ်ဦးမှာ ယ[illegible] တောင် တဖျပ်ဖျပ်ခတ်ရင်း စိုက်ကြည့်နေသောကြောင့်မေတည[illegible]

ထိုသော် ထန်ကိုယ်ဖို မာန်သူ့ဖို ဆိုသည့်စကားကို အဘွား[illegible] အို နှလုံးသွင်းထားဟန်တူသည်။

ထန်ရှင်ကိုစိတ်ထဲမှကြောက်နေသော်လည်း လုံးဝကြောက်[illegible] ဟန်မပြခေ။

"သိပ်ပြီးလဲ ကိုယ့်ကိုယ်ကို အထင်ကြီးမနေနဲ့၊ ဒီနေရာက ရှ[illegible] အသက်ရှင်လျက် ထွက်သွားနိုင်မယ် ထင်နေသလား၊ စိတ်ချ[illegible] ရှင် ဘယ်တော့မှ မလွတ်ဘူး"



ထန်ရှင်က ပြုံးလျက်ပြောသည်။

"ကျွန်တော်ကတော့ ကျုပ် ကျိန်းသေလာမယ်ဆိုတာ ဘွက်[illegible]ားမှာပဲ၊ သူ့ မျှော်လင့်ချက် ပျက်မသွားစေချင်လို့ ကျုပ် လာ[illegible]ာပဲလေ၊ သူ့ စိတ်မောက်ကျသွားတာမျိုး ကျုပ်မမြင်ချင်ဘူး"

"ရှင်…ကိုယ့်ခေါင်း ကိုယ်တူးဖို့ လာတာပဲ"

"ဒီလိုဆိုရင် ခင်ဗျား ရှေ့ကိုတိုးခဲ့စမ်းပါ"

ထန်ရှင်သည် ယပ်တောင်ကို တဖျပ်ဖျပ်ခတ်ရင်း ရှေ့သို့[illegible]ခ်လှမ်းချင်း တိုးလာရာ အဘွားအိုမှာ တဖြည်းဖြည်း နောက်[illegible]ုတ်သွားလေသည်။

ထန်ရှင်က ပြုံး၍မေးသည်။

"ခင်ဗျား ဘာဖြစ်လို့ နောက်ဆုတ်နေတာလဲ၊ ကျုပ်ကို[illegible]သရမယ်လို့ ခင်ဗျားပဲ ကြိမ်းခြောက်ခဲ့တာမဟုတ်လား ရှေ့[illegible]ိုက်လေ"

အဘွားအိုသည် ထန်ရှင် ပြုံး၍ပိုးလာလေလေ ကြောက်ရွံ့[illegible]သ ဖြစ်လာ၏။

နောက်ဆုံး သူ့ကိုယ်သူ မထိန်းသိမ်းနိုင်တော့တဲ့ အခါ နောက်[illegible]ာက်သို့ ပြေးဝင်သွားလေတော့၏။

ထန်ရှင်ကား ရယ်၍ကျန်ရစ်ခဲ့သည်။

တဲအိမ်ကလေးတစ်ခုလုံး လုံးဝ တိတ်ဆိတ် ငြိမ်သက်သွား[illegible]သည်။

ထန်ရှင်သည် အတန်ကြာကြာ ငြိမ်သက်စွာ စောင့်ဆိုင်း[illegible]နေ၏။

အခန်းခန်းထဲမှ မည်သူမျှ ထွက်မလာကြတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ယပ်တောင်ကို ဖြည်းညင်းစွာခတ်ရင်း ဆန်ကွမ်း
အနီးသို့ လျှောက်လာ၏။

'မောင်ရင်...ဘယ်လိုနေသလဲ'

ဆန်ကွမ်းချီမှာ စကားမပြောနိုင်ပေ။

မျက်လုံးများဖြင့်သာ သူ မလှုပ်ရှားနိုင်ကြောင်း အ
အယောင်ပြရ၏။

ထန်ရှင်ကဲ့သို့ ပညာရှိတစ်ဦးအဖို့ ဆန်ကွမ်းချီ၏ မျက်လုံး
ကြည့်ရုံမျှဖြင့်ပင် အဓိပ္ပာယ်သိပြီး ဖြစ်သည်။

ထန်ရှင် သိုင်းပညာမတတ်သဖြင့် မည်သို့ အကြောပြေ
ရမည်ကို သူ မသိပေ။

ထို့ကြောင့် ယပ်တောင် ခတ်ရင်းဖြင့် အရိပ်အခြည်သ
စောင့်ကြည့်ရတော့သည်။

ဆန်ကွမ်းချီမှာ ပညာရှိထန်ရှင်၏ အောင်မြင်မှုကို လွန်း
ကျေနပ်ဝမ်းမြောက်နေ၏။

အကယ်၍ ထန်ရှင်သာ ယဲ့တွေးအိုး၏လက်ချက်ဖြင့် အဖမ်း
အသေခံရလျှင် ဆန်ကွမ်းချီအဖို့ သူ့ကိုယ်သူ အပြစ်တင်၍
တော့မည် မဟုတ်ပေ။

ယခုမူ ထန်ရှင်သည် ရန်သူကို ထိတ်လန့်ကြောက်ရွံ့ ထွ
ပြေးသွားစေခြင်းဖြင့် သူ့အသက်နှင့် မိမိအသက်ကိုပါ တ
တင်လိုက်ကြောင်း ဆန်ကွမ်းချီ သိလိုက်သည်။

မိမိကိုယ်၌ ပိတ်နေသည့်အကြောများ ပြေစေရန် ခက်ခဲ
သည်မဟုတ်ပါ။



မိမိ၏အတွင်းအားများကို တဖြည်းဖြည်း စုစည်းခြင်းဖြင့်
ပိတ်နေသော အကြောများကို ပွင့်သွားစေနိုင်သည်။

သို့သော် အချိန်တော့ အနည်းငယ် ယူရပေမည်။

ထိုအတွက် ထန်ရှင်အား စိတ်မပူရန် မျက်လုံးဖြင့် အချက်
ပြလိုက်ခြင်း ဖြစ်သည်။

ပညာရှိထန်ရှင်ကလည်း သူမတတ်နိုင်သည့်ကိစ္စကို ဆန္ဒစော
ပြီး တောင်လုပ်မြောက်လုပ် မလုပ်ပေ။

စိတ်အေးလက်အေးသာ စောင့်ကြည့်နေသည်။

သူ့အနေဖြင့် တွေးပူနေရသည့် အချက်မှာ ဆန်ကွမ်းချီ၏
အကြောများ ပွင့်မလာမီ ကျန်လိုဝမ် ရောက်ရှိလာမည့် အချက်
ကိုသာတည်း။

ထန်ရှင်သည် တဲနံရံတွင်မှီ၍ အနားယူနေသည်။

အိပ်စက်၍မဖြစ်နိုင်ကြောင်းကို သူသိသည်။

ရန်သူ၏ တဲအိမ်အတွင်း မိမိအား ကာကွယ်စောင့်ရှောက်
မည့်သူမရှိဘဲ အိပ်သူလောက် မိုက်မဲသူသည် ဤလောက၌ ရှိ
မည်မဟုတ်ကြောင်း ထန်ရှင် သိသည်။

တဲအိမ်ထဲ၌ လဲကျနေသော ရန်သူများ၏ ခန္ဓာကိုယ်ကြီး
လေးခုကို ကသိုဏ်းရှုကာ ထန်ရှင် အနားယူတော့သည်။

တဲအိမ်ကလေးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေတော့သည်။

ကွမ်းတစ်ယာညက်ခန့် ကြာသောအခါ ဆန်ကွမ်းချီထံမှ
ဟင်းခနဲ သက်ပြင်းချသံကြီးကို ကြားလိုက်ရသည်။

ထန်ရှင်က ပြုံး၍ မေးလေ၏။

'မောင်ရင်...သွေးကြောတွေ ပွင့်သွားပြီလား'

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီသည် ခြေလက်များဆန့်ပြီး ထထိုင်သည်။

'ခုတော်သေးတာပေါ့ ဆရာကြီးရာ၊ ကျွန်တော် သွေးကြော ပိတ်ခံနေရတုန်း ရန်သူတွေ ထပ်မရောက်လာလို့ပေါ့'

'ရန်သူက လောလောဆယ် မရောက်သေးပေမယ့် မကြာခင်တော့ ရောက်လာမှာပါ။ မောင်ရင် ထလာနိုင်တာ ကျုပ်တို့ အတွက် အကောင်းဆုံးပါပဲ'

'ဟုတ်ကဲ့...ကျွန်တော်ဆဲ ပေါ့သွားမိတယ်၊ အစ်ကိုကြီး ထွန်းဟိုဆိုရင် ကျွန်တော့်လို မခံရပါဘူး။ ကျွန်တော်ကတော့ ညံ့ကိုညံ့ပါတယ်'

'သင်ခန်းစာ ယူပေါ့လေ၊ တစ်ကြိမ် ခံရပြီးတဲ့နောက်မှာ နောက်တစ်ကြိမ်မခံရအောင်ဘူး၊ တကားပုံတစ်ခုရှောင် ရှိသေး တယ်မဟုတ်လား၊ ဆောင်ချောက်ထဲ အမိခံရဖူးတဲ့ ဝံပုလွေဟာ နောက်ထပ် ဘယ်အခါမှ ဆောင်ချောက်ထဲ အမိမခံရဘူးဆိုတဲ့ စကားလေ၊ တိရစ္ဆာန်တောင် သင်ခန်းစာယူတတ်သေးရင် လူက အများဆိုဖို့ သင်ခန်းစာယူတတ်ရမှာပေါ့'

ဆန်ကွမ်းချီမတ်တတ်ထရပ်ပြီး ပတ်ဝန်းကျင်ကို လှည့်ကြည့် လိုက်၏။

'ဆရာကြီး အတွင်းဘက်ကို ကျွန်တော်ဝင်ပြီး စစ်ဆေး ကြည့်ရမလား'

ထန်ရှင် ခေါင်းခါသည်။

'မဝင်နဲ့တော့ ဘယ်သူမှမရှိဘူး၊ ဒါပေမယ့် သူတို့ မကြာ ခင် လာမှာပါ'

'ကျွန်တော်တို့ ဒီကပဲစောင့်မှာလား'



'စောင့်ရမှာပေါ့၊ ဆရာကြီးကျွန်စိမ့်ခွဲ သမီးကလေးတို့ က ဘာမှ အဖြူအမည်း သဲကွဲဘူးမှ မဟုတ်သေးတာတဲ'

ဆန်ကွမ်းချီက ခေါင်းညိတ်ပြီး....

'ဒီလိုဆိုရင် ဆရာကြီး အနားယူပါ၊ ကျွန်တော် ဆရာကြီး ကို စောင့်နေပါမယ်'

ထန်ရှင်က ရယ်ပြီး....

'ကိစ္စမရှိဘူး၊ သူတို့ မကြာခင်ရောက်လာကြမှာ [illegible] မျက်စိ ဖွင့်ပြီး စောင့်ကြည့်ကြတာပေါ့'

ထန်ရှင်၏ စကားမဆုံးမီ တဲအိမ်ကလေးမှ သိမ့်ခနဲ တုန် သွားသော်၏။

ထန်ရှင်က 'လာကြပြီ' ဟူသော အသံဖြင့် ဆန်ကွမ်း ချီအား ပြောပြသည်။

ဆန်ကွမ်းချီမှာ တဲအနောက်ဘက်သို့ မျက်[illegible] စောင့်ကြည့်မိရှာသည်။

'အင်း...တဲကအသား ထွန်းလှုပ်ပုံကို [illegible] ရောက်လာတဲ့ သိုင်းသမားတွေဟာ ထိပ်ကြီး အဆင့်မမြင့်ပါဘူး၊ ကွန်လိုဝမ်နဲ့ ယွဲ့ရှဲဝါစဥ်ကြီး သိုင်းသမားတွေ မဖြစ်သေးဘူး'

ဆန်ကွမ်းချီ၏အမေး မှန်ကန်ပါသည်။

တဲပေါ်သို့ တက်လာသူများမှာ ရောင်စုံဝတ်စုံအမျိုးမျိုးဝတ် ဆင်ထားသည့် မိန်းကလေးများ ဖြစ်နေသောကြောင့်ပြီး။

ထိုသိုင်းဝတ်စုံများမှာ ပဒေသာရှိသော်လည်း တကယ့်အရေး အကြောင်းတွင် ကာယကံရှင်အား ပြန်လည်ဒုက္ခပေးတတ်သည့် ဝတ်စုံများ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းကလေးများသည် ခါးကိုယ်စီ ချိတ်ဆွဲထားသော်လည်း ရန်မူမည့် အမူအရာမျိုး မရှိပေ။

သူတို့သည် ဆန်ကွမ်းချိုအား တစ်ချက်မျှ အကဲခတ်ပြီး ထန်ရှင်နှင့် မျက်နှာမူ ရင်ဆိုင်ကြ၏။

'ဆရာကြီးထန်ရှင် မှတ်ပါတယ်'

ထန်ရှင်က ခေါင်းညိတ်၏။

'ဟုတ်တယ်၊ ကျုပ် ထန်ရှင်ပဲ'

'ဆရာကြီး၊ ကျွန်မတို့ရဲ့ ဂိုဏ်းချုပ်ကတော်ကြီး ရောက်ရှိလာပါလိမ့်မယ်၊ ခေတ္တခဏ စောင့်ပါလို့ တောင်းပန်ပါတယ်'

ထန်ရှင်က ခေါင်းညိတ်သည်။

'စောင့်ရတာပေါ့ခလေ၊ ဝန်မလေးပါဘူး'

ဆန်ကွမ်းချိုက ဝင်မေးသည်။

'မင်းတို့ဂိုဏ်းချုပ်ကတော်ကြီးက ဘယ်အချိန်လာမှာလဲ'

မိန်းကလေးတစ်ဦးက....

'သိပ်မကြာပါဘူးရှင်၊ အလွန်ဆုံး တစ်နာရီလောက်ပါပဲ'

ထန်ရှင်က ရယ်ရင်း....

'ဟာ....ဒီလိုဆိုရင် ကျုပ်တို့ တစ်နာရီလောက် ကောင်းကောင်း အနားယူနိုင်သေးတာပေါ့'

ထန်ရှင်သည် ဆန်ကွမ်းချိုနှင့် မလှမ်းမကမ်းနေရာတွင် သွားထိုင်ပြီး မှိန်းနေတော့၏။

အမှန်စင်စစ် ထန်ရှင်မှာ အလွန်တရာပင်ပန်းနေသဖြင့် နာရီဝက် တစ်နာရီမျှ နားခွင့်ကြုံသည်နှင့် သူကိုယ်တိုင် လိုလိုချင်ချင် နားမိသည်သာ ဖြစ်၏။



ယခု ဆန်ကွမ်းချိုရှိနေသဖြင့် ထန်ရှင်သည် စိတ်အေးချမ်းစွာ အနားယူတော့သည်။

ဆန်ကွမ်းချိုကမူ ကိုယ်ဖော့လျှောက်လာပြီး ထန်ရှင်၏ဘေး၌ ရပ်နေလိုက်သည်။

သူ ရှေ့ရှိ မိန်းကလေးများမှာ မှုလောက်သူများ မဟုတ်ကြောင်း သိနေသဖြင့် သူလည်း မျက်စိမှိတ်၍ အနားယူသည်။

သို့သော် နားကမူ အမြဲထောင်ရ စွင့်ထားလေ၏။

မိန်းကလေးများသည် မျက်စိများမှိတ်လျက် အနားယူနေသော သူထူးလူဆန်း နှစ်ယောက်ကိုကြည့်၍ အံ့ဩနေကြ၏။

'တကယ့်လူတွေပဲ၊ ရန်သူရဲ့ တဲထဲလာပြီး အနားယူနေလိုက်ကြတာ၊ သူတို့မို့ ဒီလိုနေရဲတာယ်'

မိန်းကလေးတစ်ဦး၏ တိုးတိုးပြောသံကို ဆန်ကွမ်းချိုကြားလိုက်၏။

တစ်နာရီခန့်ကြာသောအခါ တဲကလေး သိမ့်ခနဲ သိမ့်ခနဲ ဖြစ်သွားပြန်သည်။

ဆန်ကွမ်းချို မျက်စိဖွင့်ကြည့်လိုက်သောအခါ ခါးကိုယ်စီ သိုင်းလွယ်ထားသည့် အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသော မိန်းကလေးငါးဦးကို ထပ်မံတွေ့ရပြန်သည်။

'ရှမ်း'

ဆန်ကွမ်းချိုသည် ကျောဘွဲ့ လွယ်ထားသည့် ဓားရှည်ကို ရှမ်းခနဲ ဆွဲထုတ်လိုက်၏။

စကား မပြောသော်လည်း သူသည် မိန်းကလေးများကို မမှိတ်မသုန် စောင့်ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဆန်ကွမ်းချိစိတ်ထဲ၌ တုထန်ဟိုကို ရုတ်တရက် သတိရလာ၏။

တဲများ၏ အနောက်ဘက်မှ တော့ပတ်ဝင်ရန် တုထန်ဟို ထွက်သွားခဲ့၏။

သို့သော် ယခုတိုင် တုထန်ဟို ရောက်ရှိမလာခဲ့ပေ။

တုထန်ဟိုအစားရန်သူများသာတစ်ယောက်ပြီးတစ်ယောက် ရောက်ရှိလာကြသည်။

ထောင်း မိန်းကလေးများအား တုထန်ဟိုနှင့် ပတ်သက်ပြီး မေးရန် ကြံမိသည်။

သို့သော် ထိုအကြံကို ချက်ချင်း ပယ်ဖျက်မိ၏။

မိန်းမပျိုလေး၏ မည်သို့မျှ အကျိုးထူးလိမ့်မည် မဟုတ်ချေ။

ထို့ကြောင့် နှုတ်ဆိတ်နေလိုက်၏။

မကြာမီ ထန်ရှင် မျက်လုံးပွင့်လာ၏။

သူသည် အချိန်အနည်းငယ် အနားယူလိုက်ရသဖြင့် အတော်အားလေး လန်းလန်း ဆန်းဆန်း ဖြစ်သွားသည်။

'ဆန်ကွမ်းချိ...ကျုပ်နိုးလာပါပြီ'

'ဟုတ်ကဲ့၊ ဆရာကြီးကို ဒီမိန်းကလေးတွေ အနှောင့်အယှက် မပေးနိုင်အောင် ကျွန်တော် စောင့်နေပါမယ်'

'သူတို့ကို ဂရုမစိုက်ပါနဲ့'

'ပေါ့ဆလို့ မဖြစ်ဘူးလေ၊ ခုနစောစောက ကျွန်တော် တစ်ခါ ခံသွားရပြီးပြီ'

ထန်ရှင်က ခေါင်းညိတ်၏။



'အင်း...မဆိုးပါဘူး၊ ဒါပေမယ့် သူတို့က ကျုပ်တို့ကို ရန်ပြုမယ် မထင်ဘူး'

'ဟုတ်ကဲ့...ပြုမယ်မထင်ပါဘူး၊ တစ်ခုသေချာတာက သူတို့ သိုင်းပညာ သိပ်မကောင်းကြဘူးဘဲ၊ သူတို့ ဘယ်မှာ ရန်ပြုဝံ့တော့မလဲ'

ထိုစဉ် တဲနောက်ဘက်မှ အော်သံတစ်သံ ထွက်ပေါ်လာ၏။

'သခင်မ ကြွလာပြီ'

တဲထဲရှိ သိုင်းဝတ်စုံ ဝတ်ဆင်ထားသော မိန်းကလေး အားလုံး ဒူးထောက်ထိုင်ချလိုက်ကြလေ၏။

ဓားများကိုလည်း ခေါင်းထက်သို့ စိုက်ထားလိုက်ကြသည်။

ထန်ရှင်က ဆန်ကွမ်းချိအား တိုးတိုးပြောသည်။

'မောင်ရင်...မလိုအပ်ဘဲနဲ့ ဓားကိုဆွဲမထုတ်နဲ့၊ အခြေအနေကို စောင့်ကြည့်ပါ'

ဆန်ကွမ်းချိက ခေါင်းညိတ်ပြ၏။

'စိတ်ချပါ ဆရာကြီး၊ ဆရာကြီး အမိန့်မပေးရင် ကျွန်တော် ဘာမှ မလုပ်ပါဘူး'

ဆန်ကွမ်းချိသည် ဓားကို ဓားအိမ်ထဲ ပြန်ထည့်လိုက်၏။

ထန်ရှင်က ပြုံး၍ပြောသည်။

'အမိန့်တော့ မဟုတ်ပါဘူး မောင်ရင်'

ဆန်ကွမ်းချိက ပြုံး၍ ခေါင်းညိတ်ပြလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် တဲထဲသို့ အမျိုးသမီးတစ်ဦး ဝင်လာ၏။

မျက်နှာ၌ ဇာပုဝါအနက်တစ်ထည် လွှမ်းခြုံထားသည်။

သူမသည် ဒူးထောက်ထိုင်ပြီး၊ အရိုအသေပေးနေကြသော မိန်းကလေးများအား လုံးဝဂရုမစိုက်ပေ။

ထန်ရှင်နှင့်ဆန့်ကျင်ဘက်ချီတိုရှိရာသို့ တည့်တည့်မတ်မတ် လျှောက်လာသည်။

'ရှင်တို့နှစ်ယောက်ထဲက ပညာရှိ ထန်ရှင်ဆိုတာ ဟောဒီ ပုဂ္ဂိုလ်ပဲ ဖြစ်ရမယ်'

သူမသည် ယပ်တောင်ခတ်၍ ရပ်ကြည့်နေသည့် ထန်ရှင်အား လက်ညှိုးညွှန်၍ ပြောလိုက်၏။

ထန်ရှင်က....

'ဟုတ်တယ်၊ ကျုပ် ထန်ရှင်ပဲ'

'ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ မျက်မှောက်ခေတ် သိုင်းလောကမှာ ရှင့်လောက် ဉာဏ်ပညာကြီးတဲ့လူ တစ်ယောက်မှ မရှိဘူးလို့ ပြောကြတယ်'

'ကောလာဟလသတင်းဆိုတာ ဒီလိုပါပဲ၊ နည်းနည်းတော့ ပြန့်ကားတတ်ပါတယ်၊ ပြောသလောက်လဲ မဟုတ်ပါဘူး'

ထိုအမျိုးသမီးသည် သူ၏ဇာပဝါကို ဦးခေါင်းပေါ် ဆွဲမတင်လိုက်၏။

'ကျွန်မကို ကြည့်စမ်းပါ'

ထန်ရှင်က နားမလည်သည့် အကြည့်ဖြစ်၏။

'ဘာလဲ....'



'ကျွန်မကိုကြည့်စမ်းပါ၊ကျွန်မဘယ်သူလဲ၊ ရှင်မှတ်မိရဲ့လား'

အမျိုးသမီးကြီးသည် အသက် လေးဆယ်ကျော် ငါးဆယ်နီးပါး ရှိသည်။

သို့သော် ရုပ်ရည်က နုနယ်ပြီး အရွယ်တင်လှ၏။

ထန်ရှင်သည် မလှုပ်မယှက် ခေါင်းကုတ် စဉ်းစားမိလေ၏။

'သည်းခံပါဗျာ၊ ကျုပ်တော့ ခင်ဗျားကို တစ်ခါမှ မမြင်ဖူးဘူးလို့ ထင်တာပဲ'

'ရှင် တကယ် စဉ်းစားလို့ မရဘူးလား'

'ဟုတ်တယ်၊ စဉ်းစားလို့ မရပါဘူး'

'ထပ်စဉ်းစားပါဦး'

'ကောင်းပြီ'

ထန်ရှင်သည် မျက်မှောင်ကြုတ်၍ စဉ်းစားပြန်၏။

သို့သော် သူ စဉ်းစား၍မရပေ။

'ကျုပ် လုံးဝစဉ်းစားလို့မရဘူး၊ ခင်ဗျားကို ကျုပ်မတွေ့ဖူး မမြင်ဖူးတာ သေချာပြီ'

အမျိုးသမီးကြီးက ခေါင်းညိတ်၏။

'ရှင် ဒီလောက် တိတိကျကျ ပြောမှတော့ ကျွန်မကို မတွေ့ဖူးတာ သေချာပြီပေါ့'

သူမက ခပ်အေးအေး ပြော၏။

'ဒီနေရာလေးဟာ ကျွန်မတို့ရဲ့ လျှို့ဝှက်စခန်းလေးပဲ၊ ရှင်တို့ ဘယ်လိုအနံ့ရပြီး ရှာလာနိုင်တယ်ဆိုတာတော့ ကျွန်မလဲ မသိဘူး၊ ကျွန်မယောကျ်ား ကွန်လုံဝမ်ဟာ ရှင့်ကို ဉာဏ်ချည်ချင်း ယှဉ်ပြိုင်နိုင်မယ် မထင်တော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဩော်....ခင်ဗျားက ကွန်ဂါဘော်ကြီးပဲကိုး'

'ဟုတ်ပါတယ်၊ ကွန်လုံဝမ်ရဲ့ ဇနီးဖြစ်တဲ့ ကွန်ကာတော်ပေါ့ရှင်'

'ကျုပ် ဘာအကူအညီ ပေးရမလဲ'

'ကျွန်မ မေးချင်တာလေးတွေ ရှိပါတယ်၊ သိရင် ဖြေစေချင်တယ်'

'မေးပါ၊ ကျုပ်သိတာဆို ဖြေဖို့အသင့်ပါပဲ'

'ကျွန်မယောကျ်ားနဲ့ ဘာဖြစ်လို့ ရန်ဘက်ပြိုင်ရတာလဲရှင်'

'သူဟာ သိုင်းလောကရဲ့ရန်သူပဲ၊ သူဟာ မမှန်သောဘာရားကို လက်ကိုင်ထားတယ်၊ အောက်လမ်းဂိုဏ်းကို ထည့်ထောင်ချင်တဲ့ ဂိုဏ်းချုပ်ဖြစ်တယ်၊ သူနဲ့ ကျုပ်နဲ့ ဘာစိခေတ်ဘည်းမှာ တွဲပြီး အသက်ရှင်နေလို့ မဖြစ်ဘူး'

အမျိုးသမီးကြီးက သက်ပြင်းချသည်။

ထန်ရှင်က ယပ်ဖြေ၏။

'နောက် ဘာသိချင်သေးသလဲ'

'မျက်မှောက်ခေတ် သိုင်းလောကကြီး ပျက်စီးသွားမှာကို ကျွန်မ မသိဘူး၊ ကျွန်မ တားဆီးချင်တယ်'

'ခင်ဗျားဟာ ကွန်ကာတော်ပဲ၊ ခင်ဗျား တားဆီးနိုင်ပါလိမ့်မယ်'

'ကျွန်မဟာ သူ့ ဇနီးဖြစ်ပေမယ့် သူ့ကို မတားမြစ်နိုင်ဘူးရှင့်'

'ဖြည်းဖြည်းချင်း ချိချိသာသာ ပြောပါ'



'သိုင်းလောကကို လွှမ်းမိုးချင်တဲ့ သူ့ ရည်ရွယ်ချက်ကြီး မပျောက်သွားရင် သိုင်းလောကကြီး မပျက်စီးနိုင်တော့ပါဘူး'

အမျိုးသမီးကြီးသည် ဓာပဝါကို ပြန်ချလိုက်၏။

သူ၏မျက်နှာကို ထင်ရှားစွာ မမြင်နိုင်တော့ပေ။

'ရှင်ဟာ ကွန်လုံဝမ်နဲ့ တစ်ဆရာတည်း တပည့်တွေပဲ၊ သူ့အကြောင်း ရှင်က ပိုသိမှာပေါ့၊ သူဟာ သူတစ်ပါးပြောတာကို လိုက်လုပ်တဲ့လူမျိုး မဟုတ်ဘူး'

ထန်ရှင်သည် သူ့ မျက်နှာပေါ်၌ အံ့ဩသည့်လက္ခဏာ မပေါ်မသွားအောင် ထိန်းချုပ်လိုက်ရသည်။

'ကွန်လုံဝမ်နဲ့ ငါ တစ်ဆရာတည်းတပည့် ဖြစ်တယ်ဆိုတာ သူဘယ်လိုသိနေသလဲ၊ ကွန်လုံဝမ်ကများ ပြောပြထားသလား၊ အင်းလေ....ဇနီးဆိုတော့လဲ ပြောချင် ပြောမှာပေါ့လေ'

ထန်ရှင်သည် ထုတ်မေးမည် ကြံပြီးမှ ထုတ်မမေးတော့ဘဲ ငြိမ်နေလိုက်သည်။

ထိုအမျိုးသမီးကြီးက....

'မနက်ဖြန် ဘာနေ့လဲ၊ ရှင်သိရဲ့လား'

ထန်ရှင် ထိတ်လန့်သွား၏။ အဘယ်ကြောင့် ဆိုသော် ထိုရက်ကို သူ မည်သည့်အခါကမျှ မေ့လျော့ခြင်း မရှိခဲ့သောကြောင့်တည်း။

'ဘယ်လိုလဲ၊ နက်ဖြန်ခါ ဘာနေ့လဲဆိုတာ သိရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးကြီးက ထပ်မေးလေ၏။

ထန်ရှင်က....

'ကျုပ်ဖခင်ဆရာကြီး သေဆုံးတဲ့ နှစ်ပတ်လည် နေ့ပေါ့ဗျာ။ ခင်ဗျားက ဘာဖြစ်လို့ ဒီနေ့ကို သိနေရတာလဲ'

အမျိုးသမီးကြီး၏ ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာ၏။

'အစ်ကိုလေး...အစ်ကိုလေးနဲ့ ကျွန်မနဲ့ တွေ့ဖြစ်အောင် တွေ့ကြသေးတယ်နော်၊ အစ်ကိုလေးကို ဒီတစ်သက်မှာ တွေ့ဖို့အကြောင်း မရှိတော့ဘူးလို့ ညီမလေး ထင်ခဲ့မိပါတယ်'

ထန်ရှင်သည် သူမ၏ စကားကြောင့် တစ်ကိုယ်လုံး တုန်သွား၏။ ချွေးစေးများ ထွက်လာသည်။

'ကွန်ကတော်...ကွန်ကတော်ရဲ့ စကားက ဘာအဓိပ္ပာယ်များလဲ၊ ကျုပ်တော့ မစဉ်းစားတတ်တော့ပါဘူးဗျာ'

ကွန်ကတော်သည် မျက်ရည်များကို သုတ်လိုက်၏။

'ဪ...ကျွန်မ သေသွားရင် ရှင်နဲ့ ဒီတစ်သက် တွေ့နိုင်ဖို့ မလွယ်တော့ဘူးလို့ ပြောတာပါ'

ကွန်ကတော်သည် တစ်စုံတစ်ရာ ယိမ်ချုန်တားပြီဖြစ်ကြောင်း တေးမှ နားထောင်နေသည့် ဆန်ကွမ်ချိုပင် သိလိုက်သည်။

သူမက ဆက်ပြော၏။

'ရှင်ဟာ ကျန်းမာရေး သိပ်မကောင်းတော့ဘူး၊ ကွန်လုံဝမ်ကိုယ်၌ပြုပြင်ချင်ရင် ကျန်းမာရေးကောင်းကောင်း၊ ညာဏ်တောင်း



ကောင်းနဲ့ပြုပြင်မှ နိုင်လိမ့်မယ်၊ အဲဒီ ကိုယ့်ကျန်းမာရေးကို ပြုပြင်အောင် မလုပ်နိုင်ဘူးဆိုရင် ရှင့်လိုလူမျိုးတစ်ယောက်ကို ရှာထားရမယ်၊ ရှင့်ပညာ အမွေခံလူကတော့ ကွန်လုံဝမ်ကောင်းကောင်းယှဉ်နိုင်လိမ့်မယ်'

ထန်ရှင်သည် သူ့ဓဖျာ့ကွက်ကို ခေါက်ပြုခံနေရသဖြင့် ငိုင်နားထောင်နေမိသည်။

အမျိုးသမီးကြီး၏အသံက ဆက်၍ ထွက်ပေါ်လာနေသည်။

'လူစားရှာရင်လဲ အခုပဲ ရှာထားရမယ်၊ အရေးကြုံတော့မှ ရှာရင် ဘယ်နည်းနဲ့မှ ရုတ်တရက် ရှာတွေ့ဖို့ ရန်မှာ မဟုတ်ဘူး'

ထန်ရှင် တွေနေသည်။

'သူက ငါ့ကိုဗေဒင်ဟောသလိုဟောနေတာပဲ၊ ငါ့အကြောင်းတော်တော်သိပုံရတယ်၊ အခုနေ ဆရာကြီးကျွန်စီမွန်ရဲ့သမီးကလေးအကြောင်း မေးထားမှ ဖြစ်မယ်၊ ငါတို့လာတဲ့ အဓိကအချက်စကားပျောက်သွားလို့ မဖြစ်ဘူး'

ထန်ရှင်က....

'ကွန်ကတော်၊ ဆရာကြီးကျွန်စီမွန်ရဲ့ သမီးကလေး နေထိုင်ကောင်းရဲ့လား'

ကွန်ကတော်က ပြုံးလိုက်၏။

'ဟိုဆုရဂါသည် မိန်းကလေးကို မေးတာလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်၊ သေမလောက်ကို ရောဂါ သည်း
ကလေးမကလေးကို မေးတာပါ'

'ဒီမိန်းကလေးက သေမလောက် ဖြစ်နေပေမယ့် သူ့
ကတော့ ကြောက်စရာပဲ၊ သိုင်းလောကထဲမှာ လက်ချိုးခ
လို့ရတဲ့ ပုဂ္ဂိုလ်ကြီး ကျွန်စီမွန်ပဲ မဟုတ်လား'

'ဟုတ်ပါတယ်၊ အဲဒီကလေးမကလေးကို ကျုပ်လက်ထဲ
အပ်ပါလား'

အမျိုးသမီးကြီးသည် ခေတ္တမျှ စဉ်းစား၏။

'ကောင်းပြီ၊ သူ့ဖခင်ကြီးနဲ့ပြန်တွေ့အောင် ကျွန်မပေး
ပါမယ်၊ အဖေနဲ့သမီး ဘတွေ့ရ စိတ်ချမ်းသာမှာပေါ့လေ'

ထန်ရှင်က ကျေးဇူးတင်မှု ပြုံး ဂါရဝပြု၏။ သူ့
ကိစ္စ အောင်မြင်သွားပေပြီ။

'ကွန်ကဘော်၊ ကွန်လုံဝမ်ဟာ ကျုပ်နဲ့ တစ်ဆရာ
တပည့်ပါ၊ ကျုပ်တို့ရဲ့ဆရာကြီး အုတ်ဂူကို သူ နှစ်စဉ်ကန်
ပါရဲ့လား'

'ပထမ လေးငါးနှစ်လောက်တော့ ကန် တော့ပါ
နောက်ပိုင်းတော့ မသွားတော့ဘူး၊ ဆယ်နှစ်လောက်
ရှိပြီ ထင်ပါရဲ့'

အမျိုးသမီးကြီးသည် သူ့အခြွေအရံ မိန်းကလေးများ
အမိန့်ပေးလိုက်၏။



'ညည်းတို့ တဲအပြင်ကို သွားကြ၊ ပေငါးဆယ်အတွင်း လူ
ဝ ဝင်မလာစေနဲ့၊ ဝင်လာရင် သတ်'

'အမိန့်အတိုင်းပါပဲရှင်'

မိန်းကလေးများ ခုန်ထွက်သွားကြလေ၏။

တဲအတွင်း၌ ထန်ရှင်၊ ဆန်ကွမ်ချေနှင့် ကွန်ကဘော်တို့သာ
ရစ်တော့သည်။

အမျိုးသမီးသည် သူ့ခေါင်းဆောင်းပဝါကို ဖယ်ရှားပစ်
ပြီး...

'ကျွန်မ ရှင့်ကို ပြောစရာရှိတယ်'

ထန်ရှင်က...

'ဟောဒီက ခေါင်ရှင်ကလေးကတော့ ကျုပ်နဲ့ထင်တူ ယုံ့တ
သူပေါ့ပါ၊ ကျုပ်အသက်ကို သူ့လက်ထဲ ဝကွက်အပ်ပြီး
တွက်လာကြတာပါ၊ ပြောစရာရှိရင်ပြောပါ၊ သူ့ကို အား
ရာ မရှိပါဘူး၊ ကျုပ်ကိုယုံသလို သူ့ကိုလဲ ယုံကြည်နိုင်ပါ
'

အမျိုးသမီးကြီး၏ မျက်နှာ၌ ကြေကွဲသော အရိပ်အယောင်
ပေါ်လာသည်။ ထို့နောက် ခပ်တိုးတိုးပြော၏။

'ကျွန်မ ကွန်လုံဝမ်ရဲ့အလိမ်အညာကို ခံလိုက်ရတာပါရှင်'

ဗျာ'

ဟုတ်တယ်၊ ကျွန်မဟာ ကွန်လုံဝမ်ရဲ့ အလိမ်အညာကို ခံ
ရတာပါ'

'ကျုပ် ဘာမှမသိပါဘူး'

အမျိုးသမီးကြီးက စူးစူးရဲရဲကြည့်ပြီး

www.burmeseclassic.com



'အစ်ကိုလေး၊ ဟောဒါဘာလဲ ကြည့်စမ်းပါ'

သူမက လက်ကောက်တစ်ကွင်းကို ဆွဲထုတ်ယူပြီးပြ၏။ ထ
ရှင်ကို ထိုးပေးသည်။ ထန်ရှင်က ယပ်တောင်ကို ထိုးဖြန့်
လက်ကောက်ကို ယူလိုက်၏။

'ဟင်'

ထန်ရှင် မျက်နှာပျက်သွားလေတော့၏။

'ဒါ.... ဒါ ကျုပ်မိခင်က ကျုပ်ကိုပေးခဲ့တဲ့ အမှတ်
တရစ္စည်းပဲ၊ ဘယ့်နှယ် ခင်ဗျားလက်ထဲ ရောက်နေတာလဲ'

'ဒီပစ္စည်းကို အစ်ကိုလေးက ဘယ်သူ့ကို ပေးခဲ့သလဲ'

အမျိုးသမီးကြီးသည် ထန်ရှင်ကို 'အစ်ကိုလေး'ဟု သုံးနှု
ခေါ်ခေါ်နေသဖြင့် ထန်ရှင်မှာ နေမထိထိုင်မသာဖြစ်လာသ

'ကျုပ်.... ကျုပ်.... ကျုပ်ရဲ့ အဖ ဆရာကြီးကို ဒီပစ္စည်
ကန်တော့ခဲ့ဖူးပါတယ်၊ ခင်ဗျား ဖောက်ထဲကို ဘယ်.... ဘယ
ရောက်....

'အစ်ကိုလေး....အဲဒီအဖဆရာကြီးဟာ ကျွန်မရဲ့ ဖေဖေ

'ဟင်....'

ထန်ရှင်မှာ မမျှော်လင့်သည့် အကြောင်းအရာကို ကြားလ
ရသဖြင့် နှမ်းနထိုင်း ဖြစ်သွားလေ၏။

'ဘာ....အဖဆရာကြီးရဲ့ သမီး'

'ဟုတ်တယ်၊ ဖေဖေဟာ အစ်ကိုလေးထန်ရှင်နဲ့ အစ်ကို
ကွန်လုံဝမ်ရဲ့ ဆရာသမားဖြစ်သလို ကျွန်မရဲ့ ဖခင်ကြီးလဲ ဖြ
တယ်'



ထန်ရှင်မှာ အတိတ်ကို ပြန်လည် စဉ်းစားကြည့်သည်။ သူ့
ဆရာကြီးက သူ့တွင် သမီးတစ်ဦးရှိကြောင်း တစ်ခါက ပြောခဲ့ဖူး
၏။ သူသည် ဆရာကြီး၏ သမီးကို မမြင်ဖူးခဲ့ပေ။ ဆရာကြီးက
သမီးဖြစ်သူအား အခြားတစ်နေရာတွင် ထားသည်။

ဆရာကြီး၏ သမီးဖြစ်လျှင် သူ့ညီမပင် မဟုတ်ပါလား။
ဆရာကြီး၏ သမီးကို သူ စောင့်ရှောက်ရပေလိမ့်မည်။

'ညီမလေး....ငါ့ကို ခွင့်လွှတ်ပါ။ ဆရာကြီး တစ်ခါကတော့
ပြောဖူးတယ်၊ ဒါပေမယ့် ငါဟာ ပညာသင်ဖို့ကလွဲပြီး ညီမ
လေးနဲ့ ပတ်သက်လို့ တစ်ခါမှ မစုံစမ်းခဲ့ဖူးပါဘူး'

အမျိုးသမီးကြီးမှာ မျက်ရည်များ တွေတွေ ကျဆင်းလာ
လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁၂)

## ဆန်ကွမ်းချီ၍ အကူအညီ

ထန်ရှင်သည် ထိုလက်ကောက် မည်သို့မည်ပုံ အမျိုးသမီး၏ လက်သို့ ရောက်ရှိသွားသည်ကို စဉ်းစားမိသည်။

'ညီမလေးကို ဆရာကြီးက ပေးခဲ့တာလား'

'ဟုတ်ကဲ့၊ ဒါဟာ သမီးမှ မင်္ဂလာအထိမ်းအမှတ်လို့ပြောပြီး ပေးခဲ့တာပါ အစ်ကိုလေး'

ထန်ရှင် ထိတ်လန့်သွား၏။

'ဟင်....'

အမျိုးသမီးကြီးမှာ မျက်ရည်မဆည်နိုင်အောင် ဖြစ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေက အစ်ကိုလေး ထန်ရှင့်ကို ဘာမှ ထုတ်ဖော်မပြော ခဲ့ပေမယ့် ကျွန်မကိုတော့ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်၊ အစ်ကို လေး ထန်ရှင် ပညာပြည့်ဝလာတဲ့အခါမှာ အစ်ကိုလေးထန်ရှင် ကို ကျွန်မနဲ့ အိမ်ထောင်ချပေးမယ်လို့ ပြောခဲ့ပါတယ်၊ အဲ အချိန်ကလဲ အစ်ကိုလေး ထန်ရှင်က ကျွန်မကို မမြင်ဖူးသလို ကျွန်မကလဲ အစ်ကိုလေးထန်ရှင်ကို မမြင်ဖူးပါဘူး'

ထန်ရှင်က ခေါင်းညိတ်၏။ ဆရာကြီး၏ သမီးကို သူသည် ယခုမှသာ တွေ့မြင်ဖူးခြင်းဖြစ်ပေသည်။ သူ့အနှင့်အိမ်ထောင်ဖက် ပေးမည့်ကိစ္စကိုတော့ ဆရာကြီးက သူ့အား ဖွင့်မပြောခဲ့ပေ

'နောက် မကြာခင်မှာ ဖေဖေသေဆုံးသွားတယ်၊အဲဒီအချိန် မတိုင်မီကတည်းက ကွန်လုံဝမ်ဟာ ကျွန်မဆီကို ရောက်ရောက် လာပါတယ်၊ ကြာတော့ ကျွန်မနဲ့ ရင်းနှီးလာပါတယ်၊ ဖေဖေ သေတာ ရိုးရိုးသေတာ မဟုတ်ဘူးတဲ့၊ သူ့ တစ်ဆရာတည်းဖြ ထန်ရှင် သတ်တာလို့ ကွန်လုံဝမ်က ပြောခဲ့ပါတယ်၊ ကျွန်မ သူ့ကို ယုံမိတာပါပဲ'

ထန်ရှင်က သက်ပြင်းချလိုက်၏။

'ဆရာကြီးကိုသတ်တာ ငါမဟုတ်ဘူး၊ သတ်ချင်းသတ်ရင်....'

'အစ်ကိုလေးသတ်တာ မဟုတ်ပါဘူး၊ ဖေဖေ့ကို သူသတ် တာပါ၊ ဒါပေမယ့် သူကတော့ ဖေဖေ့ကို အစ်ကိုလေးသတ်တာ လို့ ပြောခဲ့တယ်၊ အဲဒီတုန်းကဆိုရင် ကျွန်မဟာ အစ်ကိုလေးကို သိပ်ပြီး နာကြည်းရှုံမုန်းနေမိတော့တာပဲ၊ အစ်ကိုလေးကို ပြန် သတ်ပေးဖို့ သူ့ကိုချည်း နားပူနားဆာ လုပ်ခဲ့မိပါတယ်၊နောက် တော့ ကျွန်မဟာ သူ့ဇနီးဖြစ်သွားတာပါပဲ၊ အစ်ကိုလေးရယ်



အဲဒီတုန်းကတော့ ကျွန်မ ဘာမှမသိဘူး၊ ဖေဖေ့ကိုသတ်ခဲ့ အစ်ကိုလေးကို လက်စားချေဖို့ပဲစိတ်ကူးနေတယ်'

'အင်း...ကွန်လုံဝမ်...ကွန်လုံဝမ်၊ လူတိုင်းကို လှည့်ပြီး ဒုက္ခပေးတော့တာပဲကိုး'

'ကျွန်မဟာ သူ့ကို အင်အားတောင်းဆောင်လို့ အဆင်မြင် သိုင်းသမားတွေ ရှာဖွေ စုစည်းပေးခဲ့တယ်၊ အစ်ကိုလေးကို သတ်နိုင်ဖို့ပေါ့လေ'

'ငါ ဘယ်မှာရှိတယ်ဆိုတာ သူ မပြောဘူးလား'

'အစ်ကိုလေးဟာ သူ့အပြစ်ဘူမလုံလို့ စကြာဝဠာ အပြင် ဘက်ရောက်အောင် ထွက်ပြေးနေသတဲ့'

'အဲဒီအချိန်မှာ ငါဟာ ကျွန်လုဂိုဏ်းထဲမှာ ခိုဝင်နေပါပြီ'

'ဟုတ်ကဲ့၊ အစ်ကိုလေး အဲဒီမှာရှိတယ်ဆိုတာကိုမပြောပေ မယ့် သူက ကျွန်လုဂိုဏ်းကို ဖြိုခွဲဖျက်ဆီးဖို့တော့ ပြောပါတယ်၊ ကျွန်လုဂိုဏ်းဖြိုရင် ထန်ရှင်ဟာ စကြာဝဠာအပြင်ဘက်က ပြန် ဝင်ပြေးလာရမတဲ့၊ အဲဒါကြောင့် ကျွန်မလဲ သူ့ဖနောင့်နောက် နောက်ပါ အင်အားတောင့်အောင် စည်းရုံး ပေးခဲ့ရတာပေါ့ အစ်ကိုလေးရယ်'

'လူယုတ်မာ၊ တကယ့်ကိုယုတ်မာတဲ့လူပါပဲ ညီမလေးရယ်'

'ဟုတ်ပါတယ်၊ ဝိပါက်ကြမ္မာဝင်တယ်ဆိုတာ ဒါမျိုးပါပဲ၊ ဖေဖေဟာ သူ့အပည့်ကွန်လုံဝမ်ရဲ့ ဆိုးရွားဘဲ့ အကျင့်ကို သိ မြင်ပေမယ့် တပည့်ကိုတဲ့သံယောဇဉ်နဲ့ သတ်ခဲ့ဘူး၊ ဒါပေ မယ့် ကွန်လုံဝမ်ကတော့ ဖေဖေ့ကို ရက်ရက်စက်စက် သတ်ခဲ့ တယ်'

www.burmeseclassic.com



'သူသတ်တယ်ဆိုတာ ညီမလေးက ဘယ်လိုသိခဲ့လဲ'

'တစ်နေ့မှာ သူ အရက်အလွန်အကျွံ မူးပြီး ထုတ်ဖော်ခဲ့တာ ပါပဲ၊ အရက်မူးတော့ ကျွဲခိုးပေါ်ဆိုတဲ့ စကားအတိုင်းပါပဲ အစ်ကိုလေးရယ်၊ အဲဒီတော့လွန်နေပြီလေ၊ သူနဲ့ကျွန်မပေါင်းလို့ ဆယ့်ငါးနှစ်လောက် ကြာတော့မှ အဖြစ်မှန်ကို ကျွန်မသိခဲ့ရ တာပါ'

သူမသည် မျက်ရည်များသိမ်းလိုက်၏။ အံကြိတ်ပြီး ဆက် ပြောသည်။

'အဲဒီတုန်းက ကျွန်မက သူ့ကိုသတ်မလို့ပါ၊ ဒါပေမယ့် နှစ်ပေါင်းများစွာ အကြင်လင်မယား ဖြစ်ခဲ့တဲ့ သံယောဇဉ်က သူ့ကိုမသတ်ဖြစ်အောင် တားမြစ်နေတယ်၊ လင်သတ်တဲ့ဇနီး ဆိုတဲ့ နာမည်ဆိုးကြီးကို ကျွန်မမယူဝံ့တာလဲ ပါတာပေါ့အစ်ကို လေးရယ်'

ထန်ရှင်က သက်ပြင်းချပြီး....

'အဲဒီလိုသိပြီးတဲ့နောက် သူ့ရဲ့မကောင်းမှု လုပ်ငန်းတွေကို မကူညီရင်၊ အားမပေးရင် ပြီးတာပါပဲလေ'

ကွန်ကတော်က မချိပြုံးပြုံးလေ၏။

'အဖြစ်က အဲဒီလောက်လဲမလွယ်ဘူးလေ၊ အစ်ကိုလေးတို့ ကျွန်မတို့က လူကောင်းစိတ်ကောင်းတွေ၊ သူက လူယုတ် စိတ် ယုတ်၊ ဘယ်လိုလုပ်အဆင်ပြေမှာလဲ၊ ကျွန်မဟာ နောက်ပိုင်းမှာ နှုတ်ပြောင်းသွားတယ်၊ ဒါကို သူရိပ်မိတယ်၊ ဖေဖေ့ကိုသူသတ် တာ ထုတ်ဖော်ပြောမိပြီဆိုတာလဲ သူရိပ်မိသွားဟန် တူတယ်၊ တစ်ညမှာ ကွန်လုံဝမ်ဟာ ကျွန်မရဲ့သွေးကြောဆယ့်နှစ်ချောင်း



ပေါ်မှာ အဆိပ်အပ်ဆယ့်နှစ်ချောင်းစိုက်ခဲ့တယ်၊ အဲဒီ အဆိပ် အပ် ဆယ့်နှစ်ချောင်းရဲ့ ဒဏ်ကြောင့် ကျွန်မဟာ ဒီည သန်း ခေါင်ယံမှာ သေဆုံးရပါလိမ့်မယ် အစ်ကိုလေး'

ကွန်ကတော်ကြီးက အံကြိတ်၍ ဆက်ပြော၏။

'ကျွန်မမှားခဲ့တာပေါ့၊ ကျွန်မသာ သူ့ကို အရင်သတ်ခဲ့ရင် သိုင်းလောကထဲက အန္တရာယ်ဆိုးကြီးတစ်ခု ချုပ်ငြိမ်းပျောက် ကွယ်သွားခဲ့မှာပေါ့၊ ခုတော့ ကျွန်မပဲ ဒုက္ခရောက်ရတော့ [illegible]

ထန်ရှင်၏ မျက်နှာ၌ ကြင်နာသနားသည့်အရိပ်အယောင် များ ယှက်သမ်းလာ၏။

'ညီမလေးရဲ့ဒဏ်ရာကို ပြစမ်း၊ ငါကြည့်ပေးမယ်'

ကွန်ကတော်က ခေါင်းကို သွက်သွက်ခါ၍ [illegible] လိုက်သည်။

'ခုန်ပါစေတော့ အစ်ကိုလေး၊ ကျွန်မရဲ့ ခန္ဓာကိုယ်ထဲက အဆိပ်အပ်တွေကို ဖေဖေ ကိုယ်တိုင်ရှင်ပြန်လာပြီး ထုတ်ပေးကူ ပေးလို့တောင် မရနိုင်ပါဘူး၊ ကျွန်မအတွက် အစ်ကိုလေးဘာမှ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့တော့'

သူမသည် စကားကို ခေတ္တရပ်နားလိုက်၏။

အတန်ကြာမှ....

'အစ်ကိုလေး၊ ကျွန်မတာတော့ သေတော့မှာပါ၊ ကျွန် မသေခင် ကျွန်မရင်ထဲမှာ မျိုသိပ်ထားရတဲ့ အကြောင်းအ

www.burmeseclassic.com

www.burmeseclassic.com


ကလေးတွေ ထွက်ဖော် ပြောချင်ပါတယ်၊ အဲဒါလေးတွေ ပြောပြီးရင်တော့ ကျွန်မ သေပျော်ပါပြီ'

ဆိုစဉ် တဲ၏ ပြင်ပယတ်ဝန်းကျင်၌ အော်သံ ဟောက်သံများ ကြားလိုက်ရသည်။

ကွန်ကတော်က...

'လူတော့ လာနေပြီ၊ ဘယ်သူတွေ လာနေပြီ ဆိုတာတော့ မသိရသေးဘူး၊ တားတဲ့လူက တားနေပြီ'

ထန်ရှင်က ခေါင်းညိတ်၏။

'ကျွန်လုကိုအားကတော့ ဖြစ်မယ်မထင်ဘူး'

ကွန်ကတော်က ဟက်ဟက်ပက်ပက်ရယ်သည်။

'ကျွန်မက ကွန်လုံဝမ် လာပါစေလို့ ဆုတောင်းနေတာ အစ်ကိုလေးရဲ့'

'ကွန်လုံဝမ်လာရင် ညီမလေးပဲ ဒုက္ခရောက်မှာပေါ့၊ အကျိုး ရှိစရာမမြင်ဘူး'

'သူလာပါစေလို့ပဲ ကျွန်မဆုတောင်းတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ သူ့ဂိုဏ်းထဲမှာ သူ့ကိုတော်လှန်သူ ရှိနေပြီဆိုတာ သိသွားစေချင်လို့ပဲ'

မိန်းကလေးများ၏ အော်သံများကို ပြတ်တောင်း ပြတ်တောင်းကြားနေရသည်။ သံသံချင်း ထိခတ်သည့် အသံများကိုလည်း ကြားနေရသည်။ အပြင်၊ အထန် တိုးနှက်တိုက်ခိုက်နေကြလေပြီ။

ထန်ရှင်သည် သူ လာရောက်ခဲ့ရသည့် အစီကာအကြောင်းရင်းကို လုံးဝ မမေ့လျော့ခြင်း မရှိချေ။

'ညီမလေး...ကျွန်စီမွန်ရဲ့ သမီးကလေး...'

ကွန်ကတော်က ထန်ရှင်၏ စကားမဆုံးမီ ဖြတ်၍ပြောလေ၏။

'ဟုတ်တယ်၊ ကျွန်မ ခေါ်ထားပါတယ်၊ ကျွန်ုပ်ဝမ်ဟာ ကတိသစ္စာ တည်ကြည်တဲ့လူမဟုတ်ဘူး၊ ဆရာကိုလိမ်သူ၊ မိန်းမကိုလဲ ယုတ်တဲ့လူကို ဘယ်လိုလုပ် ယုံစားရမှာလဲ'

'အဲဒီမိန်းကလေးကို ဘယ်မှာထားသလဲ'

'ကျွန်မ ဝှက်ထားပါတယ်'

'ဝှက်ထားတဲ့ နေရာက ဝေးဝေးခဝးသလား'

'မဝေးပါဘူး၊ ဒီးနီးကလေးပါ'

ထိုစဉ် မိန်းကလေးတစ်ယောက်၏ စူးစူးရှားရှား အော်သံကို ကြားလိုက်ရသည်။

ထန်ရှင်က မှတ်ချက်ချလိုက်၏။

'ဝင်လာတဲ့ ရန်သူကို သူတို့ မခုခံနိုင်ကြဘူး၊ ညီမလေးရဲ့ အခြေအရုံတစ်ယောက်တော့ အကြီးအကျယ် ဒဏ်ရာရသွားပြီ'

တစ်ချိန်လုံး ငြိမ်သက်စွာ ရပ်စောင့်နေခဲ့သည့် ဝေကွမ်းချီသည် ထန်ရှင်အား ခွင့်ပန်လေ၏။

'ဆရာကြီး...ကျွန်တော် သွက်ပြီးကြည့်လိုက်ပါရစေ ကူညီရအောင်ပါ'

www.burmeseclassic.com

www.burmeseclassic.com

ကွန်ကတော်က ခါးသီးစွာ တားမြစ်၏။

'မလိုပါဘူး'

'ဘာဖြစ်လို့လဲ'

ထန်ရှင် အံ့သြပြီး မေးသည်။

ကွန်ကတော်က....

'ကျွန်မရဲ့ အခြေအရံထဲက နှစ်ယောက်ဟာ ကွန်လုံဝမ်ရဲ့ အဆိပ်ဆေးကို သောက်ထားရပါတယ်၊ သူတို့ဟာ အချိန်ပိုင်းနဲ့ ကွန်လုံဝမ်ဆီက အဆိပ်ဖြေဆေးကို တောင်းသောက်နေရတယ်၊ ကျွန်မနဲ့ ပတ်သက်သမျှ သတင်းကိုလဲ ကွန်လုံဝမ်ဆီ ပို့ပေးနေရတယ်၊ အဲဒီနှစ်ယောက် ကျွန်မဆီမှာ ရှိနေတာကို ကျွန်မ သိမထားဘူးလို့ကွန်လုံဝမ်က ထင်မှတ်နေတယ်၊ကျွန်မဟာလူအ မှ မဟုတ်ဘဲ၊ ဒါတွေကို သိနေတာပေါ့၊ကျွန်မရဲ့ ကျန်တဲ့အခြေအရံ ခြောက်ယောက်ကို ဒီအကြောင်း အသိပေးထားတယ်၊ အခွင့်ကြုံရင် အဲဒီနှစ်ယောက်ကို သတ်ပစ်ဖို့လဲ မှာထားပါတယ်၊ တခြားလူက လာသတ်တဲ့အခါ ကိုယ်က ကြည့်နေရုံပေါ့'

'ဪ....'

ထန်ရှင် သဘောပေါက်သွား၏။

ကွန်ကတော်က မဲ့ပြုံးပြုံး၍ ဆက်ပြော၏။

'ကျွန်မဟာ ဖေဖေ့အတွက် ရန်ကြွေး မချေနိုင်ခဲ့ရုံမကဘူး၊ ကိုယ့်အသက်ကိုပါ မကာကွယ်နိုင်ခဲ့ဘူး၊ ဒါပေမယ့် ကျွန်မဟာ ရှေမြွေ မဟုတ်ဘူးဆိုတာတော့ သူ သိစေရမယ်၊ သူ့စိတ်ထဲမှာ မခံမရပ်နိုင် ခံစားနေရအောင် ကျွန်မ လုပ်ပစ်ခဲ့မယ်၊ စားမဝင် အိပ်မပျော်ဖြစ်အောင် လုပ်လာခဲ့ရမယ်'



တဲအပြင်ဘက်မှ တိုက်ခိုက်သံများမှာ ပို၍ဆူညံလာသည်။

ထန်ရှင်က မှတ်ချက်ချ၏။

'ဒါဟာ ကွန်လုံဝမ်ရဲ့ ဘက်တော်သားတွေ ဖြစ်ဖို့များတယ်၊ လူအင်အားလဲ များလာပုံရတယ်'

'ဒီလိုပဲ ကျွန်မလဲ ယူဆပါထယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဟာ ကွန်လုံဝမ်ရဲ့ စက်ကွင်းထဲက မလွတ်နိုင်လို့ဘဲ၊ ကွန်လုံဝမ်ကို မျက်ခြည်ပြတ်လို့ မရဘူး၊ ကျွန်မ ဘယ်လောက်ပဲ သိုသိုသိပ်သိပ် လုပ်လုပ် လုပ်လို့မရဘူး၊ ဒီတော့ ကျွန်မနောက်ကို လိုက်လာတာ သူ့လူတွေပဲ ဖြစ်တော့မှာပေါ့ရှင်'

ထန်ရှင်က ချီးကျူးလိုက်၏။

'မိန်းမတွေထဲမှာတော့ ညီမလေးဟာ ချီးကျူးလောက်တဲ့ သူပါပဲ၊ ဒါပေမယ့် သိုင်းပညာအရာမှာ ကွန်လုံဝမ်ကို ညီမလေး တယ်လိုမှ ယှဉ်ပြိုင်နိုင်မယ်မထင်ဘူး၊ နောက်ပြီး ကွန်လုံဝမ်ဟာ ညီမလေးကို လွှတ်ထားမှာမဟုတ်ဘူး၊ ညီမလေးနောက်ကို သူ ကိုယ်တိုင် လိုက်လာမှာဘဲ'

တဲအပြင်မှ အော်သံ ကြားလာရသည်။

'ဟေ....ဘာဖြစ်လို့ အရဲကိုးပြီး တားနေရတာလဲ၊ ဆင်မကြောက်ရင် ဆင်နင်းခံရမယ်၊ မှတ်ထားကြ.... မသေချင်ရင် ဖယ်ကြ'

'အား....'

မိန်းကလေးတစ်ယောက်၏ ငယ်သံပါအောင် အော်လိုက်သည့် အသံကို ကြားရပြန်လေ၏။ သွားပြန်ပြီ တစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင်က....

'ညီမလေး...ညီမလေးရဲ့ အခြွေအရံတွေ တစ်ယောက်ပြီး တစ်ယောက် သေကြတော့မယ်၊ သူတို့အတွက် ဘာတွေစဉ်းစား ထားသလဲ'

'ကျွန်မကိုယ်တိုင် မကြာခင် သေရတော့မှာပဲ၊ ဘာစဉ်းစား စရာ လိုသလဲ'

ထန်ရှင် မျက်နှာပျက်သွား၏။

'မဟုတ်ဘူးလေ၊ ညီမရဲ့ သစ္စာရှိလှူယုံ မိန်းကလေး ခြောက် ယောက်ရဲ့ အသက်ကို ပြောနေတာပါ၊ သူတို့ကို အသေခိုင်း မလို့လား'

ကွန်ကတော်က အပြင်သို့ ဆွေးမြည့်စွာ ငေးကြည့်သည်။

'အဲဒီခြောက်ယောက်ဟာ ကျွန်မနဲ့အတူ နှစ်ပေါင်းများစွာ နေလာခဲ့သူတွေ ဖြစ်ပါတယ်၊ သေအတူရှင်မကွာ နေလာခဲ့ကြ တဲ့အတွက် သခင်မနဲ့ အခြွေအရံဆိုတဲ့ အဆင့်ထက် ပိုပါတယ်၊ ညီအစ်မတွေလိုပဲ ရင်းနှီးနေကြတယ် ဆိုပါတော့၊ ကျွန်မသေတဲ့ အချိန်မှာ သူတို့လဲ လိုက်သေကြမှာပဲ၊ ကျွန်မတားလဲမရပါဘူး၊ အကြောင်းမဲ့ကိုယ့်ကိုယ်ကိုသတ်သေမယ့်အစားတူ ရန်သူနဲ့အသက် ချင်း လဲရတာကို သူတို့ ပိုနှစ်သက်ကြမှာပါ'

'အား...'

သည်တစ်ကြိမ် တဲအပြင်မှ အော်သံမှာ မိန်းကလေးများ၏ အော်သံ မဟုတ်တော့ပေ၊ ယောကျ်ားသားတစ်ယောက်၏ အော်



သံ ဖြစ်၏။ ထို့ပြင် ဒုတိယအကြိမ် ယောကျ်ားတစ်ယောက်၏ အော်သံကိုပါ ကြားလိုက်ကြရသည်။ ကွန်ကတော်၏အခြွေအရံ မိန်းကလေးများ လက်စွမ်းပြနေပုံရသည်။

ထိုစဉ် ယောကျ်ားတစ်ယောက်က အော်သည်၊

'တယ်ပြီး ခေါင်းမာတဲ့ မိန်းကလေးတွေပါလား၊ နင်တို့ အားလုံးအသေခံကြမလို့လား'

မိန်းကလေးများ၏ ရဲရဲတောက် ပြန်ပြောသည့်အသံသည် တဲကလေးအတွင်းသို့ပျံ့လွင့်လာ၏။

'ရှင်တို့သာတက်ခဲ့ကြပါ၊ ကျွန်မတို့ကတော့ နောက်ဆုံး တစ်ယောက်တည်းကျန်တဲ့အထိခုခံမှာပဲ၊ ကျွန်မတို့ အသက်ရှင် နေသမျှကာလပတ်လုံး တဲရဲ့ ပေးငါးဆယ်အတွင်း ဝင်နိုင်ဖို့ စိတ်မကူးနဲ့'

ထို့နောက် သံသံချင်းထိခတ်သံ၊ မာန်သွင်းသံနှင့် အော်ဟစ် သတိပေးသံများကို ဆက်တိုက် ကြားရပြန်တော့သည်။

ထန်ရှင် သက်ပြင်းချ၍ ပြောမိလေ၏။

'ဒီလိုသစ္စာမျိုး တချို့ယောကျ်ားတွေဆီမှာတောင် မရှိဘူး၊ ဘာကယ် အာဇာနည် မယ်ကလေးတွေပါပဲ'

ကွန်ကတော်က မျက်ရည်များစီးကျလာပြီး....

'ကျွန်မအတွက်ကတော့ အဆုံးစွန်တွေးထားပြီးပါပြီ၊ သေ သွဲ့ ဂရုမစိုက်တော့ပါဘူး၊ ဒါပေမယ့်....ဒါပေမယ့်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် ဘာဖြစ်သလဲ'

'ကျွန်မတစ်သက်လုံး အထင်မှားခဲ့တဲ့ အစ်ကိုလေးကိုတော့ မသေစေချင်ပါဘူး၊ အစ်ကိုလေး ဆက်ပြီးအသက်ရှင်နေခြင်းအားဖြင့် သိုင်းလောကရဲ့ ဆိုးရွားညစ်ပတ်မှုတွေ သန့်စင်နိုင်တယ်'

'သေရေးရှင်ရေးဆိုတာက ကိုယ့်ဆန္ဒနဲ့မဆိုင်ဘူး၊ ကြမ္မာနဲ့ဆိုင်တယ်၊ သေလိမ့်သေပေါ့ညီမလေး ဘာတတ်နိုင်တာမှတ်လို့'

ကွန်ကာတော်သည် ထန်ရှင်ကို မျက်ကြည်ညိုသော အကြည့်ဖြင့်ကြည့်၏။

'အစ်ကိုလေးဟာ ကြ[illegible]ကောင်ကိုတောင် သတ်နိုင်စွမ်းမရှိဘူးလို့ဆိုကြတယ်၊ ဒါပေမဲ့ အခု တွေ့ရတဲ့အခါမှာတော့ ခြသေ့်လို ရဲရင့်ပြီး သုံ[illegible]လို နူးညံ့တာကိုပဲ တွေ့ရတယ်၊ အကြွားကိုသာ ယုံမှုပ် အမှားကြီး မှားမယ်၊ တကယ်တော့ အစ်ကိုလေးဟာ ဖေဖေမျှော်မှန်းသလိုဖြစ်လာတဲ့ သူ့ရဲကောင်းကြီးပဲ'

ထန်ရှင်က ပြုံး၍ပြော၏။

'ဒါတော့ ညီမလေး မှားပြီ၊ ငါဒီလောက် မစွမ်းပါဘူး၊ မစွမ်းလို့လဲ ဟောဒီက ဆန်ကွမ်ရှီဆိုတဲ့သူရဲကောင်းကလေးကို အဖော်ခေါ်လာခဲ့ရတာပေါ့'

'အစ်ကိုလေးကတော့ သေတဲ့အထိ တစ်သက်လုံး ဒီလိုပဲ ကိုယ့်ကိုယ်ကို နှိမ့်ချနေမှာပဲ၊ ကဲ...ညီမလေး တစ်ခုမေးမယ်၊ ဟောဒီ ညီမလေး လက်ထဲက လက်ကောက်မှာ နန်းတွင်းအဆောက်အအုံတွေကို အသေးစိတ်ထွင်းထုထားတယ်၊ ဒီလက်ကောက်ထဲမှာ ဒီလောက်များပြားတဲ့ အဆောက်အအုံ တွေကို သေးသေးလေးထွင်းထုနိုင်ဖို့ဆိုတာ မလွယ်ပါဘူး၊ ဒီလိုလက်ရာမျိုးကို နန်းတွင်းက ပန်းတိမ်ပညာရှင်တွေသာ ပြုလုပ်ပေးနိုင်စွမ်းရှိပါတယ်'



ထန်ရှင် မျက်နှာပျက်သွား၏။

ခြောက်ကပ်စွာ ပြန်ပြော၏။

'လက်ကောက်နဲ့ ငါနဲ့ဘာဆိုင်သလဲ'

ကွန်ကာတော်က ဆက်ပြော၏။

'အစ်ကိုလေးက ကျွန်မကို နုလပိန်ဟုံးလို့ ထင်နေတာကိုး'

'အထင်မမှားပါနဲ့၊ ငါမထင်ပါဘူး'

'ညီမလေးဟာ သေရတော့မယ်လူပါ၊ ညီမလေးကို ဆက်ညာချပါနဲ့၊ ဒီလက်ကောက်ပိုင်ရှင်ဟာ အစ်ကိုလေးရဲ့ မိခင်ပဲလား၊ မှန်မှန်ပြောပါ'

ထန်ရှင်၏မျက်နှာ၌ မထူးကိမလာခိုဂဒ္ဒမှုများ ပေါ်လာ၏။ မဟုတ်သော သဘောဟန်ဖြင့် ခေါင်းညိတ်ပြ၏။

ကွန်ကာတော်က ချိုအေးစွာ ဆက်ပြော၏။

'အစ်ကိုလေး၊ ဖေဖေက ညီမလေးကိုပြောပြခဲ့တဲ့ဇာတ်လမ်းလေးတစ်ပုဒ်ကို ပြန်ပြောပြမယ်၊ အခု ညီမလေးတို့ အောင်းနေတဲ့ ကျောင်းကြီး ရှိဟွမ်တိမှာ ညီမတော် တစ်ယောက်ရှိသတဲ့၊ သူ့ညီမတော်ကို သူ့နန်းတွင်းက ပညာရှိသစ်ဦးမြင်တဲ့ ထန်ကျိုင်းကွမ်နဲ့ ထိမ်းမြားပေးစားလိုက်တယ်၊ သူတို့နှစ်ယောက်ကနေ ထန်ရှင်ဆိုတဲ့ သားကလေးတစ်ယောက် ပေါ်ထွန်းလာတယ်၊ ထန်ကျိုင်းကွမ်ဟာ ကျောင်းကြီးရဲ့ အကျိုး

www.burmeseclassic.com



တိုင်းပြည်ရဲ့အကျိုးကို ဦးဆောင်ဆံမြည် ကျေပွန်အောင် ထမ်းဆောင်ခဲ့သူဖြစ်ပါသတဲ့'

ထန်ရှင်၏မျက်နှာမှာ တကယ်ပင် စက္ကူဖြူ တစ်ချပ်ကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်သွားတော့သည်။

'ပညာရှိ ထန်ကျိုင်းကွမ်ဟာ တရုတ်ပြည် သိုင်းလောကကို လုံးဝ အထင်မသေးဘူး၊ သိုင်းသမားတွေထဲမှာ တရုတ်ပြည်သူပြည်သားတွေကိုဒုက္ခပေးမယ့် သိုင်းသမားဆိုးတွေပေါ်ပေါက်လာမယ်ဆိုတာ ကြိုတင်ပြီး တွက်ချက်နိုင်ခဲ့သတဲ့၊ အဲဒါနဲ့ အရွယ်ရောက်စပြုလာတဲ့ သူ့သားတော်ထန်ရှင်ကို ကေရာဇ်ကြီးရှုံဟွမ်တီရဲ့အမိန့်အရ သိုင်းလောကထဲကို စေလွှတ်ခဲ့သတဲ့၊ အဲဒီထန်ရှင်ရဲ့ တာဝန်ကတော့ တိုင်းပြည်ကိုဒုက္ခပေးမယ့် တရားဥပဒေနဲ့ ငြိမ်ဝပ်ပိပြားမှုကို ဒုက္ခပေးမယ့် သိုင်းဂိုဏ်းကြီးတွေနဲ့ သိုင်းသမားဆိုးကြီးတွေကို တတ်နိုင်သမျှ ရှင်းလင်းသုတ်သင်ဖို့ပါပဲတဲ့၊ နောက်ဆုံး သူ့အစွမ်းအစနဲ့ မတတ်နိုင်ရင် ကေရာဇ်ကြီးဆီကို လျှို့ဝှက်အကူအညီတောင်းပြီး နှိမ်နင်းဖို့ပါပဲတဲ့၊ အဲဒီအချိန်ကစပြီး သိုင်းလောကထဲမှာ သိုင်းပညာမတတ်တဲ့ သိုင်းလောကသားတစ်ယောက်တိုးလာ[illegible]ပဲတဲ့ အဲဒါကတော့ ဖေဖေက ညီမလေးကိုပြောပြခဲ့တဲ့ ဇ[illegible]ပါပဲ'

ထန်ရှင်မှာ လုံးဝစကား[illegible]ပြော နိုင်[illegible]တော့ပေ။ သူ့မိခင်မှာ ကေရာဇ်ကြီး၏ ညီမတော်ဖြစ်သည်။ သူ့အား ကေရာဇ်ကြီး၏ အမိန့်အရ ဖခင်ထန်ကျိုင်းကွမ်က သိုင်းလောကထဲသို့ ဆယ့်ခြောက်နှစ်သားအရွယ်ကပင် ကိုယ့်ဒူးကိုယ်ချွန်လျက်တိုင်းပြည်တာဝန်ထမ်းဆောင်ရန် စေလွှတ်ခဲ့လေ၏။



တိုင်းသူပြည်သားများနှင့် တရားဥပဒေ စိုးမိုးရေးကိုနှောင့်ယှက် ဖျက်ဆီးတော့မည့် ကွန်လုံဝမ်၏ အစီအစဉ်ကို သူသည် တတ်နိုင်သမျှ ဖြိုဖျက်ရန် ကြိုးစားခဲ့သည်။ ယခုလည်း ကျန်လုဂိုဏ်းနှင့် ပူးပေါင်း၍ ကြိုးစားနေသည်။ နောက်ဆုံး ကွန်လုံဝမ်ကို မနှိမ်နင်းနိုင်ဘဲ သူသေဆုံးသွားခဲ့ပါကသူ့ ကိုယ်စား နေပြည်တော်သို့ သတင်းပို့နိုင်စွမ်းရှိသည့် ဆန်ကွမ်းချိုကိုပင် သူနှင့်သစ္စာသောက်ညီနောင်အဖြစ် ဖန်တီးနိုင်ခဲ့ပြီ ဖြစ်သည်။

ကွန်လုံဝမ် မသေဘဲ သူသေခဲ့ပါက ဆန်ကွမ်းချိုသည် ဆရာ့ကိုယ်စား ကွန်လုံဝမ်၏ အာဃာတလောဘနှယ်ပင်ကိုဖြတ်တောက်ပေးရမည်။

ဆန်ကွမ်းချိုတစ်ယောက်တည်း မနိုင်ပါက နေပြည်တော်သို့ သတင်းပို့ပြီး ကေရာဇ်တပ်မကြီး၏ အကူအညီကိုယူပြီး တိုင်းပြည်၏ ဆူးညှောင့်ခလုတ် ကွန်လုံဝမ်ကို ဖြိုဖျက်သုတ်သင်ပစ်ရမည်။

ကွန်လုံဝမ်ကို သုတ်သင်နိုင်ခဲ့လျှင် ဆန်ကွမ်းချို၏တာဝန်မှာ နေပြည်တော်သို့ သတင်းပို့ရုံသာရှိတော့သည်။ ဤကား ထန်ရှင်၏ လျှို့ဝှက်အစီအစဉ်ပေတည်း။

ဤလျှို့ဝှက်ချက်များကို မိမိ၏ဆရာကြီးသည် ထွင်းဖောက်သိမြင်လေခဲ့သည်တကား။ အဖဆရာကြီး သဲလွန်စရှာသွားသည့်ပစ္စည်းမှာ မိမိက ဆရာကြီးကို အမှတ်တရ ရှိခိုးပြီးအပ်ခဲ့သည့် မိခင်မင်းသမီးကြီး၏ လက်ကောက်ဖြစ်နေသည်ကို ထန်ရှင်အနေဖြင့် ယခုမှ သိရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင်က ခြောက်ကပ်စွာ ပြောလေ၏။

'ညီမလေး ဒါဟာ လျှို့ဝှက်ချက်ပဲ၊ ဘယ်သူ့တွေကို ညီမလေး ပြောခဲ့မိသေးသလဲ'

'အစ်ကိုလေး အပြစ်တင်ရင်လဲ ခံရမှာပဲ၊ ဒီလျှို့ဝှက်ချက်ကို ကွန်လုံဝမ်သိပါတယ်၊ ဒါကြောင့် အစ်ကိုလေးကို သူ သိပ်ကြောက်နေတာပေါ့၊ ညီမလေးကို ခွင့်လွှတ်ပါ၊ ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဖို့ဆိုတာလို ဥပဒေဘက်တော်သားဖြစ်တဲ့ အစ်ကိုလေးကို ဒုစရိုက်သမား ကွန်လုံဝမ်ဟာ သိပ်ကြောက်နေပါတယ်'

'အေးလေ၊ သူသိပ်ကြောက်နေတာလဲ ငါ့အဖို့တော့ ခပ်ကောင်းကောင်းပါပဲ၊ ငါကတော့ သူ့ကို မကြောက်ပါဘူး၊ တိုင်းပြည်ဆူပူအောင်လုပ်ချင်တဲ့ သူလိုလူမျိုးကို ငါ မသေခင် ရှင်းပစ်ခဲ့ရမှာပဲ'

'ဘာပဲဖြစ်ဖြစ်လေ၊ အစ်ကိုလေးသာ ကြောက်ရွံ့နေမယ်၊ ဒီတဲကလေးထဲ မလာဝံ့ဘူးဆိုရင် ကျွန်မဟာ အစ်ကိုလေးကို လုံးဝတွေ့ရမှာမဟုတ်ဘူး၊ ဒီအဖြစ်တွေကိုလဲ ရှင်းပြခွင့်ကြုံမှာ မဟုတ်ဘူး'

ထန်ရှင်နှင့် ကွန်ကတော်တို့သည် အသက်အားဖြင့် အယ်နှစ်မျှ ကွာခြားကြသည်။ သူတို့သည် မောင်နှမအရင်းသဖွယ် ချစ်ခင်စွာ စကားပြောနေကြခြင်း ဖြစ်ပေသည်။

တဲ၏ပြင်ပတွင် သေွးသံရဲရဲ တိုက်ပွဲဆင်နေသော်လည်း သူတို့နှစ်ယောက် အေးအေးဆေးဆေး စကားပြောနေနိုင်ကြသည်။



ထန်ရှင်၏ ခွင့်ပြုချက်မရသဖြင့် ဆန်ကွမ်းချီမှာလည်း တဲပြင်ပသို့ ထွက်ခွင့်မရဘဲ တဲထဲ၌ နားထောင်သမားသက်သက် ဖြစ်နေရလေတော့၏။

ကွန်ကတော်က....

'အစ်ကိုလေးကို တစ်ခုလောက် မေးပါရစေ၊ ဒီနေရာကို ဘယ်လိုသတင်းရပြီး လိုက်လာတာလဲဟင်၊ ဒါဟာ ကျွန်မပြုလုပ်ထားတဲ့ လျှို့ဝှက်စခန်းပါ'

ဆန်ကွမ်းချီ ဝင်ဖြေ၏။

'ကျွန်တော်တို့ရှေ့မှာတော့ ဆရာကြီးထန်ရှင်က ဗေဒင်တွက်ချက်ပြီး ဒီနေရာကို ရှာတာပဲ'

ကွန်ကတော် အလွန်အံ့သြသွားသည်။

'ဟုတ်လား....အစ်ကိုလေး'

ထန်ရှင်က ရယ်၏။

'ဆန်ကွမ်းချီ....မင်းကလဲ အဝါးမဝဘဲကိုး၊ ဗေဒင်ပညာကို ငါမသုံးပါဘူး၊ တခြားလူတွေရှေ့မှာ ဟန်ဆောင်တွက်ချက်တာပါ၊ ဗေဒင်ပညာ နက္ခတ်ပညာဆိုတာတွေ မရှိဘူးလို့ မဆိုလိုပါဘူး၊ ငါ့ဆရာကြီးကိုယ်တိုင်က သင်ပေးခဲ့တာပဲ၊ ဒါပေမယ့် ငါကတော့ အဲဒီပညာထက် အတွေးအခေါ် ပညာကိုပဲ ပိုသုံးပါတယ်၊ အစ်ကိုကတော့ ကံကြမ္မာပါပဲကွယ်၊ လူတိုင်း ကံကြမ္မာ စေစားရာ နာခံနေကြရတာပါပဲ'

www.burmeseclassic.com



ကွန်ကတော်က သက်ပြင်းချ၏။

'ဟုတ်မှာပါပဲလေ၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုလေးသာ တကယ်တမ်း ဗေဒင်တွက်ချက်ကြည့်ရင် ဒီနေရာဟာ အစ်ကိုလေး မလာခသင့်တဲ့နေရာဆိုတာ သိသွားမှာပဲ'

ထန်ရှင်က...

'ငါက မိသရေးရှင်ရေးကို ဂရုမစိုက်ပါဘူး၊ ဒါပေမယ့် ကံကိုယုံပြီး ဆူးပုံနင်းတာမျိုးတော့ မလုပ်ပါဘူး၊ ဒီနေရာလာတဲ့ အခါမှာ ဟောဒီသူရဲကောင်းကို ခေါ်လာတာဟာ ငါ့ သတိ တရားရှိမှုရဲ့ ပြယုဂ်ပါပဲ'

ဆန်ကွမ်းချီက ဝင်၍ အာမခံလေ၏။

'ကျွန်တော့်ကို ယုံကြည်မှုရှိတဲ့အတွက် အထူးပဲ ကျေးဇူး တင်ပါတယ်ဆရာကြီး၊ ဆရာကြီးကို စစ်သူရဲတစ်ယောင် ဝန်းရံ နေပါစေ၊ ဆရာကြီးရဲ့အသက်ကို ကျွန်တော် ရအောင်ကာယ်တင် ပါ့မယ်'

ကွန်ကတော်မှာ ပြုံးသွားမိ၏။

'သိပ်ပြီးရဲဝံ့တဲ့ သူငယ်ပဲ'

သူမသည် ထန်ရှင်အား လှမ်းပြောသည်။

'အစ်ကိုလေးကတော့ တကယ့်ကို ချီးကျူးရပေါ့၊ အားလုံး ကို တွက်ချက်လုပ်ကိုင်လာတာပါပဲ၊ ဒီသူငယ်ကို အစ်ကိုလေး ရွေးလာနိုင်တာကို ကျွန်မ သိပ်ဝမ်းသာပါတယ်'



ထိုစဉ် တံခါးဝ၌ လူရိပ်တစ်ရိပ် ပေါ်လာသည်။ အနက် ရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသည့် လူကြီးသည် ဓားကြီး တစ်ချောင်းကိုင်လျက် သွေးရဲရဲ သံရဲရဲဖြင့် ရပ်လာ၏။

ဆန်ကွမ်းချီသည် ထန်ရှင်၏ရှေ့၌ဝင်ရပ်လိုက်သည်။သို့သော် သူ မကာကွယ်လိုက်ရပါ။ ဓားကိုင်ရန်သူသည် ဝုန်းခနဲ ပစ်လဲ ကျသွားသည်။ သူ၏နောက်ကျော၌ လှံရှည်တစ်ချောင်း လာစိုက် သောကြောင့် ဖြစ်သည်။

ထန်ရှင်သည်လည်းကောင်း၊ ကွန်ကတော်သည်လည်းကောင်း လုံးဝ မျက်နှာပျက်ခြင်း မရှိပေ။ ဣန္ဒြေရရပင် စောင့်ကြည့်နိုင် စွမ်း ရှိကြသည်။

ထိုအချိန်တွင် တဲအပြင်ဘက်၌ခုခံနေသော မိန်းကလေးခြောက် ယောက်အနက် သုံးယောက်သာ ကြံ့ကြံ့ခံရပ်၍ ခုခံနေကြသည်၊ ကျန်သုံးယောက်မှာ လဲကျနေပေပြီ။

သူတို့ရန်သူက စုစုပေါင်း ရှစ်ယောက်ရှိ၏။ ရှစ်ယောက်ကို မိန်းမသား သုံးယောက်က မည်သည့်အချိန်အထိ ကြံ့ကြံ့ခိုင် ခုခံနိုင်ပါမည်နည်း။ မိန်းကလေး သုံးယောက်စလုံး ပင်ပန်း နွမ်းနယ်နေကြပြီ၊ မကြာမီ သူတို့လည်း သေဆုံးကြပေလိမ့်မည်။

ထိုစဉ် လဲကျနေသည့် မိန်းကလေးတစ်ယောက်သည် လူးလ လာ၏။ သူမသည် မြေပြင်ပေါ်ရှိ ကျနေသည့်ဓားတစ်ချောင်း ကို ကောက်ယူပြီး သူမ၏ဘေး၌ရပ်နေသော ရန်သူတစ်ယောက် ကို ရွှမ်းခနဲ ပိုင်းချလိုက်၏။

'အား...'

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး သုံးယောက်ကိုသာ ဂရုစိုက်နေသော ရန်သူမှာ အလစ်ခံလိုက်ရသဖြင့် စူးစူးရားရား အော်ဟစ်လျက် သေဆုံးသွားတော့၏။

'တယ်....ဒီကောင်မ တယ်ပြီး အသက်ပြင်းတာကိုး၊ သွားစမ်း....'

ရန်သူတစ်ယောက်သည် ထိုမိန်းကလေးအား ခါးဖြင့် လှမ်းထိုးပြီး ခြေထောက်နှင့် ကန်ထုတ်လိုက်၏။ သေလုသောင်ဖြစ်နေရာမှ ထသာသော မိန်းကလေးမှာ ထိုဓားချက်ကို မရှောင်နိုင်ပါ။ ရင်ဝ၌ ဓားတစ်ချက် အထိုးခံရပြီးနောက် လွင့်စဉ်ထွက်သွားတော့၏။

သည်တစ်ကြိမ်တွင်မူ တကယ်သေဆုံးသွားတော့သည်။

ဆန်နှကွမ်းချီသည် အပြင်မှ တိုက်ပွဲအတွက် စိတ်မဖြောင့်ပါ။ ထို့ကြောင့်....

'ကွန်ကာတော်....ဆရာကြီးနဲ့ စကားပြောစရာ ရှိသေးတယ် မဟုတ်လား'

'အေး....ရှိသေးတယ်'

'ဒါဖြင့်....'

သူသည် ထန်ရှင်အား ဦးညွှတ်ဂါရဝပြု၍ အခွင့်တောင်းလေ၏။

'ဆရာကြီး...ကျွန်တော် ခလတစ်ဖြုတ်လောက် အပြင်ထွက်ပြီး သွားကူပါရစေ၊ မိန်းကလေးတွေ အတော် အခြေအနေဆိုးနေပုံရပါတယ်၊ စောစောက ရန်သူတစ်ယောက် ပေါ်ထွက်လာတာဟာ သူတို့ အခြေအနေဆိုးနေပုံကို ပြသတာပဲ'



ကွန်ကာတော် သက်ပြင်းချပြီး ပြောသည်။

'သွားကူလို့ ဖြစ်ပါမလား၊ အစ်ကိုလေးကို တစ်ယောက်တည်း ထားခဲ့မလို့လား'

ထန်ရှင်က လက်ခါပြလိုက်၏။

'ဆန်ကွမ်းချီ သွားကူလိုက်ပါ'

ဆန်ကွမ်းချီသည် ဦးညွှတ်လိုက်ပြီး တဲအပြင်သို့ ခုန်ထွက်သွားလေ၏။

ကွန်ကာတော်က အံ့သြချီးကျူးသော အကြည့်ဖြင့် ကြည့်ကာ....

'သူ့ကိုယ်ဖော့ပညာ သိပ်ကောင်းပါကလား၊ ဒီသူငယ်က အစ်ကိုလေးတို့ရဲ့....'

'ငါတို့ ကျွန်လုဂိုဏ်းက မဟုတ်ပါဘူး၊ သူက တကယ့်နဂါးကလေးပါ၊ ကျွန်လုဂိုဏ်းထဲမှာ သူ့လို ပုဂ္ဂိုလ်မရှိတာ သိပ်နာတာပေါ့'

'ဒါပေမယ့် အစ်ကိုလေးကိုတော့ သူ သိပ်ကြည်ညိုနေတာပဲ၊ သူ့အသက်စွန့်ဖို့တောင် အသင့်ဖြစ်နေတယ်၊ အဲဒါ ဘာယ်လို....'

'အား....'

'အား....အား'

www.burmeseclassic.com

www.burmeseclassic.com



'အင့်....'

'အီး....'

တဲအပြင်မှ နှာကျင်စွာ အော်ဟစ်သည့် အသံများ ကြားလိုက်ရသည်။

ထန်ရှင်က မှတ်ချက်ချ၏။

'ငါ့လူ နဂါးကလေးကတော့ ဖောင်းကောင်း အစွမ်းပြနေပါပြီ'

ထန်ရှင်၏ မှတ်ချက်ချသံဆုံးသည်နှင့် တဲကလေးထဲသို့ လူရိပ်တစ်ခု ခုန်ပျံရောက်ရှိလာလေ၏။ ဆန်ကွမ်းချီပေတည်း။

'မိန်းကလေးကတော့ သုံးယောက်ပဲ ကျန်တယ်၊ သူတို့နဲ့ ယှဉ်ပြိုင်ဖို့ ရန်သူနှစ်ယောက်ပဲ အသက်ရှင် ကျန်ရစ်တော့တယ်၊ ကွန်ကတော်နဲ့ ဆရာကြီးတို့ စိတ်အေးလက်အေး စကားပြောနိုင်ပါပြီ ခင်ဗျာ'

ဆန်ကွမ်းချီ၏ ခန္ဓာကိုယ်တွင် သွေးစက်များ ပေကျံစွန်းထင်းခြင်း မရှိသော်ငြားလည်း သူ့ဓားတွင် သွေးများ ပေကျံနေသည်။ သူသည် ရန်သူများကို လျှပ်တစ်ပြက် သုတ်သင်ခဲ့ဟန်တူသည်။

'ငါတို့ဖြင့် စကားတောင် မပြောရသေးဘူး၊ မင်းက ရန်သူလေးငါးယောက်ကို သုတ်သင်ခဲ့ပြီးပြီကိုး'

ကွန်ကတော်က ချီးကျူးလိုက်၏။



'သူတို့က သိုင်းပညာ သိပ်မှ မကောင်းတဲကိုး၊ ဒါပေမယ့် ကျွန်တော်သာ ထွက်မသွားရင် ကျွန်တော့်ရဲ့ မိန်းကလေး သုံးယောက်လဲ မလွယ်ဘူးခင်ဗျ၊ သူတို့ အတော် ပင်ပန်းနေကြပြီ'

ထိုစဉ် မြင်းခွာသံများ တဖြောင်းဖြောင်း ကြားလိုက်ရတော့သည်။ ရန်သူများ ထပ်မံ ဝင်ရောက်လာပြန်ပြီကို ဆန်ကွမ်းချီ သိလိုက်၏။

'ဟဲ...အပြင်က အကူလိုနေမှာ သေချာပြန်ပြီ၊ ကွန်ကတော်ကြီးအိမ်နေနဲ့ အရေးကြီးတဲ့ အမိကကျတဲ့စကားကိုသာ ခပ်သွက်သွက် ခပ်မြန်မြန်ကလေး ပြောပါတော့ခင်ဗျာ၊ ကျွန်တော် အပြင်ကို ခေတ္တခဏ သွားကူလိုက်ပါဦးမယ်'

ဆန်ကွမ်းချီသည် စကားဆုံးသည်နှင့် နောက်တစ်ခေါက် ခုန်ထွက်သွားရပြန်လေ၏။

ထန်ရှင်က ခေါင်းညိတ်ပြီး....

'ဒီလူငယ်ကလေးဟာ သိုင်းပညာထက်မြက်ရုံ၊ ရဲစွမ်းသတ္တိရှိရုံမကဘူး အမြော်အမြင်လဲရှိတယ်၊ ညီမလေးပြောမယ့်အရေးကြီးတဲ့ စကားတွေ မပြောရဘဲ ပြန်လည်ထွက်ခွာသွားရမှာကို သူ စိုးရိမ်လို့ ခုလို သတိပေးသွားတာပဲ'

ကွန်ကတော်ကလည်း သဘောပေါက်ကြောင်း ခေါင်းညိတ်ပြသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ကျွန်မလဲ သဘောပေါက်ပါတယ်၊ ဒီလိုပါ အစ်ကိုလေးရဲ့၊ ကျွန်လုံဝမ်ဟာ သိုင်းပညာစွမ်းရည် ကြီးမားတဲ့ ကျွန်စိမ့်မွန်ကို စက်ကြိုးတပ်ပြီး စေခိုင်းချင်တယ်၊ သူ့သမီးကို ဖမ်းထားပြီး အကျပ်ကိုင်ရင် ရမယ်လို့ သူယူဆပါတယ်'

ထန့်ရှင်သည် သူလာရသည့် အမိက အကြောင်းရပ်များကို ကျွန်ကတော်က ပြောပြနေပြီဖြစ်၍ စိတ်ပါဝင်စားစွာ နားထောင်နေမိတော့၏။

စာစဉ် ၈ ပြီး၏။

(စာစဉ် ၉ ဆက်လက်ဖတ်ရှုပါရန်)

BURMESE CLASSIC
www.burmeseclassic.com